
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မြူခွန်းချယ်

## လှည့်ကွက်

စာမူခွင့်ပြုချက်အမှတ်
၅၀၁၁၈၃၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၂၆၁၁၁၀
၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ
ပထမအကြိမ်
တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၃)၊ ၃၉-လမ်း၊ လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၉၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၃၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
မြူခွန်းချယ်
လှည့်ကွက်/မြူခွန်းချယ်-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၁။
၂၀၈- စာ၊ ၁၂x၁၈ စင်တီ။
(၁) လှည့်ကွက်

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# မြခွန်းချယ်





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ကျွန်မနေထိုင်ရာ မြို့နယ်အတွင်း ဟိုးလေး တကြော်ကြော် ဖြစ်ပွားခဲ့သော အဖြစ်အပျက်တစ်ခု အား အခြေခံပြီး စိတ်ကူးရေးဖွဲ့ထားသော ဇာတ်လမ်း ဖြစ်ပါသည်။

ဤဇာတ်လမ်းမျိုးနှင့် ဆင်တူယိုးမှား ဇာတ် လမ်းမျိုးရှိနှင့်ပြီး ဖြစ်ပါက တိုက်ဆိုင်မှုရှိလျှင် ခွင့် လွှတ်ပေးပါဟု အထူးမေတ္တာရပ်ခံတောင်းပန်အပ် ပါသည်။


စာဖတ်ပရိသတ်ကြီးအတွက်

(မြနွမ်းချယ်)

www.burmeseclassic.com

www.burmeseclassic.com





လူတိုင်းလူတိုင်း

လှည့်ကွက်မျိုးစုံနဲ့ တွေ့ကြုံဖူးခဲ့ကြမှာပါ။

တချို့က

တစ်ပါးသူရဲ့လှည့်ကွက်ထဲမှာ ဖြားယောင်းခြင်းခံရတယ်။

တချို့ကျတော့

ကိုယ်ဖန်တီးထားတဲ့ လှည့်ကွက်နဲ့တစ်ပါးသူကို ဖြားယောင်းတယ်။

တစ်ခါတလေမှာတော့

ဘယ်သူ့ဖန်တီးမှုမှ မရှိဘဲ

သူ့အလိုလို လှည့်ကွက်တစ်ခု ပေါ်ပေါက်လာတတ်တယ်။

အဲဒီလှည့်ကွက်ထဲမှာ

နာကြည်းမှုကို ဖက်တွယ်ထားတဲ့ ကောင်လေးတစ်ယောက်နဲ့

လောကကြီးရဲ့မာယာများမှုကို ဘာမှမသိနားမလည်တဲ့

ကောင်မလေးတစ်ယောက် ပါဝင်ခဲ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com




သူတို့နှစ်ယောက်ရဲ့လှည့်ကွက်ကို

"အချစ်"ဆိုတဲ့ အရာတစ်ခုက

ပိုပြီး ခမ်းနားလှပ အသက်ဝင်စေခဲ့ပြန်တယ်။


✧ ✉ ✧






www.burmeseclassic.com

www.burmeseclassic.com






"ဝိုး ... ကြည့်စမ်း၊ ကမ္ဘာပေါ်မှာ ဒီလောက်ခမ်းနားတောက်ပပြီး လှနိုင်လွန်းတဲ့အိမ်ကြီးမျိုး ရှိနိုင်ပါသေးရဲ့လား၊ ရာရာ ... ကြည့်စမ်းပါဦးဟဲ့"

"နွေအက္ခရာ"သည် တက္ကစီကားပေါ်မှ ဆင်းဆင်းချင်း မျက်စိရှေ့မှ မြင်ကွင်းကို ရင်သပ်ရှုမော အံ့ဩဘနန်းကြီးစွာ မမိုတ်မသုန် ငေးမောမိလျက်သား ဖြစ်သွားတော့သည်။

သူငယ်ချင်း စိန်ကျော့ ကောက်ချက်ချသလိုပဲ ဤအိမ်ကြီးကို ရာရာ မြင်မြင်ချင်း သဘောကျပါသည်။ ဖေဖေ့ Camera နှင့် ကွန်ပျူတာမှာ download လုပ်ပြီး ကြည့်ခဲ့တုန်းက ဓာတ်ပုံအဖြစ်သာမို့ သိပ်ပြီး ရှင်းလင်းသဲကွဲစွာ မမြင်ခဲ့ရ။

ခုမှ အိမ်ကြီးကို အကောင်အထည်လိုက် မြင်လိုက်ရသောခဏမှာ ရန်ကုန်ဆင်းပြီး အနားယူရင်း သင်တန်းတက်မို့ တိုက်တွန်းခဲ့သော ဖေဖေ့ကျေးဇူးကို အသိအမှတ်ပြု နားလည်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။ ဖေဖေက ရာရာတို့ ရန်ကုန်ဆင်းဖို့ ကားဂိတ်လိုက်ပို့ရင်း ထူးဆန်းထွေလာ စကားများဖြင့်လည်း နှုတ်ဆက်ခဲ့ဖူးသည်။

"အဲဒီအိမ်ကြီးကို ဖေဖေ ပိုင်ဆိုင်ခွင့်ရထားတာ သိပ်မကြာသေးဘူး သမီး၊ ဘယ်လိုနည်းနဲ့ပဲ ပိုင်ခဲ့ရသည်ဖြစ်စေ အဲဒီအိမ်ဟာ ဖေဖေ့အိမ်၊ သမီးအိမ်ပဲ၊ ဒါပေမဲ့ အစစအရာရာ သတိဝီရိယအပြည့်နဲ့နေပါ၊ ရန်ကုန်မှာ နေစဉ်ကာလအတွင်း ဖေဖေ့ဆီ မပြတ်ဖုန်းဆက်ပေးပါ၊ ဖေဖေမှာတာတွေကို မမေ့ပါနဲ့ ရာရာ"

ရာရာသည် အဲဒီအချိန်တုန်းက ဖေဖေ မှာတမ်းခြွေသော စကားတို့ကို သိပ်ပြီးရေးကြီးခွင်ကျယ်အဖြစ် ခေါင်းထဲမထည့်ခဲ့မိ။ ဖေဖေ့စကား အသွားအလာ၊ အမိပ္ပာယ်တချို့ကိုလည်းအဖြေရှာ၊ မေးခွန်းထုတ်ဖို့ တကူးတက မစဉ်းစားခဲ့မိပါ။

သို့သော် ရန်ကုန်မှာ သင်တန်းတက်ဖို့ သူငယ်ချင်းစိန်ကျော့နှင့် သဘောတူညီမှုရယူပြီး ဖေဖေညွှန်ပြသော လိပ်စာအတိုင်း ရောက်လာခဲ့ရခြင်းပင်။

ခုတော့ ရာရာ မသိသေးသော ဖေဖေ့ပိုင်ဆိုင်မှုတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်သည့် ဒီအိမ်ကြီးကို စမြင်တာနှင့် အမှတ်ပြည့်ပေးလိုက်မိပြီဖြစ်သည်။





"ဟဲ့ … ရာရာ၊ ဦးက အိမ်ကြီးကို ဒီတိုင်း ပစ်ထားတယ်နော်၊ အစောင့်တွေ ဘာတွေလဲ မထားဘူး"

"မလိုပါဘူး စိန်ကျော့ရယ်၊ ဖေဖေက ငါ့သတ္တိကိုအပြည့်အဝ ယုံတယ်လေ၊ ပြီးတော့ ငါတို့နှစ်ယောက်အတွက်လိုအပ်ရင် နယ်က မမြရီကို လွှတ်ပေးလိုက်မယ်လို့ မှာထားတာပဲ၊ ငါကိုက လွတ်လွတ်လပ်လပ်နေချင်လို့ သူငယ်ချင်းနှစ်ယောက်တည်း အဆောင်လိုနေဖို့ ဆုံးဖြတ်လိုက်တာ …

ပြီးတော့ ဖေဖေကပြောတယ်၊ ဒီအိမ်ကြီးကို သူပိုင်ထားတာ သိပ်မကြာသေးဘူးတဲ့၊ အဲဒါကြောင့် အစောင့်မငှားသေးတာလည်း ဖြစ်မှာပေါ့"

"ဒါတော့ ဒါပေါ့ဟယ်၊ ငါတွေးမိတာက ငါတို့နှစ်ယောက်တည်းအတွက် အိမ်ကြီးက အရမ်းများကြီးနေမလားလို့၊ ပြီးတော့ ဘေးပတ်ဝန်းကျင်နဲ့လည်း နည်းနည်းအဆက်ပြတ် နေးကွာနေသလိုပဲနော် …

ဟိုလေ … ငါ ပြောချင်တာ …"

ရာရာသည် တောကြည့် တောင်ကြည့် လှည့်ပတ်ကြည့်ရင်း စိုးရိမ်တကြီး ဆိုလာသော စိန်ကျော့ပုံစံကိုကြည့်ကာ အသံထွက်အောင်ပင် ရယ်မောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုဝဲကတဲ့ည်းက နယ်မှာ အတူတူမွေးဖွားကြီးပြင်းလာခဲ့သော သူငယ်ချင်းမရဲ့ အသည်းငယ်တတ်ပုံကို ရာရာ နှိုက်နှိုက်ချွတ်ချွတ် သိထားပါသည်။ ယခုလည်း တိုက်ကြီးဟာ ခမ်းနားလှပနေပေမယ့် မိန်းမပျိုလေးနှစ်ယောက်တည်းအတွက် အနည်းငယ်တော့ ချောက်ချားနေသလို ရာရာ ကိုယ်တိုင်လည်း ခံစားမိသည်။

သို့သော် ရာရာက ရုပ်ကလေးလှသလောက် သတ္တိဗျတ္တိလည်း အင်မတန်မှ ကြီးမားလှသူမို့ ကြောက်စရာ၊ ချောက်ချားစရာကိုပင် စူးစမ်းလေ့လာချင်စရာဟု ပြောင်းလဲသတ်မှတ်မည့် မိန်းကလေးဖြစ်သည်။

အိမ်ကြီးက လူနှစ်ရပ်စာမြင့်သော ခြံစည်းရိုးသံတိုင်ကြား၊ ကြီးမားကျယ်ဝန်းသော ခြံကြီးအလယ်မှာ ရှိပါသည်။ အဝေးက ရုတ်တရက် လှမ်းကြည့်လျှင်တော့ အနည်းငယ်သီးသန့်ဆန်ပြီး စိတ်ထဲတစ်မျိုးကြီး ခံစားရစေသော အသွင်သဏ္ဌာန်မျိုးဖြစ်စေနေစေခဲ့သည်။ သို့သော် ရာရာ နှစ်သက်မိသော အချက်တစ်ချက်က နှစ်ထပ်တိုက် ဟီးဟီးကြီးရဲ့အရောင်ဟာ သာမန်တိုက်တွေနှင့်မတူ ကွဲပြားစွာ ခွဲထွက်နေသော ရေညှိစိမ်းပုပ်ပုပ်လို အရောင်မျိုးဖြစ်ပါသည်။





ထိုကာလာမျိုးက ခပ်ရှားရှားမို့ တိုက်စိမ်းကြီးကို မြင်သူတိုင်းက ရှိန်လန့်သွားစေနိုင်ခြင်း ဖြစ်ပေမည်။ သို့ပေမဲ့ တိုက်ကြီးရဲ့ဆားပတ်ဝန်းကျင်မှာတော့ တိုက်ခန်းအများအပြားရှိနေသေးသည်။ ထို့အတွက် သိပ်ကြောက်စရာမလိုဟု ရာရာ ထင်မိပါသည်။

ရာရာက စလွယ်သိုင်းလွယ်လာသော ချည်အိတ်ကြီးထဲမှ သော့တွဲကို လျင်မြန်သွက်လက်စွာပင်ထုတ်ရင်း ခြံတံခါးဖွင့်ဖို့ ကြိုးစားသည်။

"ကဲ ... စိန်ကျော့၊ ခြံရှေ့မှာ ပွားမနေနဲ့၊ ငါတို့ အထဲဝင်ရအောင် ... လာ"

"အမယ်လေး ... ဘိုရာစုတ်ရယ်၊ နည်းနည်းပါးပါး ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာမယ် မရှိဘူး၊ နင်ဟာလေ"

ရာရာသည် စိန်ကျော့ပါးစပ်က လွှတ်ခနဲ ခုန်ထွက်လာသော အမည်နာမတစ်ခုကြောင့် လှစ်ခနဲပင် ပြုံးလိုက်မိပါသည်။ ရာရာ့ကို စိန်ကျော့အပါအဝင် လူတော်တော်များများက "နှင်းပွင့်ကေရီ"ကိုရိုးယားကားထဲက မင်းသမီး ဂင်ဘိုရာနှင့် တူသည်ဟု တညီတညာတည်း ကောက်ချက်ချကြပါသည်။

ထို့ကြောင့်လည်း စိန်ကျော့က တစ်ခါတလေ အမြင်ကတ်လျှင် "ဘိုရာစုတ်၊ ဘိုရာပုံ့"ဟု အငေါ်တူး စနောက်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရာရာ့နာမည်ကလည်း ဂင်ဘိုရာနှင့် ခပ်ဆင်ဆင်မို့ ပိုပြီး စနောက်ချင်စရာ ဖြစ်တော့သည်။

"ဒီမှာ ငါတို့က ပျော်သလောက် နေရမှာ မိစိန်ကျော့ရဲ့၊ ပတ်ဝန်းကျင်အကြောင်းများ မစူးစမ်း မလေ့လာလည်း တစ်နေ့တခြား ပိုပိုသိလာမှာပဲ၊ ခုလောလောဆယ် ငါမော နေပြီ၊ ဗိုက်လည်းဆာနေပြီ၊ အဲဒီကိစ္စတွေ အရင်ဦးဆုံးဖြေရှင်းရဦးမယ်လေဟယ်"

စိန်ကျော့က ခရီးဆောင်သေတ္တာကို ဆောင့်အောင့် ဆွဲရင်း ရာရာ့စကားကြောင့် "ဟွန့်"ခနဲဆိုပြီး နှုတ်ခမ်းမဲ့ပြသည်။

အိမ်မကြီးထဲရောက်တော့ နှစ်ယောက်သား ဆိုဖာတွေပေါ် ခြေပစ်လက်ပစ်လှဲရင်း အသက်ဝဝရှူမိကြသည်။ အိမ်အတွင်းဘက် အပြင်အဆင်များကလည်း သာမန်လူနေနေကျအိမ်လိုမျိုး ခန်းဝင်ပစ္စည်း၊ အသုံးအဆောင်ပစ္စည်း ပြည့်ပြည့်စုံစုံဖြင့် ခင်းကျင်းဖွဲ့စည်းထားသည်။

ရာရာသည် ခုချိန်မှာ ဖေဖေ့ကို "တော်လိုက်တာ၊ တော်လိုက်တာ"ဟုသာ ချီးမွမ်းခန်းတွေ အထပ်ထပ် ဖွင့်နေမိတော့သည်။

"ကဲ ... စိန်ကျော့၊ ငါတို့ ခဏနားပြီး ရေမိုးချိုးကြမယ်၊ ပြီးရင် ပါလာတဲ့ရိက္ခာတွေနဲ့ပဲ ကြံဖန်ဗိုက်ဖြည့်ကြတာပေါ့၊





ဈေးကတော့ ဒီနေ့သွားလို့ မီမှာမဟုတ်တော့ဘူး၊ ဘယ်မှာရှိမှန်းလဲ မသိဘူး ...

မနက်ဖြန်ကျမှ အားကတိုက်ခန်းတွေဆီ အကူအညီသွားတောင်းပြီး မေးမြန်းစုံစမ်းရတော့မှာပဲ"

"သဘောမဲ့ မိရာ၊ ကျုပ်တော့ မောပြီ၊ တစ်ရေးအိပ်လိုက်ဦးမယ်"

"အမယ်လေး ... ပတ်ဝန်းကျင်စူးစမ်းလေ့လာရေး ပညာရှင်ကြီး၊ စောစောစီးစီး ဖလက်ပြတော့မလို့လား"

"ပြတော့မယ်အေ၊ ခံနိုင်တော့ဘူး၊ လာမရှုပ်နဲ့နော်"

"အေးပါ ... အေးပါ၊ စိတ်ချလက်ချ စက်တော်ခေါ်တော်မူပါ"

စိန်ကျော့က အပြောနဲ့အလုပ် လက်တွေ့ကျစွာပင် မိနစ်ပိုင်းအတွင်း သက်သေထူပြခဲ့သည်။

ခရီးပန်းလာတာချင်း တူပေမယ့် ရာရာကတော့ ညဘက်မှသာ ပြည့်ပြည့်ဝဝ အိပ်စက်အနားယူဖို့ ဆုံးဖြတ်လိုက်ပါသည်။

ခဏမျှအနားယူပြီး မီးဖိုချောင်ခန်းဘက် ထွက်လာခဲ့မိသည်။ ဒီအိမ်ကြီးဟာ မိသားစုဝင်ဆယ်ယောက်လောက်နေမည် ဆိုလျှင်တောင် အတော်လေးကျယ်ဝန်းနေမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာရာတို့နယ်မြို့လေးက တိုက်ကြီးက ဒီတိုက်ရဲ့သုံးပုံနှစ်ပုံစာမျှ ရှိမည်ဟု ခန့်မှန်းရပါသည်။ ထိုအိမ်မှာဖေဖေရယ်၊ ရာရာရယ်၊ အိမ်ဖော်မမြရီရယ်၊ ခြံစောင့်ဦးဘိုးလှူရယ် လေးယောက်သာရှိသည်။

ရာရာ့ကို နှစ်နှစ်သမီး အရွယ်တည်းက စွန့်ခွာသွားခဲ့သော မေမေ မရှိသည့် နောက်ပိုင်းမှာ သားအဖနှစ်ယောက်လုံး ဘဝကို အထီးကျန်ဆန်စွာ ဖြတ်သန်းခဲ့ရသည်။ ဖေဖေကတော့ "အလွန်စီးပွားအရှာတော်သူ"ဟု ရာရာတို့ မြို့လေးမှာ နာမည်ကြီးခဲ့ပါသည်။

သို့သော် ဖေဖေက ရာရာ့အတွက်သာ စီးပွားတွေကျုံးရှာနေခဲ့ပြီး သူ့အတွက်တော့ နောက်ထပ် ဆေးပေးမီးယူ အဖော်သဟဲ ထပ်မရှာတော့ပါ။

"တစ်ပင်လဲ တစ်ပင်ထူ"ဆိုသော စကားပုံဟာ ဖေဖေ့အတွက် ဘယ်တုန်းကမှ အသုံးမဝင်ခဲ့။ တစ်ဦးတည်းသော သမီးလေးအတွက် အလုံးစုံ ပုံအပ်ပေးဆပ်ထားရသော ဖေဖေ့ဘဝကို ရာရာ အမြဲတမ်း သနားကရုဏာသက်ခဲ့ရသည်။

ဖေဖေ ပိုင်ဆိုင်သော မြန်မာပြည်အရပ်ရပ်က စီးပွားရေးလုပ်ငန်းအကြောင်းတွေကို ရာရာ ဘာတစ်ခုမှ မသိနားမလည်ခဲ့။ ဖေဖေကလည်း လုပ်ငန်းအတွက် လိုအပ်လာလျှင်တောင်





ရာရာ့ကို အပင်ပန်းခံစေခိုင်းမည် မဟုတ်ပါ။ အဲဒီလောက်တောင် ရာရာ့အပေါ် အချစ်ပို အလိုလိုက်ခဲ့သူဖြစ်သည်။

ခုလည်း ဒဿနိကဗေဒနဲ့ ကျောင်းပြီးထားတာ သိပ်မကြာသေးသော တွေးခေါ်ပညာရှင်မလေး ရာရာ့ကို ရန်ကုန်သို့ စေလွှတ်ခဲ့ခြင်းမှာ သင်တန်းမျိုးစုံတက်ရန်၊ အနားယူရန်ဆိုသော ရည်ရွယ်ချက်များကြောင့်သာဖြစ်သည်။

ရာရာသည် လက်ကလေးပိုက်လျက် မီးဖိုချောင်ခန်းလေးထဲ လှည့်ပတ်စစ်ဆေးနေစဉ်မှာပင် ...

"ကျွီ ... ကျွီ ... အီ"

"ဟဲ့ ... ပလုတ်တုတ်၊ ဘုရားကြီးကြွ"

ရုတ်တရက် ကိုယ့်ခြေထောက်ပေါ်မှ ဖြတ်ပြေးသွားသော ကြွက်မည်းညိုတစ်ကောင်ကြောင့် လူက ထခုန်မိမတတ်ပင် လန့်ဖျပ်သွားရသည်။

"ဩော် ... ဒီကောင်တော့"

တစ်ကိုယ်တည်း ရေရွတ်ရင်း ကိုယ့်အဖြစ်ကိုယ် သဘောကျမိကာ တစ်ဆက်တည်းမှာပဲ တွေးလိုက်မိတာက "သန့်ရှင်းရေး ဦးဆုံးလုပ်ရမည်"ဆိုသော အတွေးပင်။ သို့သော် နဂိုရှင်းလင်းသန့်ပြန့်နေပြီးသားမို့ သိပ်ပြီး ထွေထွေထူးထူးတော့ လုပ်စရာလိုမည် မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မြန်လက်မြန်ရှိလှသော ရာရာ တစ်ယောက် ချက်ချင်းပင် မီးဖိုချောင် သန့်ရှင်းရေး စတင်လိုက်သည်။ အလုပ်အားလုံး ပြီးစီးတော့ ရေချိုးခန်းဝင်၊ ရေကိုတဝကြီးစိမ်ချိုးပြီး တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်သည်။

အအိပ်ကြီးလှသော စိန်ကျော့ကတော့ ရာရာ ရေချိုးပြီးသည်အထိ မနိုးသေးပါ။ ညနေစာအတွက် နယ်ကယူလာသော အသားဘူး၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ပေါင်မုန့်များဖြင့်သာ ဖြေရှင်းဖို့ အကြံရလိုက်မိသည်။

ရေခဲသေတ္တာထဲမှာတော့ ဟင်းသီးဟင်းရွက် ပြည့်ပြည့်စုံစုံ ထည့်ပေးထားပါသည်။

ရာရာ ညနေစာ ပြင်ဆင်ချက်ပြုတ်ပြီးချိန်မှာ ညခုနစ်နာရီထိုးပြီ။

"အယ်တော့ ...၊ ရာလေး အကုန်ချက်ပြီးပြီလား၊ ကြည့်စမ်း၊ ငါ တော်တော်အိပ်ပျော်သွားတာပဲ"

တဝါးဝါးသမ်းရင်း မျက်လုံးနှစ်လုံး ပွတ်ဆွဲကာ ယိုင်တိယိုင်တိုင် ထွက်လာသော စိန်ကျော့ ပုံစံကိုကြည့်ပြီး ရာရာ ရယ်မိရသေးသည်။

"ကဲ ... အိပ်ပုပ်၊ ရေချိုးတော့၊ ပြီးရင် ငါတို့ညစာဆွဲမယ်"

"အိုး ... Thank you ပါ သူငယ်ချင်းလေးရယ်၊ ဘာစားသောက်ဖွယ်တွေများ ပြင်ဆင်ထားတာလဲ ဘိုရာရဲ့"





စိန်ကျော့က ခါးနှစ်ဖက်ထောက်ကာ ရူးရူးစမ်းစမ်း ပုံစံဖြင့် ထမင်းစားပွဲဝိုင်းဆီ ငုံ့ကြည့်သည်။

"ဟယ် ... ကြက်အူချောင်းကြော်၊ ပေါင်မုန့်အသားညှပ်၊ ငါးသေတ္တာ၊ ခေါက်ဆွဲပြုတ် စုံလှချည်လား"

"ကဲပါ မိကျော့ရယ်၊ စကားများနေတာနဲ့ ဟင်းတွေအေးကုန်တော့မယ်၊ မြန်မြန်ရေချိုးတော့၊ သွား"

"Ok ... ခဏလေးပဲနော်၊ ဒါနဲ့ ရေချိုးခန်းက ဘယ်မှာလဲ ရာရာ"

"ဟိုဘက်လှေကားထောင့်ချိုးနားမှာ၊ အပေါ်ထပ်က ငါတို့ အခန်းတွေထဲမှာလည်း နှစ်ခန်းလောက် ရှိသေးတယ်၊ ဒါပေမဲ့ နင် အောက်ထပ်မှာပဲ ချိုးလိုက်လေ"

"နင်ရော ဘယ်မှာချိုးတာလဲ"

"အောက်မှာပဲ"

"ဒါဆို ငါလည်း အောက်မှာပဲ ချိုးတော့မယ်"

စိန်ကျော့က ပြောပြောဆိုဆို ရေချိုးခန်းရှိရာ လျှောက်သွားသည်။ မကြာမီမှာပင် သစ်လွင်လန်းဆန်းသော စတိုင်(လ်) တစ်မျိုးဖြင့် ထမင်းစားခန်းထဲ ဝင်လာပါသည်။

သို့သော် ဂနာမငြိမ်ဖြစ်နေသော စိန်ကျော့ မျက်ဝန်းအစုံကြောင့် ရာရာ စိတ်ထဲထူးဆန်းသွားရသည်။ စိန်ကျော့က စားပွဲခုံမှာ ဝင်ထိုင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင် ရေချိုးခန်းထဲဝင်တော့ တစ်မျိုးကြီးမခံစားရဘူးလား ရာရာ"

"ဘာ ... ဘာကြီးကို ခံစားရမှာလဲဟဲ့"

"သြော် ... နင်ကလည်း၊ ငါ ရေချိုးတော့လေ၊ စိတ်ထဲမှာ မလုံဘူး သိလား၊ တစ်ယောက်ယောက်ကပဲ ကိုယ့်ကိုစောင့်ကြည့်နေသလိုလို၊ ပြီးတော့ အခန်းထဲက မှန်ကြီးကလည်း မကြည့်ရဲစရာကြီး၊ ဘယ်လိုကြီးမှန်း မသိဘူးဟာ"

"သြော် ... စိန်ကျော့နှယ်၊ ဖလော်ဆိုဖီသမားလို့ မပြောရဘူး၊ သူ့ဟာသူ အေးအေးဆေးဆေး ရှိနေတဲ့ သက်မဲ့အရာတွေအတွက် ရှုထောင့်ပေါင်းစုံကနေ လျှောက်တွေးနေတာပဲ၊ နင် စိတ်ထင်လို့ပါ သူငယ်ချင်းရယ်၊ ဘာမှမရှိပါဘူး"

"နင်ရော အဲလိုမဖြစ်ဘူးလား"

"ဖြစ်ပါဘူး၊ ကဲပါ ... ဗိုက်ဆာနေပြီမှလား၊ စားကြမယ်"

"ပြီးတော့ ဒီည ငါတို့နှစ်ယောက်တည်းနော်၊ မှောင်လည်း မှောင်လာပြီ"

ရာရာသည် ခရမ်းချဉ်သီး၊ ဆလတ်ရွက်နှင့် အသားညှပ်ပေါင်မုန့်ကို တစ်ကိုက် ကိုက်ဝါးရင်း စိန်ကျော့ရဲ့ပြူးတူးကြောင်တောင် ပုံစံကြောင့် ပလုတ်ပလောင်းနှင့်ပင် အူလှိုက်သည်းလှိုက် ရယ်မောမိတော့သည်။





စိန်ကျော့နှယ် ...အသည်းငယ်တတ်လိုက်ပုံက။

"ဘာရယ်တာလဲ နင်ကလည်း"

"ဟား ဟား ... သဘောကျလို့ပါဟယ်၊ ဒီမှာ ငါတစ်ယောက်လုံး ရှိပါတယ်၊ ကရာတေးကို မြို့နယ်အဆင့်ထိ ယှဉ်ပြိုင်နိုင်ခဲ့တဲ့ နင့်သူငယ်ချင်းရဲ့ အရည်အချင်းကို နင် မေ့နေပြီထင်တယ် ...

မပူပါနဲ့၊ အရေးကြုံလာရင် ငါ့ပညာက ဒီတိုင်းမနေပါဘူး"

"အောင်မယ်၊ နင်ဟာလေ ရပ်လေးလှသလောက် စိတ်က ဟိုဘက်မရောက် ဒီဘက်မရောက်နဲ့"

"ဟော့ ... ဟော့၊ ငါ မိန်းမစစ်စစ်နော်၊ ဒါပေမဲ့ အရေးကြုံရင်တော့ သက်လုံကောင်းရမှာပေါ့၊ ကဲပါ ... စားပါတော့၊ ပြီးရင် ခြံထဲဆင်း လမ်းလျှောက်ရအောင်"

"ဟွန်း ... လုပ်ပြီ၊ ညကြီးမိုးချုပ်မှ အပြင်ထွက်ချင်နေပြီ၊ ငါတော့ ကြောက်တယ်၊ မလိုက်ဘူး၊ အပြင်မှာ မှောင်နေပြီ"

"အဲဒါဆို နင် အိမ်ကြီးထဲမှာ တစ်ယောက်တည်းနေခဲ့လေ၊ ငါတော့ ဟိုနားဒီနား လမ်းလျှောက်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရာရာ့ ညစ်တစ်တစ် အပြောကြောင့် စိန်ကျော့တစ်ယောက် နဂိုထော်ပြီးသား နှုတ်ခမ်းကို ရှေ့သို့ ပိုမိုစူထုတ်လိုက်တော့သည်။

"ဘိုရာစုတ်နော် ... ငါ အိမ်ထဲမှာ မနေရဲပါဘူး၊ သိရဲ့သားနဲ့များ"

"အဲဒါဆိုလည်း မြန်မြန်စား၊ ပြီးရင် လစ်မယ်"

နှစ်ယောက်သား ညစာစားသောက်ပြီးတော့ အိမ်တံခါးသော့ပိတ်ကာ ခြံထဲဆင်းလျှောက်လာခဲ့သည်။ ခြံပြင်ဘက် စကြိုလမ်းမှာ လျှောက်နေရင်း ရာရာ့ မျက်ဝန်းများက အိမ်ကြီးဆီ ဝေ့ခနဲ အကြည့်ရောက်သွားရပြန်သည်။

နေ့ခင်းတုန်းက စိမ်းပုပ်ရောင် တိုက်ဟီးဟီးကြီးဟာ ညမှောင်မှောင်ထဲမှာလည်း (အမှန်အတိုင်း ဝန်ခံရလျှင်) တိတ်ဆိတ်ချောက်ချားမှုအတိ ကြီးစိုးလွှမ်းမိုးနေပါသည်။ သို့သော် ရာရာက ကိုယ့်ရဲ့မှုပိုင်သတ္တိဖြင့် တစ်မျိုးကြီး ခံစားလိုက်ရသော ခံစားမှုကို ခဏအတွင်း မေ့ဖျောက်လိုက်သည်။

ရာရာ့လို မမေ့ဖျောက်နိုင်သူကတော့ စိန်ကျော့ပင်။

"မိရာ ... တို့အိမ်ကြီးက ညဘက်ကြည့်ရင် ပိုကြောက်စရာကောင်းသလိုပဲနော်"





"နင်ပြောတော့ အရမ်းကို လှပခမ်းနားကြီးကျယ်တယ်ဆို"

"ဟုတ်ပါတယ်၊ အဲဒါနေ့ခင်းကကြည့်တာ၊ အခု ... ဟို ... တစ်မျိုးကြီး"

"ကဲပါဟယ် ... ပေါက်ပေါက်ရှာရှာတွေ လျှောက်ပြောနေပြန်ပြီ၊ ငါတို့ လမ်းတစ်ပတ်လျှောက်ပြီးရင် ပြန်ကြမယ် ... လာ၊ ဒီနားမှာ ဘာတွေရှိလဲ မသိဘူး"

"နယ်က မမြရီကို လှမ်းခေါ်လိုက်ရင် ကောင်းမယ်ထင်တယ် မိရာ"

ရာရာက ဇာတ်လမ်းမပြတ်နိုင်သေးသော စိန်ကျော့ရဲ့နောက်ဆက်တွဲ စကားများကြောင့် စိတ်ညစ်ညစ်နှင့်ပင် ရယ်ချင်မိပါသည်။ မိန်းမပျိုလေးနှစ်ယောက်တည်းအတွက် အိမ်ကြီးဟာ အနည်းငယ် ချောက်ချားချင်စရာ ဖြစ်နေပေမယ့် မမြရီကို ခေါ်ထားရလောက်အောင် မလိုအပ်သေးဟု ထင်သည်။

"မမြရီ မရှိရင် ဖေဖေ့အတွက် စားရေးသောက်ရေး ခက်ခဲမှာပေါ့ စိန်ကျော့ရယ်၊ ဒီမှာ ငါတို့အတွက် သိပ်လိုတာမှ မဟုတ်ဘဲ၊ နင် နောက်ပိုင်းကျရင် နေသားကျသွားမှာပါ၊ တို့သူငယ်ချင်းနှစ်ယောက် အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်နေကြမယ်လေ ... နော် ...



www.burmeseclassic.com

www.burmeseclassic.com



နင်ပဲ လာတုန်းက လာချင်ရဲ့ တကဲကဲ ဖြစ်နေပြီး တော့”

“အေးပါ၊ ငါ့အပြစ်ပဲ ထားပါတော့၊ ဒါပေမဲ့ တစ်ခုခု သက်မကောင်းဖြစ်ပြီဆို ငါ ချက်ချင်း နယ်ပြန်မှာနော်”

“အေးပါဟယ်၊ ဘာမှမဖြစ်စေရပါဘူး၊ စိတ်ချပါ”

ရာရာသည် စိန်ကျော့ကို နှစ်သိမ့်ဖျောင်းဖျပေးစဉ်မှာ နားထဲ ဖေဖေ့စကားတစ်ခွန်းကို အမှတ်မထင် ကြားယောင်လိုက်မိပြန်သည်။

“အစစ အရာရာ သတိဝီရိယရှိရှိ နေပါ”တဲ့။

ထိုစကားကို ရာရာ စိန်ကျော့အား ပြန်မပြောပြခဲ့ပါ။ စိန်ကျော့ ကြားလျှင်တော့ မူလဖြစ်နေသော ခံစားချက်တို့ ထပ်ဆင့်ပေါင်းကာ နယ်သို့ ချက်ချင်းပြန်ပြေးမည်လား မပြောတတ်။

“ရာရာ ... တော်လောက်ပြီနော်၊ ပြန်ရအောင်”

စိန်ကျော့ သတိပေးတော့မှ ချက်ချင်းသတိဝင်လာရသော ရာရာတစ်ယောက် လာလမ်းအတိုင်း ပြန်လှည့်ဖို့ စဉ်းစားမိသည်။ ဒီလမ်းသွယ်ချိုးလေးထဲက တိုက်များဟာ သူ့ဟာနှင့်သူ သီးသန့်ဆန်လွန်းလှသည်။





ကွန်ဒိုဆန်ဆန်တိုက်ခန်းများနှင့် လုံးချင်းခြံဝင်းကျယ်များ တစ်ဖက်တစ်ချက်စီ တည်ရှိနေသော ရပ်ကွက်လေးက ဆိတ်ငြိမ်မှုအပြည့်နှင့် နေချင်စဖွယ် ကောင်းလှသည်ဟု ရာရာက တော့ ထင်ပါသည်။

အိမ်ရောက်တော့ သူငယ်ချင်းနှစ်ယောက် ခရီးပမ်းလာသောဒဏ်ကြောင့် စောစောစီးစီး အိပ်ရာဝင်ရန် တာစူမိကြသည်။

“ရာရာ ... တစ်အိမ်လုံးက ပြတင်းတံခါး၊ တံခါးမကြီး အပေါက်တွေကို ငါတို့ သေသေချာချာ စစ်ဆေးပြီး ပိတ်ရမယ်နော် ... သိလား”

“နင့်နှာမည်ကိုလေ စိန်ကျော့လို့ မပေးဘဲ စိန်ကြောက်လို့ ပြောင်းမှည့်ရမလို ဖြစ်နေပြီ၊ နင် မပြောလည်း ငါသိပါတယ်ဟယ်”

“ဟဲ့ ... ငါတို့က ခုမှ ဒီအိမ်ကြီးကို နှစ်ယောက်တည်း ရောက်လာတာ၊ ကိုယ့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းအခြေအနေက ဘယ်လိုရှိလဲ၊ ဘာမှန်းညာမှန်း မသိဘဲနဲ့ ပေါ့ဆလို့မရဘူးဆိုတာ နင်လည်းသိတာပဲ၊ သတိဆိုတာ ပိုသည်မရှိ၊ အမြဲလိုနေတာ”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... အေးပါတယ်၊ သိတော်မူပါတယ်"

အဘွားအိုပေါက်စလေးလို တဖျစ်တောက်တောက် ရေရွတ်နေသော စိန်ကျော့ကို ထားခဲ့ကာ ရာရာ တစ်ယောက် အိမ်ထဲရှိသမျှ ပြတင်းပေါက်၊ တံခါးပေါက် အားလုံးကို တစ်ခုမကျန် လိုက်လံစစ်ဆေး ပိတ်နေမိပါသည်။

အိမ်ကြီးက အဆမတန် ကြီးလွန်းတာမို့ လုံးစေ့ပတ်စေ့ စစ်ဆေးပြီးသည်အထိ ဆယ်မိနစ်ကျော်လောက် ကြာသည်။

"ကဲ ... စိန်ကျော့ ဧည့်ခန်းထဲမှာ အမြီးကုပ်ပြီး ငြိမ်မနေနဲ့၊ ငါ တစ်အိမ်လုံးရှိသမျှ အပေါက်ပိစိကွေးလေးတွေက အစ လိုက်ပိတ်ပြီးပြီ၊ အိပ်ကြမယ်"

"ငါတော့ ဒီည အိပ်မပျော်ဘဲ မျက်စိကြောင်နေတော့မှာပဲ ဟယ်"

"ဘယ်အိပ်ပျော်မလဲ၊ နေ့ခင်းက ရောက်တာနဲ့ တန်းကျိုးနေတာကိုး၊ ညဘက် မျက်စိကြောင်တာတောင် နည်းသေး ... ငါတော့ အိပ်တော့မယ်၊ ပင်ပန်းနေပြီ"

"ဟယ် ... နင်ကလည်း၊ ငါလည်း အိပ်မှာပေါ့၊ တစ်ယောက်တည်း ထိုင်မနေရဲပါဘူး"





ပြောပြောဆိုဆို ရာရာက အိပ်ခန်းထဲ ဒုန်းစိုင်းပြေး ဝင်သွားတာမို့ စိန်ကျော့ကပါ နောက်မှ အူယားဖားယား လိုက် ပြေးဝင်လာပါသည်။

နှစ်ယောက်သား တွန်းထိုးနောက်ပြောင် ကစားရင်း မကြာမီမှာပင် ရှောခနဲ အိပ်ပျော်သွားခဲ့သည်။

✧ ✉ ✧



www.burmeseclassic.com

www.burmeseclassic.com

"ရာရာ ... ရာရာ ... ထပါဦး"

"အင် ... ဟင် ... ဘာလဲ"

"ဩော် ... အရေးထဲ ညည်းနေပြန်ပြီ၊ ရာရာ ... ဟဲ့ ... ဒီမှာ ငါခေါ်နေတာ၊ ထပါဦးဆို"

"အီး ... ဘာလဲဟာ၊ နင်ကလည်း သာသနာ့ဖျက်ပြီ၊ ဘာလုပ်မလို့လဲ၊ ဒီမှာ အိပ်ရေးမဝရတဲ့အထဲ စိတ်ညစ်လိုက်တာ"

ရာရာ တစ်ယောက် စိန်ကျော့ ကောင်းမှုကြောင့် သုခဘုံလေးထဲမှ အထိတ်ထိတ် အပျာပျာ လူးလွန့်နိုးထလာရပါသည်။ နာရီကြည့်လိုက်တော့ မနက်လေးနာရီတောင် မခွဲသေး။ ရာရာ့အတွက် အိပ်လို့အကောင်းဆုံး အခါသမယပင် ဖြစ်လေသည်။

စိန်ကျော့ပုံစံကလည်း နားလည်ရခက်လောက်သော ချောက်ချားတုန်လှုပ်ဖွယ် အမူအရာအတိနှင့်ဖြစ်သည်။





"ဟဲ့ ... ငါမေးနေတယ်လေ၊ ဘာဖြစ်တာလဲလို့၊ ငါ့အကျီတွေလည်း တွန့်ကြေကုန်တော့မယ်၊ လွှတ်စမ်းပါဦး"

"ငါ ... ငါ ... မိုက် ... မိုက်နာလာလို့၊ အဲဒါ ..."

"မိုက်နာတာ အိမ်သာသွားပေါ့ဟယ်၊ နင်ကလည်း အဲဒါလေးများ ရေးကြီးခွင်ကျယ် ငါ့ လာနှိုးရတယ်လို့"

"မ ... မဟုတ်ပါဘူးဟယ်၊ ငါပြောတာ နားထောင်ပါဦး၊ ငါ အိမ်သာသွားပါတယ်၊ ရေ ... ရေမလာလို့"

"ငါတို့အခန်းထဲက အိမ်သာလား"

"ဟုတ်တယ်၊ ရေမလာတာနဲ့ အောက်ထပ်ကအခန်း သွားမလို့၊ ငါ ... ငါ တစ်ယောက်တည်း မသွားရဲလို့ နင့်ကို အဖော်လာခေါ်တာ"

"ရော် ... ဖြစ်ရမယ်၊ ဒီစိန်ကြောက်မနဲ့ ငါနဲ့တော့ ခက်တာပဲ၊ ကဲ ... လာ ... လာ ... ငါ လိုက်ခဲ့မယ်"

စိတ်မြန်လက်မြန်ရှိလှသော ရာရာ တစ်ယောက် စိန်ကျော့အတွက် အီးတည်ဖို့ အောက်ထပ်သို့ ယိုင်တီယိုင်တိုင် ဆင်းလာခဲ့သည်။ လူက ခရီးပမ်းလာသည့်ဒဏ်ကြောင့် နုံးခွေဖျော့တော့ကာ ကိုယ်လက်မသယ်ချင်လောက်အောင် နာကျင်ကိုက်ခဲနေပါသည်။ စိန်ကျော့ကိုလည်း အပြစ်မတင်ရက်။

"ရာရာ ... နင် အခန်းရှေ့က စောင့်ပေးနော်၊ ထွက်မသွားနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟယ်၊ မြန်မြန်ဝင်စမ်းပါ၊ ငါ ဒီလှေကားရင်းမှာ ထိုင်စောင့်ပါ့မယ်"

"နင် သီချင်းဆိုပြီး စောင့်နော်၊ အဲဒါမှ အသံကြားပြီး နင် ရှိ,မရှိ ငါသိမှာ ရာရာ"

"ကဲ ... စိတ်ညစ်လိုက်တာဟယ်၊ ဆိုမယ် ဆိုမယ်၊ ဆိုပေးမယ်၊ နင် လုပ်နေတာနဲ့ ကြာရင် နင့်အထုပ်ကြီး ပြုတ်ကျတော့မယ်"

"ဟီး ဟီး ... ဝင်ပြီနော် မိရာ"

စိန်ကျော့ ဝင်သွားတော့ ရာရာ ဘာသီချင်းဆိုရမလဲဟု အပြေးအလွှား စဉ်းစားခန်း ဝင်ရပါသည်။ အေသင်ချိုဆွေရဲ့ "အပြုံးလေး" ဒါ သိပ်မကောင်းသေး။ "လမ်းမခွဲကြး"ဒါလည်း သိပ်အဆင်မပြေ။ ဂျီလတ်ရဲ့ "ခဏတာ"၊ Blueberry ရဲ့အကျော်ကြားဆုံးသီချင်း "ဆေးကျောင်းသား"၊ "မင်းတစ်ယောက်သာ" ဒါလည်း သိပ်မဟုတ်သေး။ ပူစူး(IMP)ရဲ့ "ဝန်ခံပါ"၊ "နင်စေရင်"၊ ပိုင်းစုရဲ့ "အပြစ်မမြင်" အို ... ဒါလည်း သိပ်မကြိုက်၊ ဒါဆို ဘာသီချင်းဆိုရပါ့။

"မိ ... မိရာ ... ရေ"

"အဲ ... အဲတော့"

"မိရာ ... မိရာ"





"ဟဲ့ ... ဟဲ့ ... ငါ ဒီမှာ၊ ဘာ ... ဘာဖြစ်လာတာလဲ"

ရုတ်တရက် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ကမ္ဘာပျက်သလို တုန်လှုပ်ပွက်လောရိုက်လာသော စိန်ကျော့ကြောင့် ရာရာပါ ရောယောင်လန့်ဖျပ်သွားမိပါသည်။

"အထဲမှာ ရေ ... ရေ"

"ဘာဖြစ်လို့လဲ၊ ဘာရေလဲ"

စိန်ကျော့က သွေးဆုတ်ဖြူရော်နေသော အသွင်ဖြင့် အခန်းထဲသို့သာ လက်ညှိုးညွှန်ထိုးပြနေတော့သည်။ စိန်ကျော့ အမူအရာကြောင့် ရာရာ တကယ်ကို နားမလည်နိုင် ဖြစ်သွားရပါသည်။

"ကဲ ... ငါရှိပါတယ်၊ ဘာဖြစ်တာလဲလို့"

"ငါ ... ငါတို့အပေါ်ခန်းမှာ ရေမလာဘူးနော်၊ ဒီ ... ဒီထဲမှာ ရေချိုးခန်းထဲက ကြွေကန်ထဲ သူ့ဟာသူ ရေပွင့်ပြီးကျနေတယ်"

"ဘာ ! ... ဘာရယ်"

"နင် ညနေတုန်းက ဒီအခန်းထဲ မဝင်ခဲ့ဘူးနော်၊ ဟုတ်တယ်မှလား၊ မိရာ ... ငါရော နင်ပါ မဝင်ခဲ့ဘူး၊ အဲဒါသေချာတယ်"

"နေ ... စမ်းပါဦး၊ ငါ ဝင်ကြည့်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကမုတ်ပေါ်ထိုင်မလို့လုပ်တုန်း ကြွေကန်ထဲ ရေကျသံကြားတာနဲ့ ဝင်ကြည့်မိတာ၊ တစ်ယောက်ယောက် ရေဖွင့်ချထားသလို ထွက်ကျနေတာ၊ ကြွေကန်ထဲ ပြည့်လုနီးနီးတောင် ရှိတော့မယ်၊ ငါ ကြောက်လိုက်တာ ရာရာရယ်"

ရာရာသည် စိန်ကျော့ စကားအတွက် ကိုယ့်နားတောင် ကိုယ်မယုံချင်။ ညပိုင်းတုန်းက ဒီအခန်းထဲ ခဏတော့ ဝင်ကြည့်ခဲ့သေးသည်။ သို့သော် ဘာသံမှ မကြားခဲ့ရတာ၊ ဘာအခြေအနေမှ မထူးခြားခဲ့တာတော့ သေချာပါသည်။

ကိုယ့်စိတ်ထဲ ထူးဆန်းအံ့သြဖွယ် ဖြစ်ရပ်ကြီးအတွက် အနည်းငယ် တုန်လှုပ်သွားမိပေမယ့် အသည်းငယ်လှသော စိန်ကျော့ မျက်နှာကို ထောက်ထားသောအားဖြင့် အတတ်နိုင်ဆုံး နှစ်သိမ့်ဖျောင်းဖျဖို့ ကြိုးစားမိပါသည်။

"သြော် ... ငါ မေ့နေတာ ကြည့်စမ်း၊ ငါ ညတုန်းက အခန်းတံခါးတွေ လိုက်ပိတ်ရင်း ဒီအခန်းထဲဝင်ပြီး ခြေထောက်ဆေးသေးတယ်၊ အဲဒါ ကြွေကန်ပေါ်က ရေပိုက်ခေါင်းကိုပိတ်ဖို့ မေ့ခဲ့တာ၊ ဆောရီး သူငယ်ချင်းရယ်၊ ငါကိုက သတိမေ့တတ်တာ"

"ဟုတ် ... ဟုတ်လို့လား၊ နင် ငါကြောက်မှာစိုးလို့ တမင်ဖော့ပြောတာ မဟုတ်လား၊ ငါ သိတယ်နော်"





"ငါ မလိမ်ဘူး၊ တကယ်ပြောတာ၊ ဒီအိမ်မှာ ငါတို့နှစ်ယောက်တည်းရှိတာ ငါတို့မလုပ်လို့ ဘယ်သူလုပ်မှာလဲ စိန်ကျော့ရဲ့၊ ကဲပါ ... နင် အိမ်သာတက်မယ်ဆို၊ တက်လေ၊ ရေလာတယ်မှုလား"

"လာတယ်၊ ငါ စဉ်းစားမိတာ အပေါ်ထပ် ငါတို့အခန်းက ဘာလို့ မလာဘဲ ဒီမှာကျမှ ပုံမှန်အတိုင်း လာနေရတာလဲ၊ ရေကြောလိုင်းက တစ်အိမ်လုံးမှာ တစ်လိုင်းတည်းပဲဟာ၊ ထူးဆန်းတယ်"

"ရေပိုက်ခေါင်း တစ်ခုခုဖြစ်တာ နေမှာပေါ့ဟယ်၊ မနက်ကျမှ ဒီပတ်ဝန်းကျင်က တစ်ယောက်ယောက်ကို အကူအညီတောင်းရင် ရမှာပါ"

စိန်ကျော့က မရွံ့မရဲပုံစံနှင့် အခန်းထဲ ဖြည်းဖြည်းလေးလေး ဝင်သွားခဲ့ပါသည်။ တစ်စတစ်စကြီး ထွက်လာပြီဖြစ်သော ကိုယ့်ခေါင်းထဲက ဦးနှောက်ကို ရာရာ အပြေးအလွှားအလုပ်ပေးလိုက်မိသည်။

တကယ်ဆို ဒီရေပိုက်ခေါင်းကို ရာရာ လုံးဝမဖွင့်ခဲ့တာ ကျိန်းသေသည်။ ဒါဆို ဘယ်လိုဖြစ်ပြီး ပွင့်နေရသလဲ။ ရေချိုးခန်းထဲ ရေပြည့်လုနီးနီး ဖြစ်နေရုံကလွဲလို့ ဘယ်လိုခြေရာလက်ရာပျက်မှုကိုမှလဲ ရှာမတွေ့ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



စောစောက အိပ်ချင်စိတ်တွေပင် အားလုံး ကြက်ဆွှာက်ငှက်ပျောက် ပျောက်ကုန်ကြပြီ။ တစ်ဆက်တည်းမှာပင် ရာရာ့ မျက်ဝန်းများက အခန်းပတ်ပတ်လည်၊ အိမ်ကြီးရဲ့အတွင်းနံရံ၊ မျက်နှာကြက်၊ ထပ်ခိုး စသော နေရာအနှံ့အပြားသို့ တစ်ခုချင်းစီ ဝေ့ဝဲရောက်ရှိသွားရပါသည်။

တိတ်ဆိတ်လွန်းအား ကြီးနေသည်ကပင် ချောက်ချားဖွယ် ဖြစ်နေခဲ့သည်မှာ ငြင်းမရ။ ဖေဖေ ဒီအိမ်ကို ဘာရည်ရွယ်ချက်နှင့် ဝယ်ခဲ့ရသနည်း။ ရာရာ့ကို အသိမပေး ဘာမပေး တစ်ကိုယ်တော် လှုပ်ရှားခဲ့သော ဖေဖေ့ အစီအစဉ်များထဲမှာ ဒီတစ်ခုကတော့ ရာရာ့အတွက် ဘဝင်မကျချင်စရာဖြစ်သည်။

ရာရာ တစ်ယောက်တည်း အတွေးနယ်ချဲ့နေစဉ်မှာပင် စိန်ကျော့ ကိစ္စဝိစ္စ ပြီးစီး၍ အပြင်ထွက်လာသည်။

"အဟဲ ... ဆောရီး မိရာရယ်၊ ငါ နင့်ကို အိပ်ရေးပျက်အောင် လုပ်မိပြီ၊ ခုမှပဲ တင်းထားရသမျှ ပေါ့သွားတော့တယ်"

"ရပါတယ်၊ ငါလည်း မငိုက်တော့ပါဘူး၊ ဘာလိုလိုနဲ့ ငါးနာရီတောင် ကျော်နေပြီ၊ ပြန်မအိပ်ချင်တော့ဘူး"

"အေး ... ကောင်းတယ် သူငယ်ချင်း၊ ငါလည်း ပြန်မအိပ်တော့ဘူး၊ မျက်နှာသစ် ရေချိုးပြီး ဘုရားရှိခိုးမယ်၊





မနက်မိုးလင်းမှ နင်ပြောသလို ဒီနားက တစ်ခန်းခန်းဆီမှာ ရေပိုက်ခေါင်းကိစ္စ အကူအညီ သွားတောင်းရမယ်"

နှစ်ယောက်လုံး မျက်လုံးကျယ်သွားကြပြီမို့ လုပ်စရာရှိသည်တို့ကိုသာလုပ်ဖို့ ဆုံးဖြတ်လိုက်မိကြသည်။ သို့သော် ရာရာ့စိတ်ထဲမှာတော့ အိပ်ရေးပျက်သည်ကတစ်ကြောင်း၊ ရေချိုးကန်ကိစ္စကတစ်ကြောင်း မတင့်မကျဖြစ်လျက် ကြည်ကြည်လင်လင်ရှင်းလင်းမှုမရှိတာတော့ အမှန်ပင်ဖြစ်သည်။

ဒီပဟေဠိဟာ ဒီအိမ်ကြီးဆီက ပထမဆုံး ပေးအပ်လာသော လျှို့ဝှက်ဆန်းကြယ် ပုစ္ဆာကြီးတစ်ပုဒ်အဖြစ် ရာရာ့ရင်ထဲ စိုးမိုးနေရာယူထားခဲ့လေပြီ။

✧ ✉ ✧



www.burmeseclassic.com

www.burmeseclassic.com



"မိရာ ... ဒီအခန်းကိုပဲ ဘဲလ်တီးပြီး မေးကြည့်ရင်ကောင်းမယ်နော်"

"အေး ... ကောင်းတယ်၊ မြေညီထပ်ဆိုတော့ အဆင်ပြေနိုင်တယ်၊ ဒါပေမဲ့ လူတောင်ရှိရဲ့လား မသိဘူးနော်"

"ဩော် ... ဘဲလ်တီးကြည့်မှ သိမှာပေါ့"

ရာရာသည် စိန်ကျော့ အကြံပေးသလိုပင် မြေညီထပ်အခန်းရဲ့ဘဲလ်ကို ဖြည်းဖြည်းညင်သာစွာ တစ်ချက်နှိပ်လိုက်သည်။ ဒီကွန်ဒိုက ရာရာတို့ခြံကြီးရဲ့ ညာဘက်ခြမ်းမှာရှိပြီး ခြောက်ထပ်ထိ မြင့်ပါသည်။

တစ်ခန်းခန်းမှာတော့ အကူအညီတောင်းစရာ လူတစ်ယောက်ယောက်တော့ ရှိနိုင်ကောင်းသေးဟု နှစ်ယောက်လုံး ထင်မိကြသည်။

"လူထွက်မလာသေးဘူးနော်၊ ထပ်နှိပ်ကြည့်ပါဦးဟဲ့"





"ဩော် ... နှိပ်နေတာပဲ စိန်ကျော့ရယ်"

"ဒီလောက်နှိပ်တာတောင် ထွက်မလာဘူးဆိုတော့ မရှိဘူး ထင်ပါတယ်ဟယ်၊ ငါတို့ တခြားအခန်း ထပ်သွားကြည့်ရင် ကောင်းမယ်"

"အေး ... ဟုတ်တယ်နော်"

ဘယ်လိုနှိပ်နှိပ် လူရိပ်လူယောင် ငွေ့ငွေ့လေးပင် ရှာမတွေ့သော ထိုအခန်းရှေ့က နှစ်ယောက်သား သဘောတူညီမှုရပြီး လှည့်ထွက်လာခဲ့ချိန်မှာ ...

"ကျွီ"

"ဘာကိစ္စရှိလို့လဲ"

ရာရာသည် လှမ်းလက်စခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားရကာ ဘေးက စိန်ကျော့လက်ဖျားကိုလည်း ခပ်တင်းတင်း ဆုပ်ကိုင်မိလျက်သား ဖြစ်သွားရသည်။

အောင်မြင်ထည်ဝါသော အသံလှိုင်းရဲ့ဓာတ်တစ်မျိုးဟာ ရာရာ့နှလုံးခုန်သံကို လိုတာထက် ပိုကျယ်သွားစေသယောင် ခံစားရပါသည်။ ရာရာနှင့် စိန်ကျော့ မတိုင်ပင်ထားပဲ ပြိုင်တူလိုလို လှည့်ကြည့်လိုက်မိတော့ ...

"ဘဲလ်တီးနေတာ ခင်ဗျားတို့ ထင်တယ်၊ ဘာကိစ္စရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိရိပါးလျားသော လေးကိုင်းသဏ္ဌာန် နှုတ်ခမ်းများကို အ ၊တ်တမဲ့ ဖေးစိုက်နေမိရာက ရာရာ ရုတ်ခြည်းသတိဝင်လာရသည်။ အမည်မသိ ကို Stranger ရဲ့မျက်ဝန်းများကို ရာရာ မြင်မြင်ချင်း သိပ်သဘောမကျမိတာ အမှန်ပင်။

နေရာတကာမှာ သတ္တိဗျတ္တိ ကြီးမားလှသော၊ ကိစ္စတိုင်းကို ဖုံကြွားပိုင်နိုင်စွာ ဖြေရှင်းနိုင်လောက်အောင် သွေးမနည်းလှသော ရာရာလို မိန်းမတစ်ယောက်အတွက် သူ့အကြည့်ဒဏ်က တစ်ဆိတ်တော့ စူးရှတောက်ပလွန်းနေသည်ဟု ထင်သည်။

စိန်ကျော်က ရာရာကို လက်တို့သတိပေးရင်း လာရင်းကိစ္စ အကူအညီ ဆက်တောင်းဖို့ မျက်စပစ် အချက်ပြသလိုလုပ်သည်။

"သြော် ... ဟို ... ရှင်က ဒီအခန်းကလား"

"ဟုတ်ပါတယ်၊ ခင်ဗျားတို့က ဟိုဘက်ခြံကတိုက်ကို အသစ်ရောက် ဟာတဲ့ အိမ်ရှင်တွေမှလား"

"ရှင် ဘယ်လိုသိတာလဲ"

"မနေ့က ခင်ဗျားတို့နှစ်ယောက် ရောက်လာကြတာ ကျွန်တော် တွေ့ပါတယ်၊ အခု ကျွန်တော့်ဆီလာတဲ့ကိစ္စက"

ရာရာသည် ရေပိုက်ခေါင်းကိစ္စ မပြောပြမီ စိတ်ထဲကနေ "ဒီလူ အကြည့်တွေ ကြမ်းရှသလောက် အပြောအဆိုတော့ ညက်သား"ဟု မှတ်ချက်ချမိသည်။





"ဟို ... ကျွန်မတို့ အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ၊ အိမ်က ရေပိုက်ခေါင်းတစ်ခု ပျက်နေလို့ ညက ရေဖွင့်တာ ရေမလာဘူး၊ အဲဒါ ဘာများဖြစ်လဲလို့ ဒီအနီးအနားဝန်းကျင်မှာ လိုက်မေးပြီး အကူအညီတောင်းတာပါ"

"သြော်"

သူက ဒါပဲရေရွတ်ပြီး သူ့တိုက်ခန်းတံခါးသော့ကို ပိတ်ဖို့ပြင်သည်။ ဒါဆို သူ ချက်ချင်း ရာရာတို့နောက် လိုက်လာတော့မှာပေါ့။

ရာရာနှင့် စိန်ကျော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အကြံအောင်မြင်စွာ ကိုယ်စီကျိတ်ပြုံးလိုက်မိကြသည်။ ဒီလို အချိန်မရွေး၊ ဒေသမရွေး ဖင်ပေါ့ပေါ့ ကူညီတတ်သော အိမ်နီးချင်းကောင်းတစ်ယောက်ရတာ ကံကောင်းစရာဟု သတ်မှတ်ရမလိုဖြစ်သည်။

"ရေက ဘယ်အချိန်ကစပြီး မလာတော့တာလဲ၊ တခြားအခန်းတွေရော အကုန်ဖွင့်လို့ မရတာလား"

"မဟုတ်ဘူး၊ အပေါ်ထပ် ကျွန်မတို့အခန်းထဲက ရေချိုးခန်းမှာပဲ ဖြစ်တာ၊ ကျန်တာတွေ အကောင်းပဲ၊ ဒီတာ အစ်ကိုကို မနက်စောစောစီးစီး လာနှိုးရတာ အားနာပါတယ်၊ ဒါပေမဲ့ ကျွန်မတို့က ဒီအနီးနား တစ်အိမ်အိမ်က

www.burmeseclassic.com



တစ်ယောက်ယောက်ဆီ အကူအညီတောင်းမယ် ဆိုပြီး အစ်ကို့အခန်းကို အရင်ရောက်လာတာ ...

ကျွန်မတို့ကို အနှောင့်အယှက်ပေးတယ်လို့ မထင်ပါနဲ့နော်"

"ရပါတယ်၊ အချင်းချင်း ကူညီရမှာပေါ့၊ ကျွန်တော့် နာမည်လည်း မှတ်ထားပါ၊ ညစ္စးဘဏ် ... တဲ့၊ နောက် လိုတာရှိရင် ပြောပါ"

သူက ခုခေတ်ယောကျ်ားလေးတွေလို "ခင်ဗျားတို့ နာမည်တွေလည်း သိခွင့်ရှိမလား"တွေ ဘာတွေ မလာခဲ့ပါ။ တမင်ပဲမျှားနေတာလားတော့ မပြောတတ်။

သို့သော် မနေနိုင်သော စိန်ကျော့က လောကွတ်ပို ကာ ဖွင့်ပြောဖို့ ကြိုးစားလေတော့သည်၊

"ကျွန်မတို့လည်း ကိုယ်တိုင်ပဲ မိတ်ဆက်ရတော့မယ်၊ ကျွန်မ နာမည်က စိန်ကျော့၊ သူက နွေအကွရာ၊ ခင်တဲ့သူ တွေကတော့ ရာရာလို့ပဲ ခေါ်ကြတယ်၊ ကျွန်မတို့က နယ် ကလာကြတာပါ၊ ရန်ကုန်မှာ သင်တန်းတက် အနားယူဖို့ ဆိုပါတော့"

စိန်ကျော့ စကားအဆုံးမှာ သူက နှုတ်းလည်ရခက် လောက်အောင် လှစ်ခနဲပြုံးသည်။





သူ့အပြုံးရဲ့နောက်ကွယ်မှာ တစ်စုံတစ်ခုကပ် ငြိနေ သလိုပဲဟု ရာရာ့စိတ်ထဲ တွေးထင်မိပေမယ့် ဘာလဲဆိုတာတော့ တပ်အပ်အဖြေရှာမရနိုင်ပါ။

ဘာပဲဖြစ်ဖြစ် သူဟာ ရာရာတို့အတွက် သူငယ်ချင်း ကောင်းတစ်ယောက် ဖြစ်နိုင်သည်ဟု ယုံကြည်မိသည်။

အိမ်ရောက်တော့ သူက ရေပိုက်ခေါင်းပြဿနာကို တစ်ယောက်တည်း ဒိုင်ခံဖြေရှင်းသွားခဲ့ပါသည်။ အိမ်မှာ လက် သမားပစ္စည်း အစုံအလင် ရှိတာမို့ သူလိုသမျှ ရာရာတို့က တစ်ခု ပြီးတစ်ခု ထုတ်ပေးရင်း ကူညီရသည်။

သူ အလုပ်လုပ်နေပုံကို အဝေးကကြည့်ရင်း နှစ် ယောက်သား တီးတိုး တီးတိုး သဖန်းပိုးလုပ်မိကြသေးသည်။

"ရာရာ ... နင် သူ့လှုပ်ရှားပုံ၊ လုပ်ပုံကိုင်ပုံတွေကို သတိ ထားကြည့်စမ်း၊ ဘယ်သူနဲ့တူတယ်ထင်လဲ"

စိန်ကျော့ အမေးကြောင့် ရာရာ သူ့ပုံစံကို စူးစိုက် ကြည့်မိသည်။ ငါးပေရှစ်လက်မကျော်သော ရာရာ့ အရပ်ထက် ခေါင်းတစ်လုံးပိုမြင့်သော သူ့ခန္ဓာကိုယ် အချိုးအစားက မပိန်မဝ နှင့် ကြည့်ကောင်းသော အနေအထားမျိုးရှိသည်။

fitting ကျသော တီရှပ်လက်တို ကြက်သွေးရော့ ရောင်နှင့် TBY ဂျင်းနက်ပြာစိုစို ဝတ်ဆင်ထားသော သူ့စတိုင်လ်



www.burmeseclassic.com

www.burmeseclassic.com



သာ တစ်မျိုးလေးတော့ ထူးခြားလန်းဆတ်နေတာ အမှန်ပင်။ ဖုတ်ဖုတ်ဖွဖွလေး ရှပ်ပွအောင် ထောင်ထားသော အိမိုဆန်ဆန် ကေတိုလေးက သူနဲ့အလိုက်ဖက်ဆုံး ဖြစ်မည်ဟု ရာရာ ထင်မိပါသည်။

အလုပ်ကို စူးစူးစိုက်စိုက် လုပ်နေသော သူ့အား တိုက် မျက်နှာအနေအထားကို စိုးကြည့်လိုက်သည့်ခဏ နှာတံ ချွန်ချွန်၊ တင်းတင်းစေ့ပိတ်ထားသော နှုတ်ခမ်းအစုံ၊ မျက်ခုံးကြော နှစ်ခုကို ပူးကပ်ရှုံ့တွထားပုံက တိကျသေချာသူ တစ်ယောက်၊ အာရုံစူးစိုက်မှု ကြီးမားသူတစ်ယောက်အဖြစ် အထင်ရောက်စေသည်။

သို့သော် စိန်ကျော့ မေးသလို ဘယ်သူနဲ့ပုံလဲဆိုတာတော့ ရာရာ မပြောတတ်ပါ။ ဘယ်သူနဲ့ တူတာပါလိမ့်။

"ပြောလေ ... ဘိုရာ၊ သူ ဘယ်သူနဲ့တူလဲလို့"

"သိဘူးဟ"

"ဟယ် ... နင်ကလည်း၊ နေတိုး ပေါက်စလေးလေ၊ သေချာကြည့်၊ နေတိုးနဲ့မတူဘူးလား"

စိန်ကျော့က နေတိုး ခရေစီမို့ ခပ်ယောင်ယောင်လေး တူသလိုရှိသော သူ့ကို မြင်မြင်ချင်း ကောက်ချက်ပေးထားပုံရသည်။





အင်း ... ခုမှ ရာရာလည်း သေချာသတိထားကြည့်မိသည်။

စိန်ကျော့ပြောတာ ဟုတ်နေသလိုလိုပင်။

"နော် ... မိရာ၊ တူတယ်နော်"

"တိုးတိုးပြောပါဟယ်၊ ကြားသွားဦးမယ်"

ထိုအချိန်မှာပင် သူက အလုပ်ကို လက်စသတ်ရှင်းလင်းပြီး ရာရာတို့ဘက် လျှောက်လာသည်။

"ကဲ ... အားလုံး အဆင်ပြေသွားပါပြီ"

"ကျေးဇူးအရမ်းတင်တာပဲ ကိုညစူးဉာဏ်ရယ်၊ ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီနေ့ Breakfast ကို ကျွန်မတို့ ဒကာခံပါရစေ၊ မငြင်းပါနဲ့နော်"

"ဟာဗျာ ... မဟုတ်တာ၊ အိမ်နီးချင်းတွေပဲ၊ ကူညီရမှာပေါ့၊ ကျေးဇူးဆပ်စရာလည်း မလိုပါဘူး မစိန်ကျော့ရယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကျွန်မတို့ စေတနာကို အသိအမှတ်ပြုတယ်ဆိုရင် လက်ခံပေးပါ ကိုညစူးဉာဏ်"

သူက ရာရာ့စကားအဆုံးမှာ စိုက်ခနဲ တစ်ချက်လှမ်းကြည့်သည်။ သူဟာ အကြည့်ထဲမှာ တစ်စုံတစ်ခု ထည့်သွင်းပြီးမှ ကြည့်တတ်သောအကျင့်ရှိသူလား မပြောတတ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြည့်နဲ့ တစ်ခါဆုံပြီးတိုင်း ရာရာ့ရင်ထဲ ကစ်ခုခု စွဲကျန်ရစ်စေခဲ့သည်။

"ကျွန်တော့်အတွက် အလုပ်မပိုစေချင်လို့ပါ"

"ဪ ... မပိုပါဘူး၊ ကျွန်မတို့သုံးယောက် ရှမ်းခေါက်ဆွဲ သွားစားကြမယ်လေ၊ ရှင်က ဒေသခံဆိုတော့ ဆိုင်ကောင်း ကောင်း ဘယ်မှာရှိလဲ၊ လိုက်ပြပေးပေါ့ ...

-ဒါနဲ့ မေးရဦးမယ်၊ ရှင်ရော ရှမ်းခေါက်ဆွဲ ကြိုက် ရဲ့လား"

"သိပ်အကြိုက်ကြီး မဟုတ်ပေမယ့် စားပါတယ်၊ ကောင်း ပြီလေ၊ သွားတာပေါ့"

သူ့ဆီက သဘောတူညီမှု ရယူပြီးချိန်မှာ သုံးယောက် သား သူ လမ်းညွှန်သော ဆိုင်လေးဆီ ချီတက်လာကြပါသည်။ သူက ရာရာတို့လိုပဲ ရှမ်းခေါက်ဆွဲ မှာစားပြီး သူ့ဘဝရဲ့တစ်စိတ် တစ်ဒေသအကြောင်း စပ်မိစပ်ရာ ပြောပြလာသည်။

သူ့မှာ မိဘနှစ်ပါး မရှိတော့ကြောင်း၊ ဖခင်ချန်ထား ရစ်ခဲ့သော ကုမ္ပဏီခွဲလေးတွေမှာ ရှယ်ယာလျှောက်ဝင်ထားပြီး အလုပ်အကိုင် မယ်မယ်ရရ မရှိကြောင်း ဘဝကို ဥတစ်လုံးတစ် ကောင်ကြွက် ဖြတ်သန်းနေကြောင်း စသည့် အကြောင်းအရာများ အတွက် ရာရာ့ စိတ်ထဲ ကျိတ်ပြီး စိတ်မကောင်းဖြစ်ရသေးသည်။





သူ့ဘဝလေးက သနားစရာကောင်းသည်ဟု ထင်ပါ သည်။ သူ့မိသားစုအကြောင်း ပြောပြနေစဉ်မှာလည်း ကြီးမားနက် ရှိုင်းသော ဝမ်းနည်းကြေကွဲရိပ်တချို့ သူ့မျက်နှာပေါ်မှာ ပေါ်လွင် ထင်ဟပ်နေခဲ့သည်။

ထို့ပြင် သူနှင့် စကားကြာကြာပြောကြည့်မှ သူ့မျက် ဝန်းထဲမှာ ကိန်းအောင်းတည်ရှိနေသော မာနအခိုးအငွေ့များကို ရာရာ တဖြည်းဖြည်း ခံစားသိရှိလာရပါသည်။

သူဟာ သူ မတူအောင် မာနကြီးသူတစ်ယောက် ဖြစ်မည်ဟု ရာရာ ခန့်မှန်းမိသည်။ ထိုဆိုင်လေးက အပြန်မှာ သူ နှင့်ရာရာတို့ တစ်ယောက်အပေါ်တစ်ယောက် ပိုပြီး ရင်းနှီးခင်မင် သွားကြသလို ခံစားရသည်။

အိမ်ရှေ့ရောက်တော့ သူက ရာရာတို့နှစ်ယောက် သုံး မျက်လုံးပြူးသွားရလောက်အောင် အံ့အားသင့်စေသော စကား အချို့ဖြင့် နှုတ်ဆက်ခဲ့ပါသည်၊

"ဒီက အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနဲ့ သဘောကောင်း တဲ့ မစိန်ကျော့ရော၊ နှင်းပွင့်ဧကရီမင်းသမီး ဂင်ဘိုရာကိုပါ ဒီနေ့ Breakfast အတွက် ကျေးဇူးအများကြီး တင်ပါတယ်"

"အယ် ... အဲတော့၊ ရှင်က ရာရာ့ကို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မစိန်ကျော့ရဲ့၊ ကျွန်တော် ရာရာ့ကို စတွေ့ကတည်းက ကိုရီးယား ဘိုရာမျာ ၊တ်တရက် ရောက်လာသလားလို့ ထင်မိတာ ...

ကျွန်တော်က နှင်းပွင့်ဘေကရီ(Snow Queen)ရဲ့အမာခံပရိသတ်လေ"

ရာရာသည် သူ့ရှတ်နောက်နောက် အပြောကြောင့် မျက်နှာရဲခနဲ ဖြစ်သွားသလို ရင်ထဲ ပူနွေးလှုပ်ရှားသွားရသည်။ တော်တော်များများ လက်ခံထားသော ကိုစ္စတစ်ခု ဖြစ်ပေမယ့် နမူစတွေ့သော သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ နှုတ်ဖျားက ဖြောင်ကျပွင့်လင်းသော ထိုသတ်မှတ်ချက်အတွက် ရှက်သွေးဖြာသွားမိတာတော့ အမှန်ပင်။

"ရာရာ ... ဆောရီးနော်၊ ကျွန်တော်က ခင်လို့စတာပါ"

သူက အားတုံ့အားနာဟန်ဖြင့် တိုးတိုးလေး နှိမ့်ချပြောလာသည်။ ထို့နောက် "လိုတဲ့အကူအညီရှိရင် အချိန်မရွေးခေါ်ပါ"ဟု ပြောပြီး ထွက်သွားပါသည်။

သူ ထွက်သွားပြီးမှ ...

"မိရာ ... နင်ကလည်း ဘာလို့ ပြန်မပြောလိုက်တာလဲ"

"အင် ... ဘာကို ပြန်ပြောရမှာလဲ စိန်ကျော့မရဲ့"





"သြော် ... ရှင်ကလည်း နေတိုး ပေါက်စလေးပါလို့၊ နောက်လိုတာရှိရင် ခေါ်ခိုင်းပါ့မယ်လို့ ... ဟီဟိ"

"ဟယ် ... ကြည့်စမ်း၊ နောက်တီးနောက်တောက်နဲ့"

စိန်ကျော့က ရာရာ့ လက်သီးဆုပ်များကို ရှောင်ရှားလိမ်တွန့်ရင်း အိမ်ထဲပြေးဝင်သွားပါသည်။

ရာရာ့ရင်ထဲ ဒီမနက်ခင်းလေး အခါတိုင်းနှင့်မတူအောင် အမိပ္ပာယ်ပြီးပြည့်စုံနေတာတော့ မငြင်းနိုင်တာ အမှန်ပင်။

✧ ✉ ✧



www.burmeseclassic.com

www.burmeseclassic.com



နေတိုးပေါက်စလေးနှင့် ဆုံခဲ့ရသောနေ့မှစ၍ နောက်နေ့တွေမှာ ရာရာတို့နှင့် သူ ခေတ္တအဆက်အသွယ် ပြတ်သွားခဲ့ပါသည်။

ရန်ကုန်ရောက်ပြီး တစ်ပတ်အကြာမှာ ရာရာနှင့် စိန်ကျော့ သင်တန်းအပ်ဖို့ စုံစမ်းရ၊ အပြင်ထွက် လည်ရပတ်ရ ကိစ္စများဖြင့် ရှုပ်ထွေးနေကြတာမို့ ရေပိုက်ခေါင်း ကျေးဇူးရှင်လေး ညစူးကို မေ့မေ့ပျောက်ပျောက် ဖြစ်နေမိသည်။

သူကလည်း ရာရာ သတိထားကြည့်မိသမျှ အချိန်တိုင်းမှာ အိမ်တံခါးသော့ခတ်လျက်သား တန်းလန်းနှင့် ဘယ်တွေသွားပြီး ဘာတွေလုပ်နေမှန်းမသိ။ နောက်တော့ သူပြောဖူးသလို သူ့ရှယ်ယာကိစ္စ၊ ကုမ္ပဏီကိစ္စတွေနှင့် လုံးလည်ချာလပတ်ယမ်းနေမှာပဲဟု ရာရာ တွေးမိပြန်ပါသည်။





တစ်နေ့မှာတော့ သူနှင့်ထပ်တွေ့ဖို့ အကြောင်းဖန်လာခဲ့သည်။

အကြောင်းက တိုက်တိုက်ဆိုင်ဆိုင် ဖန်လာတာတော့ မဟုတ်ပါ။

ရာရာတို့ဘက်က တကူးတက သွားဖန်ရခြင်းဖြစ်သည်။

ထိုနေ့က သူငယ်ချင်းနှစ်ယောက် အိမ်မှာ ကြေးအိုးလုပ်သောက်ကြရင်း စိန်ကျော့က စတင်စကားစလာသည်။

“မိရာ … ငါတို့ ကျေးဇူးရှင်ကို ကြေးအိုးသွားဆက်သရင် ကောင်းမယ်နော်”

ရာရာက အငွေ့တထောင်းထောင်းထနေသော မုန့်ညင်းဖတ်ကို တူဖြင့်ဆယ်ယူကာ ရှူးခနဲမှုတ်ပြီး စိန်ကျော့မျက်နှာကို ပြုံးကြည့်မိသည်။

“အင်း … ကောင်းသားပဲ၊ ဒါပေမဲ့ နင့်ကျေးဇူးရှင်က ရှိပါ့မလား၊ ကြည့်လိုက်တိုင်း သော့ခတ်ထားတာချည်းပဲ”

“သွားကြည့်ရမှာပေါ့ဟဲ့”

စိန်ကျော့ တိုက်တွန်းမှုကြောင့် ရာရာက စားလက်ဖ ကြေးအိုးပန်းကန်ကို ဘေးဖယ်ကာ ဒါနပြုဖို့အတွက် သုံးဆောင်ချိုင့်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကြေးအိုး အပြည့်ထည့်သည်။ ထို့နောက် နှစ်ယောက်သား သူ့တိုက်ခန်းဘက်သို့ ရောက်လာခဲ့ကြသည်။

"မိရာ ... ငါတို့ကို ဒါနမြောက်စေချင်လို့ ထင်တယ်၊ ဒီနေ့ သူ အိမ်မှာရှိတယ်ဟဲ့၊ သော့ခတ်မထားဘူး"

"အေး ... ဟုတ်တယ်၊ ဘဲလ်တီးလိုက်"

စိန်ကျော့ ဘဲလ်နှစ်ချက် ဆက်တိုက်တီးပြီး တစ်အောင့်ကြာတော့ တံခါးဖွင့်သံနှင့်အတူ သူ့မျက်နှာကို ဘွားခနဲ တွေ့လိုက်ကြသည်။

"ဟာ ... ရာရာနဲ့ စိန်ကျော့တို့ပါလား၊ မတွေ့တာတောင် ကြာပြီနော်၊ အိမ်ထဲဝင်ထိုင်ကြဦးလေ"

"ရတယ် ကိုညစူး၊ ကျွန်မတို့ မဝင်တော့ဘူး၊ အိမ်မှာ ကြေးအိုးလုပ်သောက်လို့လေ၊ အဲဒါ ကိုညစူးအတွက် လာပို့ပေးတာ"

သူက စိန်ကျော့ လက်ထဲက စတီးချိုင့်ကို ခုမှမြင်သွားပုံဖြင့် တစ်ခုခုပြောရန် ဟန်ပြင်သည်။

"ဘာလဲ ... အားနာစရာကြီးလို့ ငြင်းဦးမလို့လား"

ရုတ်တရက် ကြားဝင်ပြောလိုက်သော ရာရာ့စကားအဆုံးမှာ သူ့မျက်နှာရယ်ဟဟနှင့် ပြုံးယောင်သမ်းသွားပါသည်။





"အဟား ... ရာရာကတော့ ကျွန်တော့်စိတ်ကို ကြိုသိနေသလိုပဲ၊ ကျွန်တော် တကယ်အားနာလို့ပါ၊ ခုလို ကျွန်တော့်အတွက် တကူးတကကြီး"

"ဪ ... ကိုညစူးကလည်း၊ တကူးတက မဟုတ်ပါဘူး၊ အိမ်မှာ ကျွန်မတို့နှစ်ယောက်အတွက် အများကြီး ပိုနေသေးတယ်၊ ယူလိုက်ပါ"

"ဟုတ်တယ်၊ ရှင်မယူရင် ရာရာက တကယ်စိတ်ဆိုးတော့မှာတဲ့၊ ဟုတ်တယ်နော် ... ရာရာ"

"အယ် ... စိန်ကျော့စုတ်နော်"

စိန်ကျော့ နောက်ပြောင်ချက်က ပေါ်တင်မို့ ရာရာ ူ.ကို မျက်နှာချင်း မဆိုင်ရဲစွာ ခေါင်းငုံ့ချလိုက်မိသည်။

ဘယ်လောက်ပဲ သတ္တိဗျတ္တိရှိသော မိန်းကလေးဖြစ် ကာမှ ဆန့်ကျင်ဘက်ယောက်ျားတစ်ယောက်ရှေ့မှာ အနည်းနဲ့ များတော့ ရှိုးတိုးရှန့်တန့် ဖြစ်မိတာ ငြင်းမရပါ။

သူက အသံထွက်ရုံလေး ရယ်မောပြီး ကြေးအိုးချိုင့် [illegible] လှမ်းယူသည်။

"ကျေးဇူးထပ်တင်ရပြန်ပြီ၊ အိမ်ထဲဝင်ပြီး ကော်ဖီသောက်သွားပါဦးလား၊ ကျွန်တော့်အလှည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖိုး ... နောက်ကြုံမှပဲ သောက်ပါတော့မယ်၊ ကျွန်မတို့ ခဏကြာ သင်တန်းသွားရတော့မှာ၊ အချိန်သိပ်မရတော့လို့ပါ၊ နောက်လည်း အမြဲဆုံဖြစ်ဦးမှာပဲ"

"စိန်ကျော့တို့က ဘာသင်တန်းတွေ တက်နေတာလဲ၊ ဒီရက်ပိုင်းအတွင်း နှစ်ယောက်လုံး ပျောက်ချက်သား ကောင်းနေတယ်နော်"

"ပျောက်ဆို LCCI တို့ စပီကင်နဲ့ တခြားဘာသာစကား သင်တန်းတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ပြေးနေရလို့ပါ၊ ကျွန်မတို့ကျပြောတယ်၊ ကိုညစူးလည်း ခုတလော ပျောက်နေတာပဲ"

"အင်း ... ဟုတ်တယ်၊ ကျွန်တော် အလုပ်ကိစ္စအတွက် နယ်ခဏဆင်းနေရလို့ မတွေ့ဖြစ်တာပါ"

ရာရာသည် စိန်ကျော့နှင့် သူ လေပေးဖြောင့်နေတာကို လက်ပိုက်ငြိမ်သက်ရင်း နားထောင်နေမိသည်။ သူက စကားသာ ပြောနေပေမယ့် မျက်ဝန်းများကတော့ ရာရာ့ထံမှာသာ ကပ်ငြိခိုတွဲနေခဲ့ပါသည်။

သူ့ကိုနှုတ်ဆက်ပြီး အိမ်ပြန်လာတော့ စိန်ကျော့ထံမှ သူနှင့်ဝတ်သက်သော ကောက်ချက်ချမှုတချို့ ရာရာလက်ခံရရှိလေတော့သည်။





"ငါတော့ ကွက်တိ ဒက်ထိကို ဟောကိန်းထုတ်လိုက်တော့မယ် ရာရာ"

"ဘာလဲ ... ဘာပေါက်ကရတွေ လာဟောဦးမလို့လဲ"

သူ့အကြောင်း ကြားသိရတော့မည်ဟူသော တိတ်တခိုး ခံစားချက်လေးနှင့် ရာရာ့လက်ဖျားတွေ မသိမသာ အေးစက်တုန်ယင်လာခဲ့သည်။

ဒါဟာ သူစိမ်းယောကျ်ားတစ်ယောက်နှင့် ပတ်သက်ပြီး ရရှိလာသည့် ရာရာ့ဘဝရဲ့ ဦးဦးဖျားဖျား ခံစားချက်၊ အတွေ့အကြုံသစ်ပင် ဖြစ်ပါသည်။

"ညစူးညာဏ်ရဲ့အကြည့်တွေ လုံးဝမရိုးသားဘူး မိရာ၊ အထူးသဖြင့် သူ နင့်ကိုကြည့်တဲ့ မျက်ဝန်းတွေထဲမှာ အရိပ်တစ်မျိုး ပါဝင်နေတယ်"

"ဟဲ့ ... နင် ထင်လို့ပါ စိန်ကျော့ရယ်"

"နင်ဟာလေ ဖလော်သမား မဟုတ်တဲ့အတိုင်းပဲ၊ တစ်စုံတစ်ရာကို ဆက်စပ်တွေးတော အဖြေရှာကြည့်မယ် မစဉ်းစားဘူး ...

ငါ ကျိန်းသေပေါက်ပြောရဲတယ်၊ သူ နင့်နားကို တဖြည်းဖြည်းနဲ့ ချဉ်းကပ်ရောက်ရှိလာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလဲ့ … သေချာလှချည်လား"

"နင် မယုံရင် စောင့်ကြည့် ရာရာ၊ ငါ့စိတ်ထဲမှာ ကြိုသိနေတယ်၊ အဝိုင်းသဖြင့် လျှို့ဝှက်နက်နဲမှုအပြည့် လွှမ်းမိုးနေတဲ့ သူ့အကြည့်တွေရဲ့အဖြေကို ငါ မထင်မှတ်ဘဲ ရှာတွေ့သွားလို့ပဲ"

"ကဲ … ကဲ … တော်သင့်ပြီ၊ ရေမိုးချိုး၊ အဝတ်အစားလဲတော့၊ သင်တန်းချိန်နောက်ကျလို့ ကွိနေဦးမယ်၊ နင့်လေကြောကို ခဏလျှော့ထားလိုက်"

"အောင်မယ် … မိန်းမ၊ ငါက အကောင်းနဲ့လည်း သူ့အစား တွေးပေးရသေးတယ်၊ နင် ရည်းစားမထားချင်ဘူးလား မိရဲ"

"ဟယ် … နင်နော် ကြည့်စမ်း၊ ရန်ကုန်ရောက်တာ ရက်ပိုင်းပဲရှိသေးတယ် အနေအထိုင်မတတ် ပိုးထလာပြီ"

ရာရာက ပြောပြောဆိုဆို စိန်ကျော့ ခေါင်းတစ်ခုလုံးကို ရှုပ်ပွဗရုတ်ကျအောင် ဆွဲဖွပစ်ပြီး ရေချိုးခန်းထဲ ပြေးဝင်လာခဲ့ပါသည်။

● ခုဆို ညစုနဲ့ ခင်မင်ခဲ့ပြီး အချိန်ကာလလေးမှာ ချောက်ချားဖွယ်သဏ္ဍာန်ရှိသော အိမ်ကြီးကိုလည်း ရာရာ့စိတ်ထဲကြောက်စရာလို့ အထင်မရောက်မိတော့။





သို့ပေမယ့် စရောက်ရောက်ချင်းညက အောက်ထပ်ရေချိုးခန်းထဲမှာ ဘယ်သူမှမဖွင့်သော ရေပိုက်ခေါင်း ပွင့်နေသည့်ကိစ္စကိုတော့ ရာရာ မမေ့ချင်ဘဲ မေ့ဖျောက်ထားရသည်။

ထိုကိစ္စအကြောင်း တွေးမိလျှင်တော့ အနည်းနဲ့အများ စိုးရိမ်မကင်း ထိတ်လန့်မိမြဲဖြစ်ပါသည်။

✧ ✉ ✧



www.burmeseclassic.com

www.burmeseclassic.com



ရာရာသည် ရုတ်တရက် ကိုယ့်နားနားကပ်ကာ ထအော်ဆိုလိုက်သလိုဖြစ်သော နာမည်ကြီးအဆိုတော် Akon ရဲ့ တေးသွားအပိုင်းအစလေးကြောင့် အိပ်ပျော်နေရာမှ ဆတ်ခနဲ လန့်နိုးလာခဲ့ရသည်။

စိန်ကျော့တစ်ယောက်ကတော့ဖြင့် ဘယ်အချိန်က တည်းက အိပ်ရာနိုးထသွားပြီလဲ မပြောတတ်ပါ။ အိပ်ချင်မူးတူး နှင့်ပင် ဖုန်းဖွင့်နားထောင်လိုက်သည်။ မနက်အစောကြီး သတိတရ ဖုန်းဆက်မည့်သူဟာ ရာရာ့အတွက် တစ်ယောက်တည်းသောသူ သာရှိပါသည်။ ထိုသူမှာ ...

"ဟယ်လို ... ဖေဖေ ပြော"

ရာရာ ဖုန်းနံပါတ်ကိုပင် မကြည့်ဘဲ တန်းမေးတော့ တစ်ဖက်မှ ဖေဖေ့ရယ်သံ လွင့်ဝဲထွက်ပေါ်လာသည်။

"မောနင်း ရာရာ၊ ဘယ်လိုလဲ၊ မျက်စိရော ပွင့်ရဲ့လား"





"ဝါး ... အဟဲ၊ ပွင့်ပါပြီ ဖေဖေရဲ့၊ ညက ချက်တင်ထိုင် တာများသွားလို့ ဒီမနက် နည်းနည်းထွေနေတာပါ"

"အဖေဆီ ဖုန်းဆက်ဖို့လည်း ချက်တင်ထိုင်တဲ့ကိစ္စလောက် နည်းနည်းပါးပါး အရေးထားပါဦးလား ရာရာရဲ့"

ရန်ကုန်ရောက်ပြီးတည်းက မှတ်မှတ်ရရ တစ်ခါသာ ဖုန်းဆက်ဖြစ်ခဲ့သော ရာရာ့ကို ဖေဖေ ရွဲ့ပြောနေခြင်းဖြစ်သည်။

"ဆောရီးပါ ဖေဖေရဲ့၊ ဒီမှာလည်း အစစအရာရာ အဆင် ပြေနေပါတယ်၊ ဖေဖေ အခု အိမ်ကဆက်နေတာလားဟင်"

"ဖေဖေ မြစ်ကြီးနား ရောက်နေတာ သမီး၊ အလုပ်ကိစ္စနဲ့ပဲ"

ရာရာသည် ဖေဖေ့အပြောကြောင့် ဇိုက်အလိုမကျနိုင်စွာ မသိမသာ နှုတ်ခမ်းစူမိပါသည်။ ဖေဖေဟာ တစ်ဆိတ်တော့ စီးပွားရေးလောဘကြီးလွန်းနေပြီထင်သည်။

နောက်အိမ်ထောင်ပြုဖို့လည်း စိတ်မကူး၊ အရာရာကို စီးပွားမျက်စိတစ်မျိုးတည်းဖြင့်သာ ကြည့်တတ်သော ဖေဖေ့အစား ရာရာ ရင်မောရပေါင်း မနည်းတော့ပြီ။

ဖေဖေ့ရှာသမျှ ရာရာ ဆယ်သက်စားမကုန်နိုင်အောင် ပြည့်စုံကြွယ်ဝလွန်းနေတာကိုပင် ဖေဖေ့မှာ အားမရနိုင်၊ အရောင့် မသတ်နိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ အိမ်မှာ အေးအေးဆေးဆေး နားနေပါဦးလား၊ ဘာလို့ နယ်ကအလုပ်ကိစ္စတွေ ကိုယ်တိုင်လိုက်လုပ်နေရတာလဲ၊ ဖေဖေနဲ့တော့ ခက်ပါတယ်"

"မခက်ပါနဲ့သမီးရယ်၊ ဖေဖေက အလုပ်နဲ့လက်မပြတ်အောင် လုပ်နေမှ အိပ်ပျော်စားဖင်ပြီး ကျန်းမာနေတာ သမီးလည်း သိသားဥစ္စာ"

"ကဲပါ … ဟုတ်ပါပြီ၊ ထားလိုက်ပါတော့၊ ဖေဖေ သမီးကို ဘာမှာစရာရှိသေးလဲဟင်"

"ဖေဖေ့သမီး အလိမ္မာလေးကို တွေတွေထူးထူးတော့ မှာစရာ မရှိပါဘူး၊ သမီးက မိဘနောက်ကွယ်မှာလည်း မိဘယုံကြည်မှုကို အလွဲသုံးစားလုပ်မယ့် သမီးမျိုး မဟုတ်ဘူးလေ"

"အဟီး … ဖေဖေ ကိုယ့်ငါးချဉ် ကိုယ်ပြန်ချဉ်ပြီ"

"ဒါနဲ့ စိန်ကျော့ရော နေရတာ အဆင်ပြေရဲ့လား၊ သူက တော်ရုံတန်ရုံ အိမ်နဲ့ခွဲမနေတတ်ဘူးလေ၊ ကြောက်ကလည်း ကြောက်တတ်ပါဘိနဲ့"

ရာရာသည် ဖေဖေ့စကားကြောင့် အောက်နှုတ်ခမ်းလေးဖိကိုက်ရင်း တစ်ချက် စဉ်းစားဟန်ပြုသည်။ ထို့ပြင် ပထမဆုံးစရောက်သည့်နေ့က ကြုံခဲ့ရသော အဖြစ်အပျက်တချို့ကိုလည်း ဖျတ်ခနဲ မြင်ယောင်လိုက်မိပြန်သည်။





ဖေဖေ့ကို ပြောပြလိုက်ရ ကောင်းမလား။ စဉ်းစားခန်းဝင်နေမိစဉ်မှာပင် …

"ရာရာ ငြိမ်လှချည်လား၊ ဖေဖေ မေးတာ ဖြေဦးလေ"

"ဖေဖေ့ကို ကိစ္စတစ်ခုအကြောင်း ပြောပြရင်ကောင်းမလား တွေးနေတာပါ"

"တွေးမနေနဲ့ သမီး၊ ပြောစရာရှိတာပြော၊ ဖေဖေ့ကိုထိန်ချန်ထားတာမျိုး မကြိုက်ဘူးဆိုတာ သိတယ်နော်"

"သိပါတယ် ဖေဖေရဲ့၊ ဒီလိုပါ အဲဒီကိစ္စက"

ဟုအစချီကာ အံ့သြစရာကောင်းလှသော ရေပိုက်ခေါင်းပြဿနာကို အလုံးအရင်းနှင့် ဖြည်ချလိုက်ပါသည်။

သို့သော် ရာရာသည် ရေချိုးကန်ထဲ အော်တိုမစ်တစ်ရေပွင့်ကျနေသော နေရာရောက်အပြီးမှာ တိခနဲ ဖြတ်ချပစ်လိုက်သည်။

"အဲဒါပဲ ဖေဖေ၊ အရမ်းထူးဆန်းတာပဲ၊ သမီးက သိပ်မကြောက်ပါဘူး၊ စိန်ကျော့ကိုတော့ ဖာထေးပြောထားရတယ်"

ဖေဖေ့ဆီက ရုတ်တရက် စကားစပြတ်သွားသည်။ ဘာတွေ အတွေးလွန်နေလဲတော့ မသိပါ။

"အခုချိန်ထိရော ဘာတွေထူးသေးလဲ ရာရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ခုတော့ အေးအေးဆေးဆေးပါပဲ၊ ရာရာတို့လည်း ပျော်နေပါပြီ၊ စရောက်တုန်းကတော့ အစိမ်းသက်သက်ကြီး ဖြစ်နေလို့ မနေတတ်တာပါ၊ အဲဒီ ရေပိုက်ခေါင်းကိုလည်း ရာရာပဲ ဖွင့်မိတယ် ထင်တာပဲ ဖေဖေရယ်၊ နောက်ပြီး ပျက်နေတဲ့ဟာကိုလည်း ကုလားခေါ်ပြီး ပြင်ခိုင်းလိုက်လို့ အားလုံး အိုကေသွားပါပြီ"

ကုလားဟု လွယ်လွယ်ကူကူ နာမ်စားသုံးလိုက်သောကြောင့် ရာရာ သူ့မျက်နှာကို မြင်ယောင်မိကာ လှစ်ခနဲ ကျိတ်ပြုံးလိုက်မိသည်။

ညစ္စး ... ကျွန်မကို ခွင့်လွှတ်ပါ။

"အိုကေတယ် ဆိုရင်လည်း ပြီးတာပဲ ရာရာ၊ ဒါပေမဲ့ ဖေဖေ မှာလိုက်သလိုပဲ အစစအရာရာ သတိရှိပါ၊ ဖေဖေ့ဆီ မကြာမကြာ ဖုန်းဆက်ဖို့လည်း မမေ့ပါနဲ့"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဖေဖေက လိုအပ်သည်များကို မှာကြားပြီး ဖုန်းပြောခြင်း အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

ရာရာလည်း အိပ်ရာပေါ်မှာ ပျင်းကြောဆန့် လူးလိမ့်ရင်း မနက်ခင်းတစ်ခုရဲ့အချိန်ကို မသိမသာ ဆက်ဆွဲထားမိသည်။ သို့သော် ကြာရှည်ဇိမ်ယူလို့မရအောင် အနှောင့်အယှက်က ရုတ်တရက် ပေါ်လာပြန်တော့သည်။





"အောင်မယ် ... အောင်မယ်၊ ထပါ ကျေးဇူးရှင်၊ ဒီနေ့ အသစ်ထပ်အပ်ထားတဲ့ ဂျပန်စကားပြောသင်တန်း ပြေးရမယ်လေ၊ ဘာတွေ အမျှင်းကျနေတာလဲ"

"အလို ... နင်က အလှတောင်ပြင်ပြီးပြီပေါ့၊ ဟုတ်လား"

"ဒါပေါ့၊ ဘာလဲ နင်က မနက်စောစော သူ့မျက်နှာမြင်ယောင် စိတ်ကူးတွေယဉ်ပြီး ပီတိဖြာနေတာလား၊ မိန်းမနော်"

"ဟယ် ... ဘယ်သူ့မျက်နှာ မြင်ယောင်ရမှာလဲ၊ စိန်ကျော့လေးရယ်၊ ငါ မထချင်သေးလို့ မှိန်းနေတာပါ"

"သွားပါ၊ ဝေ့မနေပါနဲ့၊ ကိုနေတိုးလေ"

"အယ် ... အ ... ဟ ... ဟား"

"ဘာရယ်တာလဲ၊ ဟုတ်နေလို့လား"

"အင်း ... ဟုတ်တစ်ဝက်၊ မဟုတ်တစ်ဝက်၊ ခုနက ဖေဖေနဲ့ ဖုန်းပြောပြီး ရေပိုက်ခေါင်းကိစ္စ ပြောတုန်းက သူ့ကို တစ်ချက် သတိရလိုက်သေးတယ်၊ သူရော နိုးနေပြီလား မသိဘူးနော်"

"နိုးပြီပေါ့၊ နင့်လို အိပ်ပုပ်များ ထင်နေလား"

"နင် ဘယ်လိုသိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး၊ ငါ့အခုန ခြံထဲဆင်းတုန်း ခြံရှေ့က သူ့စက်ဘီး ဖြတ်သွားတာ လှစ်ခနဲ တွေ့လိုက်တယ်၊ သိရဲ့လား"

"ဟယ် ... ဟုတ်လား၊ နင့်ကို နှုတ်မဆက်ဘူးလား"

"ငါကပဲ တွေ့တာဟ၊ သူက ငါတို့အိမ်ထဲကို တစ်ချက်တောင် လှည့်မကြည့်သွားဘူး၊ မာနကြီးနေတယ်"

"မဖြစ်နိုင်ပါဘူးဟယ်၊ သူက ငါတို့ မိန်းကလေးနှစ်ယောက်တည်းနေတဲ့အိမ်မို့လို့ ဆင်ခြင်တာဖြစ်မှာပါ၊ သဘောကောင်းရှာပါတယ်"

"အောင်မယ်လေးဟဲ့ ... တော်စမ်းပါ၊ စောစောစီးစီး ဘာတွေပြောနေမှန်း မသိဘူး၊ သွား ... မျက်နှာသစ် ရေချိုးပြင်ဆင်တော့"

ရာရာသည် စိန်ကျော့ခါးနှစ်ဖက်ကို လက်ညှိုးနှင့်တို့ ကလိထိုးပြီး အခန်းထဲမှ ဒရောသောပါး ပြေးထွက်လာခဲ့သည်။ ယားတတ်လွန်းသော စိန်ကျော့တစ်ယောက်တော့ဖြင့် ပွစိ ပွစိ ရေရွတ်ရင်း ကျန်ခဲ့လေသည်။

ရေချိုးကန်ထဲ အားရပါးရ စိမ်ချိုးနေရင်း အတွေးများက သူ့ထံသို့ ဝေ့ဝဲရောက်ရှိသွားသောအခါ ဘာကိုကျေနပ်လို့ ကျေနပ်မှန်းမသိဘဲ ရာရာ တစ်ကိုယ်တည်း ကျိတ်ပြုံးမိပါသည်။





အထူးသဖြင့် အကြည့်ထဲမှာ တစ်စုံတစ်ခု ထည့်သွင်းမြှုပ်နှံတတ်သော သူ့မျက်ဝန်းများရဲ့ဒိုင်ယာရီကို ရာရာ တစ်စိတ်တစ်ဒေသလေးတော့ စူးစမ်းဖတ်ရှုချင်မိသည်။

✧ ✉ ✧



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟင်း ... ဟင်း ... ချမ်းလိုက်တာ၊ အံ့ဟီးဟီး"

"စိန်ကျော့ ... နင် ... နင် အရမ်းချမ်းနေလားဟင်၊ ခ ... ခဏလေး၊ ဒီဆေးနဲ့တော့ ဖြစ်မှာမဟုတ်ဘူး၊ ငါ ညစ္စူးကို ခေါ်ပြီး ဆရာဝန်သွားပင့်လိုက်ဦးမယ်၊ ခဏလေးစောင့်နော်"

ရာရာ တစ်ယောက် ရှိသမျှ ဂွမ်းကပ်၊ စောင်ထူထူ တစ်ထည်မှ မကျန်အောင် စိန်ကျော့အပေါ် လွှမ်းအုပ်ခြုံပေးရင်း ပါးစပ်ကလည်း ဆီမန်း,မန်းသလို တရစပ် ရေရွတ်နေမိသည်။ ညက အိုက်လွန်းသဖြင့်ဟုဆိုကာ ရေချိုးခန်းဝင် ခေါင်းလျှော်၊ ရေချိုးချိန် တစ်နာရီကျော်လောက် ကြာသွားခဲ့သော စိန်ကျော့ တစ်ယောက် ဒီမနက်မှာ ကောက်ကာငင်ကာကြီး ထဖျားလေပြီ။

ဒီနေ့ကျမှ သင်တန်းတစ်ခုမှာ အရေးကြီးစာမေးပွဲ ရှိသည်မို့ မသွားလို့ကလည်း မဖြစ်ပါ။ သို့သော် သင်တန်းချိန်





ဆာနေသေးသဖြင့် ရာရာ တစ်ယောက် ခြေမကိုင်မိ၊ လက်မကိုင်မိဖြင့် စိန်ကျော့ သေးမှာ ပျာယာခတ် ထူပူစွာ ဂရုစိုက်နေရပါသည်။

"ဟီး ဟီး ... ရာ ... ရာ၊ နင် သွားဖြစ်အောင်သွားနော်၊ ငါ့အတွက် ဆရာ့ကို သေချာခွင့်တိုင်ပေးနော်၊ ဒီနေ့ အရေးကြီး ..."

"အေး ... အေးပါဟယ်၊ နင်ကလည်း အဲဒါတွေ လျှောက်တွေးပူမနေစမ်းပါနဲ့၊ အခု ငါ ညစ္စူးဆီ တစ်ချက်ပြေးလိုက်ဦးမယ်၊ နင် ခဏစောင့်နော်"

"အင်း ... ဟင်း ဟင်း"

စိန်ကျော့ရဲ့နောက်ဆက်တွဲ ညည်းညူသံကို အသာ ဘားခဲ့ပြီး ရာရာ ညစ္စူးရှိရာ တစ်ဖက်တိုက်ခန်းသို့ အပြေးတစ် င်းနှင့် ရောက်ချလာခဲ့သည်။

ကံကောင်းထောက်မစွာပင် သူ့ကို တိုက်ခန်းရှေ့ ာ အဆင်သင့် တွေ့လိုက်ရပါသည်။

သူက စက်ဘီးလေထိုးနေရာမှ ရာရာ့ကိုမြင်သော် ဩဟန်ဖြင့် နှုတ်ဆက်သည်။

"ဟော ... ရာရာပါလား၊ ဘာဖြစ်လာတာလဲ၊ အလျင်ခ လိုနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စိန် ... စိန်ကျော့ အပြင်းဖျားနေလို့၊ အဲဒါ ဘာ ... ဘာ လုပ်ရမှန်း မသိတာနဲ့ ညစုးဆီ အကူအညီလာတောင်း တာ"

"ဟုတ်လား ... ဘယ်လိုဖြစ်တာလဲ"

"ညက အချိန်မတော်ကြီး ရေချိုး၊ ခေါင်းလျှော်လိုက်လို့ အအေးပတ်တာဖြစ်မယ်၊ ကျွန်မ ပါရာနဲ့အကိုက်အခဲပျောက် ဆေးလေးတော့ တိုက်ထားတာပဲ၊ ဒါပေမဲ့ ဆရာဝန်ခေါ်မှ ဖြစ်မယ်ထင်တယ်"

"ဒါဆို ကျွန်တော် ဒီလမ်းထိပ် ဆေးခန်းကဆရာဝန် ပင့် လာခဲ့မယ်၊ ရာရာ အိမ်ပြန်ပြီး စောင့်နေလိုက်နော်၊ ခုချက် ချင်း ပြန်လာမယ်"

"ဟုတ် ... ဟုတ်ကဲ့၊ ဟို ... ညစုးကို အားနာ ..."

"အာ ... ခုချိန်မှာ ဒါတွေပြောနေစရာ မလိုပါဘူး၊ ရာရာ သာ အိမ်ပြန်ပြီး စိန်ကျော့အတွက် လိုတာလုပ်ပေးထား လိုက်၊ ဟုတ်ပြီလား"

သူက ပြောပြောဆိုဆို စက်ဘီးပေါ် လွှားခနဲခုန် တက်ကာ တစ်ရှိန်ထိုး နင်းထွက်သွားတော့သည်။ ရာရာလည်း အိမ်ဘက်ပြန်ပြေးကာ စိန်ကျော့ လက်ဖျားလေးကို အားပေးဆုပ် နယ်ရင်း သူ့အလာကို မျှော်ရပါသည်။





စိန်ကျော့က နယ်မှာတုန်းကလည်း မကြာခဏဖျား တတ်သူဖြစ်သည်။ သို့သော် ခုလို မိဝေးဖဝေး နေရချိန်မှာ အား ငယ်စိတ်နှင့် ပိုပြီးအဖျားတက်လေသလားမသိ။

ခန္ဓာကိုယ်အနှံ့အပြား တစ်ကိုယ်လုံး ပူခြစ်ကာ ခိုက်ခိုက်တုန်ယင်နေတော့သည်။

"နင် ဘာမှ မစိုးရိမ်နဲ့နော်၊ ငါတစ်ယောက်လုံးရှိတယ်၊ သိလား၊ စိန်ကျော့"

"အင်း ... ဟင်း ... နင် သင်တန်း သွား ... ဖြစ်အောင် သွားနော် ... ရာ ... ရာ၊ အမယ်လေး ချမ်းလိုက်တာ ... ဟီး ဟီး"

"အေးပါဟယ် ... အခု ညစုး ဆရာဝန်သွားခေါ်နေတယ်၊ နင် ခဏလေး အားတင်းပြီး စောင့်နေနော်"

တအောင့်ကြာတော့ ညစုးနှင့် ဆရာဝန် ရောက်လာ ပါသည်။ စိန်ကျော့ကို အဖျားကျဆေးထိုးပေးပြီး လိုအပ်သည်များ လုပ်ပေးသဖြင့် မိနစ်ပိုင်းအတွင်းမှာ စိန်ကျော့ အခြေအနေ တဖြည်းဖြည်း သက်သာစပြုလာသည်။

ဆရာဝန်ပြန်သွားတော့ သူက ...

"စိန်ကျော့ ... ဘာမှမစိုးရိမ်နဲ့တော့နော်၊ အဖျားကျသွားပြီ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အချမ်းတော့ တော်တော်လေး ပြေသွားပါပြီ၊ ကိုညစ္စုးကို ကျေးဇူးအများကြီး တင်ပါတယ်ရှင်၊ ရာရာ... နင်လည်း သင်တန်းသွားတော့လေ"

"အရေးထဲ နင် ဒါကိုပဲ စိတ်စွဲနေပြန်ပြီ၊ ငါ သွားပါ့မယ်ဟယ်၊ ဒါပေမယ့် နင့်တစ်ယောက်တည်း ထားခဲ့ရမှာ ...ကယ်"

"ဟာ ... ရတယ်၊ သွား ... ဒီနေ့ စာမေးပွဲ ဖြေရမှာလေ၊ ငါတို့နှစ်ယောက်လုံး မလာရင် ဆရာ ဆူလိမ့်မယ်၊ နင် ငါ့အတွက် သေသေချာချာ ခွင့်တိုင်ပေးခဲ့"

"ဖြစ်ပါ့မလားဟယ်"

"ငါ တကယ်သက်သာသွားပြီ ရာရာရဲ့၊ ခုန အခြေအနေနဲ့ တခြားစီပဲ၊ နင် ကြည့်ပါလား၊ ဆေးထိုးလိုက်တာ တော်တော်ကောင်းသွားတယ်"

ရာရာသည် စိန်ကျော့ကို တယ်လည်းစိတ်မချချင်ယ မယ့် ဆရာဝန်ကောင်းမှုကြောင့် တဖြည်းဖြည်းချင်း ထူထူထောင် ထောင်ဖြစ်လာသော စိန်ကျော့ပုံစံကိုကြည့်ပြီး အနည်းငယ်စိတ် အေးသွားရပါသည်။

"အေး ... ကောင်းပြီ၊ ငါ မြန်မြန်ဖြေပြီးတာနဲ့ ပြန်လာခဲ့မယ်၊ ကျန်တဲ့အတန်းတွေကိုတော့ လစ်လိုက်တော့မယ်ဟာ၊ နင် တကယ်ဖြစ်တယ်နော်"





"အို ... ငါ့ကိုယ်ငါ သိပါတယ်၊ နင်သွားရင်သာ တံခါးကို အပြင်ဘက်က သော့ခတ်ခဲ့၊ ကျန်တဲ့တံခါးတွေလည်း အကုန်ပိတ်ခဲ့ပေးနော်"

"အေး ... သူငယ်ချင်း၊ အခု ကိုးနာရီဆိုတော့ ငါ တစ်နာရီလောက်ကျရင် ပြန်ရောက်မယ်လို့ မှန်းရတယ်၊ နင့်အတွက် စားစရာတွေ အကုန်လုံး ဒီအခန်းထဲပဲ ထည့်ပေးထားခဲ့မယ်နော်၊ အောက်ထပ် မဆင်းနဲ့တော့၊ ကြားလား"

"အေးပါဟယ်"

ရာရာသည် စိန်ကျော့ကို မှာတမ်းတွေ မပြီးနိုင်အောင် ခြွေနေခဲ့ကာ အနားက သူ့ကိုပင် မေ့တော့မလို ဖြစ်သွားရသည်။ သူ့အသံကြားမှ သတိဝင်လာမိပါသည်။

"ရာရာနဲ့ စိန်ကျော့ ... ကျွန်တော် ပြန်လိုက်ဦးမယ်နော်၊ နောက်လိုရင် လှမ်းခေါ်လိုက်ပါ၊ ကျွန်တော် အိမ်မှာပဲရှိမယ်"

"သြော် ... ဟုတ် ... ဟုတ်ကဲ့၊ ကျေးဇူးတင်လိုက်တာ ညစ္စုးရယ်၊ ကော်ဖီသောက်သွားပါဦး"

"ဟာ ... ရတယ်၊ နောက်မှ အေးဆေးသောက်တာပေါ့၊ အခု ရာရာတို့လည်း ကိုယ့်အလုပ်တွေနဲ့ကိုယ် ရှုပ်နေကြတာ၊ ကျွန်တော် အားနာလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက ခွတ်အတင်း ငြင်းဆိုရင်း နှုတ်ဆက်ထွက်ခွာသွားပါသည်။

ရာရာလည်း စိန်ကျော့အတွက် ကော်ဖီ၊ မုန့်နှင့် စားသောက်ဖွယ်ရာတချို့ အခန်းထဲမှာပင် ခင်းကျင်းပြင်ဆင်ပေးခဲ့ကာ သင်တန်းသို့ အချိန်မီပြေးဖို့ ပြင်ဆင်ရသည်။

ထို့နောက် အိပ်ပျော်နေပြီဖြစ်သော စိန်ကျော့အခြေအနေကို တစ်ချက်ဝင်ကြည့်ပြီး အိမ်မှာရှိသမျှ မီးခလုတ်၊ တံခါးပေါက်များအားလုံးကို သေချာစေအောင် လိုက်ပိတ်သည်။ စိတ်ချရပြီဆိုမှ အိမ်တံခါးမကြီးသော့ခတ်၊ ခြံတံခါးပိတ်ကာ ထွက်လာခဲ့သည်။

ခြံရှေ့ရောက်တော့ မမျှော်လင့်ဘဲ သူ့ကို ဘွားခနဲ တွေ့လိုက်ရပြန်သည်။ ခုတော့ သူ့ပုံစံက အပြင်ထွက်တော့မည့် ဒီနိုင်းဖြင့် ကြော့မော့သပ်ရပ်နေခဲ့ပါသည်။

"ညစ္စူး ဘယ်သွားမလို့လဲ"

"မြို့ထဲကရုံးမှာ အစည်းအဝေးရှိတယ်ဆိုပြီး ရှယ်ယာရှင်တွေအားလုံးကို ခုပဲ ဖုန်းဆက်ပြောတယ်၊ အဲဒါ သွားရမှာမို့လို့၊ ရာရာရော သင်တန်းလား"

"အင်း ... ဟုတ်တယ်၊ စိန်ကျော့အတွက် လိုတာလုပ်ပေး' နေတာနဲ့ ခုမှ သွားရမှာ"





"ရာရာ့သင်တန်းက ဘယ်မှာလဲ"

"မြို့ထဲ ၃၅-လမ်းမှာ"

"ဒါဆို ကျွန်တော်နဲ့ လမ်းကြုံတာပဲ၊ ကျွန်တော်က လမ်း ၃၀ ကို သွားရမှာ၊ အတူတူ သွားကြမယ်လေ"

ရာရာ သူ့ကို ဘာမှပြန်မပြောနိုင်ခင် သူက တက္ကစီတစ်စီးကို ဆိုးဆိုးဆတ်ဆတ်ပင် လှမ်းတားပြီးသား ဖြစ်နေသည်။ ထို့နောက် ရာရာ့ကို "တက်"ဟုဆိုကာ ဝင်ထိုင်စေပါသည်။ မြို့ထဲရောက်တော့ ရာရာက ၃၅-လမ်းမှာ ဆင်းနေခဲ့ပြီး သူက သူ့ခရီးသူ ဆက်သွားသည်။ လမ်းတစ်လျှောက်လုံးမှာတော့ သူရော ရာရာပါ ဟုတ်တိပတ်တိ စကားမဆိုဖြစ်ခဲ့ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲဖြေပြီးသည်နှင့် ရာရာ သင်တန်းမှ အမြန်ဆုံး ပြန်လာခဲ့သည်။ ထို့ပြင် ဈေးဝင်ပြီး ချက်ပြုတ်ဖို့ လိုအပ်သော ပစ္စည်းပစ္စယအချို့ ဝယ်ပါသည်။ လူမမာ စိန်ကျော့အတွက် ကြက်ရိုးစွပ်ပြုတ်လေးချက်မည် စိတ်ကူးပြီး အိမ်အတွက် တခြားအသုံးအဆောင်များကိုပါ တနင့်တပိုးဝယ်ပြီး ပြန်လာတော့ နေ့လယ်တစ်နာရီပင် ထိုးပြီး သပြီ။

ကျေးရူးရှင်အိမ်ဘက်ကို လှမ်းကြည့်မိတော့ ထုံးစံအတိုင်း သော့ခတ်လျက်သား။ သူ မြို့ထဲကနေ ပြန်မရောက်သေးဘူးဟုတွေးကာ ရာရာ အိမ်ထဲဝင်လာခဲ့ပါသည်။

အိမ်ရောက်တော့ ပထမဆုံး စိန်ကျော့ အခန်းသို့ တက်ကြည့်သည်။ စိန်ကျော့က ဆေးအရှိန်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဆဲ။





ထို့ပြင် ကော်ဖီခွက်ဘူးထဲမှ ကော်ဖီနှင့်မှုန့်အချို့လည်း အရာမယွင်းသေးသဖြင့် စိန်ကျော့ တစ်ရေးမှ မနိုးသေးဟု ယူဆရပါသည်။

အိမ်နေရင်း အဝတ်အစားလဲ၊ ခဏနားကာ ချက်ရေးပြုတ်ရေး စတင်ဖို့ ရာရာ မီးဖိုခန်းထဲ ဝင်လာခဲ့သည်။ ဝယ်လာသမျှပစ္စည်းကို စားပွဲခုံပေါ် အသာတင်ရင်း ရေခဲရေတစ်ဘူး ယူမော့သောက်နေမိခိုက် ...

"ဟင် ..."

ရုတ်တရက် ရာရာ့လက်ထဲက ရေသန့်ဘူး ကြမ်းပြင်ပေါ် အရှိန်ပြင်းပြင်း လွှတ်ကျသွားရပါသည်။ ထို့ပြင် ရာရာ့ မျက်ဝန်းအစုံလည်း စက္ကန့်ပိုင်းအတွင်းမှာပင် ရှေ့သို့ ပြူးခနဲ စိုက်ထွက်လာတော့သည်။

မျက်စိရှေ့မှာ မြင်လိုက်ရတာက မီးညွန့်မီးလျှံများ အရှိန်တညီးညီး တောက်ဖြာနေသော ဂက်စ်မီးဖို။

ဒီအိမ်မှာ လျှပ်စစ်မီးဖိုတစ်ခု၊ ဂက်စ်မီးဖိုတစ်ခုရှိမှာ ရာရာတို့ စရောက်လာသည့်နေ့ကတည်းက သတိပြုမိခဲ့သည်။ သို့သော် ရာရာရော စိန်ကျော့ပါ ဂက်စ်မီးဖိုကို အန္တရာယ်များမည်စိုး၍ အသုံးပြုဖို့ နေနေသာသာ လက်ဖျားနှင့်ပင် မတို့ခဲ့ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အဝတ်ဖြူကြီးတစ်စနှင့်ပင် ဖုံးအုပ်ထားခဲ့ကြသေးသည်။ ခုတော့ ထိုအဝတ်ဖြူကြီးက ဂက်စ်အိုးဆေားမှာ ပုံကျနေကာ ထူးဆန်းအံ့ဩဖွယ်ကောင်းသော အသွင်ကို ဆောင်နေလေတော့သည်။

ရာရာသည် ဟောင်းလောင်းပွင့်နေသော ပါးစပ်ကို လက်ဖြင့် ယောင်ယမ်းပိတ်ပြီး ဂက်စ်မီးဖိုနားသို့ တရွေ့ရွေ့ချဉ်းကပ်ရောက်ရှိလာခဲ့သည်။ စိတ်ထဲမှာလည်း မယုံကြည်နိုင်ခြင်း၊ လက်သင့်မခံနိုင်ခြင်း၊ စိုးရွံ့ထိတ်လန့်စပြုခြင်း စသည့်ခံစားချက်မျိုးစုံ မွှေနှောက်ဖြောင်းဆန်လျက် ရှိပါသည်။

ရေပိုက်ခေါင်းပွင့်ကျနေသည့် အဖြစ်က မှုန်ဝါးဝါးပြီးသွားခဲ့ပေမယ့် အခုကိစ္စကတော့ ဘယ်လိုမှ သွေးရိုးသားရိုး မဆန်နိုင်ဟု ဖျတ်ခနဲ တွေးထင်လိုက်မိပြန်သည်။

ဒါဆို ဘယ်သူလဲ။ စိန်ကျော့များ တစ်ရေးနိုးအောက်ဆင်းပြီး တစ်ခုခု လုပ်စားခဲ့သေးလား။ မီးဖိုပိတ်ဖို့မေ့ခဲ့တာလား။

ရာရာ တစ်ယောက် တောရောက်တောင်ရောက်အတွေးများဖြင့် တစ်ကိုယ်တည်း ဗျာများနေရင်း မီးဖိုခလုတ်ကိုလည်း အမြန်လှည့်ပိတ်လိုက်ရသေးသည်။ ဘယ်အချိန်ကတည်းက ဖွင့်ထားခဲ့လဲ မသိပေမယ့် အချိန်မရွေး ထပေါက်နိုင်သော





ဂက်စ်အိုးကြီးကို တစ်ချက်ကြည့်ပြီး ရင်ထဲ ဒိန်းခနဲပင် ခုန်မြည်သွားရပါသည်။

ထိုအချိန်မှာပင် ရာရာ့အတွက် တိကျသော အဖြေတစ်ခုပေးဖို့ စိန်ကျော့ အိပ်ချင်မူးတူးဖြင့် နိုးထလာတော့သည်။

"ဝါး ... အယ် ... မိရာ၊ နင် ပြန်ရောက်နေပြီလား"

"အေး ... ခုပဲရောက်တာ၊ နင် ဘယ်လိုလဲ သက်သာရဲ့လား၊ အဖျားရော ကျသွားပြီလား"

"တော်တော်လေးတော့ လန်းသွားပြီဟဲ့၊ ဆရာဝန်ထိုးပေးတဲ့ဆေးက တကယ်ကောင်းတာပဲ၊ အိပ်ဆေးပါ ထည့်တိုက်ထားလား မသိဘူး ...

ငါ နင်သွားပြီးကတည်းက အိပ်လိုက်တာ ခုမှတစ်ရေးနိုးတော့တယ်၊ နိုးနိုးချင်း အခန်းထဲက ကော်ဖီမသောက်ချင်တာနဲ့ အောက်ထပ် မီးဖိုချောင်မှာ ဘာရှိမလဲဆိုပြီး ဆင်းရှာတာ"

"နင် ... ခုမှ နိုး ... နိုးတာ ... ဟုတ်လား"

"အင်းပေါ့၊ ငါ အိပ်လိုက်ရင် တော်ရုံနဲ့ မနိုးတတ်တာ နင် သိတာပဲ၊ အခုဖျားနေတော့ ပိုဆိုးတာပေါ့၊ ကဲပါ မိရာရယ်၊ ငါ ဗိုက်ဆာလို့ ကြောင်အိမ်ထဲ ဘာရှိလဲ နှိုက်လိုက်ဦးမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟဲ့ ... နင်ကရော ဂက်စ်မီးဖိုကြီးဖွင့်ပြီး ဘာချက်မလို့လဲ၊ ငါတို့ လျှပ်စစ်ပဲ သုံးနေကျလေ၊ အဲဒီဟာကြီးနဲ့ မချက်ပါနဲ့ဟယ်၊ ငါ ကြောက်လို့ပါ”

စိန်ကျော့ စကားများက ပုံမှန်လမ်းကြောင်းအတိုင်းသွားနေပေမယ့် ရာရာ့အတွေးများကတော့ လမ်းခွဲလေးပေါင်းများစွာ ဖြန့်ကျက်ပျံ့နှံ့သွားတော့သည်။

သေချာပြီ။ ရာရာတို့ကို တစ်ယောက်ယောက်လုပ်ကြံနေတာ သေချာပြီ။ တစ်အိမ်လုံးရဲ့သော့အချောင်းပေါင်းများစွာကို တစ်စုတစ်ဝေးတည်း တွဲချိတ်ထားသော သော့တွဲက ရာရာ့ဆီမှာပဲ ရှိပါသည်။ ထိုသော့တွဲကို ရာရာ တစ်အိမ်လုံးမှာရှိသမျှ တံခါးတွေ လိုက်ပိတ်သော့ခတ်ပြီး သင်တန်းထိ ယူသွားခဲ့တာ။ အခု ဒီသော့နဲ့ပဲ ပြန်ဖွင့်ပြီး အိမ်ထဲထိ ဝင်ရောက်လာနိုင်တာ။ ဒီအိမ်ကြီးရဲ့သော့တွဲအပို ရှိခဲ့မည်ဆိုရင်လည်း ဖေဖေ့ထံမှာမှလွဲ၍ ဘယ်မှာမှ မရှိနိုင်တာ သေချာလွန်းပါသည်။

ရာရာသည် ချောက်ချားတုန်လှုပ်စ ပြုလာသော ကိုယ့်စိတ်ကို အနိုင်နိုင်ထိန်းရင်း ညနေစာချက်ပြုတ်ဖို့ ပစ္စည်းများကို တစ်ခုချင်း စီထုတ်နေမိသည်။ ဘာမှန်းမသိသော အဖြစ်အပျက်ကြီးအတွက် ခုချိန်မှာ အိမ်ရှင်ဖြစ်သော ကိုယ်က ကြောက်တတ်လွန်းသော စိန်ကျော့ထက် ပို၍ဣန္ဒြေရနေရမည်ဟု ကိုယ့်ကိုယ်ကိုယ် အားတင်း ဖြေတွေးလိုက်ရပါသည်။





“ရာရာ ... ငါ့အတွက် ဘာဝယ်လာလဲ”

“နှင့်ကို ကြက်ရိုး နဲ့ ကြာဆံလေး ပြုတ်ပေးမယ်၊ ပူပူနွေးနွေးလေးသောက်ပြီး ချွေးထုတ်ရအောင်လို့လေ၊ ငါကတော့ ဒီညနေ ငက်ပေါင်ခြောက်ကြော်နဲ့ ပေါင်မုန့်ပဲ ဖြေရှင်းလိုက်တော့မယ်”

“အင်း ... ကောင်းတယ်၊ ငါ ဘာလုပ်ပေးရမလဲ သူငယ်ချင်း”

“ရတယ် ... ရတယ်၊ နင် သွားနားပါ”

စိန်ကျော့က “ဒါဆိုလည်း ပြီးရော”ဟု ဆိုကာ ကိတ်ခြောက်ထုပ်တစ်ထုပ် ဆွဲယူထွက်သွားခဲ့သည်။ တကယ်တမ်း မပြီးနိုင်သေးသူက ရာရာပင်။ တစ်ယောက်တည်းကျန်ခဲ့ချိန်မှာ ဓာတ်ဓာတ်က ဂက်စ်အိုးကိစ္စ ခေါင်းထဲဝင်ရောက်လာပြန်သည်။

ဖေဖေ့ကို အသိပေး ဖွင့်ပြောလိုက်ရ ကောင်းမလား။ သို့သော် ဘာကြောင့်မှန်းမသိ။ ရာရာသည် နဂိုတည်းက စူးစမ်းစပ်စုချင်သောဆန္ဒရှိတတ်သူပီပီ ခုကိစ္စမှာလည်း ဖေဖေ့ကို ပါဝင်ပတ်သက်ခိုင်းဖို့ ဝန်လေးနေမိသည်။

မိန်းကလေးပီပီ ကြောက်မိတာ မှန်ပေမယ့် ထိုပြဿနာရဲ့အခြေခံဇာစ်မြစ်ကို တစ်ယောက်တည်း ရှာဖွေဖော်ထုတ်ချင်မိပြန်သည်။ ကြီးမားခန့်ထည်လှသော ဒီအိမ်ကြီးထဲမှာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုလို့ ဝှက်ဆန်းကြယ်တွေများ ရှိမလဲ၊ ဒီပြဿနာကြီးကို အမှောင်ထဲကနေ ဖန်တီးလုပ်ကြံနေသူဟာ ဘယ်သူများလဲ။ သူ ဘာရည်ရွယ်ချက်နဲ့ လုပ်နေတာလဲ။

လဲပေါင်းများစွာသော မေးခွန်းများရဲ့အဖြေကို ရာရာ သိချင်လှပါသည်။ ဒီကိစ္စ စိန်ကျော့ကို အသိပေးလို့တော့ မဖြစ်ဟု ရာရာထင်သည်။ သိတာနှင့် စိန်ကျော့တစ်ယောက် ချက်ချင်း အထုတ်ပြင်ကာ နယ်ပြန်ဖို့ စိုင်းပြင်းလေတော့မည်။

ရာရာသည် အတွေးအခေါ် ပညာရှင်မလေးပီပီ အိမ်ကြီးထဲက အဖြစ်အပျက်ကို ဆက်စပ်တွေးတောရင်း ညနေစာအတွက် လျှင်မြန်သွက်လက်စွာ ချက်ပြုတ်ပြင်ဆင်ပြီး ဖြစ်လေသည်။

ရာရာ့နေရာမှာ သာမန်မိန်းကလေးတစ်ယောက်ဆိုလျှင် ဘာမှမစဉ်းစား မဝေဖန်ပဲ ဒီနေရာကနေ အမြန်ဆုံးလစ်ပြေးမှာ ကျိန်းသေသည်။

သို့သော် ရာရာကတော့ သာမန်မဟုတ်သည့် အာဂမဒီလေးမို့ ဘာတွေထပ်ကြုံလာရဦးမလဲဆိုသည့် ပဟေဠိမျှော်လင့်ချက်များဖြင့် ဒီအိမ်ကြီးရဲ့အခြေအနေကို ထပ်စောင့်ကြည့်ချင်ပါသေးသည်။

ဒီအိမ်ကို ဖေဖေ ဘာရည်ရွယ်ချက်နဲ့ ဝယ်ခဲ့တာလဲ။ ရန်ကုန်မှာ အိမ်တွေမှုလိုပေါပါလျက်နဲ့ သရဲခြောက်သလိုလို၊ လျှို





ခြောက်သလိုလို ဖြစ်နေသော လျှို့ဝှက်ဆန်းကြယ်အိမ်ကြီးရဲ့ နောက်ကြောင်းဇာစ်မြစ်ကို ဖေဖေ မသိလို့များ ဝယ်ခဲ့လေသလား။

လက်က ပန်းကန်ဆေး၊ တံမြက်စည်းလှည်း အလုပ်တွေ တရစပ်လုပ်နေသလို ဦးနှောက်ကလည်း အတွေးတွေ တသီတတန်းဖြင့် လှုပ်ရှားရုပ်ထွေးနေသော ရာရာသည် ...

"မိ ... မိရာ ... ရေ"

"ဟင်"

ခေါ်သံနက်ကြီးနှင့် အတူ ထမင်းစားခန်းထဲသို့ အူယားဖားယား ပြေးဝင်ချလာသော စိန်ကျော့ကြောင့် ရာရာ ထိတ်လန့်ခြင်းတွေ ငယ်ထိပ်တက်ဆောင့်သွားရပါသည်။ စိန်ကျော့ ပုံစံက ဟောဟဲလိုက်၊ မျက်ဖြူဆိုက်ကာ သွေးပျက်ချောက်ချားနေဟန်ဖြင့်။

"ဟဲ့ ... စိန် ... စိန်ကျော့၊ ဘာဖြစ်တာလဲဟင်၊ ငါ့ကိုပြောစမ်း"

"ငါ ... ငါ့အကျီတွေ အ ... အမယ်လေး"

"နင့်အကျီ ဘာလဲ ... ဘာဖြစ်လို့လဲ၊ ပြောစမ်းပါဟယ်"

"လိုက် ... နင် လိုက်ခဲ့၊ ငါ ပြမယ်"

စိန်ကျော့က ရာရာ့လက်ကို ကျစ်ကျစ်ပါအောင်ဆွဲရင်း ရှေ့မှ ဦးဆောင်ချီတက်သွားသည်။ ရာရာလည်း သိချင်စိတ်တစ်ဝက်၊ စိုးရွံ့ခြင်းတစ်ဝက်ဖြင့် အတောင့်လိုက်ပါလာရသည်။

www.burmeseclassic.com



ဂက်စ်အိုးကိစ္စ စိန်ကျော့ မသိခဲ့ခြင်းအတွက် စိတ်အေးရပေမယ့် ဘာမှန်းမသိသေးသော ဒ်ကိစ္စကြီးကိုတော့ ဘယ်လိုဖြေရှင်း နှစ်သိမ့်လိမ်လည်ရမလဲ၊ မတွေးတတ်အောင် ကြိတ္တေးပူပန်နေရပါသည်။

"ကြည့် ... ကြည့်စမ်းပါဦး ရာရာရယ်၊ ငါ့အင်္ကျီတွေ"

ရာရာက စိန်ကျော့ ညွှန်ပြရာသို့ ပြူးခန်ငုံ့စိုက်ကြည့်မိသည်။ ထိုအရာမှာ တခြားတော့မဟုတ်။ ရာရာတို့အခန်းထဲက အဝတ်လျှော်စက်ထဲမှာ လုံးထွေးလည်ပတ်နေသော စိန်ကျော့ရဲ့ အင်္ကျီများပင် ဖြစ်ပါသည်။

"ဒါ ... ဘယ် ... ဘယ်လိုဖြစ် ..."

"ငါလည်း ချွေးအရမ်းထွက်နေလို့ ချည်သားအင်္ကျီလေးတစ်ထည်လဲမယ် ဆိုပြီး ဗီရိုဖွင့်လိုက်တာ၊ အထဲမှာ ငါ့အင်္ကျီတစ်ထည်မှ မရှိတော့ဘူး၊ ငါ့စိတ်ထဲ ထူပူသွားလိုက်တာ ပြောမနေပါနဲ့တော့၊ အဲဒါနဲ့ နင့်ဗီရိုထဲ ဖွင့်ရှာသေးတယ်၊ ဒီအိမ်မှာ ငါတို့နှစ်ယောက်တည်းနေတာ၊ ငါ့ဆီမှာ မရှိရင် နင့်ဆီမှာ ရှိရမှာပေါ့၊ ပစ္စည်းတွေ ဟိုပြောင်း ဒီရွှေ့ လည်း ငါတို့ မလုပ်တတ်ပါဘူး၊ နင်က သင်တန်းသွားတယ်၊ ငါက အိမ်မှာ အိပ်ပြီးကျန်ခဲ့တယ် ..."





ဒီအင်္ကျီတွေက ဘယ်လိုခြေထောက်ပေါက်ပြီး ဒီအဝတ်လျှော်စက်ထဲ ရောက်နေရတာလဲ၊ ထူးဆန်းအံ့ဩစရာကြီး၊ ပြီးတော့ ဗီရိုထဲမှာ ငါ ထုတ်မဝတ်ရသေးတဲ့ မီးပူတိုက်ပြီးသား အသစ်တွေချည်းပဲ"

စိန်ကျော့အသံက ပြောနေရင်း ကတုန်ကယင်ဖြစ်ကာ တိုးတိမ်ဝင်သွားပါသည်။ ရာရာလည်း ကလေးကလားဆန်လှသော သည်းထိတ်ရင်ဖို ပြဿနာကြီးအတွက် ထပ်ဆင့်ခေါင်းရှုးလာရပြန်သည်။ လူကို အန္တရာယ်မပြုဘဲ အိမ်ကပစ္စည်းတွေကိုသာ တစ်ခုချင်း ခြေရာလက်ရာဖျက်ပြီး စိတ်အနှောင့်အယှက်ဖြစ်အောင် လိုက်လုပ်နေတာဟာ ဘယ်လိုရည်ရွယ်ချက်ကြောင့်ပါလိမ့်။ သူ ဘာကိုလိုချင်တာလဲ၊ ဘာဖြစ်ချင်တာလဲ။

ရာရာ အမှန်ပင် စိတ်ရှောလှုပါ ရှုပ်ထွေးနောက်ကျိသာရတော့သည်။ အတတ်နိုင်ဆုံး စိန်ကျော့ကို တတ်သလောက် မှတ်သလောက် အားပေးနှစ်သိမ့်ဖို့သာ ကြိုးစားလိုက်ရပါသည်။

"နင် ... နင်ပဲ မှားပြီးတော့ ထည့်မိတာများလား စိန်ကျော့ရယ်"

"ရာရာ ... နင် ငါ့ကို အရူးများ ထင်နေလို့လား၊ ငါအရူးလည်းမဟုတ်ဘူး၊ ကလေးလည်းမဟုတ်ဘူး၊ ပေါက်ကရတွေ လျှောက်လုပ်နေတတ်တဲ့ အရွယ်လည်း မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လုပ်တတ်ရင်တောင် ဒီလို အဓိပ္ပာယ်မရှိတဲ့ အလုပ်မျိုး လုပ်ပါ့မလား၊ နင် သေချာစဉ်းစားပြီးမှ မေးပါဟယ်”

အဖျားကျ၊ နေကောင်းခါစမို့ နွမ်းနယ်ပုံလေး မပျောက်သေးသော စိန်ကျော့ မျက်နှာရှလေးထဲမှာ စိုးရိမ်ထိတ်လန့်မှုများ အတိုင်းသား ထင်ဟပ်နေတော့သည်။ စိန်ကျော့ ပြောသလိုပဲ ဒီလုပ်ရပ်ကြီးဟာ အဓိပ္ပာယ်မရှိဘူးဆိုတာ ရာရာလည်း လက်သင့်ခံပါသည်။ အဓိပ္ပာယ်မရှိသော လုပ်ရပ်ကို ဘာအဓိပ္ပာယ်မျိုးနှင့် ဖန်တီးနေရတာလဲ။

ရာရာသည် အဖြေမထွက်နိုင်သေးခင်မှာ သက်ပြင်းကိုသာ အခါခါ ချနေမိတော့သည်။

“ရာရာ”

“အင် ...”

“နင့်ကို ငါမေးမယ်၊ အမှန်တိုင်းဖြေနော်”

“ဘာမေးမှာလဲ”

“ဟိုးတစ်နေ့ညက ရေပိုက်ဖွင့်ချထားတာ နင်မဟုတ်ဘူးမှလား”

ဟိုက်။ ဒုက္ခ။ ဘယ်လိုရှိုးရပါ့။ ရုတ်တရက်အဖြေ ပြန်မပေးနိုင်သေးမီ စိန်ကျော့က ရာရာ့အရိပ်အကဲကို ကောင်းကောင်းကြီး ဖမ်းမိသွားခဲ့လေပြီ။





“နင်နဲ့ ငါက အချစ်ဆုံးသူငယ်ချင်းတွေပါ ရာရာရယ်၊ စိတ်တူကိုယ်တူ ပေါင်းလာခဲ့တာ နှစ်ပေါင်းမနည်းတော့ပါဘူး။ နင် ငါကြောက်မှာစိုးလို့ လိမ်ခဲ့တာမှလား၊ ငါ့ကို ချစ်ရင် အမှန်တိုင်းပြောပါ သူငယ်ချင်းရယ်”

စိန်ကျော့က ပြောရင်း မျက်ရည်လေးလည်ကာ ရာရာ့ လက်မောင်းနှစ်ဖက်ကို ကိုင်လှုပ်ခါယမ်းနေတော့သည်။ ရာရာလည်း သက်ပြင်းတစ်ချက်နှင့်အတူ စိတ်ဒုံးဒုံးချရင်း ဝန်ခံဖို့ ဆုံးဖြတ်လိုက်ရပါသည်။

ဒီကိစ္စတွေဟာ ဒီတိုင်းပြီးသွားဦးမှာ မဟုတ်ဘူးဆိုတာကိုလည်း ရာရာ့စိတ်ထဲက ခံစားသိရှိနေသည်။

“စိန်ကျော့ သူငယ်ချင်း”

“ပြောပါ ရာရာရယ်၊ နင် အမှန်တိုင်း ပြောပြလို့လည်း ငါ ချက်ချင်း နယ်ပြန်ဖြစ်မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကြောက်မိတာတော့ အမှန်ပဲ”

“ငါ နင့်ကို နားလည်ပါတယ်၊ ဒီလိုပဲ ဘယ်ကိစ္စမဆို အသေးစိတ်ကအစ တွေးခေါ်စူးစမ်းချင်တဲ့ ငါ့စိတ်ဓာတ်ကိုလည်း နင် နားလည်မှာပါ၊ ငါလည်း မိန်းကလေးတစ်ယောက်ဖြစ်လို့ ဒီအိမ်ထဲက အဖြစ်အပျက်တွေကို ကြောက်မိတာပဲ၊ ဒါပေမဲ့ ငါက လူတစ်မျိုး၊ အခုကြုံနေရတဲ့ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့အဖြေကို ဘာလဲလို့ သိရအောင်အထိ စုံစမ်းချင်သေး
တယ်၊ ပြီးတော့ ဘာတွေဆက်ဖြစ်လာဦးမယ် ဆိုတာ
လည်း စောင့်ကြည့်ချင်သေးတယ်"

ရာရာ့စကားအဆုံးမှာ စိန်ကျော့ တစ်ချက်ငိုင်သွား
သည်။ ထို့နောက် မျက်ရည်ဥတွေ ခိုတွဲနေသော မျက်ဝန်းလဲ့
များဖြင့် ရာရာ့ မျက်နှာကို မော့ကြည့်လာပါသည်။

"နင် ဦးကိုရော အခြေအနေ လှမ်းပြောပြီး အသိမပေးဘူး
လား"

"ဟင့်အင်း၊ ဖေဖေ သိရင် ချက်ချင်း ပြန်ခေါ်လိမ့်မယ်
ငါတို့နှစ်ယောက်လုံး သင်တန်းတွေ အပ်ထားတာ မနည်း
ဘူး၊ ဒေါ်လာနဲ့ သွင်းထားရတဲ့ သင်တန်းတွေလည်း
သုံးခုလောက်ရှိသေးတယ်၊ နောက်ပြီး ငါတို့ ရည်မှန်းချက်
အတွက် ကြိုးစားရမှာတွေလည်း အများကြီးပဲဆိုတာ နင်
သဘောပေါက်မှာပါ ...

ဒီအိမ်ထဲက အဖြစ်အပျက်တွေအတွက်နဲ့ ငါ
အဲဒီအရာတွေကို လဲလှယ်စတေးပစ်လိုက်ရမှာလား၊ ငါ
အတွက် ဒီဖြစ်ရပ်တွေဟာ ပုစ္ဆာတွေပဲ စိန်ကျော့၊ ငါ
ဒီပုစ္ဆာတွေရဲ့အဖြေကို သိအောင် ဖော်ထုတ်ရမယ်၊ ငါ
အရမ်း စိတ်ဝင်စားနေပြီ"





"ငါ ... ငါလည်း စိတ်ဝင်စားပါတယ် ရာရာရယ်၊
ဒါပေမဲ့ ငါက ကြောက် ... ကြောက်တတ်လို့ပါ၊ နင်ပြော
တာတွေ သေချာစဉ်းစားကြည့်လိုက်တော့လည်း ဟုတ်ပါ
တယ်၊ ငါတို့သင်တန်းတွေကိုလည်း ဖျက်ပစ်လို့ မရဘူး
နော်"

"ဒါပေါ့ ... ဒီရည်မှန်းချက်တွေ ပြည့်မြောက်ဖို့က ငါတို့
ရန်ကုန်မှာရှိနေမှပဲ ဖြစ်မှာလေ"

စိန်ကျော့က ဘာမှဆက်မပြောတော့ဘဲ ငေးငေးငိုင်
ငိုင်လေး ငြိမ်သက်သွားပါသည်။ ရာရာကတော့ ကိုယ့်ရင်ထဲက
အိတ်တဆိတ် လျှို့ဝှက်စီမံကိန်းကြီးအတွက် ကြံပြီးရင်ခုန်လှုပ်
ရှားနေမိသည်။

ဒီအိမ်မှာ ဆက်နေပြီး ဒီပြဿနာများရဲ့အဖြေကို
အပြည်းဖြည်းချင်း စုံစမ်းဖော်ထုတ်ရမည်။ ရာရာသည် နဂိုက
ကြောက်တတ်သူတစ်ယောက် (အမှန်အတိုင်း ဝန်ခံရလျှင် တစ်ခါ
တစ်ရံတော့ လန့်တတ်ပါသည်) မဟုတ်သည့်အတွက် ဒီကိစ္စတွေ
ကိုလည်း ကြောက်စရာထက် လေ့လာစူးစမ်းချင်စရာဟုသာ
ခံစားလဲသတ်မှတ်မိသည်။

ထို့ပြင် အမှောင်ထဲကနေ လုပ်ကြံချောက်ချနေသော
အရားခံကို ရှာဖွေဖမ်းယူရမည့် အဖြစ်အတွက် ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကြံဖန်ကျေနပ်ဂုဏ်ယူမိသေးသည်။ စိန်ကျော့သာ ဒီစိတ်ရင်းမှန်ကိုသိလျှင် ငိုချင်းချလေမလား မပြောတတ်တော့ပါ။

သို့သော် ရာရာက စိန်ကျော့ သဘောထားကိုသိရန် သွေးတိုးစမ်း မေးလိုက်ပါသည်။

"နင် ငါ့ကို တကယ်ချစ်တယ်ဆိုရင် ဒီသရဲခြောက်သလိုလို လူခြောက်သလိုလို အိမ်ကြီးထဲမှာ တစ်ယောက်တည်းထားခဲ့ပြီး နယ်ပြန်သွားရက်မလား စိန်ကျော့၊ နင်နဲ့ ငါက ဟိုးအရင်တည်းက သေအတူ၊ ရှင်မကွာ နေလာခဲ့တာလေ၊ ပြောပါဦး"

ရာရာ့ မေးခွန်းကြောင့် စိန်ကျော့က ပက်ခနဲ မျက်စောင်းထိုးသည်။

"ဒါနဲ့ပဲ လာကိုင်ပေါက်ဦးမယ်"ဆိုသည့်သဘော။

"အေးပေါ့လေ၊ ငါကလည်း ဒီစုံထောက်မတစ်ယောက်ပဲ သူငယ်ချင်းရှိတာဆိုတော့ အနားကခွာသွားဖို့ကလည်း ခပ်ခက်ခက်ပဲ၊ သင်တန်းတွေ တစ်ဖက်နဲ့ဆိုတော့ ချက်ချင်းပြန်ဖို့လည်း မဖြစ်နိုင်ပြန်ဘူး၊ ဒါပဲနော် မိရာ၊ ငါ နင့်မျက်နှာတစ်ခုတည်းကြည့်ပြီး အသည်းငယ်ငယ်နဲ့ ဆက်နေရမှာ၊ အရမ်းအခြေအနေဆိုးလာတဲ့တစ်နေ့ ငါ အသက်ထွက်လုဆဲဆဲ ဖြစ်မယ့်နေ့ ဆိုရင်တော့ ပြန်သင့်ပြန်ရမှာပဲ"





"အေးပါ သူငယ်ချင်းရယ်၊ ငါ နားလည်ပါတယ်၊ နင့်ကို ကျေးဇူးလည်း တင်ပါတယ်၊ ငါရှိနေသရွေ့ နင် ဘာမှမဖြစ်စေရပါဘူး၊ ငါတို့ကို နောက်ကွယ်ကနေ သရဲခြောကြောင်နည်းနဲ့ နှောင့်ယှက်နေတဲ့ သူတွေကိုလည်း ငါအမြန်ဆုံး ဖော်ထုတ်ပါ့မယ်"

"နင့်ပုံစံက တက်ကြွနေတာပဲနော်၊ နင် စီအိုင်ဒီမှာဝင်လုပ်ရင် ခဏလေးနဲ့ ရာထူးတက်မှာ သေချာတယ်"

"အမှန်တိုင်း ဝန်ခံရရင် ငါ ကြောက်လည်း ကြောက်သလို၊ ပျော်လည်း ပျော်နေသလိုပဲ"

"ဘာ ... ဘာရယ်၊ ပျော်တယ် ... ဟုတ်လား"

"ဟုတ်တယ်ဟဲ့၊ ပျော်သလို ခံစားနေရတယ်၊ ငါ ဒီလိုပြောတာ အဓိပ္ပာယ်တော့ မရှိဘူးပေါ့ဟာ၊ ဒါပေမဲ့ ငါတစ်ခုခုအတွက်လည်း ရင်ခုန်ပြီး စိတ်လှုပ်ရှားနေမိတယ်"

"အမယ်လေး ... မိရာနော်၊ ငါ့ကို နယ်ပြန်ပြေးချင်စိတ်ပေါက်အောင် ပြောနေပြန်ပြီ"

"မပြေးပါနဲ့ သူငယ်ချင်းရယ်၊ တော်ကြာ နင်ဘစ်ယောက်တည်း ပြန်သွားရင် ဖေဖေက သို့လော သို့လော ဆိုပြီး ငါ့ကို လှမ်း Check တော့မှာပေါ့၊ နောက်ပြီး ငါတို့သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းနှစ်ယောက် ရန်ကုန်မှာ လည်လို့ပတ်လို့ မဝသေးဘူးလေ၊ နင်ပဲ ရန်ကုန်ရောက်တုန်း အားရအောင် Round လှည့်ပြီးမှ ပြန်မယ်ဆို၊ ဒီကိုလာတုန်းက နင်က ငါ့ထက်ပိုပြီး တက်ကြွခဲ့တာလေ”

“ကဲပါ … တော်ပါတော့၊ ပြန်တောင်ဖျားနှင်လာပြီ၊ အခုငါ့အဝတ်တွေအကုန် စက်ထဲရောက်ကုန်ပြီ၊ အဲဒါ နင့်အကျီၤ ငှားတော့၊ တကတဲ … ဘယ်စိတ္တဇသမားကများ ရှုးကြောင်မူးကြောင်နဲ့ အဝတ်လာလျှော်ပေးထားလဲ မသိဘူး၊ ဒီအိမ်မှာ ငါတို့နှစ်ယောက်တည်းရှိမှန်းသိလို့ ဝိုင်းကူလုပ်ပေးချင်နေတာ ထင်တယ်”

စိန်ကျော့က မကျေမချမ်း ရေရွတ်ရင်း အဝတ်လျှော်စက်ထဲက အဝတ်များကို ထုတ်ယူညှစ်ကာ အဝတ်လှန်းစင်မှာ တစ်ခုချင်း ချိတ်လှန်းနေပါသည်။

ရာရာလည်း သက်ပြင်းတစ်ချက် ဘိုးခနဲဆောင့်ချရင်း အမည်မသိ တရားခံကို ဘယ်လိုနည်းဖြင့် အမြန်ဆုံးဖော်ထုတ်ရမလဲ အကြံအနယ် စဉ်းစားခန်း ဝင်နေမိသည်။

ရာရာသည် ငယ်စဉ်တည်းက ဘယ်အရာကိုမှ အလွယ်တကူ မကြောက်ရွံ့တတ် မတွေဝေတတ်ပါ။ လုပ်သင့်





လုပ်ထိုက်သော အလုပ်တစ်ခုကို သတ္တိရှိရှိ လုပ်ကိုင်ရဲပြီး အတွေးအခေါ်ပိုင်းမှာလည်း ဖလော်သမားပီပီ အရာရာကို ကျယ်ပြန့်နက်ရှိုင်းစွာ နှံ့နှံ့စပ်စပ် တွေးတောတတ်သူဖြစ်သည်။

ဒီလို့ဖုက်ဆန်းကြယ် ဖြစ်ရပ်တချို့ကိုလည်း ရာရာက ကိုယ့်ကိုစိန်ခေါ်လာသည့် ပဟေဠိမေးခွန်းများအဖြစ်သာ ဝံ့ဝံ့ကြွားကြွား သတ်မှတ်လိုက်သည်။ တစ်ပြိုင်နက်တည်းမှာ ရာရာကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစွာ ပြုံးလိုက်မိပါသည်။

✧ ✉ ✧



www.burmeseclassic.com

www.burmeseclassic.com



"ရာရာ ခဏလေး၊ နင် အဲဒီမှာ ခဏလေးရပ်နေ"

"ဟဲ့ ... ဘာလဲပဲ့"

ရာရာသည် ရုတ်တရက်မို့ စိန်ကျော့ အပြုအမူကို နားမလည်နိုင်။ နှစ်ယောက်အတူ ယှဉ်တွဲလျှောက်လာရင်းမှ ကျေးဇူးရှင်မက ထဖောက်တာဖြစ်သည်။

ဆိုးဆိုးဆတ်ဆတ်ဖြင့် ရှေ့သို့ သုံး,လေးလှမ်းပြေးထွက်သွားပြီး လက်ထဲက ဟန်းဖုန်းဖြင့် ချိန်ရွယ်လာတော့မှ စိန်ကျော့ ဘာလုပ်ချင်သည် ဆိုတာကို သဘောပေါက်လိုက်ရပါသည်။

"အမယ်လေးဟယ် ... ဓာတ်ပုံရိုက်ချင်တာများ ... အဟားဟား"

"အေး ... ဟုတ်ပြီ၊ ရယ် ... ရယ်ထား၊ အားရပါးရရယ်၊ အိုကေ ... ရယ်ဒီ ... ဝမ်း ... တူး ... သရီး"





"ကဲ ... တော်ပါတော့ စိန်ကျော့ရယ်၊ ဒုက္ခပါပဲ"

"ဒီမှာကြည့်စမ်း၊ နှင်းမှုန်တွေ ပျံ့ကျဲနေတဲ့ လမ်းမကြီးမှာ သနပ်ခါးရောင် လည်ပင်းပိတ်ဆွယ်တာအင်္ကျီလေးနဲ့ အနားကျပ်ဘောင်းဘီရှည် အနက်ရောင်ဝတ်ထားတဲ့ ကောင်မလေးတစ်ယောက် ဘယ်လောက်ထိ လှပအသက်ဝင်နေလဲဆိုတာ ...

တကယ့် Snow Queen ဘိုရာပဲ ရာရာရယ်"

စိန်ကျော့က သူ လက်စွမ်းပြထားသောပုံကို ရာရာ့ရှေ့ ထိုးပြရင်း ဂုဏ်ယူဝံ့ကြွားစွာ မြှောက်ပင့်ပြောဆိုလာပါသည်။ ဒီနေ့ ဆောင်းဝင်စကာလ၏ ဦးဆုံးရက်မို့ ရာရာတို့ အိမ်ရှေ့ ဘွန်ကရစ်လမ်းမကြီးထက်မှာ နှင်းမှုန်ပါးပျပျလေး လွှမ်းခြုံအေးချမ်းနေခဲ့သည်။

ထို့ကြောင့်လည်း သူငယ်ချင်းနှစ်ယောက် စိတ်တူကိုယ်တူဖြင့် စောစောစီးစီး လမ်းလျှောက်ထွက်လာခြင်းဖြစ်သည်။ နယ်မှာ ဒီအချိန်ဆို ရာရာရော စိန်ကျော့ပါ စက်ဘီးကိုယ်စီဖြင့် အနက်ခင်းကာလများကို ကုန်ဆုံးစေမြဲပင်။

နယ်ကလမ်းတွေက ကားရှင်း၊ လူရှင်းပြီး အေးချမ်းသာယာသဖြင့် မနက်ခင်း စက်ဘီးစီးရသည့် အရသာဟာ ဘာနဲ့မှမတူပါ။ တစ်ခါတစ်ရံ စက်ဘီးအဆင့်ထက် ဆိုင်ကယ်အဆင့်



www.burmeseclassic.com

www.burmeseclassic.com



သို့ ကျော်လွန်ကာ ဆောင်းလေများထဲ စက်သံကျယ်ကျယ်ပေး မောင်းနှင်ရသည်ကလည်း fresh ဖြစ်စေသည့် ကြည်နူးမှုတစ်မျိုး ဖြစ်သည်။

ဒီရန်ကုန်မှာတော့ စက်ဘီးလည်းမရှိ၊ ဆိုင်ကယ်လည်းမပိုင်။ သို့သော် ရာရာတို့ကတော့ ကိုယ်ပိုင်စက်တပ်ယာဉ် (၉၆၉၃–ကိုယ့်ခြေထောက်ကိုယ်သုံး)ဖြင့် မနက်●င်းခရီးစဉ် စတင်ခဲ့ပြီ။

"ဟဲ့ ... ငါ ရိုက်ထားတာ လှလား"

"အေးပါဟယ် ... လှပါတယ်၊ ငါလည်း နှင့်ကိုပြန်ရိုက်ပေးမယ် ... လာ"

ရာရာက စိန်ကျော့ကို ရှေ့တည့်တည့်မှချိန်ကာ တစ်ပုံပြီးတစ်ပုံ လက်စွမ်းပြလိုက်ပြန်သည်။ လမ်းပေါ်မှာ လူသိပ်မရှိသေးသည်မို့ ရာရာတို့နှစ်ယောက်ရဲ့ ကလေးဆန်ဆန် အရှုးထပုံရိုပ်များကို ဘယ်သူမှ မသိမမြင်နိုင်သေးပါ။

"ကဲ ... ဒီပုံ နောက်ဆုံး၊ ရယ် ... ရယ်မယ်၊ ရယ်ဒီဝမ်းတူး"

ရာရာသည် တူးပြီးတော့ သရီးကို ရင်ထဲမှာပဲ ဆက်အော်မိလျက်သား ဖြစ်သွားသည်။ အကြောင်းမှာ စိန်ကျော့ နောက်ကျောဘက်မှ ပုံရိပ်တစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသော ကြောင့် ဖြစ်ပါသည်။





"ဟဲ့ ... ရိုက်လေ၊ ဒီမှာ ရယ်ထားရတာ၊ ပါးစပ်နားရွက်တက်ချိတ်တော့မယ်"

"နင့် ... နောက်မှာ"

"ဟဲ့ ... ဘယ်သူတုန်း"

စိန်ကျော့က ပြောပြောဆိုဆို နောက်ဘက်သို့ ဖြုန်းခနဲလှည့်ကြည့်လိုက်သည်။ သူကလည်း စက်ဘီးကိုဖြည်းဖြည်းချင်းနင်းရင်း ရာရာတို့နားသို့ အပြုံးတစ်ဝကဖြင့် ရောက်ရှိလာပါသည်။

"အယ်တော့ ... ကိုညစူး"

"စိန်ကျော့တို့ ဓာတ်ပုံရိုက်တမ်း ကစားနေကြတာလား"

"အဟီး ... ပျင်းလို့ လျှောက်ရိုက်တာပါ၊ ဒါနဲ့ ကိုညစူး ဘယ်လဲ"

"ကျွန်တော် စက်ဘီးစီးရင်း ဈေးဘက်သွားမလို့ပါ"

"ကျွန်မတို့လည်း လမ်းလျှောက်နေတာ၊ ပြီးရင် နှစ်ယောက်သား ဈေးထဲမှာ မုန့်ဟင်းခါး သွားစားမယ်ဆိုပြီး တိုင်ပင်ထားကြတာ၊ မထင်မှတ်ဘဲ ကိုညစူးနဲ့ direction ချင်းတူနေပြီ၊ နော် ... ရာရာ"

စိန်ကျော့က ရာရာ့ကို ပခုံးချင်းတိုက်ရင်း အထာတစ်မျိုးဖြင့် ပြောသည်။ သူက ရာရာ့မျက်နှာကို ဖျတ်ခနဲ တစ်ချက်စိုက်ကြည့်ပါသည်။ ထုံးစံအတိုင်း သူ့အကြည့်ထဲမှာ အရိပ်တစ်မျိုး ခိုဝင်ကပ်ငြိလျက်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ရာရာ"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့"

"ဒါဆို ကျွန်တော်တို့ အတူတူသွားကြမယ်လေ"

သုံးယောက်သားမှာ သူက စက်ဘီးကို ဖြည်းဖြည်းနင်း၊ ရာရာနှင့် စိန်ကျော့က လမ်းဖြည်းဖြည်းလျှောက်လာကာ မကြာမီ ဈေးသို့ ရောက်လာခဲ့သည်။

တစ်လမ်းလုံး သူနှင့် စိန်ကျော့ကသာ စကားတွေ ဖောင်ဖွဲ့လာခဲ့ပြီး ရာရာကတော့ နားထောင်သူသက်သက်ပင်။

ထို့ကြောင့်လည်း ဈေးနားမရောက်တရောက်မှာ သူ့ဆီက ဟာသဆန်သော ကောက်ချက်ချမှုတစ်မျိုး ကြားရသည်။

"နှင်းပွင့်ဧကရီထဲက ဘိုရာက ရာရာ့လောက် စကားသိပ်မနည်းဘူးနော်"

တဲ့။ သူ့အပြောကြောင့် ရာရာရော စိန်ကျော့ပါ ရယ်မောမိကြပါသည်။

ဈေးရောက်တော့ မုန့်ဟင်းခါးဆိုင် ဝင်ထိုင်ပြီး သုံးယောက်စလုံး မုန့်ဟင်းခါးပဲ မှာစားကြသည်။ ထို့နောက် ရာရာတို့နှစ်ယောက် ဈေးပတ်ဝယ်တာကို သူက စိတ်ရှည်လက်ရှည် လိုက်စောင့်ပေးပါသည်။





အပြန်ကျတော့လည်း အလာတုန်းကအတိုင်း စကားတပြောပြောနှင့် ခရီးဆက်ခဲ့သည်။ ထိုစကားထဲမှာမှ စိန်ကျော့က တစ်စုံတစ်ခုကို သတိရသွားသလို ပြောလက်စအကြောင်းအရာကို တိခနဲရပ်ပြီး အကြောင်းအရာသစ် စတင်ဖို့ ကြိုးစားတော့သည်။

အာသွက်လျှာသွက်နိုင်လှသော စိန်ကျော့ ပါးစပ်ကို ရာရာ တားဆီးပိတ်ပင်ဖို့ပင် အခွင့်မသာခဲ့ပါ။

"ကိုညစူးကို ကျွန်မတို့ အိမ်အကြောင်း မေးရဦးမယ်၊ ကိုညစူးက ဒီရပ်ကွက်မှာနေတာ ကြာပြီလားဟင်"

"ဟဲ့ ... စိန်ကျော့"

သူက ရာရာ လှမ်းဟန့်တာကို မျက်မှောင်တစ်ချက်ကွန့် လှမ်းကြည့်ပြီး ဘာမှမပြောဘဲ စိန်ကျော့နှင့်သာ စကားဆက်ရန် ပြင်ပါသည်။

"တစ်နှစ်တောင် မပြည့်သေးပါဘူး၊ ဘာဖြစ်လို့လဲဟင် စိန်ကျော့"

"ကျွန်မတို့အိမ်နဲ့ ပတ်သက်ပြီး ကိုညစူး တစ်စွန်းတစ်စ ကြားထားတာလေးတွေများ ရှိလားလို့ သိချင်လို့ပါ"

"ဘယ်လို ! တစ်စွန်းတစ်စ ဟုတ်လား"

"ဟုတ်တယ်၊ ဒီလို ကိုညစူးရဲ့၊ ကျွန်မတို့ အိမ်မှာလေ"



www.burmeseclassic.com

www.burmeseclassic.com



စိန်ကျော့က ရုတ်တရက် စကားစဖြတ်ကာ ရာရာ့ မျက်နှာကို လှမ်းကြည့်သည်။ “ငါပြောလိုက်ရမလား”ဆိုသည့် သဘော။

ရာရာသည် သူ့ကို မသိစိတ်က အားကိုးယုံကြည်မိတာ မှန်ပေမယ့် ကိုယ့်အိမ်ထဲက ရှုကြောင်မူးကြောင် ဇာတ်ကြောင်းတွေကိုတော့ ဖွင့်ပြောပြဖို့ ရှက်မိပါသည်။ သူ့အမြင်မှာ ရာရာတို့ကို ကြောက်တတ်သော သာမန်မိန်းကလေးတွေအဖြစ် တွေးထင်သွားမှာ စိုးသေးသည်။

သို့သော် သူကတော့ စိန်ကျော့ဆီက စကားကို ထပ်သိခွင့်ရဖို့ မေးလာပြန်သည်။

“စိန်ကျော့တို့ အိမ်မှာ ဘာဖြစ်လို့လဲဟင်၊ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပြောပါ၊ မိန်းကလေးနှစ်ယောက်တည်း နေတဲ့အိမ်ကြီးဆိုတော့ ဘာပဲဖြစ်ဖြစ် အနည်းနဲ့အများတော့ အန္တရာယ်ရှိကောင်း ရှိနိုင်တယ်လေ၊ ဒီလမ်းထဲမှာက ကိုယ့်တိုက်နဲ့ကိုယ် သီးသန့်ဆန်ဆန် နေကြတာဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ ခဲယဉ်းတယ်၊ စိန်ကျော့ မေးသလို တစ်စွန်းတစ်စ ထူးခြားချက်တွေ ဆိုတာတော့ ကျွန်တော် မကြားမိပါဘူး”





“အင်း … ဖြစ်နိုင်ပါတယ်၊ ကျွန်မတို့လည်း အဲဒီဖြစ်ရပ်တွေကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေရတာ၊ ဒီလိုပါ”

ဟု အစချီပြီး စိန်ကျော့က ကြောက်ကြောက်နှင့် အောင့်အည်းမျိုသိပ်ထားရသမျှကို အိတ်သွန်ဖာမှောက်လေတော့သည်။ ရာရာလည်း မတတ်သာသည့်အဆုံး လက်ပိုက်ပြီးနားထောင်နေရပါသည်။

သူက စကားဆုံးတော့ တစ်ခုခုကို နက်နက်နဲနဲ ခြစ်ကုပ်စဉ်းစားနေပုံဖြင့် …

“အင်း … ကျွန်တော်တော့ တကယ့်ထူးဆန်းတွေလာပုံပြင် တစ်ပုဒ် နားထောင်လိုက်ရသလိုပါပဲ၊ ဒီပုံစံအတိုင်းဆို တစ်ယောက်ယောက်က သက်သက်လုပ်ကြံနေတာပဲဖြစ်မယ်၊ ဒါပေမဲ့ သူ ဘာရည်ရွယ်ချက်နဲ့ လုပ်နေတာလဲ၊ ရာရာတို့ကို ဘာဖြစ်စေချင်တာလဲ၊ အဲဒါ စဉ်းစားရမယ့် အချက်တွေပဲ”

“ဟုတ်တယ်၊ သူဟာ လူကောင်းလား၊ အရူးလားဆိုတာ ကိုလည်း ထည့်စဉ်းစားရမယ်။ လူကောင်းတစ်ယောက်ရဲ့ လုပ်ရပ်မဟုတ်တာတွေ လာလုပ်နေတာ တော်တော်တွေးရခက်တယ်၊ ကျွန်မတော့ ကြောက်တာကတစ်ဖက်၊ စိတ်ညစ်တာကတစ်ဖက်နဲ့ ရူးတောင့်ရူးချင်တယ်၊ တကယ်ပါပဲ”

“ရာရာကရော မကြောက်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... သူက အာဂလေ ကိုညစူးရဲ့၊ ကြော

စရာကိုတောင် ဘာ့ကြောင့် ကြောက်ရတာလဲဆိုပြီး စပ်

စုစု လေ့လာဦးမယ့် စုံထောက်မ၊ ကျွန်မတို့လည်း သင်တ

တွေအပ်ထားပြီးသား တစ်ပုံတစ်ပင်ရှိနေလို့ ချက်ချင်းနှ

မပြန်ဖြစ်တာ၊ နောက်ပြီး ဒီကျေးဇူးရှင်မကလည်း ဒီကိစ္စ

သူ့နည်းသူ့ဟန်နဲ့ ဖော်ထုတ်မယ်တဲ့၊ ကျွန်မက သူ့ရဲ့တ

ဦးတည်းသော အချစ်ဆုံးသူငယ်ချင်း ဖြစ်နေတော့ သူ

နားက မခွာနိုင်သေးဘူး"

"ဟုတ်လား ... ရာရာ တကယ်မကြောက်ဘူးပေါ့"

သူက ရာရာ့မျက်ဝန်းထဲသို့ တည့်တည့်စိုက်ကြည့်

ရင်း ထပ်မေးပြန်သည်။ ရာရာကလည်း သူ့မျက်ဝန်းထဲ စူး

ဖောက်ဝင်မတတ် တုံ့ပြန်စိုက်ကြည့်ပြီး တစ်လုံးချင်း ပီပီသ

ရေရွတ်လိုက်ပါသည်။

"ကျွန်မလည်း သာမန်မိန်းမတစ်ယောက် ဖြစ်တဲ့အတွ

ကြောက်တတ်တဲ့စိတ်တော့ ရှိတာပါပဲ၊ ဒါပေမဲ့ ကျွန်မ

အကြောင်းအရာတစ်ခုကို ဘက်ပေါင်းစုံကနေ အပြန်

အလှန်လှန် တွေးတောသုံးသပ်တတ်တယ် ...

ခု ဒီကိစ္စကိုလည်း ကျွန်မ အရမ်းစိတ်ဝင်စား

တယ်၊ ကျွန်မတို့ ရောက်လာမှ တိုက်တိုက်ဆိုင်ဆိုင်





ခဲ့ရတဲ့ ပြဿနာတွေရဲ့အဖြေကို ကျွန်မ ရအောင်ဖော်ထုတ်မယ်လို့ ဆုံးဖြတ်ထားတယ်၊ နောက်ပြီး ကျွန်မအနာဂတ်ရည်မှန်းချက်အတွက် အထောက်အကူပေးမယ့် သင်တန်းတွေ အများကြီးအပ်ထားတာ၊ အဲဒါတွေအတွက် ကျွန်မရန်ကုန်မှာ ရှိနေရဦးမှာပါ"

"အဲဒါသာကြည့်တော့ ကိုညစူးရေ၊ နှင်းပွင့်ဇေကရီဘိုရာကတော့ ဘယ်လိုစိတ်မျိုးရှိမယ် မသိဘူး၊ မြန်မာပြည်နွေအက္ခရာကတော့ အဲလိုခေါင်းမာမာမျိုး"

"ဟား ဟား ... စိန်ကျော့ကလည်း ခေါင်းမာတယ်လို့တော့မပြောပါနဲ့၊ ရာရာ့ စိတ်ဓာတ်က သတ္တိရှိတာ၊ ထက်မြက်တာ၊ အစွမ်းအစရှိတာပါ၊ ဘာပဲဖြစ်ဖြစ်လေ တစ်စုံတစ်ခု ပြဿနာဖြစ်တိုင်း အကူအညီလိုရင် ကျွန်တော့်ကိုမမေ့ပါနဲ့လို့ မှာပါရစေ၊ ကျွန်တော် ရာရာတို့နားမှာ အမြဲရှိနေမှာပါ"

"ကျေးဇူးတင်ပါတယ် ကိုညစူးရယ်၊ ကျွန်မတို့လည်း ဒီပတ်ဝန်းကျင်မှာ မိတ်ဆွေရင်းဆိုလို့ ကိုညစူး တစ်ယောက်ပဲ ရှိတာပါ၊ ဒါနဲ့ ကိုညစူး ဖုန်းနံပါတ်လေးများသိလို့ရမလား၊ ကျွန်မတို့ဖုန်းလည်း ယူထားလေ"

"ဪ ... ရပါတယ်၊ ကျွန်တော့်ဖုန်းက (0950........)"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ကျွန်မဖုန်းက 0951………၊ ရာရာ့ဖုန်းကတော့ 0950………"

ဖုန်းနံပါတ် အပြန်ပြန် အလှန်လှန် ပေးပြီးကြချိန်မှာ ရာရာတို့ အိမ်သို့ရောက်လာပါသည်။ သူက ရာရာတို့ကို ခြံထိ လိုက်ပို့ပေးပြီး …

"ကဲ … နှစ်ယောက်လုံးပဲ၊ ကျွန်တော် သွားပြီနော်၊ လိုတာရှိရင် အချိန်မရွေးခေါ်ပါ၊ ကျွန်တော်အပြေးရောက်လာမှာပါ"

"ဟုတ်ကဲ့ပါ … ကျေးဇူးပဲ ကိုညစူး"

သူက နှစ်ယောက်လုံးကို လက်ပြနှုတ်ဆက်ရင်း (ရာရာ့ကိုတော့ စက္ကန့်ပိုင်းမျှ အကြည့်ချင်းဆုံအောင် စူးစူးနစ်နစ် စိုက်ကြည့်ကာ) လှည့်ထွက်သွားပါသည်။ ရာရာ့အကြည့်များသည်လည်း သူ့ကျောပြင်ထက်မှာ နှင်းပွင့်များနှင့်အတူ ကပ်ငြိနိုတွယ်သွားခဲ့သည်။

"အဟမ်း … အဟမ်း … မိရာ"

"အင် … ဟင်"

"အမယ်လေးတော်၊ မျှောနေလိုက်တာများ ပြောမပြောချင်ဘူး၊ ဘယ်လိုလဲ စုံထောက်မကြီးရဲ့၊ စုံထောက်ဉာဏ်နဲ့ သူ့အကြည့်တွေကို မှန်မှန်ကန်ကန် ထောက်လှမ်းအဖြေရှာလိုက်ပါဦးလား"





"ဟာ … နင်နော်"

"ဘာနင်နော်လဲ၊ ဘယ်လိုလဲ၊ ငါ ရိပ်မိတယ်နော် မိရာ၊ နင်တို့ တစ်ယောက်အပေါ် တစ်ယောက် မသိစိတ်ကနေ တွယ်ငြိနေကြပြီမှလား"

"တိုးတိုးပြောပါဟယ်၊ နင်ကလည်း ခုမှ သိတဲ့လူတစ်ယောက်အပေါ် ငါက ဘာလို့တွယ်ငြိရမှာလဲ"

"အောင်မာ … တော်စမ်းပါ၊ မိန်းမတွေဟာ ဘယ်လောက်မာနတွေကြီး၊ ပညာတွေတတ်၊ အတွေးအခေါ်တွေ မြင့်မားနေပါစေ၊ အချစ်နဲ့တွေ့ရင် အနည်းနဲ့အများတော့ ခြေလှမ်းယိုင်သွားတတ်ကြတာပဲ …

ပြောမယ့်သာပြောတာ၊ နင်နဲ့ သူ အရမ်းလိုက်တယ် သိလား မိရာ၊ နေတိုးနဲ့ ဘိုရာပေါ့၊ ဟုတ်လား … ဟီး ဟီး"

"အယ် … နင် … ကဲ … ကဲ … မိစိန်ကျော်၊ အစုတ်ပလုတ် … စချင်ဦး"

ရာရာသည် အရှက်သည်းသည်းနှင့် စိန်ကျော့ ကျောပြင်ကို လက်ထဲကိုင်ထားသော ချဉ်ပေါင်စည်းဖြင့် တဖုန်းဖုန်းပစ်ရိုက်မိတော့သည်။ စိန်ကျော့က တဟားဟား အော်ရယ်ရင်း ဧည့်ခန်းထဲ ပြေးဝင်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှို့ခန်းရှေ့မှာ ချိတ်ထားသော ကိုယ်လုံးပေါ်မှန်ရှေ့ ရပ်မိချိန်မှာ ရာရာ ကိုယ့်မျက်နှာကိုယ် မှန်ထဲပြန်ကြည့်မိသည်။ အို ... ပန်းသွေးရောင် ဖူးကြွနေသော အရှက်မျက်နှာလေးရဲ့ပိုင်ရှင်ဟာ ကိုယ်မှ ဟုတ်ပါရဲ့လား။

ရာရာ့ဘဝမှာ ဆန့်ကျင်ဘက် ယောကျ်ားလေးတစ်ယောက်နှင့် ပတ်သက်ပြီး ရှက်သွေးဖြာရခြင်းမှာ ဒါပထမဆုံးအကြိမ် ဖြစ်ပါသည်။ ဘာကြောင့်မှန်းမသိ။ ရွှန်းညို့လဲ့စိုသော မျက်ဝန်းများက ရာရာ သွားလေရာသို့ ထက်ကြပ်မကွာ လိုက်ပါနေသလို ခံစားရသည်။

သူရော ... ရာရာ့အပေါ် ဘယ်လိုသဘောထားမျိုး ထားနေမှာလဲ။ သာမန်လား။ သာမန်ထက် နည်းနည်းလေး ပိုလွန်ကဲမလား။ မရှက်တမ်း ဝန်ခံရလျှင် ရာရာ သိချင်ပါသည်။





"မိရာ ... နင် မအိပ်သေးဘူးလား"

ရာရာသည် စာရေးဆရာ ဒဿကျော်စွာရဲ့ "ပုဏ္ဏကတိုက်တဲ့အိမ်" လို့ ဂုဏ်သည်းဖို့ ဝတ္ထုကို စိတ်ဝင်တစား ဖတ်နေရင်း စိန်ကျော့ အမေးကြောင့် တစ်ချက်မော့ကြည့်လိုက်ပါသည်။ ကျေးဇူးရှင်မကတော့ တဝါးဝါးနှင့် သမ်းဝေရင်း အိပ်ချင်ပြီဖြစ်ကြောင်း အချက်ပြနေလေပြီ။

"ငါ့ ဒီစာအုပ်လေးပြီးအောင် ဖတ်လိုက်ဦးမယ်၊ ဓာတ်ရှိန်မြင့်နေပြီဟ၊ နင် အိပ်ချင်ရင် အိပ်တော့လေ စိန်ကျော့"

"နေစမ်းပါဦး ဘာစာအုပ်လဲ ... ပြစမ်း"

"ဒဿကျော်စွာ စာအုပ်လေ၊ ပုဏ္ဏကတိုက်တဲ့အိမ်တဲ့"

"မြတ်စွာဘုရား၊ နင် ညကြီးမင်းကြီး ဘာတွေလျှောက်ဖတ်နေတာလဲ မိရာရယ်၊ အကြည်တော်၊ မင်းဇူ ဟာသ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွေလည်းတစ်ပုံကြီး၊ လွန်းထားထား၊ ဆုမြတ်မွန်မွန် မြူခွန်းချယ်ရဲ့ အချစ်ဝတ္ထုတွေလည်း ဝယ်လာတာအများကြီး၊ ဒီအချိန်ကြီးကျမှ သရဲဝတ္ထု ရွေးဖတ်တာ နင် ငါ့ကို အနုနည်းနဲ့ သတ်နေတာလား မိန်းမရဲ့"

"ငါကြိုက်လို့ပါဟယ်၊ နင် အိပ်ပါ၊ ငါ စောင့်ပေးမယ်လေ နော်"

"အိပ်မယ် ... အိပ်မယ်၊ နင့်နားမှာလည်း မနေရဲဘူး၊ တော်ကြာ သရဲစိတ် ထပေါက်လာဦးမယ်၊ ပြောလို့ရတာ မဟုတ်ဘူး"

စိန်ကျော့က နှုတ်ခမ်းတစ္ဆဲ့ဆဲ့၊ ခေါင်းတခါခါ၊ လက်တခါခါဖြင့် ရာရာ့အပါးမှ အပြေးတစ်ပိုင်းနှင့် ထွက်သွားပါသည်။ သူငယ်ချင်းမရဲ့ ပုံစံကိုကြည့်ပြီး ရာရာ သဘောကျစွာ ရယ်မောလိုက်မိသည်။

နာရီကြည့်လိုက်တော့ ညဆယ့်တစ်နာရီခွဲတိတိ။ ဒီအချိန်ဟာ ရာရာ့အတွက် အိပ်ဖို့စောနေသေးတာမို့ ဖတ်လက်စ စာအုပ်ထဲမှာပဲ အာရုံပြန်နှစ်ထားလိုက်မိသည်။ ရာရာသည် ညဘက်များမှာ ညတစ်ချက်တီး၊ နှစ်ချက်တီးထက်စောပြီး အိပ်ရာဝင်သည့် ညဆိုတာ လက်ချိုးရေတွက်ရလောက်အောင် ရှားပါသည်။





ညဘက် ချက်တင်ထိုင်၊ အင်တာနက်ကြည့်၊ စာအုပ်ဖတ်ခြင်း အလုပ်များဟာ ရာရာ နှစ်ခြိုက်ခုံမင်ရဆုံး Night Entertainment များအဖြစ် သတ်မှတ်ထားခြင်းခံရသည့် အလုပ်များ ဖြစ်သည်။

အကယ်၍ ဆယ့်နှစ်နာရီလောက် အိပ်ရာဝင်မိသည် ရှိသော် ပုံမှန်အားဖြင့် သီချင်းနားထောင်၊ အတွေးပေါင်းစုံနယ် လှည့်ပြီးမှ အိပ်ပျော်ရသည်ချည်းပင်။ ဖလော်သမားပီပီ ရာရာသည် ဘာအလုပ်မှ လုပ်စရာမရှိလျှင်တောင် တွေးသည့်အလုပ်ဖြင့် ဦးနှောက်ကို အလုပ်ပေးထားတတ်သူ ဖြစ်သည်။

ခုတော့ သင်တန်းစာများပါ ကျက်ရမှတ်ရပြီမို့ ညခုနစ်နာရီမှ ဆယ်နာရီအထိ အချိန်ကို ရာရာက စာကြည့်ချိန်ဟု သတ်မှတ်ထားသည်။

ဆယ်နာရီနောက်ပိုင်းကတော့ ကိုယ်ပိုင်အားလပ်ချိန် ဖြစ်လေသည်။ ရာရာသည် "ပုဏ္ဏကတိုက်တဲ့အိမ်"ကြီးထဲသို့ တစ်ဖန်ပြန်ဝင်ရောက်သွားခိုက် ...

"နင်စေရင် ... သွားဆို ထွက်သွားမှာပါ ... ဘာမဆို နင် ... ခိုင်းတဲ့အတိုင်းလုပ်မှာပါ ... သေဆိုရင်လည်း ... ငါ သေဖို့အသင့်ပါ ...



www.burmeseclassic.com

www.burmeseclassic.com



အရာရာဟာ ... နင့်ရဲ့သဘောအတိုင်းပါကွာ ... နင်လိုရင် ... ဘဝတစ်ခုလုံး ပေးမှာပါ ... နင် မလိုရင်တော့ ... ငါဟာ အလိုက်တသိ ... ထွက်ခွာ ...”

ရာရာ ရုတ်တရက် နားစွင့်မိလျက်သား ဖြစ်သွားရသည်။ နောက်တော့မှ ကိုယ့်ဖုန်းမြည်သံ ပူစူးရဲ့ “နင်စေရင်” သီချင်းဖြစ်ကြောင်း သဘောပေါက်လိုက်ရပါသည်။

ဆက်တီစားပွဲပေါ် အသင့်တင်ထားသော ဖုန်းလေးကို ဖွင့်နားထောင်လိုက်စဉ် ...

“ဟယ်လို ... ရွှေအကွ္ဆရာပါ”

“ရာရာ”

“ရှင်”

ရာရာသည် ညြှရှရှ အသံရှင်ကြောင့် ရင်ထဲထိတ်ခနဲခန်မြည်သွားရသည်။ ဖုန်းဖွင့်တုန်းက စာအုပ်ပေါ်မှ မျက်လုံးမခွာမိတာကြောင့် ဖုန်းနံပါတ် မကြည့်လိုက်မိခြင်းဖြစ်သည်။ ခုတော့...

“ကျွန်တော့်အသံကို မှတ်မိလားဟင်”

“ဟုတ်ကဲ့ ... မှတ်မိပါတယ် ညစူး၊ ပြောလေ ကိစ္စရှိလို့လား”

“အင်း ... ဆိုပါတော့”

“ဘာကိစ္စလဲ”





သူက ချက်ချင်း ပြန်မဖြေသေးဘဲ ဟက်ခနဲ တစ်ချက်ရယ်ပါသည်။ ပြီးတော့မှ ...

“ကျွန်တော် ရာရာ့ကို သတိရတဲ့ ကိစ္စပေါ့”

“အဲ ... အယ်တော့”

ရုတ်တရက် ရာရာ့လက်ထဲက ပုလ္လင်္ကတိုက်တဲ့အိမ်ကြီး တစ်ချက် လှုပ်ယမ်းခါသွားသလို ခံစားလိုက်ရသည်။ သေချာတာကတော့ ရာရာ့ရင်ထဲမှာ တော်လဲသံတချို့ ပဲ့တင်ထပ်သွားခဲ့ခြင်းပင်။ သူက ရာရာ့ကို သတိရနေသည်တဲ့။

အို ... တွေးကြည့်တာနဲ့တင် ရာရာ့ ပါးနှစ်ဖက်လုံး မြရှိန်းဖိုသွားရသည်။ ညလူခြေတိတ်ချိန် မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယောက် သတိရနေခြင်း အကြောင်းရင်းခံဟာ ဘာများပါလိမ့်။

“စိန်ကျော့ရော အိပ်ပျော်သွားပြီလားဟင် ... ရာရာ”

“ဟုတ် ... ဟုတ်ကဲ့”

“ဒါဆို ရာရာက မအိပ်သေးဘဲ တစ်ယောက်တည်း ဘာလုပ်နေတာလဲ”

“ကျွန်မ စာအုပ်ဖတ်နေတာပါ”

“ညဘက် အိပ်ရေးပျက်နေဦးမယ်ကွာ၊ စောစောအိပ်တာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံဟာ လေးတွဲ့တွဲ့၊ အိညက်ညက်နဲ့ ဘယ်လို မှန်းမသိစွာ ရာရာ့ နှလုံးသားထဲ ဖြတ်စီးသွားတော့သည်။ ရာရာ့ နှလုံးသားသည် ခုန်ပြီးရင်းခုန် ... ခုန် ... ခုန် ... ခုန်ပေါက်နေခဲ့ပါသည်။

သူ့စကားသံဟာ ချစ်သူကောင်မလေးအပေါ် စိုးရိမ်စိတ်ပူနေသည့်ဟန်မျိုး ပေါ်လွင်နေသည်။ ရာရာသည် ကိုယ့်အတွေးနှင့်ကိုယ် ရှက်ပြုံးလေးတစ်ချက် ပြုံးမိပါသည်။ သူ ဘယ်လိုစိတ်မျိုးနဲ့ ပြောလိုက်တာပါလိမ့် ... သိချင်စမ်းပါရဲ့။

"ရှင်ကရော မအိပ်သေးဘဲ ဘာလုပ်နေတာလဲ"

"ကိုယ်လား ... သီချင်းနားထောင်နေတာ"

အလို ... ချက်ချင်း ပြောင်းလဲသွားလိုက်တာ။ သူ့ ကိုယ်သူ ကိုယ် ... ဆိုပါလား။ သို့သော် သီချင်းနားထောင်နေတယ်ဆိုသောကြောင့် ရာရာက ထပ်စပ်စုဖို့ ကြိုးစားလိုက်မိသည်။

"ညစ္စူးက ညဘက် သီချင်းနားထောင်ရင်း ဇိမ်ယူနေတယ်ပေါ့ ... ဟုတ်လား၊ ဘာသီချင်း နားထောင်နေတာလဲဟင်"

"ရာရာရော နားထောင်မလား"

"အင်း ... နားထောင်ကြည့်မယ်လေ"

ရာရာ ထိုသို့ပြောပြီး မကြာခင်မှာ သီချင်းသံတိုးတိုးလေးတစ်ချက် လွင့်ပျံ့လာပါသည်။ သူက သီချင်းဖွင့်ထားသည့်နေရာမှာ ဖုန်းကို ထားလိုက်ခြင်းဖြစ်သည်။





"နင် ကျေနပ်ဖို့ဆိုရင် ... ဘာမဆို အစဉ်အမြဲပါ ... ငါ လိုက်လျောပေးမှာပါ ... ငါပိုင်တဲ့ဘဝတစ်ခုကို ... ပေးဆပ်ရဲတယ် ...

နင်စေရင် ... သွားဆို ထွက်သွားမှာပါ ... ဘာမဆို နင် ... ခိုင်းတဲ့အတိုင်း လုပ်မှာပါ ... သေဆိုရင်လည်း ... ငါ သေဖို့ ... အသင့်ပါ ..."

ရာရာသည် ထိုသီချင်းလေးကို ကြားပြီးပြီးချင်း ရင်ထဲ လှပ်ခနဲ တုန်ခိုက်သွားရပါသည်။ ကြည့်စမ်း ... သူနဲ့ ရာရာဟာ အကြိုက်ချင်း တိုက်တိုက်ဆိုင်ဆိုင် တူလှချည့်။ ပူစူး (IMP)ရဲ့ "နင်စေရင်"သီချင်းကို သူကလည်း ကြိုက်သတဲ့။

"ညစ္စူး ... ရှင် အဲဒီသီချင်းကို ကြိုက် ... ကြိုက်လားဟင်"

"ကိုယ် မကြိုက်ရင် အချိန်ကုန်ခံပြီး နားထောင်ပါ့မလား ရာရာရဲ့၊ ကိုယ်က ပူစူးရဲ့အမာခံပရိသတ်လေ၊ နာမည်ချင်းတောင် ခပ်ဆင်ဆင် တူနေတာ၊ သူက ပူစူး၊ ကိုယ်က ညစူး၊ မသိရင် ညီအစ်ကိုလားပဲ ... ဟဲ ဟဲ"

"ကျွန်မလည်း ပူစူး ကြိုက်တယ်၊ ကျွန်မဆီမှာ သူ့သီချင်းချည်းပဲ ကူးထားတဲ့ Selection ခွေ ရှိတယ်"

"ဟာ ... ကြည့်စမ်း၊ ကျွန်တော်လည်း Selection ကူးထားတာ၊ သူ့သီချင်းတွေ အကုန်လုံးရယ် ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ထူးအိမ်သင်၊ နောနော်၊ မိန်းက
လေးသီချင်းတွေက အေသင်ချိုဆွေ၊ ကြိုးကြာ၊ သီရိဆွေ၊
ဂျင်နီ၊ No ၊ ပြီးတော့ အများကြီးကျန်သေးတယ်"

"ရှင်နဲ့ကျွန်မ အကြိုက်ချင်း တော်တော်များများ တူတယ်
သိလား၊ ရှင် ကြိုက်တဲ့ အဆိုတော်တွေ အကုန်လုံးနီးပါး
ကျွန်မ ကြိုက်တယ်"

"ရာရာ"

"ရှင်"

"တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ကိုယ် ရာရာ့ကို ပူစူး
သီချင်းလေးတစ်ပုဒ် ဆိုပြခွင့် ရချင်တယ်"

"ဘာသီချင်းလဲ ညစူးရဲ့"

"ဝန်ခံပါ ဆိုတဲ့ သီချင်းလေ"

ရာရာသည် သူ့စကားအဆုံးမှာ ဖုန်းကို နားမှာ
ကပ်ရင်း အတန်ကြာ ငိုင်နေမိသည်။

"ဘယ်လို ... ငါ မျှော်လင့်ရမလဲ ... ပြောပါ ... ငါ့ကို
ဖြေပေးပါ ... ဟန်ဆောင်တဲ့ အပြုံးတွေရဲ့အဝေးမှာ ...
တကယ် နာကျင်စွာနဲ့ ... ငါ ငိုနေပါတယ် ... ဝန်ခံလိုက်
ပေါ့ ... မင်း ချစ်တယ်ဆိုလည်း ... ကြာရင် ငါ ရူးလိမ့်
မယ် ..."





ဆိုသော စာသားများဟာ "ဝန်ခံပါ"သီချင်းရဲ့စာ
သားများ ဖြစ်ပါသည်။ အဓိပ္ပာယ်တစ်မျိုးဖြင့် ပြီးပြည့်စုံနေသော
ထိုသီချင်းကို သူကရော ဘယ်လိုအဓိပ္ပာယ်မျိုးနှင့် ဆိုပြချင်တာ
ပါလဲ။ ရာရာ့အထင်တော့ ... အဓိပ္ပာယ်သည် ...

ရာရာသည် ဆက်မတွေးနိုင်တော့စွာ ရင်ထဲ သိမ့်
ခနဲ တုန်သွားမိသည်။ တစ်ပြိုင်နက်တည်းမှာပင် ရာရာတို့ နှစ်
ယောက်ကြားမှာ ခိုင်မြဲသန်မာသည့် ကြိုးတစ်ချောင်း ချည်နှောင်
ရစ်ပတ်လိုက်သလို ခံစားလိုက်ရပါသည်။

"ရာရာ ဘာလို့ တိတ်သွားတာလဲဟင်၊ ကိုယ့်စကားအတွက်
စိတ်ခုသွားတာလား"

"ဟင့်အင်း"

"နောက်ညတွေမှာရော ကိုယ် ဒီလို ဖုန်းဆက်ခွင့်ရှိမလား
ဟင်"

ဒီမေးခွန်းအတွက်တော့ ရာရာ တစ်ချက်စဉ်းစားခန်း
ဝင်ရပါသည်။ "အင်း"လို့ ဖြေလိုက်ရင် သူ့စိတ်ထဲ ပေါ့ပေါ့တန်
တန်များ ထင်သွားလေမလား။

"မိန်းကလေးတစ်ယောက်အတွက် ဖြေရခက်စေမယ့် မေး
ခွန်းဆိုတာ ကိုယ် နားလည်ပါတယ်၊ ဆောရီးနော် ...
ဪ ... ဒါနဲ့ မေးရဦးမယ်၊ အိမ်မှာဘာတွေလုပ်နေသေး
လဲ ... ရာရာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က စကားလမ်းကြောင်း လွှဲသွားသဖြင့် ရာရာကလည်း အလိုက်တသိပင် သူ့နောက် လိုက်ရပါသည်။

"ခုထိတော့ ဘာမှမထူးသေးပါဘူး ညစ္စူး၊ ကျွန်မလည်း ဘယ်လိုတွေ ထပ်ကြုံလာရဦးမလဲဆိုတာ ရင်တခုန်ခုန်နဲ့ စောင့်နေတာ"

"ရာရာက သတ္တိခဲလေးနော်"

"မဟုတ်ပါဘူး၊ တစ်ခါတလေတော့လည်း ကြောက်တတ်ပါတယ်၊ ဒါပေမဲ့ ဒီဖြစ်ရပ်တွေကိုတော့ ကြောက်စရာလို့ မထင်မိသေးဘူး၊ ဘာဖြစ်လို့လဲတော့ မသိဘူး၊ ကျွန်မစိတ်ထဲမှာ အဲလိုပဲ ခံစားရတယ်"

"ဘာပဲဖြစ်ဖြစ် သတိဝီရိယတော့ရှိပါ ရာရာရယ်၊ ကိုယ်လည်း ဒီအနီးနားဝန်းကျင်မှာ ရာရာတို့အိမ်နဲ့ ပတ်သက်ပြီး စနည်းနာကြည့်ဦးမယ်၊ သဲလွန်စတစ်ခုခုတော့ သိရမယ်လို့ ထင်တာပဲ၊ အခြေအနေထူးရင် ကိုယ့်ဆီ အချိန်မရွေး လှမ်းအကြောင်းကြားပါနော်၊ အရမ်းစိတ်ပူလို့ပါ"

အဖျားခတ် တုန်ယင်သွားသည့် တိုးအက်အက်လေသံလေးကို နားထောင်ရင်း ရာရာ တစ်ကိုယ်တည်း ကျိတ်ပြုံးမိပါသည်။ သူ တကယ်ပဲ စိတ်ပူတယ်ဆိုတာ သူ့မျက်နှာမမြင်ရပေမယ့် ရာရာ အလိုလို ခံစားလို့ရနေသည်။





"ကဲ ... ရာရာ၊ ဆယ့်နှစ်နာရီ ကျော်နေပြီ၊ အိပ်တော့နော်၊ ကိုယ်လည်း အိပ်တော့မယ်၊ မနက်ဖြန် လမ်းလျှောက်ထွက်ဦးမှာလား"

"အင်း ... မပြောတတ်သေးဘူး၊ ကျွန်မက အိပ်ရာဝင်နောက်ကျပေမယ့် စောစောထတတ်တဲ့ အကျင့်တော့ ရှိပါတယ်၊ ဒါပေမဲ့ လမ်းလျှောက်ဖြစ်၊မဖြစ်တော့ မသိဘူး"

"ဆောင်းဦးပိုင်း အချိန်လေးပဲ လျှောက်လို့ကောင်းတာ၊ အရမ်းချမ်းလာရင် မနက်ပိုင်းက အိပ်ရာထဲကွေးနေဖို့ပဲ ကောင်းတယ်"

"ညစ္စူးရော စက်ဘီးထစီးဦးမှာလား"

"အင်း ... နိုးရင်တော့ စီးမှာပေါ့"

"ဒါဆို စောစောအိပ်တော့လေ၊ ကျွန်မလည်း အိပ်တော့မယ်၊ ဒါပဲနော် ညစ္စူး"

"ဟုတ်ကဲ့ ... ကောင်းပါပြီခင်ဗျာ၊ See you later"

ရာရာက သူ့ထက်အရင်ဦးအောင် ဖုန်းချလိုက်ပြီး ဖုန်းလေးကို ရင်မှာကပ်ထားရင်း စက္ကန့်ပိုင်းမျှကြာအောင် ငေးငိုင်ထိုင်နေမိသည်။

ရင်ထဲအတွင်းပိုင်း တစ်နေရာမှာ တစ်စုံတစ်ရာတော့ ကျန်ရစ်ခဲ့ပြီဖြစ်ကြောင်း အလိုလို နားလည်လိုက်မိပေမယ့် ဘာ



www.burmeseclassic.com

လဲဆိုတာတော့ အဖြေမရှာတတ်သေးပါ။ သို့သော် သူ ဆိုပြ
မည့် "ဝန်ခံပါ" သီချင်းလေးကို နားဆင်ချင်သည့်ဆန္ဒတော့ ရာ
ရင်မှာ တစ်စတစ်စ မွေးဖွားလာခဲ့ပြီဖြစ်သည်။

ရာရာသည် "အဟိ" ခနဲ မြည်အောင် သဘောကျ
ရယ်မောရင်း စာအုပ်ဆက်ဖတ်ဖို့ပြင်သည်။ ခုနက ဇာတ်ရှိန်အရှ
မြင့်သောနေရာ ရောက်နေပြီဖြစ်သော်လည်း ပြန်ဖတ်ဖို့ ကြိုးစ
ချိန်မှာ အာရုံက ဇာတ်လမ်းထဲ မရောက်တော့ချေ။

နောက်ဆုံးတော့ ရာရာ စာအုပ်လေးကို အသာအော
ချပြီး အိပ်ခန်းထဲ လှမ်းဝင်လာခဲ့သည်။ ဒီညတော့ အတွေးသ
များသည် ရာရာ့အတွက် အဖော်စစ်စစ်များ ဖြစ်နေပေတော့မည်





"ကလောက် ... ကလောက်"

ရာရာသည် အိပ်မက်လိုလို ဘာလိုလို မှုန်ဝါးဝါး အသံတစ်သံ ကြားရချိန်မှာ ဖိမှိတ်ထားသော မျက်ခွံများကို အားယူဖွင့်ဖို့ ကြိုးစားမိသည်။ သေချာတာကတော့ ဒီအသံဟာ ရာရာ့ အိပ်မက်ထဲက လာတာတော့ မဖြစ်နိုင်ပါ။

"ဂလောက် ... ကလွတ် ... ကလွတ် ... ဖွတ်"

ဟော ... ကြားရပြန်ပြီ။ ဆတ်ခနဲ နိုးကြားလာသော အာရုံဖြင့် ရာရာ အိပ်နေရာမှ ဖြုန်းဆို ထထိုင်လိုက်သည်။ တစ်ပြိုင်နက်တည်းမှာပင် ရာရာ့ လက်များက အနီးရှိစာကြည့်စားပွဲပေါ်မှ LED စားပွဲတင်မီးအုပ်ဆောင်းလေးရဲ့ ခလုတ်ဆီရောက်သွားတော့သည်။

မီးလင်းလာတော့ တစ်ဖက်ခုတင်ပေါ်မှ စိန်ရော့ပါ တအီးအီး တအင်းအင်းဖြင့် လူးလွန့်နိုးထလာသည်။

www.burmeseclassic.com



"ကလွတ် ... ကလွတ်"

"ဟဲ့ ... မိရာ၊ မီးဖွင့်ပြီး ဘာလုပ်နေတာလဲ၊ အား ... မျက်စိကျိန်းလိုက်တာ"

ရာရာက စိန်ကျော့ မေးခွန်းကို ပြန်မဖြေသေး အသံကြားရာ နေရာဆီ စူးစမ်းရှာဖွေလိုက်သည်။

"ကလွတ် ... ကလောက်"

ဟော ... သိပြီ။ အသံက ရာရာတို့ ခေါင်းရင်း ပြတင်းတံခါးဆီမှ လာခြင်းဖြစ်သည်။ ဒါဟာ တံခါးကို ခဲနဲ့ပေါက် နေသော အသံဆိုတာ ရာရာက အလွန်ပါးလှပ်လှသောဉာဏ် စဉ်းစားဆင်ခြင်မိလိုက်သည်။

ချက်ချင်းပင် ရာရာ ကုတင်ပေါ်မှဆင်းကာ တံ ရှိရာသို့ တရွေ့ရွေ့ ချဉ်းကပ်ရောက်ရှိလာခဲ့သည်။ လက်ထဲ လည်း အလင်းရောင်အား အလွန်ကောင်းလှသော လက်နှိပ် မီးတစ်လက် ကိုင်လျက်သား။

"ရာ ... ရာရာ ... ဘာ ... ဘာလဲဟင် ... ဘာသံတွေ

စိန်ကျော့ရဲ့ တိုးတုန်တုန်အသံ ထွက်လာ ရာရာမှာ နောက်ဘက်လှည့်ပြီး "ရှူး"ခနဲ လက်ညှိုးထောင် တိုးတိုးဟူသောပုံစံ လုပ်ပြလိုက်ရသေးသည်။ သို့သော် မိစိန် ကတော့ဖြင့် ခုတင်ပေါ်မှ မျောက်ခုန်သလို လွှားခနဲ ခုန်





ရာ့ခါးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားပြီးသား ဖြစ်လေ သည်။

"ရာရာ ... ငါ ကြောက်တယ်၊ ဘာလဲ ... ဘာလဲဟင်"

"ဩော် ... လွှတ်စမ်းပါဦးဟဲ့၊ နင်ကလည်း"

ရာရာက ပြောလည်းပြော၊ စိန်ကျော့ လက်များကို ည်း အတင်းဆွဲခွာ ဖြုတ်ယူပေမယ့် စိန်ကျော့ လက်များက နိမှာ ဂဏန်းလက်မထက်ပင် ပိုခိုင်မြဲနေလေသည်။

ထူးဆန်းလှစွာပင် ခဲနဲ့ပေါက်သံက တိခနဲ ပြတ် ောက်ဆိတ်သုဉ်းသွားကာ မူလအခြေအနေအတိုင်း ပြန်လည် ာ်ဆိတ်သွားပါသည်။

"အ ... အပြင်က ဘာလဲဟင် မိရာ"

"ဩော် ... ဘာမှမဟုတ်ပါဘူးဟယ်၊ ငါ ရေသောက်မလို့ ထတာပါ"

"ဟင့်အင်း ... ငါ ခုနက အသံကြားလိုက်တယ်၊ ကလောက် ကလောက်နဲ့"

"နင် စိတ်ထင်လို့ပါဟယ်၊ ပြန်အိပ်ပါ၊ ဘာမှမဖြစ်ပါ ဘူး"

ရာရာ အတင်းပြောသဖြင့် စိန်ကျော့က စူပွပွရှေ့ ကြောက်ရှိန်မပြယ်သေးသော ပုံစံဖြင့် အိပ်ရာပေါ် ပြန်တက်

www.burmeseclassic.com



သည်။ ထို့ပြင် စောင်ကိုပါ တစ်ခါတည်း ခေါင်းမြီးခြုံလိုက်လေသည်။

ရာရာလည်း အခန်းထဲမှ ခြေဖော့နင်းထွက်ရင်း အောက်ထပ် မီးဖိုခန်းရှိရာ ဆင်းလာခဲ့ပါသည်။ မျက်လုံးများကတော့ အိမ်ကြီးရဲ့နေရာအနှံ့အပြားသို့ စေ့စေ့စပ်စပ် စူးစမ်းအကဲခတ်လာခဲ့သည်။

တိုင်ကပ်နာရီကို ကြည့်လိုက်တော့ ညသုံးနာရီတိတိ။ ပြတင်းတံခါးကို ခဲနဲ့ပေါက်သူဟာ အမည်မသိ အမှောင်ထဲက ဟိုလူပဲ ဖြစ်နိုင်သည်။

ထိုသူဟာ သူခိုးတစ်ယောက်များလား။ ဖောက်ထွင်းဝိဇ္ဇာတစ်ယောက်လား။ သို့သော် မဖြစ်နိုင်ဘူးဟုလည်း စိတ်ထဲက ယုံကြည်နေမိပြန်သည်။

သူခိုးဆိုလျှင် ဟိုးအခေါက်တွေတည်းက တစ်အိမ်လုံး တက်တက်ပြောင်စင်အောင် ခိုးပြီးသွားလောက်ပြီ။ ပစ္စည်းဥစ္စာ လိုချင်တာထက် လူကို သက်သက် စိတ်အနှောင့်အယှက်ပေးချင်တာမှန်း သိသာလှပါသည်။

ရာရာသည် တွေးရင်း ဒေါသထွက်ထွက်နှင့် တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်မိပြန်သည်။ သို့သော် တစ်ဖက်ကလည်း ကြောက်ရွံ့ ဒီဂရီက တက်လိုက်ကျလိုက်။





ထမင်းစားခန်းရှိ ရေခဲသေတ္တာထဲမှ ရေသန့်တစ်ဘူး ထုတ်ယူမော့သောက်ပြီး ပြန်လှည့်ထွက်ဖို့ ပြင်လိုက်ဆဲမှာ ...

“ဖျပ် ... ဖျပ် ... ဖျပ်”

ရာရာ့ ခေါင်းမွေးတွေ ရုတ်ခြည်းထထောင်သွားသလို ခံစားလိုက်ရသည်။ ဒီအသံဟာ ခြေသံ၊ ထမင်းစားခန်းရဲ့မလှမ်းမကမ်းမှာရှိသော လှေခါးပေါ်မှ တစ်ထစ်ချင်း ဆင်းနင်းလျှောက်သံပင်ဖြစ်သည်။

စောစောလေးတင်ကမှ ဒီလှေကားပေါ်က ရာရာ ဆင်းခဲ့ရသေးသည်။ ဒါဆို ဒီခြေသံပိုင်ရှင်ဟာ ဘယ်သူလဲ။ ဖိနပ်သံက ယောကျ်ားစီးရှူး(စ်)ဖိနပ်ရဲ့ အောက်ခြေသံမျိုးဟု ရာရာထင်သည်။

ရာရာနှင့် စိန်ကျော့က အိမ်တွင်းစီး အရုပ်မွေးပွကွင်းထိုးဖိနပ်များ စီးသူမို့ ဒီလိုအသံမထွက်ပါ။ ထို့ကြောင့် စိန်ကျော့ ဆင်းလာတာလည်း မဖြစ်နိုင်။

ရာရာသည် ထမင်းစားခန်း တံခါးရွက် အကွယ်မှာ ပုန်းလျှိုးကွယ်လျှိုး ရပ်နေရင်းမှ လှေကားဆီသို့ ခိုးကြည့်လိုက်သည်။ ရင်တစ်ခုလုံးကတော့ နိမ့်ချည်မြင့်ချည်ဖြင့် ပြောမပြတတ်အောင် ဗလောင်ဆူဝေနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲ မကြောက်ဘူးဟု ဟန်ကိုယ့်ဖို့ အားတင်းခဲ့ရပေမယ့် ဒီလိုအဖြစ်အပျက်ကြီးကတော့ သာမန်လူဆို တက်မတက်၊ ချက်မတက် သတိလစ်သွားနိုင်လောက်အောင် သွေးပျက် ထိတ်လန့်ဖွယ်ရာပင် ဖြစ်သည်။ တဒင်္ဂလေးမှာပင် ရာရာ့ တစ်ကိုယ်လုံး ဇောချွေးများ ပျံ့နှံ့စီးဆင်းလာခဲ့သည်။

အမည်မသိ လူစိမ်းက လေ့ကားပေါ်မှ တစ်လှမ်းချင်း နင်းလျှောက်လာကာ အိမ်ရှေ့ဧည့်ခန်းပြတင်းပေါက်မှ လွှားခနဲ ခုန်ဆင်းပျောက်ကွယ်သွားတော့သည်။

ဒီပြတင်းပေါက်တံခါးကို ရာရာ ညက သေချာစေ့ဆေး ပိတ်ခဲ့ပြီးသားဖြစ်သည်။

ဘာမှစဉ်းစားမနေတော့ဘဲ ရာရာ ချက်ချင်း ပုန်းနေရာမှ ထွက်လိုက်ပြီး ထိုပြတင်းပေါက်မှ အောက်သို့ အလျင်စလိုငုံ့ကြည့်လိုက်သည်။ သို့သော် ဝန်းကျင်တစ်ခွင်လုံး ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေဆဲပင်။

လေ့ကားမီးချောင်းက မလင်းတလင်းမို့ ထိုသူ၏ ပုံပန်းသဏ္ဌာန်ကို ရာရာ သဲသဲကွဲကွဲ မမြင်လိုက်ရပါ။ အရိပ်လိုလို ဘာလိုလို ထင်ယောင်ထင်မှားသာ ရိုးတိုးရိပ်တိတ် မြင်ရခြင်းဖြစ်သည်။





ဆောင်းညကာလမှာ Aircon ဖွင့်ထားသော အိမ်ကြီးထဲ ရာရာ ချွေးပြန်နေခဲ့သည်မှာ ကြောက်ခမန်းလိလိပင်။ ပြတင်းတံခါးကို ဝုန်းခနဲ အသံမြည်အောင် ဆွဲပိတ်ရင်း ရင်ဘတ်ကို လက်ဖြင့်ဖိပိတ်ထားမိသည်။ အသက်ရှူရတာ မဝတော့သလိုပင် ခံစားရပါသည်။

စိန်ကျော် … စိန်ကျော့်ရော အခန်းထဲမှာ ဘယ်လိုနေနေမလဲ။ အတွေးမှ မဆုံးသေးခင် …

"မိရာ … မိရာရေ"

"ဝုန်း … ဒုန်း … ဒုန်း"

ညဝတ်ဂါဝန်ရှည်ကြီး တလွင့်လွင့်ဖြင့် လေ့ကားပေါ်မှ ဝရုန်းသုန်းကား ပြေးဆင်းလာသော စိန်ကျော့်ကြောင့် ရာရာ ဆတ်ခနဲ သတိဝင်လာရသည်။ စိန်ကျော့်က ရာရာ့ကိုမြင်သော် လွတ်ထွက်မှာစိုးသည့်အလား တင်းခဲပြည့်ကျပ်စွာ ပွေ့ဖက်ထားတော့သည်။

"ဟီး … ဟီး၊ ငါ ကြောက်တယ် မိရာရဲ့"

"စိန် … စိန်ကျော်၊ ငါ ရှိတယ်၊ ဘာမှမကြောက်နဲ့နော် သိလား"

"ငါ ခေါင်းမြီးခြုံပြီး ပြန်အိပ်မလို့လုပ်တုန်း အခန်းရှေ့က တစ်ယောက်ယောက် ဖြတ်သွားသံကြားလို့ ထွက်ကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်စုံပြည့်နဲ့ လူတစ်ယောက် ဒီလှေကားပေါ်က ဆင်းသွားတာ တွေ့လိုက်တယ်၊ နင်နဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ၊ ငါ မအော်မိအောင် အနိုင်နိုင် ထိန်းထားရတယ် ...

နောက်ဆုံး မအောင့်နိုင်တော့တာနဲ့ နင့်နာမည်အော်ပြီး ပြေးဆင်းလာတာ၊ နင်ရော တွေ့ ... တွေ့လိုက်လား ဟင် ရာရာ"

"အင်း ... ခြေ ... ခြေသံပဲ ကြားလိုက်တယ်"

မပြောမပြီး၊ မတီးမမြည်မို့ ရာရာမှာ အသံကြားခြင်းတစ်ဝက်ကိုသာ ပြောပြီး အကောင်လိုက် တွေ့လိုက်ရခြင်းကိုတော့ မသိမသာ ထိန်ချန်ထားလိုက်ရသည်။

"ငါ ... ငါတို့ ဘာဆက်လုပ်ကြမလဲဟင် ရာရာ၊ ငါစိတ်ညစ်လိုက်တာ"

ရာရာသည် ထိုခဏမှာ မထင်မှတ်ဘဲ သူ့မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လိုက်မိသည်။ ဟုတ်ပြီ။ ခုချိန်မှာ သူ့ကိုဖုန်းဆက်ခေါ်လိုက်တာ အကောင်းဆုံးဖြစ်မည် ထင်ပါသည်။

ချက်ချင်းပင် ရာရာ သူ့ဆီ ဖုန်းခေါ်လိုက်သည်။ သူ အိပ်ရေးပျက်မှာကို အားနာစိတ်ပူမိပေမယ့် မတတ်နိုင်။ ရာရာတို့အတွက် တစ်ယောက်တည်းသော အားကိုးရာမှာ သူမှလွဲ၍ အခြားမရှိနိုင်တော့ပါ။





ကံကောင်းထောက်မစွာပင် သူ့ဖုန်းကို အလွယ်တကူပဲ ခေါ်လို့ရပါသည်။ သူက အိပ်ချင်မူးတူးလေသံဖြင့် လေးတွဲ့တွဲ့လေး ပြန်ထူးသည်။

"ဟယ်လို ... ညစ္စူးပါ"

"ညစ္စူး ... ကျွန် ... ကျွန်မ ရာရာပါ"

"ဗျာ ... ရာရာ၊ ဘာ ... ဘာဖြစ်လို့လဲ၊ ပြောပါ"

ချက်ချင်းပင် သူ့အသံက ပျာပျာသလဲ ရေးကြီးသုတ်ပျာဟန် ပေါက်သွားသည်။ ထိုဂရုစိုက်မှုလေးကြောင့် ရာရာ့အကြောက်တရားတွေ တစ်ဝက်လျော့ကျသွားသလိုပင်။

"ကျွန်မ ... ကျွန်မတို့ဆီကို အခု ခဏလာပေးဖို့ ရမလား ညစ္စူး၊ အ ... အရေးကြီးလို့ပါ"

"ဟာ ... ရတယ်၊ လာခဲ့မယ်၊ ခဏလေးစောင့်နော်"

"ဟို ... ကျွန်မတို့ ညစ္စူးကို အားလည်းနာပါတယ်၊ ကျွန်မတို့ကို တစ်မျိုးမထင်ပါနဲ့နော်၊ ကျွန်မတို့မှာ အားကိုးစရာဆိုလို့ ညစ္စူး တစ်ယောက်ပဲ ရှိလို့ပါ"

"သြော် ... ဒါတွေ ပြောနေစရာ မလိုပါဘူး၊ ကဲ ... ခဏစောင့်နော်၊ ကျွန်တော် လာပြီ"

ရာရာသည် သူနှင့် ဖုန်းပြောပြီး ဆိုဖာပေါ် အရုပ်ကြိုးပြတ် ပစ်လှဲချလိုက်သည်။ စိန်ကျော့ကလည်း တွန်တွန်ယင်



www.burmeseclassic.com

www.burmeseclassic.com



ယင်ဖြင့် ရာရာ့ဘေးမှာ ဝင်ထိုင်ပါသည်။ နှစ်ယောက်သား စကားဆိုဖို့ မေ့လျော့စွာ နှုတ်ဆိတ်နေမိကြသည်။

ခဏကြာတော့ တံခါးခေါက်သံ ကြားရသည်။ ဒါ သူပဲ ဖြစ်မှာပင်။ ရာရာ ချက်ချင်းပင် ထိုင်ရာမှထကာ တံခါးဖွင့်ပေးတော့ စိုးရိမ်သက်ာမကင်းသော မျက်နှာတစ်ခု ဘွားခနဲ ပေါ်လာသည်။

အိပ်ရာထဲမှ အလျင်စလို ထထွက်လာရဟန်တူသော ဆံပင်ဘုတ်သိုက်၊ အဆီတဝင်းဝင်း မျက်နှာလေးကိုပင် ခုချိန်မှာ အားကိုးစိတ်ဖြင့် ရာရာ မျှော်လင့်တကြီး မော့ကြည့်မိပါသည်။

သူက ရာရာတို့နှစ်ယောက်မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်ရင်း ...

"ရာရာနဲ့ စိန်ကျော့ ဘာဖြစ်ကြတာလဲဟင်၊ အိမ်မှာ ဘာထူးလို့လဲ"

"ထိုင် ... ထိုင်ပါဦး ညစ္စူး၊ ကျွန်မ ရှင်းပြပါ့မယ်"

သုံးယောက်သား ဆိုဖာပေါ် အသီးသီး ထိုင်ကြပြီးချိန်မှာ စိန်ကျော့က ကျောက်ရုပ်လို မလှုပ်မယှက် ငြိမ်သက်နေပြီး ရာရာကသာ ဖြစ်ကြောင်းကုန်စင်ကို သူ့အား ရှင်းပြလိုက်ရပါသည်။ သူက ရာရာ ပြောသမျှ အစအဆုံးကို ဘာမှဝင်မမေး၊ ဝင်မပြောဘဲ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေခဲ့သည်။





သူ့မျက်နှာပေါ်မှာတော့ အလွန်အမင်း စိုးရိမ်ပူပန်နေမှုများမှလွဲ၍ ဘာမှရှိမနေခဲ့။

"အဲဒါပါပဲ ညစ္စူး၊ ကျွန်မတို့ ဘာလုပ်ရမှန်းမသိတော့လို့ ရှင့်ဆီဆက်လိုက်တာပါ"

"ဒါဆို ဒီလူဟာ တော်တော်ဇာတင့်ရဲလာပြီလို့ ယူဆရတော့မယ်၊ ဒါပေမဲ့ ခုချိန်ထိ လူကိုဘာအန္တရာယ်မှ မပေးသေးတာလဲ စဉ်းစားစရာပဲ၊ အဓိကအချက်က သူ ဘာလိုချင်တာလဲ၊ ရာရာတို့ကို တမင်စိတ်ဒုက္ခရောက်အောင်လုပ်နေတာ ဘာ့ကြောင့်လဲ၊ ရာရာတို့မှာ ရန်ငြိုးရန်စတွေတော့ မရှိပါဘူးနော်"

"မရှိပါဘူး ညစ္စူးရယ်၊ နောက်ပြီး ကျွန်မတို့က ဟိုးအရင်တုန်းကပဲ ရန်ကုန်ကို အလည်ပတ်သဘောမျိုး လာဖူးတာ၊ ဒီကလူတွေနဲ့ ရန်ငြိုးရှိဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

"ဒီလူ့လုပ်ရပ်က တော်တော်တော့ ထူးဆန်းတာအမှန်ပဲ ရာရာ၊ ကျွန်တော်တို့ ရဲတိုင်လိုက်ရင် ကောင်းမလား၊ ရာရာ ဘယ်လိုလုပ်ချင်လဲ"

ဒီအချက်ကို ရာရာလည်း စဉ်းစားမိပါသည်။ သို့သော် အခြေအနေက ဘာမှန်းသေချာမသိသေးသည်မို့ ဖေဖေ့ဂုဏ်သိက္ခာ၊ ရာရာတို့ မိန်းမပျိုလေးတွေရဲ့ဂုဏ်သိက္ခာကို ထောက်ထားပြီး ရှုပ်ရှုပ်ယှက်ယှက်တွေ ထပ်ဖြစ်လာမှာ စိုးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲတိုင်လျှင် ပတ်ဝန်းကျင်က ပို၍စူးစမ်းလာတော့မည်။ သို့လော သို့လော အတွေးများဖြင့် ရာရာတို့ကို တစ်မျိုးမြင်ကြတော့မည်။ ထိုမျှအထိ ဖြစ်သွားလောက်အောင်တော့ မဖန်တီးချင်သေးပါ။ စိန်ကျော့ကလည်း အခြေအနေ သိပ်ဆိုးလာလျှင် နယ်ပြန်ဖို့သာ စိတ်ကူးရှိပြီး ရန်ကုန်မှာ ရဲတိုင်ဘာတိုင်တွေ မလုပ်ချင်မှန်း ရာရာသိသည်။

"ရဲတော့ မတိုင်ချင်သေးဘူး ညစူး။ ကျွန်မ အဲဒီလောက်ထိ မစဉ်းစားထားသေးပါဘူး၊ ကျွန်မ ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ ဖော်ထုတ်ချင်တယ်"

"ကျွန်တော်က စိုးရိမ်လို့ပါ"

သူက ထိုစကားပြောပြီး ရာရာ့မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်သည်။ ထိုအကြည့်လေးတစ်ချက်ကြောင့် (မရှက်တမ်းဝန့်ခံရလျှင်) ရာရာ့ရင်ထဲက အကြောက်တရားတွေအားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တော့သည်။

"စိန်ကျော့ ... နင် အရှမ်းကြောက်နေပြီလားဟင်"

"ကြောက်မိတာတော့ သတိလစ်မတတ်ဘဲ ရာရာရယ်"

"ဒါဆို ... နင် ပြန်မလားဟင်"

ရာရာက စိန်ကျော့ ပခုံးလေးကိုဖက်ပြီး စိတ်မသက်သာစွာ မေးလိုက်ရသည်။ သူငယ်ချင်းမလေးကိုလည်း သနားရပါသည်။ စိန်ကျော့က ရာရာ့မျက်နှာကို ဆတ်ခနဲ လှည့်ကြည့်ပြီး ဖြည်းဖြည်းချင်း ခေါင်းခါယမ်းသည်။

စိန်ကျော့ ရာရာ့ကို ဘယ်လောက်ချစ်လဲဆိုတာ အသိဆုံးမို့ ရာရာ့ဘေးကနေ ခွဲထွက်သွားဦးမှာ မဟုတ်ဟု ထင်မိသည့်အတွက် ကျေနပ်ရပါသည်။

"ငါကြောက်ပေမယ့် နင့်ကိုတော့ တစ်ယောက်တည်း မထားခဲ့နိုင်ပါဘူး၊ နင် ငါ့အပေါ် ကောင်းခဲ့ဖူးတာတွေ အများကြီးပဲ၊ ရန်ကုန်ကို အတူတူတက်လာပြီးမှ ဒီကိစ္စတွေကြုံလာလို့ ငါ နင့်ကို ပစ်ထားခဲ့ရမှာလား"

"ဒါဖြင့် နင် ဒီနားက အဆောင်တစ်ခုခုမှာ ငှားနေရင်ရော"

"ဟင့်အင်း ... ငါ ဘယ်ကိုမှ မသွားဘူး၊ နင်နဲ့ပဲနေမယ်"

"ကျွန်တော်လည်း ရှိနေတာပဲ စိန်ကျော့ရယ်၊ ဘာမှမကြောက်ပါနဲ့၊ စိန်ကျော့တို့အပေါ် ကျရောက်လာမယ့် အန္တရာယ်တွေ မှန်သမျှ ကျွန်တော် အတတ်နိုင်ဆုံး ရင်ဆိုင်ဖြေရှင်းပေးပါ့မယ် ...

ဒီညတော့ ရာရာတို့ အပေါ်မှာ စိတ်ချလက်ချအိပ်ပါ၊ ကျွန်တော် မိုးလင်းတဲ့အထိ မအိပ်ဘဲ ထိုင်စောင့်ပေးပါ့မယ်"







www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အဲလိုတော့ မလုပ်ပါနဲ့ ညစူး၊ ရှင်ပြန်ပါ၊ ကျွန်မ တို့ ကြံရာမရဖြစ်လို့သာ လှမ်းခေါ်လိုက်ရတာ၊ အရမ်း လည်း အားနာပါတယ်"

"ရပါတယ်၊ ကျွန်တော့်ကို ယုံတယ်ဆိုရင် ရာရာတို့အပေါ် ထပ်မှာ စိတ်ချလက်ချအိပ်ပါ၊ ကျွန်တော် ဒီဆိုဖာပေါ်မှာပဲ လှဲရင်း စောင့်ပေးပါ့မယ်"

"ကျွန်တော့်ကို ယုံတယ်ဆိုရင်"ဆိုသော စကားဖြင့် ချည်တုပ်လာသော သူ့ကို ရာရာရော စိန်ကျော့ပါ ခွန်းတုံ့မပြန် မိကြပါ။ ထို့ပြင် နှစ်ယောက်လုံး ရင်ထဲကလဲ "သူ့အစီအစဉ် ကောင်းပါတယ်"ဟူသော ကောက်ချက်မျိုး ကိုယ်စီချမိကြသည်။

အထူးသဖြင့် ရာရာ့စိတ်ထဲမှာ သူ စောင့်ပေးလျှင် အရာရာ လုံခြုံနေမှာပဲဟု ယုံကြည်မိသောကြောင့် သူ့အကူအညီ ကို လက်ခံဖို့ ဆုံးဖြတ်လိုက်ခြင်းပင်။

"ဒါဆို ကျွန်မ စောင်နဲ့ ခေါင်းအုံး ယူလာပေးမယ်၊ အိမ် မှာ ခြင်လုံဆန်ခါတပ်ထားတာဆိုတော့ ခြင်ထောင် ထောင် စရာတော့ မလိုပါဘူး"

"ရတယ် ရာရာ မယူပါနဲ့၊ ကျွန်တော် ဒီခေါင်းအုံးလေးနဲ့ ပဲ လှဲပါ့မယ်"





သူက ဧည့်ခန်းမှာ အလှထားသော အသည်းပုံဖဲ ခေါင်းအုံးလေးကို ညွှန်ပြရင်း ဆိုသည်။ သို့သော် ရာရာက သူ့ အတွက် စောင်တစ်ထည် အပိုယူလာပေးလိုက်ပါသည်။

ထို့နောက် ရာရာတို့နှစ်ယောက် အပေါ်ထပ်ကိုယ့် အခန်းဆီ ပြန်ခဲ့ကြသည်။ နာရီကြည့်လိုက်တော့ လေးနာရီထိုးပြီ မို့ အိပ်ဖို့ဆန္ဒမရှိကြတော့ပါ။ အိပ်လည်း မအိပ်ချင်ကြသလို ဘာ စကားမှလဲ မပြောဖြစ်ကြ။

နေရောင်လင်းလာမည့် နံနက်ခင်းဆီသို့ မြန်မြန် ရောက်ရန်သာ နှစ်ယောက်လုံး တိတ်တိတ်လေး ဆုတောင်းနေမိ ကြသည်။

ရာရာ့ရင်ထဲမှာတော့ တစ်စုံတစ်ခုအတွက် လုံခြုံ စိတ်ချပြီး အေးချမ်းမှု ရှိနေသည်မှာ ထူးဆန်းအံ့ဖွယ်ရာဖြစ်လေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာရာသည် မျက်နှာသစ်၊ ရေချိုးပြီး ညဝတ်အင်္ကျီ လဲကာ တီရှပ်အဖြူနှင့် သရီးကွာတားဂျင်းပန်ကို ပြောင်းလဲဝတ်ဆင်ပြီး အောက်ထပ်ဆင်းလာခဲ့သည်။ လေးနာရီခွဲလောက်မှာ တစ်မှေးမှေးလိုက်မိသဖြင့် နိုးလာတော့ ခြောက်နာရီထိုးပြီဖြစ်သည်။

စိန်ကျော့ကတော့ ညက အိပ်ရေးပျက်ထားသော အရှိန်ဖြင့် ဒီမနက်မှာ စိတ်ချလက်ချပင် အိပ်မောကျနေလေသည်။

ဧည့်ခန်းထဲရောက်တော့ သူ့ကို ဆိုဖာပေါ် ပက်လက် လှဲလျက်သား တွေ့လိုက်ရသည်။ သို့သော် သူက အိပ်ပျော်ပုံမရ ဘဲ လက်နှစ်ဖက်ကို နဖူးပေါ်တင်ကာ မျက်လုံးတွေ ဟိုဒီရွေ့လျက် တစ်ခုခုကို စဉ်းစားနေပုံပင်။

ရာရာ့ကိုမြင်တော့ ဆတ်ခနဲ ထထိုင်ပြီး ရယ်လျက် နှုတ်ဆက်သည်။

"အိပ်ပျော်ရဲ့လားဟင် ရာရာ"





"ဟုတ်ကဲ့၊ ညစူးရော ကြည့်ရတာ မိုးလင်းထိ ဒီပုံစံအတိုင်း ထိုင်စောင့်နေတယ်နဲ့တူတယ်၊ ဟုတ်လား"

"ကိုယ် စဉ်းစားနေတာပါ ရာရာ"

"စဉ်းစားတယ် ! ဟုတ်လား"

"အင်း ... ဒီအိမ်ကြီးရဲ့ ဖြစ်ရပ်ဆန်းကြယ် အကြောင်းတွေကိုလေ၊ ဒါပေမဲ့ ကိုယ် စဉ်းစားသမျှ ဘာတစ်ခုမှ အဖြေပြန်မရဘူး ဖြစ်နေတယ်"

"ဟုတ်တယ်၊ ကျွန်မလည်း ရထားတဲ့ဖလော်ဘွဲ့နဲ့တန်အောင် ဘက်ပေါင်းစုံကနေ တွေးတောစဉ်းစားကြည့်တာပဲ၊ ဒါပေမဲ့ nothing ပဲ၊ ဘာမှရမလာဘူး"

"ကိုယ် တစ်ခုလောက် မေးကြည့်ချင်တယ်၊ ရမလားဟင်"

ရာရာသည် သူ့အပြောကြောင့် သူ့မျက်နှာကို တစ်ချက်လှမ်းကြည့်မိသည်။ သူ့မျက်ဝန်းထဲမှာ ပဟေဠိအရိပ်အမြွက်တချို့ ယှက်သန်းထင်ဟပ်နေသလိုပင်။

"ဘာမေးမှာလဲ ညစူး"

"ကိုယ်တို့ စပ်စုတယ်လို့တော့ မထင်ပါနဲ့၊ ဒီအိမ်ကို ရာရာတို့ ဘယ်လိုအဆက်အသွယ်နဲ့ ဝယ်ဖြစ်သွားတယ်ဆိုတာ၊ အဲဒါလေး သိချင်လို့ပါ၊ ပြီးတော့ ဘယ်သူ့ဆီက ဝယ်တာလဲ၊ အဲဒီအိမ်ရှင်တွေအကြောင်းသိရင် ဒီပြဿနာတွေအတွက် သဲလွန်စတစ်ခုခုများ ရလာမလားလို့ပါ"



www.burmeseclassic.com

သူ့မေးခွန်းများအတွက် ရာရာ မသိမသာ သက်ပြင်း ရှိုက်မိသည်။ အင်း ... ဒီအဖြေကိုပေးဖို့ ဖခင်ဖြစ်သူ ဦးအောင်မြင့် ကို လှမ်းခေါ်ရမလို ဖြစ်နေပြီ။

"ဒီအိမ်ကို ကျွန်မဖေဖေ ဝယ်ခဲ့တာပါ ညစ္စး၊ ဘယ်လို အကြောင်းနဲ့ ဘယ်အချိန်တုန်းက ဝယ်လိုက်မှန်းတော့ ကျွန်မ မသိခဲ့ပါဘူး၊ ရန်ကုန်မှာ သင်တန်းတက်ဖို့အကြောင်း ဖန်လာတော့မှ ဖေဖေက ကျွန်မကို ဒီအိမ်သော့ထုတ်ပေးပြီ သွားခိုင်းတာ၊ မြန်မာပြည် အရပ်ရပ်က မြို့တော်တော်များ များမှာ ဖေဖေ့ရဲ့ရုံးခွဲ၊ ကုမ္ပဏီခွဲတွေ ရှိတယ်လေ ...

ဖေဖေက အားရင်အားသလို ခရီးထွက်နေရတာ ကျွန်မက ကျွန်မရဲ့မွေးရပ်ဇာတိနယ်က အိမ်လေးမှာပဲနေ ရင်း ကြီးပြင်းလာတာလေ၊ ဖေဖေ့ အလုပ်ကိစ္စတွေအကြောင်း ဘာမှ သိနားလည်တာ မဟုတ်ဘူး ...

ဒီရန်ကုန်က အိမ်အကြောင်းကိုလည်း ကျွန်မ ဖေဖေ့ ဆီက ဘာမှ တွေတွေထူးထူး မသိထားပါဘူး"

"အင်း ... ရာရာ့ဖေဖေ ဝယ်ခဲ့တယ် ဆိုတော့လည်း ရာရာ မသိနိုင်တာ သဘာဝကျပါတယ်၊ တကယ်လို့ အရင်အိမ် ရှင်တွေအကြောင်းသိရင် နည်းနည်း စဉ်းစားရလွယ်မလား လို့မေးကြည့်တာပါ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ပါ ...

ရာရာ့ဘေးမှာ ကိုယ် အမြဲတမ်း ရှိနေမှာပါ"



သူ့ရဲ့တစ်မျိုးဆန်းလှသော စကားအဆုံးမှာ ရာရာ့ င်ထဲ သိမ့်ခနဲ တုန်သွားသည်။ သူ့မျက်နှာကို မရဲတရဲ လှမ်း ကြည့်လိုက်တော့ သူက သူ့စကားအတွက် အားနာသွားသလို ိုင်ရာမှ ထရပ်ရင်း အိမ်ပြန်ရန် ပြင်ပါသည်။

"ကိုယ် ပြန်တော့မယ်နော်၊ ညကျရင် မအိပ်ခင် ဖုန်းထပ် ဆက်မယ်၊ ဒီနေ့မနက်တော့ လမ်းထွက်မလျှောက်နဲ့တော့ နော်၊ ညက အိပ်ရေးပျက်ထားတာ ပင်ပန်းနေလိမ့်မယ်၊ ပြန်နားချင် နားလိုက်တော့"

"ရပါတယ် ညစ္စး၊ ကျွန်မ မနားတော့ပါဘူး၊ Breakfast အတွက် တစ်ခုခုစားပြီးမှ ပြန်ပါလား၊ ကျွန်မ စီစဉ်လိုက် မယ်လေ"

သူက ရာရာ့စကားကြောင့် မျက်ခုံးပင့်ကြည့်ကာ ဘာ်ခနဲ တစ်ချက်ရယ်သည်။ ထို့နောက် နားထင်ကို လက်ညှိုးနှင့် ုတ်ရင်း ...

"ရပါတယ်ဗျာ၊ ကျွန်တော် မစားတော့ပါဘူး"

"ဘာလဲ ... အားနာလို့လား"

"မဟုတ်ပါဘူးဗျာ"

သူက ကိုယ်ပြောလိုက်၊ ကျွန်တော်ပြောလိုက်ဖြင့် ခမ်းစားတွေ မငြိမ်မသက်ဖြစ်နေတော့သည်။

www.burmeseclassic.com



"အားမနာရင် စားပါ၊ ကျွန်မ မြီးရှည်လုပ်တတ်တယ်၊ ဈေးကလိုအပ်တဲ့ပစ္စည်းတွေလည်း ဝယ်ထားတာရှိတယ်၊ လုပ်လိုက်မယ်နော် ...

ရှင် အိမ်ပြန်ပြီး ရေချိုး၊ မျက်နှာသစ်ရင်သစ်လေး နောက်မှ အဝတ်အစားလဲပြီး ပြန်လာခဲ့ပေါ့၊ ဟုတ်ပြီလား"

နောက်ဆုံးတော့ သူ ဆက်မငြင်းတော့ဘဲ အားနာနာနှင့် လိုက်လျှောဖို့ ဆုံးဖြတ်လိုက်ပုံရသည်။ သူ ပြန်သွားတော့ ရာရာက ဟင်းချက်နည်း စာအုပ်ထုတ်ကာ စပါယ်ရှယ်မြေအိုးမြီးရှည်ကို ကိုယ်တိုင်ကိုယ်ကျ လုပ်လိုက်ပါသည်။

အားလုံးချက်ပြုတ်ပြင်ဆင်ပြီးတော့မှ စိန်ကျော့တစ်ယောက် အိပ်ရာနိုးလာသည်။

"ဝါး ... မိရာ၊ မွှေးနေတာပဲ၊ ဘာတွေလဲဟ"

"အိပ်ပုပ် ... အာပုပ်နံ့ကြီးနဲ့ သမ်းမနေနဲ့၊ သွား ... မျက်နှာသွားသစ်၊ ပြီးရင် ညစ္စူးလည်းလာမှာ၊ ငါ မြီးရှည်လုပ်ထားတယ်"

"အိုး ... so good ပါပဲ၊ ဟဲ့ ... ဒါနဲ့ ဘာ ... ဘာတွေထူးသေးလဲဟင်"

စိန်ကျော့တစ်ယောက် ချက်ချင်းပင် ပြူးတူးကြောင်တောင်သဏ္ဍာန်မျိုးပေါက်ကာ အလောသုံးဆယ် မေးလာတာမို့ ရာရာမှာ သူ့ငယ်ချင်းမကိုကြည့်ပြီး ပြုံးလိုက်မိရသေးသည်။





"ညက ညစ္စူး တစ်ယောက်လုံး စောင့်ပေးတာပဲ၊ ဘာဖြစ်ရဦးမှာလဲ မိန်းမရဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ငါလည်း ကြောက်ကြောက်နဲ့ အိပ်ပျော်သွားတာ၊ အေးလေ အခြေအနေမထူးရင်လည်း ပြီးတာပဲ၊ ငါ ရေချိုးလိုက်ဦးမယ်"

ပြောပြောဆိုဆို စိန်ကျော့တစ်ယောက် ရေချိုးခန်းထဲ ဝင်သွားသည်။ ခဏကြာတော့ ရာရာတို့ရဲ့ Breakfast ဝိုင်းလေးမှာ သုံးယောက်သား ဆုံမိကြပါသည်။

သူက ဂျော်ဒန်နီး တီရှပ်ဖြူနှင့် ဂျင်းပန်ပြာဖျော့ဆော့ ဝတ်ဆင်ကာ ခေါင်းလျှော်ပြီးစ ဆံပင်ရေစိုစို ရှုပ်ပွပွကို အလွင့်လွင့်ခါရင်း စားပွဲဝိုင်းမှာ ဝင်ထိုင်သည်။ ထို့နောက် ခုံပေါ်သို့ CD လေးတစ်ချပ် လှမ်းတင်ပြီး ရာရာ့ရှေ့ ရွှေ့ပေးပါသည်။

"ဟော့ ... ဟော့ ... ဘာတွေလဲ၊ ဘာတွေလဲ"

စိန်ကျော့က ကြားထဲက အရွှန်းထဖောက်တာမို့ သူ့မျက်နှာ ပြုံးယောင်သမ်းသွားရာ ရာရာ ရှိရာ တစ်ချက်လှမ်းကြည့်ပြီး ...

"ကျွန်တော် ညက နားထောင်တဲ့ Selection ခွေလေ၊ ကျွန်တော်ပြောတဲ့ အဆိုတော်တွေအပြင် နိုင်ငံခြားအဆိုတော် Akon ရဲ့သီချင်းတွေလည်း ပါတယ်"



www.burmeseclassic.com

"ဟယ် ... ရှင်လည်း Akon ကြိုက်တယ် ဟုတ်လား ကြည့်စမ်း ... ကျွန်မနဲ့ တူပြန်ပြီ၊ ကျွန်မလည်း သူ့သီချင်းတွေ ကြိုက်လွန်းလို့ အရင်က Phone Ring တောင်သုံးထားတာ၊ ခုမှ ပူစူးသီချင်းပြောင်းထားတာ၊ ကျေးဇူးပဲနော် နားထောင်ပြီးရင် ပြန်ပေးပါ့မယ်"

"ရတယ် ရာရာ၊ ကျွန်တော့် Memory stick ထဲမှာ ရှိသေးတယ်၊ နောက်မှ ကျွန်တော် အခွေပြန် Burn လိုက်မယ်၊ ရာရာ အပိုင်ယူလိုက်ပါ"

"ဒါဆို ကျေးဇူးထပ်တင်သွားပြီ၊ ကျွန်မလက်ရာ မီးရှူး အဝစားရမယ်နော်"

"အမယ်လေး ... လေး၊ သင်းတို့က သည်သို့သည်နှယ် တွေတောင် ဖြစ်ကုန်ကြပြီပေါ့လေ၊ ဟုတ်လား၊ ညစူး ... ကျွန်မကိုရော ရှင် ဘာခွေပေးမှာလဲ"

"အဟဲ ... စိန်ကျော့ ဘာကြိုက်လဲ၊ ပြောလေ"

"ကျွန်မကတော့ လူကြီးပီပီ ကာတွန်းကားပဲ ကြိုက်တယ်၊ ဟို ကြောင်နဲ့ကြွက် Tom and Jerry လေ"

"သြော် ... သိပြီ၊ ရတယ်လေ၊ ကျွန်တော် ဝယ်ပေးမယ်နော်"

"အဟီးဟီး ... အလကား စတာနော်၊ တကယ် အတည် ထင်နေဦးမယ်၊ ကဲပါ ... ရာရာ့လက်ရာ မီးရှူးအဝအပြအားပေးလိုက်ရအောင် ..."





ကျွန်မတို့ ဘိုရာက ရုပ်ရှင်ရိုက်သလို မီးရှူးလည်း လုပ်တတ်တယ်နော့"

"သြော် ... စိန်ကျော့ ပြောမှပဲ ကျွန်တော် တစ်ခုဝန်ခံဖို့ သတိရတော့တယ်"

"ဘာတုန်းရှင့်"

"ကျွန်တော် ခုရက်ပိုင်းအတွင်း Snow Queen ကို ပဋ္ဌမ အကြိမ်မြောက် ပြန်ကြည့်ဖြစ်နေတယ်၊ အဲဒါပြောမလို့ပါ"

သူ့စကားကြောင့် ရာရာ့လက်ထဲက တူနှစ်ချောင်း ဒန်းကန်ထဲ မသိမသာ ပြုတ်ကျသွားခဲ့ရသည်။ ထိုပြင် စိန်ကျော့ ဘလည်း သူ မမြင်အောင် စားပွဲအောက်ကနေ ရာရာ့ပေါင်ကို သိမ်းတို့ပါသည်။ "ဇာတ်လမ်းတော့စပြီ"ဆိုသည့်သဘော။

"ဟုတ်လား ... ဘယ်အခန်းထိ ရောက်သွားပြီလဲ၊ ပြောပါဦး"

"ဘိုရာ ... သူ့အဖေ အိမ်ပေါ်ကဆင်းပြီး ဟန်ဒက်ဂူရှိတဲ့ နေရာမှာ လာနေတဲ့ အခန်းလေ၊ စတိုးဆိုင်မှာ အလုပ်ဝင်လုပ်တာ၊ အဲဒီအခန်းရောက်ပြီ စိန်ကျော့ရဲ့၊ ဒါပေမဲ့ ကျွန်တော် ဘိုရာ နေမကောင်းဖြစ်တဲ့ အခန်းရောက်ရင် ဆက်မကြည့်ချင်တော့ဘူး၊ အရမ်းသနားလို့"

"ရှင် ဘိုရာ့ကို တော်တော်ကြိုက်တာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ချက်ချင်းမဖြေသေးဘဲ ရာရာ့မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ မချိုမချဉ်မျက်နှာပေးဖြင့် ဆိုပါသည်။

"အရမ်းကြိုက်တာ စိန်ကျော့၊ မျက်လုံးလေးဝင့်ပြီး နှုတ်ခမ်းရူရူလေးနဲ့ စကားပြောတတ်ပုံလေးဆိုရင် ကျွန်တော့်အသည်းစွဲပဲ"

"အဲဟီးဟိ ... ရှင် တော်တော်ရယ်ရတာပဲ ညီစူးရယ်"

"ကဲ ... တော်ပါတော့၊ စကားများနေတာနဲ့ မြီးရှည်တွေ အေးကုန်တော့မယ်၊ စားကြတော့"

ရာရာ လှမ်းဟန့်လိုက်မှ သူက မျက်နှာပိုးသတ်ပြီး မြီးရှည်ငုံ့စားနေပါသည်။ စိန်ကျော့ကတော့ ရာရာ့မျက်နှာကို အဓိပ္ပာယ်တစ်မျိုးဖြင့် လှမ်းကြည့်ပြီး ပြုံးစိစိ လုပ်နေခဲ့သည်၊

ခုချိန်မှာ ရာရာ့စိတ်ထဲ ညက လူစိမ်းကိစ္စကို ထူးထူးခြားခြားပင် မေ့ပျောက်နေမိသည်။ ထို့ပြင် အမည်ဖော်ရခက်သော လုံခြုံနွေးထွေးမှုတစ်မျိုးကိုလည်း အလိုလို ခံစားသိရှိနေရလေသည်။

✧ ✉ ✧





ထိုနေ့နောက်ပိုင်းမှစ၍ အိမ်ကြီးထဲမှာ ဘယ်လိုချောက်ချားမှုမျိုးကိုမှ ထပ်မကြုံရတော့ပါ။ အဲဒီအတွက် ရာရာ့ရော စိန်ကျော့ပါ စိတ်ချမ်းသာရသည်။

အိမ်ကြီးထဲမှာ မထူးခြားပေမယ့် သူနှင့် ရာရာ့အတွက် ထူးခြားမှု တစ်ချို့တလေတော့ တိုးပွားဖြစ်ထွန်းခဲ့ပါသည်။ ထိုထူးခြားမှုမှာ ညအိပ်ရာဝင်ခါနီးတိုင်း ပုံမှန်ဖုန်းပြောလေ့ရှိသော အလေ့အထတစ်ခုကို နှစ်ယောက်စလုံး စိတ်တူကိုယ်တူ တည်ထောင်ခဲ့ကြခြင်းပင်ဖြစ်သည်။

ဖုန်းဆက်တိုင်း သူ့ဘက်ကပဲ အရင်စခေါ်တတ်ပါသည်။ ရာရာသည် သူနှင့်ညစဉ်ရက်ဆက် ဖုန်းပြောပြီးမှ အိပ်ရာဝင်ရသည့် အရသာကို ခုံမင်နှစ်သက်ခဲ့ပြီဖြစ်သည်။ ရာရာတို့နှစ်ယောက်ကြားက မမြင်ရသော ကြိုးတစ်ချောင်းသည်လည်း တစ်စတစ်စ ခိုင်မာမြဲမြံလာခဲ့ပြီဖြစ်ကြောင်း နှစ်ယောက်လုံး ခံစားသိခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သံ့ယောဇဉ်"ဟုသာ ရာရာက လွယ်လွယ်လေး ခေါင်းစဉ်တပ်ထားခဲ့သည်။ စိန်ကျော့ကတော့ ပွင့်ပွင့်လင်းလင်းပင် ထင်မြင်ယူဆချက် ပေးလာပြန်သည်။

"နင်တို့ တစ်ယောက်ကိုတစ်ယောက် လိုအပ်နေကြပြီ၊ တစ်ယောက်နဲ့တစ်ယောက် ဖုန်းမပြောဘဲ နေနိုင်ကြတော့ဘူး၊ တစ်ယောက်အပေါ် တစ်ယောက် ခင်တွယ်နေကြပြီ၊ အဲဒါ အချစ်ဆိုတဲ့ မုန်တိုင်းတိုက်တော့မယ့် လေပြည်အစပဲ ရာရာ ...

ငါ ထင်တဲ့အတိုင်းပဲ သူ နင့်ကိုချစ်နေတာ ကျိန်းသေပြီ"

စိန်ကျော့ ထိုသို့ပြောတိုင်း ရာရာ ရှက်ရွံ့ထူပူနေသည့်ကြားမှ ကျေနပ်ပီတိ ဖြာရပါသည်။ အရိပ်တစ်မျိုးထည့်သွင်းပြီး စူးစူးနစ်နစ် စိုက်ကြည့်တတ်သည့် သူ့မျက်ဝန်းများရဲ့အဖြေကိုလည်း ရာရာ အမိပ္ပာယ်ဖော်သင့်သလောက် ဖော်တတ်ခဲ့သည်။

သူက ညဘက် ဖုန်းပြောပြီး ဖုန်းချခါနီးတိုင်း "ဒီည အရမ်းအေးတယ်၊ အနွေးထည်ဝတ်ပြီး အိပ်နော်"ဟု ဂရုတစိုက် ပြောလေတိုင်း ရာရာ့ရင်ထဲ ဘယ်လိုကြည်နူးမိမှန်း မသိပါ။ ရာရာ့ဘဝမှာ ဆန့်ကျင်ဘက် ယောကျ်ားလေးတစ်ယောက်၏ ဂရုစိုက် ကြင်နာမှုကိုရရှိတာ၊ ဒါ ပထမဆုံးအကြိမ်ဖြစ်သည်။





ထို့ပြင် မနက်ဘက် Breakfast အတူတူစားသောအကျင့်ကိုလည်း တစ်ပတ်မှာ ငါးရက်လောက် ပုံမှန်လုပ်ဖြစ်ခဲ့သည်။ များသောအားဖြင့် ရာရာက ကိုယ်တိုင် လက်စွမ်းပြချက်ပြုတ်သော မနက်ခင်းစာများကို သူ စားရစေရန် အမြဲတကူးတကဒုန်းဆက်ခေါ်မြဲ။ သူကလည်း အစပိုင်းက အားနာလွန်းစွာဖြင့် သိပ်မလိုက်လျောခဲ့ပါ။

နောက်ပိုင်းကျမှ ခင်မင်မှုသံယောဇဉ်ကို ထောက်ဆားပြီး ရာရာတို့နှင့် မနက်စာ အတူတူ လာစားဖြစ်ပါသည်။ ထို့ပြင် တစ်ခါတစ်ရံ သူ စနစ်တကျ ဖျော်လာသော ကော်ဖီ၊ မုန့်သည်တို့ကို ရာရာတို့အတွက် တန်ပြန်ယူလာပေးသေးသည်။

ရာရာတို့မှာ တခြားတိုက်ခန်းတွေက အိမ်နီးချင်းများနှင့် မျက်မှန်းတန်းမိရုံ၊ တစ်ခါတလေ ပြုံးပြနှုတ်ဆက်ရုံသာရှိသမယ့် သူနှင့်တော့ အချိန်တိုလေးအတွင်းမှာပင် တကယ့်ဘယ်ပေါင်းကြီးဖော်လို ရင်းနှီးကျွမ်းဝင်သွားခဲ့ပြီဖြစ်သည်။

အိမ်ကြီး၏ထူးခြားချက်များနှင့် ခေတ္တ အဆက်ပြတ်နေကွာခဲ့သော ရာရာ့အတွက် တစ်နေ့မှာ ယခင်ထူးခြားပုံထက်ပိုထူးခြားပြီး ပိုထိတ်လန့်ဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခု ဖြစ်လာခဲ့ပါသည်။ ဒါတင်မကသေး။

ထိုဖြစ်ရပ်သည် သူနှင့် ရာရာ့ကြားက မှုန်ဝါးဝါးတစ်ပုဒ်ကို တိတိကျကျ အဖြေထုတ်ပေးနိုင်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ရာရာတို့ သင်တန်းမတက်ရသော တန
နွေပိတ်ရက်ဖြစ်သည်။ စိန်ကျော့က နယ်မှလာသော အစ်ကိုဝမ်းကွဲ
တစ်ယောက်နှင့်တွေ့ရန် ဖုန်းဆက်ချိန်းထားတာမို့ မနက်ဆယ်နာ
ကတည်းက အိမ်မှထွက်ဖို့ ပြင်ပါသည်။

ရာရာ့ကို အဖော်ခေါ်သေးသော်လည်း ရာရာက
ရှားရှားပါးပါး ပိတ်ရက်လေး အိမ်မှာ အေးအေးလူလူ နေချင်တာ
က တစ်ကြောင်း၊ စိန်ကျော့တို့ မောင်နှမဆွေမျိုးတွေ လွတ်လပ်စွာ
တွေ့ကြစေရန်တစ်ကြောင်းဖြင့် လိုက်ဖို့ငြင်းဆန်ခဲ့သည်။

"ရာရာ ... နင် တစ်ယောက်တည်း အိမ်တံခါးတွေ သေချာ
ပိတ်ထားနော်၊ ငါသွားသာသွားရမှာ တယ်လည်းစိတ်မချချင်
ဘူး၊ ငါပြောတာ မမေ့နဲ့ ကြားလား"

"အေးပါဟယ် ... သွားပါ"

စိန်ကျော့က ကိုယ့်ဝမ်းနာ ကိုယ်သာသိသလို မှာ
တမ်းတွေ အထပ်ထပ် ခြွေနေသည်မို့ ရာရာ့မှာ ပြုံးမိရသေးသည်
နေ့ခင်းကြောင်တောင်ကြီးမို့ ဘာမှမဖြစ်နိုင်ပါဘူးဟုလည်း ထ
မိသည့်အတွက် ရာရာ့စိတ်ထဲ စိုးစဉ်းမျှ ကြောက်မနေပါ။

ဒီရက်ပိုင်းအတွင်း အိမ်နှင့်ပတ်သက်ပြီး အခြေအနေ
တွေ ကောင်းနေသည်မို့ စိတ်ချလက်ချပင် ရှိနေခဲ့ပါသည်။





"ငါ ကိုကြီးတို့နဲ့ ခဏပဲတွေ့မှာပါ၊ အိမ်က ဘာတွေမှာ
လိုက်လဲ သိပြီးတာနဲ့ ချက်ချင်းပြန်လာခဲ့မယ်၊ ဟုတ်ပြီ
လား"

"ဟယ် ... ကိုယ့်အစ်ကို တစ်ခါတလေလေး လာတာ
အေးအေးဆေးဆေး တွေ့ပြီးမှ ပြန်ပါဟယ်၊ ငါ့အတွက်
စိတ်မပူပါနဲ့"

"မပူ ဘယ်ရှိမလဲ၊ ပူရတာပေါ့၊ တော်ကြာ ငါမရှိမှန်းသိလို့
ဓာတ်သိတဲ့လူမျိုးတွေ အိမ်ပေါ်တက်ပြီး အတင်းရည်းစား
စကားပြောရင် ဘယ်လိုလုပ်မလဲ ... ဟွန်း၊ ခုခေတ်လူတွေ
က ယုံရတာ မဟုတ်ဘူး"

ရာရာသည် စိန်ကျော့စကားကို ကြားကြားချင်း
ဘော့ သိပ်နားမလည်။ သို့သော် သူ့ကိုပြောနေတာမှန်း ရိပ်မိ
သိုက်ချိန်မှာ ဟက်ဟက်ပက်ပက်ပင် ရယ်မောချလိုက်မိပါသည်။

"အဟားဟား စိန်ကျော့ရယ်၊ ကြံကြံဖန်ဖန်၊ သူက အဲလို
လုပ်မယ့်ယောက်ျားမျိုး မဟုတ်ပါဘူး၊ ငါ သူ့ကို ယုံပါ
တယ်"

"အောင်မယ် ... လေသံကိုက သူ့လူကို Cover ပေး ပြော
နေလိုက်တာများ မုန်းချင်စရာ၊ ဒါဆို ငါ လစ်တော့မယ်ဟော
ဒါပဲ၊ အကြောင်းထူးရင် ငါ့ဖုန်းကိုလှမ်းဆက်လိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ကောင်းကောင်းသွားဦး"

စိန်ကျော့က ရာရာ့ကို လက်ပြနှုတ်ဆက်ပြီး ထွက်သွားပါသည်။ ရာရာသည် သူငယ်ချင်းကို အိမ်ပေါက်ဝအထိ လိုက်ပို့ပေးပြီး သူ့တိုက်ခန်းရှိရာသို့ တစ်ချက်လှမ်းခိုးကြည့်လိုက်သေးသည်။

သို့သော် သော့ခတ်ထားသည်မို့ သူ အပြင်သွားနေတာပဲဟု ယူဆရပါသည်။ တစ်ယောက်တည်း ကျန်ခဲ့ချိန်မှာ သူ ပေးခဲ့သောအခွေကို စက်ထဲထည့်ပြီး အေးအေးလူလူ ထိုင်ကြည့်နေမိသည်။

ဒီအခွေကို စရပြီးသည့်နေ့တည်းက အခေါက်ခေါက် အခါခါ နားထောင်ခဲ့သော်လည်း ရာရာ့အတွက် ရိုးအီသွားသည်ဟူ၍ မခံစားခဲ့ရပါ၊ သူ ကူးထားသော သီချင်းတွေအားလုံးနီးပါးကို ရာရာ ကြိုက်ပါသည်၊

စိန်ကျော့ကပင် မျက်နှာရှုံ့မဲ့မဲ့နှင့် "ပိုလိုက်တာ" ဟု တစ်နေ့တုန်းက ကောက်ချက်ချခဲ့သေးသည်။ ခုတလော ဖတ်နေရ စာအုပ်တော်တော်များများကို ချောင်ထိုးထားခဲ့ကာ သူ့အခွေနား ထောင်၊ သူ့အကြောင်း စဉ်းစားရင်းဖြင့်သာ ရာရာ့အတွက် အချိန် တွေကုန်မှန်းမသိ ကုန်ဆုံးခဲ့ရသည်။





သို့သော် ရာရာ ထိုအဖြစ်တွေအတွက် ကြံဖန်ပျော် နေရတာ တစ်ဆိတ်တော့ ဝန်ခံချင်ပါရဲ့။

ရာရာသည် အေသင်ချိုဆွေရဲ့ "အပြုံးလေး" သီချင်း ကို မသိမသာ လိုက်ညည်းရင်း အာရုံထဲမှာလည်း သူ့ရဲ့အပြုံးချိုချို မျက်နှာကို တစိမ့်စိမ့် မြင်ယောင်ရင်း တစ်ကိုယ်တည်း ကြည်နူး ပီတိ ဖြာနေမိခိုက် ...

"ကလင် ... ကလင် ... ကလင်"

ဖုန်းသံ။ ဧည့်ခန်းနှင့် မလှမ်းမကမ်းရှိ ဖုန်းစင်ပေါ်မှ ဖုန်းမြည်သံကြောင့် ရာရာ ရုတ်တရက် မျက်မှောင်တွန့်သွားရသည်။ ဒီအိမ်ကို စရောက်ကတည်းက ဖုန်းရှိနေတာသိသော်လည်း ရာရာ ရော စိန်ကျော့ပါ တစ်ခါမှ အသုံးမပြုဖြစ်ကြပါ။ ဖေဖေကလည်း ရာရာ့ဆီဆက်လျှင် ဟန်းဖုန်းကိုသာ အဆက်များသည်။

ဒီဖုန်းမြည်သံဟာ ဒီအိမ်ကို စရောက်လာပြီး ဒီနေ့ မှ ပထမဆုံးကြားခွင့်ရသော ဖုန်းသံဖြစ်ပါသည်။ နံပါတ်ပင် သေချာမသိသော ဖုန်းကို တစ်ချက်စိုက်ကြည့်ပြီး ရာရာ သီချင်း ဖွင့်တိုးကာ ဖုန်းရှိရာ လျှောက်လာခဲ့သည်။ ငါးကြိမ်မြောက်မြည်သံ ပြီးမှ ကောက်ကိုင်လိုက်ပါသည်။

"ဟယ်လို"

"........."

www.burmeseclassic.com



“ဟယ်လို … ကျွန်မ နွေအကွရာပါ၊ ဘယ်သူပါလဲရှင်”

“………”

ရာရာ့စိတ်ထဲ ထင့်ခနဲ ဖြစ်သွားရသည်။ ရုတ်ခြည်းပင် ကိုယ့်ကိုယ်ကိုယ် သတိအနေအထားဖြင့် အသက်ဝဝရှူလိုက်မိပါသည်။ ခေါင်းထဲမှာလည်း အချက်ပေးခေါင်းလောင်းသံတွေ မြည်လာသလို ခံစားလိုက်ရပါသည်။

ဘယ်သူလဲ။ ဟို အမည်မသိ လူစိမ်းများလား။ ရာရာ့ရင်ထဲ ကြောက်စိတ်နှင့် ဒေါသတို့ ရောပေါင်းကာ ဖုန်းကို နားမှာဖိကပ်ရင်း အာခေါင်ခြစ် အော်လိုက်မိသည်။

“ဒီမှာ … ရှင် ဘယ်သူလဲ၊ ကျွန်မကို အမှောင်ထဲက ခြောက်လှန့်ဖို့ မကြိုးစားပါနဲ့၊ ယောကျ်ားမှန်ရင် သတ္တိရှိ နဲ့ အလင်းကို ထွက်လာခဲ့ပါ၊ ရှင် ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်နေရတာလဲ၊ ပြတ်ပြတ်သားသား ပြောပါ”

ရာရာ့လေသံက အဖျားခတ်ကာ မသိမသာ တိုးတိမ် ဝင်သွားသည်။ သုံးစက္ကန့်လောက် အကြာမှာတော့ သက်ပြင်းချသံ ကျယ်ကျယ်တစ်ချက်နှင့်အတူ …

“မင်းဒေါသတွေ သိပ်မကြီးပါနဲ့ နွေအကွရာ၊ ဒါနဲ့ … အေးအေးဆေးဆေး စကားပြောလို့ရအောင် သီချင်းပိတ်





လိုက်ရင် ပိုကောင်းမယ်ထင်တယ်၊ ဒီအချိန်မှာ ငါပြောမယ့် စကားကို အေသင်ချိုဆွေထက် မင်း ပိုပြီးစိတ်ဝင်စားလိမ့် မယ်လို့ ထင်ပါတယ်”

အလို … ဘုရား။

ရာရာ့ခေါင်းထဲ ဒိန်းခနဲ တစ်ချက်မြည်သွားသည်။ ဆို ဒီလူဟာ ရာရာ့ရဲ့ အနီးဆုံးနေရာတစ်ခုမှာ ရောက်ရှိနေပြီ ပါ။

ရာရာ့မျက်ဝန်းများက ညှို့ခန်း၊ စာကြည့်ခန်း၊ နောက်ဘက် ထမင်းစားခန်း၊ အပေါ်ထပ်လှေကား၊ ထပ်ခိုး၊ က်နှာကြက် စသည့် အိမ်ရဲ့နေရာအနှံ့အပြားသို့ မှာတ်ပုံရိုက် သို့ ဖျတ်ခနဲ ဖျတ်ခနဲ ပျံ့နှံ့ရောက်ရှိသွားတော့သည်။ ရင်ခုန် တွေလည်း တစ်စတစ်စ ပေါက်ကွဲမြန်ဆန်လာရပြီဖြစ်သည်။

“ရှင် … ရှင် … ဘယ် … သူလဲ”

“ပြောမှာပါ၊ မင်း စိတ်အေးအေးထားပါ”

လေသံကတော့ အသက်လေးဆယ်ကျော် အရွယ် ောကျ်ားရင့်မာကြီးတစ်ယောက်၏ အသံမျိုးဟု ရာရာ ခန့်မှန်း သည်။ သို့သော် ဒီလိုအသံမျိုး ရာရာ့မိတ်ဆွေတွေထဲမှာ တစ် ောက်မှ မရှိပါ။ ဒါဆို ဖေဖေ့အသိထဲကများလား။



www.burmeseclassic.com

www.burmeseclassic.com



အို ... ဒါလည်း မဖြစ်နိုင်။ ဖေဖေ့အသိ ဆိုလျှင် ကိုယ့်သမီးအရွယ် မိန်းကလေးတစ်ယောက်ကို ဒီလိုနည်းဖြင့် စနောက်ခြောက်လှန့်လာမှာ မဟုတ်ပါ။

ရာရာသည် ချက်ချင်းပင် ခြေဖျား၊ လက်ဖျားတွေ အေးစက်ကာ လူက ကတုန်ကယင်ကြီး ဖြစ်လာတော့သည်။ စိတ်မခိုင်လျှင် သတိပင် လစ်နိုင်လောက်ပါသည်။

နောက်ဆုံးတော့ ပြဿနာတစ်ခုကို ခေါင်းအေးအေး ထား ဖြေရှင်းရန် စဉ်းစားမိပြီး သူ့ကို အတတ်နိုင်ဆုံး သွေးအေး အေးနှင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီလေ၊ ရှင်နဲ့ကျွန်မ စကားပြောကြတာပေါ့၊ ... ပြောပါ၊ ရှင် ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာရည်ရွယ်ချက် နဲ့ ဒီလိုလုပ်တာလဲ

"မင်းမေးတာကို ငါမဖြေခင် ငါမေးတာကို အရင်ဖြေ ပါဦး၊ မင်း ဒီအိမ်မှာ နေရတာ အဆင်ပြေရဲ့လား၊ စိတ် ချမ်းသာရဲ့လား"

ရာရာ အံတစ်ချက်တင်းတင်းကြိတ်လိုက်မိသည်။ စိတ်ထဲမှာ ကြောက်တာရော၊ စိတ်ညစ်တာရော၊ ဒေါသထွက်တာ ရော အကုန်လုံး စုပြုံမွှေနှောက်လျက် ရှိပါသည်။ ရာရာ့အဖြစ်က ချောက်ကမ်းပါးစွန်းမှာ ရပ်နေရသူလို အသည်းတလှပ်လှပ်၊ ... တခုန်ခုန်ဖြင့် စိတ်မောလှမော ဖောချွေးပြန်နေရတော့သည်။





"ကျွန်မအတွက် အဆင်ပြေပါတယ်၊ ဒါပေမဲ့ ရှင့်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတာတော့ အမှန်ပဲ၊ ရှင်ဘယ် သူလဲ"

"မင်းကိုပြောပြဖို့ အချိန်မတန်သေးဘူး၊ ဒါပေမဲ့ တစ်ပါး သူရဲ့ ယုတ်မာကောက်ကျစ်မှု၊ အနိုင်ကျင့်မှုကို ခံထားရတဲ့ လူတစ်ယောက်ဆိုတာ မင်း သိထားပါ"

"ဘယ်လို ! ယုတ်မာကောက်ကျစ်တယ်၊ နေစမ်းပါဦး၊ ရှင့်ဟာရှင် အနိုင်ကျင့်ခံထားရတဲ့ကိစ္စက ကျွန်မတို့မိန်း ကလေးနှစ်ယောက်နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ၊ ကျွန်မတို့ ရှင့်ကို သိလည်းမသိဘူး၊ နောက်ပြီး ကျွန်မတို့ မှာ ဘယ်သူနဲ့မှ ရန်ငြိုးရန်စ မရှိခဲ့ဖူးဘူး၊ ရှင် ဝေ့လည် ကြောင်ပတ် လုပ်မနေပါနဲ့၊ ရှင် ဘာဖြစ်ချင်တာလဲ"

"အဟက် ... ဟက်"

ရာရာသည် ထိုရယ်သံကြောင့် ရင်ထဲ ဖျဉ်းခနဲ ...ကျသွားရသည်။ ဒီလူ တော်တော်တော့ တရားလွန်နေပြီထင် ...သည်။

ရာရာတစ်ယောက် ဒီအချိန်မှာ ညဖူး အမြန်ဆုံး ...ရောက်ချလာလျှင် ကောင်းမှာပဲဟု ကျိတ်တွေးလိုက်မိသည်။ ...မိရဲ့တစ်နေရာရာမှာ ဒီလူ ရှိနေပြီဆိုတာတော့ ရာရာ့အတွက် ...သယဖြစ်စရာ မလိုတော့။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ထွက်ပြေးမလို့ စဉ်းစားနေတာလား နွေအက္ခရာ
မင်းပုံစံက အရမ်းကို သွေးရူးသွေးတမ်း ဖြစ်နေသလိုပဲ
သိပ်လည်း တုန်လှုပ်မနေပါနဲ့၊ ငါက ငါ့အသံကို မင်း
ကြားစေချင်ရုံသက်သက် ဆက်တာပါ"

"ဒီ … ဒီမှာ … ကျွန်မ တစ်ခုလောက် မေးပါရစေ၊ ရှင်
အဓိက စိတ်ဒုက္ခပေးချင်တာက ကျွန်မကိုလား"

"မင်းတို့နှစ်ယောက်စလုံးကို စိတ်ဒုက္ခမပေးချင်ပါဘူး၊ ငါ
အဓိကပေးချင်တာက ဒီအိမ်ကြီးကိုပဲ၊ မင်းတို့က ဒီအိမ်
ပိုင်ရှင်တွေ ဖြစ်နေတော့ ရောပါသွားတဲ့ သဘောပေါ့၊ ဒီ
အိမ်ကြီးရဲ့အတွင်းရေးကို မင်း ဘယ်လောက်သိထားလဲ"

လူကြီးစကားကြောင့် ရာရာ အကြောအချဉ်တွေ
တုံ့ခနဲ ရပ်ဆိုင်းသွားသည့်နှယ်။ အသက်ရှူသံတွေပင် အတက်အကျ
မညီ ဖြစ်လာပါသည်၊

ဒီအိမ်ကြီး … လက်စသတ်တော့ ဒီအိမ်ကြီးက
အဓိကသော့ချက်ပါလား။

"ကျွန် … ကျွန်မ မသိဘူး၊ ရှင် … ရှင် အခုဘယ်ကနေ
ဆက်နေတာလဲ"

"မင်းကို မြင်နေရတဲ့ အနီးဆုံးနေရာကပေါ့၊ မင်းရဲ့လှုပ်
ရှားပုံ၊ လုပ်ပုံကိုင်ပုံ အားလုံးကို ငါ တစ်ခုမကျန် တွေ့
နေရတယ်"





"ရှင် ! ဒါ … ဒါဆို ရှင်က … ရှင် အောက်တန်းမကျပါနဲ့"

"ဟိတ် … ဒီမှာ ငါ အောက်တန်းကျတတ်တဲ့ လူယုတ်မာ
မဟုတ်ဘူး၊ မင်း သဘောပေါက်ထား၊ ငါသာယုတ်မာရင်
မင်းတို့ ဒီအခြေအနေထိတောင် နေခွင့်ရမှာ မဟုတ်ဘူး၊
ငါ ပြန်လိုချင်တာ တစ်ခုတည်းပဲ"

"ဘာ … ဘာလဲ၊ ဘာပြန်လိုချင်တာလဲ၊ ကျွန်မတို့ ရှင့်ကို
အချိန်မရွေး ရဲလက်အပ်လိုက်လို့ ရတယ်ဆိုတာ ရှင်မမေ့
ပါနဲ့၊ ရှင် ခုချက်ချင်း ထွက်ခဲ့ပါ"

"ဒီမှာ နွေအက္ခရာ၊ ငါက မယုတ်မာတတ်ပေမယ့် ရက်
တော့ရက်စက်တတ်တယ်ဆိုတာ မင်း သဘောပေါက်ထား
ဦး၊ နောက်ပြီး ငါ့ကို ရဲလက်အပ်ရအောင် ငါ့ကို မင်း
ဘယ်လိုဖမ်းမိမှာလဲ၊ မင်းမှာ အစွမ်းအစတွေ သိပ်ရှိတယ်
ဆိုရင်တောင် ငါ ကိုယ်ထင်မပြသရွေ့ မင်း ဘယ်တော့မှ
ဖမ်းလို့ရမှာ မဟုတ်ဘူး"

"ရှင် … အရူးပဲ … ရှင် ရူးနေလား"

"ဟား ဟား … ဟုတ်တယ်၊ အနိုင်ကျင့်ခံလိုက်ရလို့ စိတ်
ဓာတ်တွေ သိမ်ငယ်ပျက်စီးပြီး ရူးနေတာ၊ မင်းကို တစ်နေ့ကျ
ရင် ငါ့အကြောင်း ပြောပြမှာပါ၊ ဒါပေမဲ့ အခုတော့မဟုတ်
သေးဘူး …



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... နွေးအကျႌရာ၊ ငါ့အသံကို စွဲနေအော
အလွတ်ကျက်ထားလိုက်ဦးနော်၊ မင်းနဲ့ငါ ထပ်ဆုံဖြစ်ြ
ဦးမှာပါ"

"ရှင် ... ရှင်"

ရာရာ အာခေါင်ခြစ် အော်သော်လည်း ဖုန်းလိုင်းက
တိခနဲ ပြတ်တောက်သွားကာ "တူ ... တူ"ဟူသော အသံကိုသ
ကြားလိုက်ရသည်။ ရာရာသည် ဖုန်းခွက်ကို တင်းတွင်းဆုပ်ကိုင်
ထားလျက် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ဝေ့ဝဲစူးစမ်
မိသည်။

သို့သော် တိတ်ဆိတ်နေသော အခန်းထဲမှာ အိ
မြှောင်စုတ်ထိုးသံမှအပ ဘာအသံမှ မကြားရ၊ ဘာအရိပ်အယော
မှ မမြင်မတွေ့ရပါ။

ရာရာ တစ်ယောက် စက္ကန့်ပိုင်းမျှကြာအောင် ကြ
သေ့သေနေပြီးနောက် သတိဝင်လာချိန်မှာတော့ ဖုန်းခွက်ကိုပစ်ချ
ပြီး အိမ်ထဲမှ ကမူးရှူးထိုး ပြေးထွက်လာခဲ့တော့သည်။

ရာရာ့ခြေလှမ်းများက အိမ်ထဲမှခြံထဲ၊ ထိုမှတစ်ဆင့်
သူ့ရဲ့ကွန်ဒိုတိုက်ခန်းရှိရာဆီသို့ ပြင်းပြင်းထန်ထန် အရောက်လှမ်
လျက် ရှိလေသည်။ ညစ္စူး ... ရှင် ရှိနေပါ။ ကျွန်မရဲ့ လတ်
လော ကြောက်စိတ်တွေကို လျော့နည်းဖြေဖျောက်ပေးဖို့ ကျေးဇူ
ပြုပြီး ရှင်ရှိနေပေးပါ။





ရာရာ့ရဲ့ဆန္ဒကို ကံကြမ္မာက ပြည့်ဝခွင့်ပေးခဲ့ပါသည်။
သူ့တိုက်ခန်းရှေ့ရောက်တော့ တံခါးဖွင့် ထွက်လာသော သူနှင့်
ဘွားခနဲ တည့်တည့်ဆုံသည်။

"ရာရာ ... ဘာ ... ဘာဖြစ်လာတာလဲ၊ ဘာဖြစ်လို့လဲ
ဟင်"

"ကျွန် ... ကျွန်မ"

သူက ချွေးဒီးဒီးကျလျက် တုန်လှုပ်ချောက်ချားနေ
သော ရာရာ့ပုံစံကိုကြည့်ပြီး လက်မောင်းနှစ်ဖက်ကို ကိုင်လှုပ်ယမ်း
ခါရင်းမေးသည်။ သူ့မျက်နှာပေါ်မှာ သက်ာမကင်း၊ စိုးရိမ်ပူပန်မှု
တချို့ ပြေးလွှားထင်ဟပ်နေကြသည်။

"ရာရာ ... အိမ်ထဲ ခဏဝင်ထိုင်ပြီး အေးအေးဆေးဆေး
နားနေလိုက်ပါ၊ ပြီးတော့မှ ဘာဖြစ်လာလဲဆိုတာ ဖြည်း
ဖြည်းချင်း ပြောပြပေါ့၊ ဟုတ်ပြီလား၊ ကိုယ် ရာရာ့အတွက်
အအေးဖျော်ပေးမယ်နော်"

သူက ရာရာ့ကို ဧည့်ခန်းမှာ ထိုင်စေပြီး အနောက်
ဘက် လှမ်းဝင်သွားပါသည်။ မကြာမီ အအေးဖန်ခွက်ကိုင်ပြီး
ပြန်ထွက်လာသည်။ သူ ရှိနေသည်ဆိုသော အသိက ရာရာ့
ကြောက်စိတ်ထုထည်ကြီးကို တဖြည်းဖြည်း ဖြိုခွဲပစ်လိုက်သလို
အတက်အကျမညီသော အသက်ရှူသံများ ပြန်လည်တည်ငြိမ်စ
ပြုလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ရာရာ၊ အအေးသောက်လိုက်ဦး၊ အရမ်းကြောက်နေလားဟင်၊ ဟိုကိစ္စကြီး ပြန်စလာပြန်ပြီလား"

ရာရာက အအေးတစ်ငုံ မော့သောက်ပြီး လည်ချောင်းရှင်းလိုက်သည်။ ပြီးနောက် သူ့ဆီမှာ အလုံးစုံဖွင့်ဟဖို့ ကြိုးစားလိုက်ပါသည်။ ခုချိန်မှာ သူဟာ ရာရာ့အတွက် ရင်ဖွင့်ဖော်၊ ရင်ဖွင့်ဖက် တစ်ဦးတည်းသော အားကိုးရာသာ ဖြစ်တော့သည်။

"သူ ... သူ ... ကျွန်မဆီကို ဖုန်းဆက်တယ် ညစ်ရူး"

ရာရာ့စကားအဆုံးမှာ အံ့ဩမှုနှင့်အတူ သူ့မျက်ခုံးတွေ ရုတ်တရက် ပင့်တက်သွားသည်။ ပြီးတော့ ပိုပြီးစိတ်ဝင်စားလာသလို မျက်ဝန်းတွေက စူးရှလေးနက်မှု အပြည့်နှင့်။

"သူက ဘာပြောလဲ ရာရာ၊ သူ့ကိုယ်သူ ဘယ်သူပါဆိုတာ ပြောလား၊ ပြီးတော့ သူ ဘာဖြစ်ချင်တာလဲ၊ ဘာရည်ရွယ်ချက်နဲ့ ဒါမျိုးတွေ လုပ်နေတာလဲ"

"ဟင့်အင်း ... အဲဒီလို တိတိကျကျစကားမျိုး ဘာတစ်ခုမှ မပြောဘူး၊ သူက ကျွန်မကိုပြောပြဖို့ အချိန်မတန်သေးဘူးတဲ့"

ရာရာသည် ဟိုလူကြီးပြောခဲ့သော စကားတို့ကို သူ့အား လုံးစေ့ပတ်စေ့ ပြန်ပြီးဖောက်သည်ချလိုက်သည်။ သူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း နားထောင်နေပါသည်။





"တော်တော် ထူးဆန်းတာပဲနော်၊ သူ ဘာဖြစ်ချင်တယ်ဆိုတာကိုလည်း ပွင့်ပွင့်လင်းလင်း မပြောဘူး၊ ဒါနဲ့ သူ့အသံကို ရာရာ ဘယ်အရွယ်လောက်ရှိမှန်း ခန့်မှန်းတတ်လား"

"အသက်လေးဆယ်ကျော်လောက်လို့တော့ ကျွန်မ ထင်တယ်၊ ဦးလေးကြီးအသံမျိုးပဲ၊ သေချာတာကတော့ ကျွန်မအသိထဲမှာ ဒီအသံမျိုး တစ်ယောက်မှ မရှိဘူး"

"တော်သေးတာပေါ့ကွာ၊ ကိုယ်လည်း ခုလေးတင် အပြင်က ပြန်ရောက်တာ၊ ရာရာလာတဲ့အချိန် တိုက်တိုက်ဆိုင်ဆိုင်တွေ့လို့၊ ဒီလိုလုပ် ကိုယ်တို့ ရာရာ့အိမ်ပြန်ပြီး အခြေအနေသွားကြည့်ကြမယ်၊ သူက ရာရာ့လှုပ်ရှားမှုတွေ မှန်သမျှတစ်နေ့ရာရာက လိုက်စောင့်ကြည့်ပြီး တစ်ခုချင်းပြောနေတာဆိုတော့ အိမ်ထဲမှာပဲ ရှိနိုင်လောက်တယ်၊ စိန်ကျော့ကရော ရာရာ့ကို တစ်ယောက်တည်းထားပြီး ဘယ်သွားတာလဲ၊ ခက်တာပဲ"

သူက စိန်ကျော့ကိုပါ အပြစ်တင်သလို ပြောတာမို့ ရာရာ့စိတ်ထဲ ကြောက်ရွံ့မပြယ်သေးသည့်ကြားမှ ရယ်ချင်မိပါသည်။ ဘာပဲဖြစ်ဖြစ် ရာရာ့အပေါ် အစွမ်းကုန် စိတ်ပူစိုးရိမ်ပေးသည့်အတွက် ကြည်နူးပီတိ ဖြစ်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ရာရာ အိမ်ပြန်ရောက်တော့ သူက တစ်အိမ်လုံးမှာရှိသမျှ အခန်းတိုင်းသို့ ထောင့်စေ့အောင် ဝင်ရောက်စစ်ဆေးကြည့်ရှုကာ အမည်မသိ လူစိမ်းအား ရှာဖွေသည်။ သို့သော် အရိပ်အယောင် ပါးပါးလေးမျှပင် မတွေ့ပါ။

"ရာရာ ... ဘာမှတော့ မသင်္ကာစရာ ရှာမတွေ့ဘူး၊ ဒါပေမဲ့ ကိုယ် စိန်ကျော် ပြန်လာတဲ့အထိ စောင့်ပေးမယ်နော်"

"စိန်ကျော်က သူ့အစ်ကိုနဲ့ သွားတွေ့တာလေ၊ အကြောင်းထူးရင် သူ့ဆီ ဖုန်းဆက်လို့တော့ ပြောပါတယ်၊ ဒါပေမဲ့ ဒီကိစ္စသိရင် သူ ပြန်ပြီးကြောက်စိတ်ဝင်လာဦးမယ်"

"ဒါဆို ကိုယ်တို့ ခြံရှေ့က အုတ်ခုံလေးမှာပဲ ထွက်စောင့်ရအောင်၊ ကိုယ် ရာရာ့ကို အားနာတယ်၊ တစ်ယောက်တည်း ထားခဲ့ပြီး ပြန်ရမှာလည်း စိတ်မချဘူး"

ရာရာသည် ထိုခဏမှာ သူ့သိက္ခာနှင့် ကိုယ်ကျင့်တရားကို Full Mark ပေးလိုက်မိသည်။ သူဟာ ထင်ထားတာထက်ပင် ယောကျ်ားကောင်းတစ်ယောက်ရဲ့အရည်အချင်းများနှင့် ပြည့်စုံသူဟု ယုံကြည်လိုက်ပါသည်။

သူပြောသလို သူနှင့်ရာရာ ခြံရှေ့အုတ်ခုံလေးပေါ် ထိုင်ပြီး စိန်ကျော် ပြန်အလာကို ထွက်စောင့်ကြသည်။ နှစ်ယောက်





စလုံးက စကားဆိုဖို့ မေ့လျော့စွာ အသီးသီး တိတ်ဆိတ်ငြိမ်သက်နေကြချိန်မှာပဲ ...

"ရာရာ"

သူ့ခေါ်သံက ဟိုးအဝေးကလာသလို တိုးလျလျ၊ ညင်သာသာ။ ရာရာ သူ့မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်သည်။

သူကတော့ ရာရာ့ကို မျက်တောင်မခတ်တမ်း ရီဝေဝေ စိုက်ငေးကြည့်နေဆဲ။

ရာရာ့နားထဲ လေပြည်တချို့ရဲ့ တီးတိုးဂီတသံကြားလိုက်ရသလိုပင်။

"ပြောလေ ညရှူး၊ ဘာလဲဟင်"

"ရာရာက အရမ်းလှတယ်နော်"

"ရှင် ... အဲ"

"ကိုယ် ခုနက ရာရာ့ပုံစံလေးကိုကြည့်ပြီး စိုးရိမ်မှုတွေ ငယ်ထိပ်တက်ဆောင့်သွားတာ၊ အဲဒီ ပူပန်မှုက ဘာနဲ့မှကို မတူဘူး၊ နောက်ပြီး ညဘက် ရာရာ့အသံလေးကို မကြားရဘဲ အိပ်ရာမဝင်နိုင်အောင် ဖြစ်နေရပြီ"

ရာရာသည် ကိုယ်တော်ချောရဲ့ စကားလုံးများအတွက် တစ်ကိုယ်လုံး ထူပူမိကာ လူက မနေတတ်၊ မထိုင်တတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရှိုးတိုးရှန့်တန့် ဖြစ်သွားရပါသည်။ ထို့ပြင် သူ့အကြည့်နွေးနွေးများကိုလည်း ရင်မဆိုင်ရဲစွာ မျက်လွှာချလိုက်မိသည်။

ရာရာလည်း သူနှင့် ညဘက် ဖုန်းမပြောရဘဲ မနေနိုင်ဘူးဆိုတာ တိတ်တိတ်လေးတော့ ဝန်ခံချင်ပါရဲ့။

"ကိုယ့်ကို စိတ်ဆိုးလို့ စကားမပြောတော့တာလားဟင် ရာရာ"

"ဟို ... မ ... မဟုတ်ပါဘူး"

"ကိုယ် တောင်းပန်ပါတယ်၊ ဒါပေမဲ့ ခုတလော ကိုယ် Snow Queen ကို ဘာဖြစ်လို့ အခေါက်ခေါက် အခါခါ ပြန်ကြည့်ဖြစ်နေလဲ၊ ရာရာ သိလား"

"ဟင့် ... ဟင့်အင်း၊ ညစ္စုး ကြိုက်လို့ဖြစ်မှာပေါ့"

"ကြိုက်တာကတော့ ဟိုးအရင်တည်းကပါ၊ ဒါပေမဲ့ အခု ပိုကြိုက်နေတယ်၊ အဲဒါ ဘာကြောင့်လဲဆို ..."

"ဟော ... ဟိုမှာ၊ စိန်ကျော် ပြန်လာပြီ"

ရာရာသည် ကိုယ့်ရင်ခုန်သံတွေ ဒိုင်းခနဲ ပွင့်ထွက်မလာခင်မှာ စိန်ကျော် စီးလာသော တက္ကစီကားကို လှမ်းမြင်လိုက်တာမို့ ကျေးဇူးရှင်ရဲ့စကားစကို မြန်မြန်ဖြတ်လိုက်ရသည်။ မလွှယ်။ ဒီပုံစံအတိုင်း ဆိုလျှင်တော့ ရေရှည်မှာ တကယ်ကို မလွှယ်နိုင်တော့ပါ။





"ဟား ... ညစ္စုး၊ အလည်လာတာလား၊ ကြည့်စမ်း ... ရာရာ တစ်ယောက် ဧည့်သည်ကို အုတ်ခုံပေါ်မှာ ထိုင်ခိုင်းပြီး ဧည့်ခံထားတယ်၊ ဟုတ်လား"

"ကျွန်တော်က ရာရာ တစ်ယောက်တည်း ဖြစ်နေလို့ အဖော်စောင့်ပေးတာပါ၊ စိန်ကျော်က ရက်စက်လိုက်တာ၊ Snow Queen လေးကို ဒီအိမ်ကြီးထဲမှာ တစ်ယောက်တည်း ချန်ထားခဲ့တယ်"

"အမယ်လေးတော် ... ကျွန်မ ခေါ်ပါတယ်၊ သူကိုက ညစ္စုးပေးထားတဲ့ အခွေကို အဖန်တလဲလဲ ပြန်ကြည့်နေလို့ မလိုက်တာပါ၊ သူ့မှာ အဲဒီအခွေရပြီးတည်းက ကျွန်တာတွေ အကုန်ဘေးချိတ်ပြီး ဒါမှဒါ ဖြစ်နေတာ၊ ကျွန်မလည်း နားထောင်ရလွန်းလို့ နားတွေတောင်အူပြီး ကန်းတော့မယ်"

သူက စိန်ကျော့ အပြောကြောင့် "ဟုတ်လား"ဟု အွတ်ပြီး ရာရာရှိရာသို့ ဆတ်ခနဲ လှည့်ကြည့်သည်။ ရှက်လိုက်တာ ဆိုဖွယ်ရာမရှိပင်။

ရာရာသည် စိန်ကျော့ လက်ဖျံကို မသိမသာ ဆွဲဆိတ်ရင်း သူ့မျက်နှာကိုလည်း မလုံမလဲ ခိုးကြည့်မိပါသည်။

"နင်နော် ... ဘယ်လိုဖြစ်နေလဲ၊ နာတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... မေးပါရစေဦး၊ အိမ်မှာဘာထူးသေးလဲ"

"ကျွန်တော်တစ်ယောက်လုံးရှိနေတာ ဘယ်သူက ဘာလာလုပ်ရဲမှာလဲ စိန်ကျော့ရဲ့၊ ကျွန်တော်က Snow Queen ကို အပြည့်အဝ စောင့်ရှောက်ထားတာ"

သူ့စကားက ရယ်စရာပေမယ့် ဒါဟာ စိန်ကျော့ မသိရှိ၊ မရိပ်မိစေရန် တမင်ဖုံးကွယ်ပေးလိုက်တာဟု ရာရာ နားလည်မိပါသည်။ ထို့အတွက် သူ့ကို ကျေးဇူးတင်ရပြန်သည်။

"ကဲ ... စိန်ကျော့ ပြန်ရောက်ပြီဆိုတော့ ကျွန်တော်လည်း ပြန်တော့မယ်၊ ရာရာ ... ပြန်တော့မယ်နော်၊ ညကျရင် ဖုန်းဆက်လိုက်မယ်၊ လိုအပ်ချိန်တိုင်း အမြဲအသင့်ရှိနေမယ်နော်"

"အောင်မယ်လေးဟဲ့ ... ကြားရတာ နားထဲမှာ ကလိကလီနဲ့၊ နင်တို့နှစ်ယောက်တော့ ငါ ပြောကို မပြောချင်တော့ဘူးနော် ... ဟွန်း"

"သဘောကောင်းလိုက်ပါ၊ ကုသိုလ်ရပါတယ် စိန်ကျော့ရယ်"

"ကောင်းပြီးသား၊ ကောင်းပြီးသားပါ၊ လိုတာရှိရင် အချိန်မရွေး လှမ်းခေါ်ပါ့မယ်"

"ကဲ ... ဒါဆို သွားပြီ"





သူက နှစ်ယောက်လုံးကို လက်ပြနှုတ်ဆက်ပြီး သူ့အိမ်လေးဘက် လျှောက်သွားပါသည်။ ရာရာတို့လည်း အိမ်ထဲလှည့်ဝင်လာခဲ့ကြသည်။ ထုံးစံအတိုင်း စိန်ကျော့ကတော့ ခရီးရောက်မဆိုက် မေးခွန်းစက်သေနတ်တွေ တရစပ် ပစ်လာတော့သည်။

"ပြောစမ်း ... ပြောစမ်း၊ မှန်မှန်ပြော၊ ဘယ်ကဘယ်လို ရောက်လာတာလဲ"

"ဟို ... အဲ ... သူက ..."

"ဘာခေါင်းကုတ်နေတာလဲ၊ မြန်မြန်ပြောစမ်းပါ"

"သူက အိမ်ရှေ့မှာ ပန်းအိုးရေလောင်းနေတာ၊ အဲဒါ ငါကလည်း ခြံထဲ အပျင်းပြေ လမ်းထွက်လျှောက်ရင်းနဲ့ တွေ့တာ၊ အဟဲ ... အဲလိုပါ"

စိန်ကျော့က "သတိထား"ဟူသော ပုံစံဖြင့် မျက်ဆောင့်နီကြီးဖွေကာ လှမ်းကြည့်သည်။ ရာရာသည် ဧည့်ခန်းထဲ မှ ဖုန်းစင်နားအရောက်မှာ ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားရသည်။ စောက လူကြီးအကြောင်း ပြန်တွေးမိတော့ နောက်ကျောမလုံ လို ခံစားလိုက်ရပြန်သည်။ သို့သော် အန္တရာယ်လက်တစ်ကမ်း လိုရှိနေသော နေရာမှ ဘာကြောင့် မခွန့်ခွာချင်သေးမှန်း ကိုယ် ကိုယ်ကိုယ်လည်း စဉ်းစားလို့မရပါ။



www.burmeseclassic.com

www.burmeseclassic.com



သချာတာကတော့ ရာရာ ဒီနယ်ပယ်ဝန်းကျင်ထေ
ထဲမှာ တဖြည်းဖြည်း ပျော်မွေ့နေခဲ့ပြီဖြစ်သည်။ ထိုသို့ ဖြစ်လ
စေသော အဓိက အကြောင်းရင်းမှာလည်း ...

အို ... ရာရာ ဆက်မတွေးရဲ။ ရင်တစ်ခုလုံး သိမ့်သိ
တုန်သည်အထိ ရှက်သွေးဖြာမိပါသည်။

✧ ✉ ✧





Black Man (အမည်မသိ လူကြီးကို ရာရာနှင့်
ကျော့က Nick name ပေးထားခြင်းဖြစ်သည်)ဆီက ဖုန်းကောလ်
င်ပြီး နောက်ရက်များမှာတော့ ရာရာက ငွေရောင်မော်င်းချစား
တစ်ချောင်း လိုရမယ်ရ ဆောင်ထားခဲ့သည်။

ထိုလူကြီးပြောသော စကားကို လေ့လာသုံးသပ်ရ
ည်ဆိုလျှင် သူ့ပစ်မှတ်က ရာရာနှင့် ဒီအိမ်ကြီးဆီသို့သာ ရည်
ွယ်ထားသည်ဟု ခန့်မှန်းရမည်ဖြစ်သည်။ ဒီအိမ်ကို ဝယ်ထားသူ
ာ ဖေဖေ ဖြစ်နေတာမို့ သူဟာ ဖေဖေ့သမီးဖြစ်သော ရာရာ့ကို
တနည်းနည်းနဲ့ သိနေမှာ မလွဲပင်။

ထို့ကြောင့်လည်း တစ်မျိုးမဟုတ်တစ်မျိုး စိတ်
နှောင့်အယှက်ဖြစ်အောင် လိုက်လုပ်နေခြင်း ဖြစ်နိုင်သည်။
ရာသည် ကိုယ့်ကိုယ်ကိုယ် ယခင်ကထက် သတိဝီရိယရှိစွာ
ဆိုင်ရင်း အချိန်ကာလများကို ဖြတ်သန်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပြင် သူ ဆိုသော လူတစ်ယောက်ရဲ့ အာ နှစ်သိမ့်မှု၊ ဂရုစိုက်မှုများကြောင့် အထိုက်အလျောက်တော့ သက်သာရာ ရခဲ့ပါသည်။

ရာရာသည် ထိုရက်ပိုင်းများမှာ ဖေဖေ့ကို ထူးထူးခြားခြား မေ့နေခဲ့ရသည်။ အကြောင်းထူးရှိလျှင် ဖုန်းဆ ဆိုသော်လည်း ရာရာ့အတွက် သည်းထိတ်ရင်ဖိုနေ့ရက်မျာ သူနှင့်အတူ ဖြတ်သန်းရင်း ဖေဖေ့စကား ပယ်ရှားသလို ဖြ ပါသည်။

ဖေဖေ့ဆီသို့ ဖုန်းဆက်ဖို့ မေ့နေခဲ့ရပေမယ့် သူ ညတိုင်း ဖုန်းပြောသည့်တာဝန်ကိုတော့ မပျက်မကွက် ထမ်းဆော နေကြောင်း ဖေဖေသာသိလျှင် ရာရာ့ဇက်ပိုးကို နာနာအုပ် မလား မပြောတတ်။

သို့သော် တစ်ညပြီးတစ်ည ရစ်တွယ်လာခဲ့ပြီ သော ရာရာတို့နှစ်ယောက်ရဲ့ သံယောဇဉ်ဗိမာန်က ခိုင် အတိုင်းအဆမရှိအောင် ထုထည်ခိုင်မာလာခဲ့ပြီဖြစ်သည်။

ဟုတ်သည်။ ရာရာ သူ့ကို နှလုံးသားထဲမှ လားလား ချစ်မြတ်နိုးနေမိပြီဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် အ တိုင်း ဖြောင့်ချက်ပေးထားခဲ့မိလေပြီ။ သူလည်း နှုတ်ကသာ





ပြဖြစ်သေးပေမယ့် ထိုနည်းအတိုင်းပဲ ဖြစ်မှာပဲဟု ရာရာ့စိတ် အလိုလို ယုံကြည်နေရသည်။

တစ်ခါတစ်ရံမှာ အချစ်သည် ဖွင့်ဟဝန်ခံစရာမလိုဘဲ အလိုလို ခံစားတတ်ကျွမ်း သိမြင်နိုင်သော ဘာသာရပ်တစ်ခု သည်ဟု ရာရာကတော့ ယူဆမိပါသည်။

"ဟဲ့ ... မီရာ၊ တစ်ယောက်တည်း ပခိုဘက်အခန်းကို အတွေးနယ်ချဲ့နေတာလား"

ရာရာသည် ဝရန်တာမှာ ဒေးမောရင်း လက်ထဲက ဖုန်းလေးကိုလည်း ယုယုယယနှင့် တသသ ကိုင်တွယ်ပွတ် နေတာမို့ ကိုယ့်စိတ်ကူးနှင့်ကိုယ် မျောနေရာ အနားသို့ ဘျာ ရောက်လာတာကိုပင် သတိမထားမိလိုက်ပါ။

"သူ ဖုန်းဆက်မယ့်အချိန် ရောက်ပြီ"

"အမယ်လေး ... ပိုလိုက်တာ၊ ဒါနဲ့ ဒီနေ့ သူ့ကိုတစ်ခါမှ မတွေ့ရသေးဘူးနော်၊ ဘယ်ပျောက်နေလဲ မသိဘူး"

"သူလည်း သူ့ကိစ္စတွေနဲ့သူ ရှုပ်နေမှာပေါ့၊ သူ ရှယ်ယာဝင်ထားတဲ့ ကုမ္ပဏီတွေလည်း မနည်းမနောပဲလေ"

"နင့်ကို ငါ ပြောရဦးမယ်၊ ညစ္စ ပုံစံကို နင် ထူးခြားတယ်လို့ မထင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ဒီလိုကွာ၊ သူ့ပုံစံက တခြားကောင်လေးတွေလို သွ
လက်ပေါ့ပါးပြီး လူငယ်စတိုင်လ်မျိုး မဟုတ်တာ၊ လိ
ထက်ပိုပြီး ရင့်ကျက်တည်ငြိမ်လွန်းနေတာ၊ အဲဒါတွေ
နင် သတိထားမိလားလို့ မေးတာ"

ရာရာသည် စိန်ကျော့ပြောသလို သူ့ဟန်ပန်အမူအ
ကို မျက်စိထဲ ပြေးမြင်ယောင်ရင်း တစ်ချက်စဉ်းစားဟန်ပြုသည်

အင်း ... ဟုတ်တော့လည်း ဟုတ်သလိုလိုပင်။ သ
ဟာ ရာရာတို့နှင့် တွေ့မှသာ တစ်ခါတလေ နောက်တီးနော
တောက် စရုံကလွဲပြီး များသောအားဖြင့် လူကြီးဆန်ဆန်၊ တ
တည်ငြိမ်ငြိမ် နေတတ်သူ ဖြစ်သည်ဟု ရာရာလည်း အကဲခ
ကြည့်မိပါသည်။ နောက်တစ်ခု ထူးခြားတာက သူ့မိသားစု၊ အိ
တွင်းရေးအကြောင်းကို ဘယ်တော့မှ ထုတ်ဖော်ပြောဆိုလာခြ
မရှိတတ်။ ထို့ကြောင့် သူ့ကို သာမန်ဘွဲ့ရ၊ လုပ်ငန်းတွေမှာ ရှ
ယာဝင်ထားသူ ဥတစ်လုံး တစ်ကောင်ကြွက် အဖြစ်ကလွဲ
ဘာမှအပိုထပ်မသိခဲ့ရပါ။

တစ်ခါတစ်ရံ သူ နေထိုင်ပုံဟာ သာမန်ထက်ပို
သိမ်သန့်ဆန်၊ အေးစက်တည်ငြိမ်လွန်းနေသည်မှာ သံသယဖြစ်
ရာပင်။





"နင်ပြောတာ ငါလည်း တွေးမိပါတယ် စိန်ကျော့ရယ်၊ သူက အနေအေးတယ်၊ အရွယ်နဲ့မလိုက်အောင် တည်ငြိမ် ရင့်ကျက်လွန်းတယ်၊ ဒါက သူ နေတတ်သလို နေတာဖြစ်မှာပေါ့"

"ဒါပေမဲ့ သူ့ကိုယ်သူ ဘယ်လိုပဲ မှုကွဲအောင် ခွဲထွက်နေပါစေ၊ သူလည်း သာမန်ယောက်ျားတစ်ယောက်ရဲ့ သာမန်နှလုံးသားကို ပိုင်ဆိုင်ထားတာပဲ၊ အဲဒါကို နင် သိလား ရာရာ"

"ဘာကိုလဲ"

"ဩော် ... သူလည်း ချစ်တတ်တဲ့ သာမန်ယောက်ျားတစ်ယောက်ပဲဆိုတာ နင် သိပါတယ်၊ သကြိန်သီချင်းတစ်ပုဒ်ထဲမှာ ဒီယံ ဆိုထားတာလေ၊ ယောက်ျား ... ယောက်ျား ... ချစ်တတ် ချစ်တတ်တယ် ... ဆိုတာမျိုး၊ ဟီး ဟီး"

"အယ် ... မိန်းမ သွား၊ ငါ ရှက်လာပြီ"

"ဟော်တော့ ... ရှက်မျက်နှာကြီးဆိုတာ ဒါမျိုးလား၊ ကဲပါလေ ... နင်ကလည်း သူ အဲဒီလိုဆိုပြလာရင် အမိမ့် ချစ်လို ပြန်ဆိုပြလိုက်ပေါ့ ...

ယောက်ျား ... ယောက်ျား ... လစ်တတ် ဘတ်တတ်တယ် ... ယုံလွယ်ရင်တော့ မှားမယ်ကွယ် ... စဉ်းစားဦးမယ် ... ဟား ဟား ... မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ရာရာသည် စိန်ကျော့ အော်ဆိုလိုက်သော သီချင်းအဆုံးမှာ လိုက်မောပီတိဖြစ်စွာပင် ရယ်လိုက်မိသည်။ ထို့နောက် စိန်ဂကျော့မက "ကဲ ... ဖုန်းဆက်စောင့်၊ ငါ မနှောင့်ယှက်တော့ဘူး"ဟုဆိုကာ အနားမှ ထွက်သွားပါသည်။

တစ်ယောက်တည်း ကျန်ခဲ့ချိန်မှာ ရာရာ သူ့တိုက်ခန်းလေးရှိရာဆီ ဇွဲဝဲစူးစမ်းလိုက်မိသည်။

နာရီကြည့်လိုက်တော့ သူ ပုံမှန်ဖုန်းဆက်ချိန်ထက် ဆယ်မိနစ်ကျော် ၃ခဲ့လေပြီ။

ဘာမှန်းမသိသော စိုးရိမ်မှုတစ်မျိုးက ရာရာ့ရင်ထဲ အလိုအလျှောက် ဝင်ရောက်နေရာယူလာသည်။ သူ ဘယ်သွားနေလဲ၊ ဘာဖြစ်လို့ ပုံမှန်ဖုန်းဆက်နေကျ ဒီညမှာ စမဆက်ရတာလဲ၊ နေမှကောင်းရဲ့လား။

အတွေးပေါင်းစုံ စုပြုံတိုးဝှေ့လာချိန်မှာ ရာရာ ယတိပြတ် စိတ်ပိုင်းဖြတ်ပြီး သူ့ဖုန်းနံပါတ်များကို တစ်လုံးချင်းနှိပ်လိုက်သည်။ ဒါဟာ ရင်းနှီးမှုသက်တမ်းတစ်လျှောက် ညပိုင်းဖုန်းဆက်ချိန်မှာ ရာရာ့ဘက်က စတင်ခေါ်ဆိုရသော ပထမဆုံး Phone Call ပင်ဖြစ်ပါသည်။

ခုချိန်မှာ ရာရာ့ ရင်တွေလည်း အတိုင်းအဆမရှိခုန်နေခဲ့ရသည်။ သူ့ဖုန်းက အလွယ်တကူပဲ လိုင်းဝင်သွားခဲ့လေ





သည်။ ရာရာသည် သူ့ဖုန်းထူးသံ "Hello"လေးကို ရင်တခုန်ခုန်နှင့် မျှော်လင့် စောင့်စားနေခိုက် ဖုန်းဖွင့်လိုက်သလိုသာဖြစ်ပြီး သူ့ဆီက ထူးသံကိုတော့ မကြားရသေးပါ။

"ဟယ် ... ဟယ်လို ... ညစ္စူးလား"

"ဆောရီးပဲ ... ရာရာ၊ ကိုယ် ဖုန်းဆက်ဖို့ နောက်ကျသွားတယ်၊ တောင်းပန်ပါတယ်"

သူ့လေသံက အခါတိုင်းနှင့် မတူဘဲ တစ်မူထူးခြားနေသလိုပင်။ တဖြည်းဖြည်းနှင့် ရာရာ့ စိုးရိမ်မှုထုထည်က ခကြီးမားဆုံး အနေအထားသို့ ရောက်သွားရသည်။ သူ တစ်ခုခုဖြစ်နေတာတော့ ကျိန်းသေပါပြီ။

"ညစ္စူး ... ရှင် ဘာဖြစ်နေတာလဲဟင်၊ နေမကောင်းဘူးလား"

သူ့ဆီက ရှိုက်သံသဲ့သဲ့တစ်ချက် ကြားလိုက်ရသည်။ အို ... သူ ငိုနေတာများလား။

"ရှင် ... ရှင် ငိုနေတာလား ညစ္စူး၊ ကျွန်မကိုပြောပါ၊ ရှင် ငိုနေတာလားဟင်"

"ကိုယ် မျက်ရည်ကျတာကို မိန်းကလေးတစ်ယောက် သိသွားတာ ဒါ ပထမဆုံးပဲ ရာရာ၊ ဒါပေမဲ့ ကိုယ်မရှက်တတ်ပါဘူး၊ ဟုတ်ပါတယ်၊ ကိုယ် ဝမ်းနည်းပြီး ငိုနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရှင် တကယ်ပြောတာလား၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ ငိုတာလဲဟင်၊ ဖြစ်နိုင်ရင် ကျွန်မဆီမှာ ရင်ဖွင့်ပေးပါ ညစ္စုးရယ်"

သူက သက်ပြင်းကျယ်ကျယ်တစ်ချက် ချလိုက်ကာ...

"ဒီနေ့ ကိုယ့်ဖေဖေ ဆုံးခဲ့တဲ့နေ့လေ၊ ကိုယ့်ဘဝအတွက် တစ်ခုတည်းသော အားကိုးရာ ဖေဖေ့ကို ဘယ်တော့မှ ပြန်မရတော့အောင် လက်လွှတ်ဆုံးရှုံးခဲ့လိုက်ရတဲ့နေ့ပေါ့...

ကိုယ် အခု ဖေဖေ့ဓာတ်ပုံကြည့်ပြီး ငိုနေတာ၊ အဲဒါကြောင့် ဖုန်းဆက်ဖို့ ပျက်ကွက်ခဲ့တာပါ"

"ရဲ ... ရပါတယ် ညစ္စုးရယ်၊ ကျွန်မက ရှင် ဘာများဖြစ်လဲဆိုပြီး စိတ်ပူလို့ ဆက်လိုက်တာပါ၊ ရှင့်ဆီကို ကျွန်မလာအားပေးလို့ ရမလားဟင်"

"ညမိုးချုပ်နေပြီ ရာရာ၊ မင်းအတွက် မသင့်တော်ပါဘူး၊ ကိုယ့်အတွက် ခုလို စိတ်ပူပေးဖော်ရတာဂုဏ်ပဲ ကျေးဇူးတင်ရပါပြီ"

"ရပါတယ် ညစ္စုးရယ်၊ ကျွန်မကို မငဲ့ပါနဲ့၊ ရှင့်အခန်းရှေ့က လှေကားထစ်လေးမှာ ထွက်စောင့်နေလေ၊ ကျွန်မအခုလာခဲ့မယ်နော်"





ရာရာသည် ကိုယ့်ကိုယ်ကိုယ် အများအမှန် ခွဲခြားစိတ်ဖြာနိုင်စွမ်း မရှိသေးခင်မှာပင် သူ ရှိရာသို့ အမောတကောရောက်လာခဲ့မိသည်။ ခုချိန်မှာ သူ့မျက်ရည်တွေကို ခန်းခြောက်အောင် လုပ်ပေးဖို့၊ သူ့ကို အားပေးဖို့ ဆန္ဒတစ်ခုတည်းသာ ရာရာ့ရင်ထဲ တဖွားဖွား ဖြစ်ထွန်းနေတော့သည်။

သူ့အိမ်ရှေ့ရောက်တော့ သူက လှေကားထစ်ပေါ်မှာ ငြိမ်ကုပ်ကုပ်လေးထိုင်ရင်း မြေပြင်ဆီသို့ အကြည့်များကို ပို့ထားသည်။ သူ့မျက်လုံးများက တည်ငြိမ်စူးရှလွန်းစွာ မျက်တောင်မခတ်သလိုပင်။

ရာရာ သူ့ဘေးမှာ အသာဝင်ထိုင်တော့ သူက နီရဲဆွတ်ကျင်သော မျက်ဝန်းစိုစိုများဖြင့် ဖြည်းဖြည်းချင်း လှမ်းကြည့်လာပါသည်။ နှင်းငွေ့ဆွတ်သော ဆောင်းညလေပြည်တချို့ ရာရာတို့နှစ်ယောက်ကြားသို့ တိုးတိတ်ညင်သာစွာ ဖြတ်သန်းရိုက်ခတ်သွားခဲ့သည်။

"ရာရာ ... ကိုယ် ခုချိန်မှာ အရမ်းဝမ်းနည်းနေတယ်၊ ပြောပြလို့မရနိုင်အောင် နာကျင်ခံစားနေရတယ်၊ မင်းရှေ့မှာ မျက်ရည်ကျရတာ ရှက်မိပေမယ့် ဘယ်လိုမှမျိုသိပ်မထားနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန် ... ကျွန်မ နားလည်ပါတယ် ညစူးရယ်၊ ကျွန်မတို့က တစ်ယောက်ကိုတစ်ယောက် အမြဲအားပေးနေကျပဲလေ၊ ကျွန်မ စိတ်အားငယ်တဲ့ အချိန်တိုင်းမှာ ရှင်အမြဲရှိနေသလို အခု ရှင်ခံစားရတဲ့ အချိန်မှာလည်း ကျွန်မရှိနေပေးရမှာပေါ့ ...

အခု ရှင် ဘယ်သွားပြီး ဘာလုပ်ချင်လဲ၊ ကျွန်မကို ပြောပါ"

"ကိုယ့် မင်းပခုံးပေါ်မှီပြီး ငိုချင်တယ် ရာရာ၊ ခဏလေးပါ၊ သုံးမိနစ်လောက်အချိန်လေးဆိုရင် ကိုယ့်အတွက် လုံလောက်ပါတယ်"

"ည ... ညစူးရယ်"

ရာရာသည် ရင်ထဲ သိမ့်ခနဲ လှိုက်တက်လာသော ခံစားချက်များနှင့်အတူ သူ့ခေါင်းကို ကိုယ့်ပခုံးပေါ် အသာမှီတင်စေရင်း သူ့မျက်ရည်တွေ ချွေးသိပ်ဖို့ အားပေးမိပါသည်။ ဆောင်းညရဲ့ အေးခိုက်မှုကို နှစ်ယောက်လုံး မျက်ကွယ်ပြုထားခဲ့ကြသည်။

ထိုခဏလေးမှာပင် တစ်ယောက်ကိုတစ်ယောက်က ဘယ်လောက်ထိ လိုအပ်သွားကြပြီ ဆိုတာကို ကိုယ်စီသိနားလည်လိုက်ရပါသည်။ သူက ရှိုက်သံမထွက်စေဘဲ အသံတိတ် ငိုရှိုက်





နေဆဲ၊ ရာရာ သူ့ဆံပင်များကို အသာဖွဖွ နူးညံ့ညင်သာစွာ ပွတ်သပ်ပေးရင်း တီးတိုးဆိုမိသည်။

"ရှင် အားရပါးရ ငိုလိုက်နော် ညစူး၊ ကျွန်မ ရှင် စိတ်ပြေတဲ့အချိန်ထိ စောင့်ပေးပါ့မယ်၊ ရှင့်အိမ်တွင်းရေးကိစ္စတွေကို ကျွန်မ ခုချိန်မှာ သိခွင့်မရှိသေးလို့ ဘာမှမကူညီမဖြေရှင်းပေးနိုင်ဘူး၊ ဒါပေမဲ့ ကျွန်မရှိနေလို့ ရှင် အနည်းနဲ့အများ စိတ်သက်သာရာ ရမယ်ဆိုရင် ကျွန်မ ကျေနပ်ပါပြီ၊ ကျွန်မက ရှင့်ကို အားပေးချင်ရုံ သက်သက်ပါ"

"ကျေးဇူးတင်ပါတယ် ရာရာရယ်၊ ပြောမပြတတ်အောင်ပါပဲ၊ မင်းဟာ ကိုယ့်အတွက် မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းတစ်ယောက်၊ နှလုံးသားနဲ့ အနီးစပ်ဆုံးမှာရှိတဲ့ အတွယ်တာရဆုံး လူသားတစ်ဦးပါပဲကွာ"

ရာရာသည် သူ့အပြောကြောင့် ခွန်းတုံ့မပြန်နိုင်လောက်အောင် နှုတ်ဆွံ့အသွားရသည်။ "နှလုံးသားရဲ့အနီးစပ်ဆုံး" တဲ့လား ညစူးရယ်။ ကျွန်မကို ရန်းထွက်ရခက်အောင်များ သက်သက်ချည်နှောင်နေတာလား။

သူက အားရအောင် ငိုပြီးမှ ကလေးတစ်ယောက်လို မျက်ရည်များကို လက်ခုံနှင့် ဘယ်ညာပွတ်သုတ်ရင်း ရာရာ့မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာကို ခပ်ငေးငေးလေး မော့ကြည့်သည်။ ခုတော့လည်း တည်ငြိမ်ရင့်ကျက်လွန်းသော ညစူးဉာဏ်ဟာ ရာရာ့မျက်စိရှေ့က ကလေးသူငယ်ပေါက်စနလေး မဟုတ်သလိုပင်။

"ဆောရီး ... ကိုယ့်စိတ်တွေ အဆုံးစွန်ထိ ပေါက်ကွဲသွားတယ်၊ ညမိုးချုပ်နေပြီ၊ ရာရာ ပြန်တော့နော်၊ ညအိပ်ရင် အနွေးထည် ဝတ်အိပ်ဦး၊ ဒီည အရမ်းအေးတယ်"

"ရှင် တကယ် စိတ်ပြေသွားပြီလား ညစူး"

သူက ထိုင်ရာမှ ထရပ်ပြီး ခေါင်းညိတ်ပြသည်။ အဆမတန် ငိုထားသဖြင့် နီရဲမို့အစ်နေသော မျက်ခွံဖောင်းဖောင်းလေးကို ငေးကြည့်ပြီး ရာရာ ချက်ချင်းမျက်နှာလွဲလိုက်ရသည်။

"ဒါဆို ကျွန်မ ပြန်တော့မယ်နော်၊ ရှင် တစ်ခုခု လိုအပ်ရင် ကျွန်မတို့ဖုန်းကို အချိန်မရွေး ဆက်နော်"

"ဟုတ်ကဲ့ပါ၊ ဂွတ်နိုက်(ဒ်)ရာရာ"

"ဂွတ်နိုက်(ဒ်)၊ သွားပြီနော်"

ရာရာ သူ့ကို နောက်ဆုံးအကြိမ် တစ်ချက်ကြည့်ပြီး သူ့ရှေ့မှ တစ်လှမ်းချင်း လှမ်းထွက်လာခဲ့သည်။ သူက ရာရာ အိမ်ထဲဝင်သွားသည်အထိ စောင့်ကြည့်ပြီးမှ အိမ်တံခါးပိတ်ပြီး အထဲဝင်ဖို့ပြင်ပါသည်။





ရာရာ့အတွက် ဒီညတစ်ညကို အိပ်စက်ခြင်းဖြင့် ဖြတ်သန်းကုန်ဆုံးနိုင်မှာ မဟုတ်တော့။ မျက်ရည်စိုနေသော ညာဘက်ပခုံးလေးပေါ် ပါးအပ်မှီရင်း ရာရာသည် ညဥ့်နက်သန်းခေါင်ကျော်သည်အထိ အတွေးများဖြင့် ယောက်ယက်ခတ်လျက် ရှိနေခဲ့သည်။

ရာရာ့ပခုံးထက်မှာ သူ့ဆံပင်မှ ဂျဲလ်နံ့တချို့ ကပ်ငြိမွှေးပျံ့နေဆဲပင်။

✧ ✉ ✧



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မနက် နှင်းတွေ ပိုသည်းနေသည် ထင်ပါသည်။

ရာရာသည် မနက်ခြောက်နာရီတိတိမှာ အိပ်ရာက နိုးလာပြီး ပုံမှန်လုပ်နေကျ အလုပ်တို့ဖြင့် လုံးလည်ချာလည် ဖြစ်နေဆဲမှာ ...

"မိရာရေ ... ခုပဲ ကိုကြီးဖုန်းဆက်တယ်ဟယ်၊ သူ့ကို ကားဂိတ်လိုက်ပို့ပါတဲ့၊ သူတည်းတဲ့ ဟိုတယ်က သူငယ် ချင်းက အရေးကြီးကိစ္စရှိလို့ လိုက်မပို့နိုင်ဘူးဆိုလား အဲဒါ ငါသွားရဦးမယ်၊ နှင်ရော လိုက်ခဲ့ပါလား"

"ဘာလဲ ... နှင့်အစ်ကို ပြန်တော့မှာလား"

"အေး ... ကားကတော့ ဆယ်နာရီလောက်မှ ထွက်မှာပါ ဒါပေမဲ့ ငါ့ကို မနက်စာအတူစားပြီး ဟိုဟိုဒီဒီလျှောက် သွားဖို့ ခေါ်တာ"





"အဲဒါဆိုလည်း နှင်ပဲ သွားလိုက်ပါ၊ ငါ အိမ်မှာ လုပ်စရာ လေးတွေ ရှိသေးလို့"

"နှင် နယ်ကို ဘာမှာဦးမလဲ"

"လောလောဆယ်တော့ မှာစရာမရှိသေးပါဘူး၊ နောက်မှပဲ လိုတာရှိရင် ဖေဖေ့ဆီ ဖုန်းဆက်လိုက်မယ်"

"အဲဒါဆို ငါ သွားတော့မယ်နော်၊ ငါ မနက်စာတော့ အပြင်မှာပဲစားတော့မယ်၊ နှင်လည်း တစ်ယောက်တည်း သတိရှိရှိနဲ့နေဦး"

"အဟင်းဟင်း ... အေးပါဟယ်၊ စိတ်ချလက်ချ သွားပါ"

စိန်ကျော့က ထုံးစံအတိုင်း ပြင်ဆင်ခြယ်သပြီး အပြင်ထွက်သွားချိန်မှာ ရာရာကတော့ အိမ်ရှင်း၊ အဝတ်လျှော်၊ ချက်ပြုတ်ကြော်လှော်ရင်း ကျန်ခဲ့ပါသည်။

ဒီနေ့ သင်တန်းချိန်လည်း မရှိသည်မို့ အေးအေး ဆေးဆေးပဲ ဖြစ်သည်။

တစ်ယောက်တည်း အလုပ်ရှုပ်နေဆဲမှာ ...

"တီး ... တောင်၊ တီး ... တောင်"

ရာရာသည် ခြံတံခါးဘဲလ်မြည်သံကြောင့် ကော်ဖီ ဖျော်နေရာမှ ဆတ်ခနဲ နားစွင့်ထောင်သွားရသည်။ ဘယ်သူပါ လိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် လုပ်လက်စအလုပ်ကို လက်စသတ်ပြီး ခြံထဲဆင်းလာခဲ့သည်။ ခြံရှေ့မှာရပ်နေသူက ရာရာ လုံးဝမသိသော အသက်နှစ်ဆယ်ကျော်အရွယ် ကောင်လေးတစ်ယောက်ပင် ဖြစ်သည်။

ဦးထုပ်အနက်ရောင် ဆောင်းထားသော ကောင်လေးက ရာရာ့ကိုမြင်သော် ...

"ဒီအိမ်က ဦးအောင်မြတ်တို့ အိမ်ပါလား ခင်ဗျာ"

"ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲရှင့်"

"ကျွန်တော် ဦးအောင်မြတ်ရဲ့သမီး မနွေအက္ခရာနဲ့တွေ့ချင်လို့ပါ"

"ကျွန်မပါပဲ"

"ဩော် ... ဒါဆို ဒါလေး ပေးချင်လို့ပါ"

ကောင်လေးက စလွယ်သိုင်းလွယ်လာသော အိတ်ထဲမှ စာအိတ်ညိုတစ်လုံး ထုတ်ပေးသည်။ ရာရာ လှမ်းယူပြီးဖော ဇဝါ ကြည့်နေမိချိန်မှာပဲ ကောင်လေးက အနီးမှာရပ်ထားသော ဆိုင်ကယ်ပေါ် တက်ထိုင်မောင်းထွက်သွားပါသည်။

ရာရာ့မှာ ဘယ်သူပေးခိုင်းတာလဲဟု လှမ်းမေးဖို့ပင် အခွင့်မသာတော့။ ကောင်လေးပုံစံက သာမန်စာပို့သမားတစ်ယောက်ပုံစံမျိုး မဟုတ်တာတော့ သေချာပါသည်။





ပဟေဠိမေးခွန်းများဖြင့် ရာရာ စာအိတ်လေးကို ပြန်ခေါင်းပြန် လှေလာစစ်ဆေးပြီး အိမ်ထဲပြန်ဝင်လာခဲ့သည်။ ဖေ့နာမည်နှင့်ချိပြီး လာပေးသည့်အတွက် အရေးကြီးသော စာ ဖြစ်မည်ဟု ခန့်မှန်းမိကာ ချက်ချင်း ဖောက်ဖတ်လိုက်ပါသည်။

စာရွက်ထဲမှ စာလုံးများမှာ လက်ရေးမဟုတ်ဘဲ ကွန်ပျူတာဖြင့် စာစီရိုက်ထားခြင်းဖြစ်သည်။

"နွေအက္ခရာ ...

မင်းကို သတိပေးချင်လို့ ဒီစာရေးလိုက်တာပါ၊ ဒီအိမ်ကို ငါ အမြန်ဆုံး ပြန်လိုချင်တယ်၊ အခု မင်းနေတဲ့အိမ်၊ မင်းသုံးစွဲနေတဲ့ အသုံးအဆောင်ပစ္စည်းတွေ အားလုံးဟာ မင်းပိုင်ပစ္စည်းမဟုတ်ဘူး၊ မင်းအဖေ မတရားသဖြင့် ရယူထားတဲ့ အရာတွေကို တစ်ခုမကျန် ပိုင်ရှင်လက်ထဲ ပြန်ထည့်ပေးနိုင်အောင် ကြိုးစားပါ၊ ငါ အခု မင်းကို အေးအေးဆေးဆေး လွှတ်ပေးထားတာကို အဟုတ်ထင်မနေပါနဲ့၊ ဒီအိမ်ပေါ်က အမြန်ဆုံးဆင်းဖို့ ပြင်ဆင်ထားပါ၊ တစ်လအတွင်း ထူးခြားမှုမရှိရင် ငါဘက်ကလည်း ရှေ့ဆက်တိုးသင့် တိုးရမယ်၊ ဒီကိစ္စကို မင်းအဖေ ဦးအောင်မြတ်နဲ့လည်း သေချာပြန်တိုင်ပင်လိုက်ပါဦး၊ ငါ မင်းတို့ရဲ့အနီး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးနေရာတစ်ခုမှာ အမြဲအဆင်သင့် ရှိနေတယ် ဆိုတာ မမေ့ပါနဲ့၊ ငါပြောတဲ့အတိုင်း လုပ်ပါ။

အမည်မသိလူစိမ်း"

ရာရာရဲ့စာကိုင်ထားသော လက်တွေက တဆတ်ဆတ်တုန်ယင်လျက်။ ရာရာသည် အာစေးမိနေသူလို နေရာမှာတင် ဆွံ့အကြက်သေ သေသွားရပါသည်။

ဒီလူရဲ့ခြေ ြမ်းတွေဟာ တဖြည်းဖြည်းနဲ့ စိပ်သထက် စိပ်လာခဲ့ပြီ။ အရင်တုန်းက ဒီကိစ္စကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖော်ထုတ်ရန် ကြံစည်ခဲ့သော ရာရာ့အတွက် ချောက်ချားတုန်လှုပ်ခြင်းက လွှမ်းမိုးကြီးစိုးလာခဲ့လေပြီ။

ဒီအိမ် ... ဒီအိမ်ကြီးဟာ ဖေဖေ မတရားသဖြင့် ရယူထားခဲ့သောအိမ်တဲ့။ ဒါဆို အရင်အိမ်ရှင်တွေနှင့် ဖေဖေ ရန်ငြိုးရန်စရှိခဲ့ဖူးတာ ကျိန်းသေပြီပေါ့။ ရာရာသည် ချက်ချင်းပင် နယ်က ဖေဖေ့ဖုန်းကို ခပ်သွက်သွက်ပင် ဆက်ခေါ်လိုက်သည်။

သို့သော် ကံဆိုးလှစွာ "ဆက်သွယ်မှုဧရိယာပြင်ပ" တဲ့။ ငါးခေါက်လောက်ခေါ်ပြီးသည်အထိ မရတော့မှ စိတ်ဒုံးဒုံးချလိုက်ရသည်။ ထို့နောက် ရာရာ အိမ်ကြီး၏အတွင်းပိုင်း ပတ်ပတ်လည်သို့ ဝေ့ဝဲရှာဖွေ စနည်းနာကြည့်မိသည်။ ထူးထူးခြားခြား အရိပ်အယောင် ရှာမတွေ့ရချေ။





စာထဲက အကြောင်းအရာများအရ ဟိုလူကြီး ခုပင် ကိုယ့်အနီးနားရောက်နေသလို ခံစားမိကာ ကျောထဲ စိမ့်ခနဲဖြာတက်သွားရပါသည်။

ရာရာသည် ခေါင်းထဲ အသိတစ်ချက်ဝင်လာပြီး အိမ်ထဲမှ ထွက်လာကာ ဘေးအိမ်တစ်အိမ်ဆီသို့ ရောက်လာခဲ့သည်။ ထိုအိမ်က လုံးချင်းနှစ်ထပ်အိမ်ဖြစ်ပြီး အိမ်ရှင်အဒေါ်ကြီးနှင့် ရုံဖန်ရံခါ မျက်မှန်းတန်းမိပြီး ပြုံးပြနှုတ်ဆက်ရုံ ရှိပါသည်။

ရာရာ အိမ်ရှေ့ရောက်သွားတော့ အဒေါ်ကြီးကို ပန်းပင်ရေလောင်းလျက်သား တွေ့လိုက်ရသည်။

"ဟယ်... ဟိုဘက်ခြံက သမီးပါလား၊ ဘာကိစ္စလဲ သမီး"

ရာရာက အဒေါ်ကြီးကို ရင်းရင်းနှီးနှီး ပြုံးပြလိုက်ရင်း ...

"အန်တီ့ကို မေးစရာလေးတစ်ခုရှိလို့ပါ"

"ဆိုလေ သမီး၊ ဘာလဲ ... အိမ်ထဲဝင်ထိုင်ပါဦးလား"

"ဟို ... ရပါတယ်၊ မဝင်တော့ပါဘူး အန်တီ၊ သမီးမေးချင်တာက အခု သမီးတို့အိမ်ရဲ့ အရင်အိမ်ရှင်၊ အဲဒါ ဘယ်သူတွေလဲ၊ သူတို့ ဘယ်ကိုပြောင်းသွားကြလဲ၊ အဲဒါလေး အန်တီများ သိမလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးက ရာရာ့မေးခွန်းကြောင့် မျက်ခုံးတစ်ချက် ပင့်သွားပြီး ခပ်တိုးတိုးရယ်ပါသည်။

ထို့နောက် ...

"အန်တီတို့က ဒီအိမ်ကို ပြောင်းလာတာ တစ်နှစ်တောင် မပြည့်သေးဘူး သမီးရဲ့၊ နောက်ပြီး ဒီရပ်ကွက်ကလည်း သူ့အိမ်နဲ့၊ သူ့အခန်းနဲ့ သူ့ဟာသူ သီးသန့်နေတတ်ကြတာလေ၊ အဲဒီတော့ ဘယ်လူဟောင်းတွေဖြောင်းပြီး ဘယ်လူသစ်တွေ ထပ်ရောက်လာသလဲ သေချာမသိကြဘူး။ ဘာဖြစ်လို့လဲ သမီး၊ အိမ်မှာ အခက်အခဲ ရှိနေလို့လား"

ရာရာသည် ဒေါ်ကြီးစကားကြောင့် စိတ်ဓာတ်အနည်းငယ် ကျသွားရသည်။ သို့ပေမဲ့ ဒေါ်ကြီး မသိနိုင်ဘူးဆိုတာလည်း သဘာဝကျပါသည်။

"အခက်အခဲတော့ မရှိပါဘူး အန်တီ၊ သမီး သိချင်ရုံသက်သက် လာမေးကြည့်တာပါ"

"အေးကွယ် ... အန်တီလည်း တိတိကျကျမသိတာ၊ သမီးကိုအားနာလိုက်တာ၊ တကယ်လို့ တစ်ခုခု အဆင်မပြေတာရှိရင် ပြောလေ သမီး၊ အန်တီတို့ အိမ်နီးချင်းတွေပဲ ကူညီရမှာပေါ့"





"ရပါတယ် အန်တီ၊ သမီးတို့ အဆင်ပြေပါတယ်၊ သမီးကို ခွင့်ပြုပါဦးနော်"

"အေး ... အေး၊ ကောင်းပြီ သမီး"

ရာရာသည် လေးကန်သော ခြေလှမ်းများဖြင့် ကိုယ့်အိမ်ဘက် ပြန်လျှောက်လာခဲ့သည်။ ဘာဆက်လုပ်ရမလဲ။ အမှန်ဆိုင်း ဝန်ခံရလျှင် ရာရာ နယ်မပြန်ချင်သေး။ ဒီကိစ္စကြီးရဲ့အဖြေကို ရအောင်ဖော်ထုတ်ပြီး၊ ပြဿနာတွေအားလုံး ရှင်းသွားမှ ပြန်ချင်ပါသည်။

ထို့ပြင် အထပ်ထပ် တွယ်နှောင်ရစ်ပတ်ခဲ့ပြီဖြစ်သော မြင်ရသည့် ကြိုးလေးတစ်ချောင်းကိုလည်း အလွယ်တကူ မဖြတ်တောက်ပစ်ရက်သေးပါ။ စာထဲမှာ တစ်လအချိန်ပေးထားသည့်အတွက် ထိုတစ်လအတွင်း ထူးခြားမှုတစ်ခုခု ကြုံနိုင်ကောင်းမည်ဟု ရာရာ စိတ်ထဲက အလိုလို တွေးထင်နေမိသည်။

ရာရာသည် စိတ်မောလူမောနှင့် ဧည့်ခန်းထဲက ဆိုဖာပေါ် ပစ်ထိုင်ချရင်း ဖေဖေ့ဖုန်းကို ထပ်ခေါ်လိုက်သည်။ ဒီတစ်ခါတော့ ဖုန်းက အလွယ်တကူပဲ ဝင်သွားပါသည်။

"ဟယ်လို ... ဖေဖေလား၊ သမီး ရာရာပါ"

"အေး ... သမီး ပြော၊ ထူးထူးဆန်းဆန်းပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ခုနက ဖေဖေ့ဆီ ဆက်သေးတယ်၊ လုံးဝခေါ်လို့မရဘူး ဖေဖေ အခု ဘယ်ရောက်နေတာလဲဟင်"

"ဟုတ်တယ် သမီး၊ ဖေဖေ ကျိုင်းတုံက ဟိုတယ်ကို အစည်းအဝေးလုပ်နေလို့ ခေါ်လို့မရတာ"

"ဟွန်း ... လုပ်ပြီ၊ ဖေဖေတို့ကတော့ အလုပ်နဲ့လက်ပြတ် တယ်ကို မရှိဘူး၊ သောဘတွေ သိပ်မကြီးပါနဲ့ ဖေဖေရယ်"

"အဟားဟား ... ကဲပါ ... ဟုတ်ပါပြီ၊ ပြောပါဦး၊ ဖုန်း ဆက်တဲ့ကိစ္စကို"

ရာရာသည် လတ်တလော ကြုံတွေ့နေရသော ဖြစ် ရပ်မျိုးစုံနှင့် စာကိစ္စကို ဖေဖေ နားလည်အောင် အတိုချုံးပြော လိုက်ရသည်။ မပြောလို့လည်း မဖြစ်တော့သည့် အနေအထားပင်။ ဖေဖေက ရာရာ ပြောသမျှ စိတ်ရှည်လက်ရှည် နားထောင်နေပြီး မှ...

"ဒီမှာ ... ဖေဖေ ပြောမယ် ရာရာ၊ သူပြောသလို အဲဒီ အိမ်ကို ဖေဖေ မတရားသဖြင့် ရယူထားတာ မဟုတ်ဘူး လုပ်ငန်းသဘောအရ ကိုယ့်အတွက် တန်ရာတန်ကြေး ရပိုင်ခွင့်ကို ပြန်ယူထားတာ၊ အဲဒီအိမ်ရှင်ကလည်း ဆေး သွားတာ ကြာပြီ ..."





ဒါ သမီးတို့ကို တမင်သက်သက် ချောက်ချပြီး ခွင် ဆင်တာ၊ မိန်းကလေးနှစ်ယောက်တည်းဆိုပြီး ခြောက်လှန့် ချင်တာ၊ သမီး စိတ်သန့်သန့်နေပါ၊ လိုအပ်ရင် ဖေဖေ မမြရီကို လွှတ်လိုက်မယ်"

"အို ... မလွှတ်ပါနဲ့ ဖေဖေရဲ့၊ သမီးက ဖေဖေ့ဆီ လှမ်း အကြောင်းကြားရုံ သက်သက်ပါ၊ သူက တစ်လအတွင်း ဆင်းမပေးရင် ..."

"အဲဒါပဲ သမီးရဲ့၊ အရူးချေးပန်း လျှောက်ပြောနေတာ၊ သူ သတ္တိရှိတယ်ဆိုရင် လူသုံးထွက်ပြလိုက်လေ၊ ဘာလို့ အမှောင်ထဲကနေ ကြွေးကြော်နေတာလဲ၊ သမီး သိထားဖို့ က ဒါ မင်းမဲ့တိုင်းပြည် မဟုတ်ဘူး၊ ဘယ်ပြဿနာမဆို တရားဥပဒေနည်းနဲ့ အချိန်မရွေး ဖြေရှင်းလို့ရတယ်၊ သူ လုပ်ချင်တိုင်း လုပ်လို့မရဘူး ...

အဲဒီတော့ သမီး အခု ဘာလုပ်ချင်လဲ၊ နယ်ပြန်လာ ချင်လား၊ ရန်ကုန်က သင်တန်းကိစ္စတွေရော ပြီးပြတ်ပြီ လား"

"ပြီးတဲ့ဟာတွေတော့ ပြီးနေပြီ၊ ဒါပေမဲ့ ရှေ့အပတ်ကျရင် စာမေးပွဲ ဖြေရမယ့် သင်တန်းတွေ တန်းစီနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး လိုအပ်ရင် မမြရီကို"

"အို ... ဖေဖေကလည်း၊ တစ်ဆိတ်ရှိ ဒီမမြရီပဲ လွှတ်ချင်နေတာပဲ၊ ဖေဖေ့သမီးက သတ္တိခဲပါ၊ ခုကိစ္စက အိမ်နဲ့ပတ်သက်နေလို့ ဖေဖေ့ကို လှမ်းမေးတာပါ၊ ရုံတွေ ဘာတွေ တိုင်ဖို့ကလည်း သမီးတို့သိက္ခာ ထိခိုက်မှာစိုးလို့။ အဲဒါကြောင့် ငြိမ်နေတာ"

"ဒီ့ထက်ဆိုးလာရင်တော့ တိုင်သင့် တိုင်ရမှာပဲ သမီး၊ ဖေဖေ တစ်ယောက်လုံး သမီးနောက်မှာရှိတယ်၊ သမီးဘာမှ ကြောက်စရာမလိုဘူး"

"ဖေဖေ ဒီအိမ်ကို တန်ရာဈေးပေးပြီး ဝယ်ခဲ့တာ တကယ်ဟုတ်ပါတယ်နော်"

"အဟား ... ဘာလဲ၊ သမီးက ဖေဖေ့ကိုတောင် သံသယဝင်ချင်နေပြီလား၊ ဘယ်က အရူးမှန်းမသိတဲ့ လူတစ်ယောက်ရဲ့စကားကို နားယောင်ချင်ပြီလား သမီးရဲ့ ..."

ဒီအိမ်ဟာ ဖေဖေ့အိမ်ပါ သမီးရယ်၊ သမီး စိတ်သန့်သန့်နဲ့ယုံပါ၊ ဖေဖေလည်း ရန်ကုန်လာခဲ့ပါဦးမယ်၊ အခုကျိုင်းတုံမှာ ရှယ်ယာကိစ္စတွေ နည်းနည်းပြဿနာပေါ်နေလို့ အလုပ်ရှုပ်နေတာ"





"အင်းပါ ... ဖေဖေ့အိမ် တကယ်ဟုတ်တယ် ဆိုရင်လည်းပြီးတာပဲ၊ သမီးကတော့ အေးအေးဆေးဆေးနေရရင် တော်ပါပြီ၊ ကျန်တဲ့စိတ်ရှုပ်စရာတွေ ဘာမှ ခေါင်းထဲမထည့်ထားဘူး၊ ဖေဖေ သမီးကို ဘာမှာဦးမလဲ"

"ထွေထွေထူးထူးတော့ မှာစရာမရှိပါဘူးကွယ်၊ လိုတာရှိရင် ဖုန်းဆက်ပါ၊ သမီး ရန်ကုန်မှာ ပျော်နေတယ်ဆိုရင်ပြီးတာပဲ"

ရာရာသည် ဖေဖေ့နောက်ဆုံးစကားကြောင့် ရင်ခုန်သံတွေ ရုတ်တရက် အင်အားပြင်းထန်သွားရပါသည်။ ထို့ပြင် အာရုံထဲမှာ သူ့မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လိုက်မိပြန်သည်။

သို့သော် ဖေဖေ့ကို ပြောပြဖို့ အချိန်မတန်သေးဟု ထင်ပါသည်။

ဖေဖေနှင့် ဖုန်းပြောပြီးတော့ ရာရာ စက္ကန့်ပိုင်းမျှ ငြိမ်သက်နေမိသည်။ ထိုအချိန်မှစ၍ ရာရာ့ဘဝအတွက် အကြီးမားဆုံး ပြောင်းလဲမှုကြီးတစ်ခု ပေါ်ပေါက်လာတော့မည်ဟု စိုးစဉ်းမျှ မရိပ်မိခဲ့သေးပါ။

တကယ်တော့ ရာရာသည် ကိုယ်တိုင်လည်းမဖန်တီး၊ တစ်ပါးသူရဲ့ ဖန်တီးမှုနှင့်လည်း သိပ်မသက်ဆိုင်ပဲ ကံကြမ္မာဖန်

www.burmeseclassic.com



တီးထားသော လှည့်ကွက်ထဲသို့ မျက်စိလည်လမ်းမှားကာ ရောက်ရှိသွားခြင်းဖြစ်သည်။

သို့သော် ထိုလှည့်ကွက်ထဲမှာ တစ်ပါးသူရဲ့ဖန်တီးမှု သုံးဆယ်ရာခိုင်နှုန်းမျှ ပါဝင်နေမှန်း အချိန်လွန်မှ သိခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။

✧ ✉ ✧





"ဟယ်လို ... ရာရာလား"

"ဟင် ... ညစူး၊ ညနေပိုင်းကြီး ဖုန်းဆက်တယ်၊ ဟုတ်လား"

"အဟဲ ... အံ့သြသွားတာလား၊ ဒါနဲ့ စိန်ကျော့ရော"

"ရှိတယ်၊ တီဗီကြည့်နေတယ်၊ ဘာတွေ ထူးထူးဆန်းဆန်း လုပ်ဦးမလို့လဲ"

သူက နားလည်ရခက်စွာ တဟားဟား အော်ရယ်နေပါသည်။ ဘယ်လို အကြောင်းကြောင်းနိုင်သော ကောင်လေးမှန်း မသိပါ။ အလွန်နားပါးလှသော စိန်ကျော့က တီဗီကြည့်နေရင်းတန်းလန်း မျက်ထောင့်နီကြီးနှင့် လှည့်ရှိုးလာပြန်သည်။

"ရာရာတို့ ညစာ စားပြီးပြီလား"

"ဟင့်အင်း၊ မနက်စာကို သုံးနာရီလောက်ကမှ စားထားလို့ မဆာသေးဘူး၊ ဘာဖြစ်လို့ မေးတာလဲ ညစူးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အတော်ပဲ၊ ဒီနေ့ညစာကို ရာရာတို့ စိန်ကျော့တို့နဲ့ စားချင်လို့ လှမ်းဆက်လိုက်တာ၊ ကိုယ် အိမ်မှာ ဆူရှီလုပ်ထားတယ်၊ လာခဲ့လေ"

"အယ် ... ဆူရှီ လုပ်တတ်တယ်၊ ဟုတ်လား"

"ရာရာကလည်း လူကို အထင်သေးလိုက်တာ၊ ကိုယ့်ဆီမှာ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဥရောပ၊ အိန္ဒိယ ချက်ပြုတ်နည်းစာအုပ်တွေ အထပ်လိုက်ရှိတယ်၊ အဲဒီထဲကကြည့်လုပ်တာပေါ့"

"အင်း ... ဒါဆို လာအားပေးရမှာပေါ့"

"ခုပဲ လာခဲ့နော်"

"ဟုတ်ပြီ"

သူကပြောပြီး ဖုန်းချသွားရာ ရာရာက စိန်ကျော့ဘက်လှည့်ပြီး ကိုယ်တော်ချောရဲ့ဆူရှီ သွားဆွဲဖို့ အဖော်စပ်သည်။ စိန်ကျော့က အစပိုင်းတော့ မလိုက်ချင်သလို ဒီဇိုင်းဖြင့် အင်တင်တင် လုပ်နေသေးသည်။

"သူက နင့်ပဲခေါ်ချင်တာ၊ နင်နဲ့မျက်နှာချင်းဆိုင်ထိုင်ပြီး တစ်ယောက်မျက်နှာ တစ်ယောက် တစိမ့်စိမ့်ကြည့် အရသာခံရင်း စားချင်တာလေ၊ ငါ့ကိုမကောင်းတတ်လို့ရော ခေါ်တာများ မသိရင်ခက်မယ်"





"ဟယ် ... မဟုတ်ပါဘူးဟယ်၊ အကင်လွဲနေပြန်ပြီ၊ လာပါ၊ နင် ဆူရှီကြိုက်တာ ငါသိပါတယ်၊ သွားစားရအောင်၊ ငါတို့သင်တန်းနားက ဂျပန်ဆိုင်မှာ နင် ခဏခဏ ဝင်စားနေတာ ခုမှလာပြီး အင်ပြုနေတယ်"

"အောင်မာ ... အားနာလို့လိုက်မှာနော် ... ဟွန်း"

"အေးပါ မာနရှင်ရယ်၊ လာပါ"

ရာရာက ကလေးဆိုးကြီးလို စူပုပ်ထော်လန်နေသော စိန်ကျော့ကို ဖက်ပွေ့ကာ အိမ်တံခါးတွေ အကုန်လိုက်ပိတ်ပြီး သူ့အိမ်ဘက် လှမ်းလာခဲ့ပါသည်။

ဘဲလ်နှိပ်လိုက်တော့ သူ ကပျာကယာပင် တံခါးဖွင့်သည်။

"ဟော ... လာကြ၊ ကျွန်တော် နောက်ဖေးမှာ ပြင်ဆင်နေလို့ တံခါးတောင် အဆင်သင့် မဖွင့်ပေးထားရဘူး"

"ကျွန်မတို့ ဘာဝိုင်းလုပ်ပေးရဦးမလဲ"

"အကုန်ပြီးပြီ စိန်ကျော့ရဲ့၊ စားတဲ့အလုပ်ပဲ ဝိုင်းလုပ်ပေး"

သူ့အရွှန်းဖောက်မှုကြောင့် အားလုံး သဘောကျမိကြသည်။ ရာရာသည် သူ့တိုက်ခန်းလေးကို ဝေ့ဝဲအကဲခတ်ရင်း စိတ်ထဲကလည်း သူ့ကို တိတ်တိတ်လေး ချီးမွမ်းခန်း ဝင်နေမိပါသည်။ လူပျိုယောကျ်ားလေးတစ်ယောက်တည်းနေသော အိမ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေး လိုတာထက်ပိုပြီး သန့်ရှင်းသပ်ရပ်ကာ စနစ်တကျရှိလှပါသည်။ သာမန်ယောက်ျားလေးတွေလို ဖြစ်သလိုနေ၊ ဖြစ်သလိုစား ဖွတ်စဗျင်းတောင်းပုံစံမျိုး ရှိမနေပါ။

ပစ္စည်းအထားအသိုများကလည်း သပ်သပ်ရပ်ရပ်၊ စီစီရီရီနှင့် မျက်စိအေးစဖွယ် ဖြစ်သည်။ ဧည့်ခန်းအဝင်ဝနားမှာတော့ ရွှေပေါင်ကွပ်ထားသော အသက်ငါးဆယ်အရွယ်ခန့် အမျိုးသားကြီးနှင့် အမျိုးသမီးကြီး၏ ဓာတ်ပုံကပ်ထားသည်။ သူ့မိဘများဖြစ်မည်ဟု ခန့်မှန်းရပါသည်။

သူက အဖေတူသည်။ မျက်နှာကျ၊ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းတို့ အားလုံးဟာ သူ့အဖေထံမှ အမွေရထားပြီးဖြစ်ဟန်တူသည်။ စိန်ကျော့ကလည်း ထိုဓာတ်ပုံကိုကြည့်ပြီး သူ့ မကြားအောင် ရာရာ့နားကပ်ပြီး ခပ်တိုးတိုးဆိုပါသည်။

"ဟဲ့ ... ဦးနေတိုးကြီးရဲ့သားက သူ့အဖေနဲ့ ချွတ်စွပ်ပဲနော်"

တဲ့။ ရာရာ့မှာ စိန်ကျော့ရဲ့ ပေါက်ကရစကားကြောင့် ပြုံးမိရသေးသည်။

ထမင်းစားခန်းထဲရောက်တော့ ဂျပန်ဆိုင်လေးတစ်ဆိုင်လို လှပသပ်ရပ်စွာ ပြင်ဆင်ထားသော ဆူရှီဝိုင်းကို အရန်သင့်တွေ့လိုက်ရတော့သည်။





"ဟယ် ... ကြည့်စမ်း၊ ညစူးက အရမ်းတော်တာပဲ၊ ကျွန်မသွားစားနေကျဆိုင်လေးထက်တောင် ပိုပြီးစားချင် စရာဖြစ်နေသေးတယ်၊ ဆိုစမ်းပါဦး၊ ဘယ်ကနေ ဘယ်လိုလုပ်ရလဲဆိုတာ၊ ကျွန်မတို့က စားပဲစားတတ်တာ၊ လုပ်ဖို့တော့ အသုံးကိုမကျဘူး"

"ကျွန်တော်လည်း ချက်ပြုတ်နည်းစာအုပ်အားကိုးနဲ့လုပ်တာ စိန်ကျော့ရဲ့၊ ဆူရှီက တခြားဟာတွေထက် လုပ်ရတာပိုလွယ်ပါတယ် ...

ချက်ပြီးသားထမင်းကို နှမ်းဆီ၊ နှမ်း၊ ဆားနဲ့နယ်ပြီးတော့ ဂဏန်းချောင်း၊ ကြက်ဥချောင်း၊ မုန်လာဥနီ၊ ဇရှတ်ပွတွေကို ရေနွေးဖျောပြီး အမြှောင်းလေးတွေဖြစ်အောင်လှီး၊ ပုစွန်ကို ရေနွေးဖျော အခွံနွာ၊ သခွားသီးကိုလည်း အမြှောင်းလိုက်လေး လှီးရမယ်၊ ကြက်ဥကိုခေါက်ပြီး အပြားဖြစ်အောင်ကြော်၊ ပထမဆုံး ရေညှိပြားပေါ်ထမင်းဖြန့်ခင်း၊ ပြီးရင် အမြှောင်းလှီးထားတဲ့ ပစ္စည်းတွေကို စီစီရီရီလေးတင်ပြီး အလိပ်လိပ်၊ နောက်ဆုံးဓားထက်ထက်နဲ့လှီးပြီးတော့ ခုလို စားလို့ရတဲ့အဆင့်ထိ ရောက်ပြီပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ကျွန်တော်တို့ စားလိုက်ရအောင်၊ စားပြီးရင် အချိုတည်းဖို့ ပန်းသီးဖျော်ရည်လေးလည်း လုပ်ထားတယ်"

"ဟား ... ညစ္စူးကတော့ တကယ်ချီးကျူးစရာပဲရှင်၊ ကျွန်မတို့ ဒီနေ့အဖို့တော့ ပညာလည်းရ၊ ဗိုက်လည်းဝပြီ"

တကယ်လည်း သူ့ဆူရှီကို စိန်ကျော့နှင့် ရာရာ အမှန်းအားပေးခဲ့ကြပါသည်။ ရာရာသည် စားနေရင်းမှ "သူ့လက်ရာကို ဒီလိုနေ့တိုင်းစားနေရရင် ဘယ်လောက်ကောင်းလိုက်မလဲ" ဟု ဘယ်သူမှ မသိအောင် တိတ်တိတ်လေး ကျိတ်တွေးနေမိသည်။

စိန်ကျော့ သိရင် ပေါင်ကြောလိမ်ဆွဲခံရမှာ ကျိန်းသေပါသည်။ စားသောက်ပြီးစီးတော့ ပန်းသီးဖျော်ရည်ခွက် ကိုယ်စီကိုင်ကာ ဧည့်ခန်းထဲထိုင်ပြီး စကားပြောဖြစ်ကြသေးသည်။ အဓိက ပြောသော အကြောင်းအရာများရဲ့ ခေါင်းစဉ်ကတော့ သူ့မိဘများပင် ဖြစ်လေသည်။

"ညစ္စူးမှာ မိဘတွေ မရှိတော့တာ ကြာပြီလား"

သူက စိန်ကျော့မေးခွန်းကို ချက်ချင်း ပြန်မဖြေသေးဘဲ ရာရာ့မျက်နှာကို တစ်ချက်လှမ်းငေးကြည့်ပါသည်။ သူ့အဖေဆုံးခဲ့သည်ဆိုသောညက ရာရာ့ပခုံးပေါ် သူ ခေါင်းမှီပြီး ငိုခဲ့တာ





ရာရာနှင့်သူ နှစ်ယောက်တည်းသာ သိခဲ့သည်။ ထိုကိစ္စကို ာက စိန်ကျော့ကိုပင် ပြန်မပြောပြခဲ့ပါ။

နောက်ဆုံးတော့ သူက ပန်းသီးဖျော်ရည်တစ်ငုံငုံ သက်ပြင်းတစ်ချက်ချရင်း လေးပင်စွာ ဆိုလာပါသည်။

"ကျွန်တော့်အမေက ငယ်ငယ်လေးကတည်းက ဆုံးသွားတာပါ၊ အဖေနဲ့နေတာကြာတော့ ကျွန်တော်က ဖအေကိုပိုချစ်တဲ့သား ဖြစ်ခဲ့ရတယ်၊ အဖေကလည်း ကျွန်တော့်ကို အရမ်းချစ်ပြီး အလိုလိုက်ခဲ့ပါတယ် ...

ဒါပေမဲ့ ကျွန်တော်တို့သားအဖနှစ်ယောက်ရဲ့ အတူနေရချိန်က ခဏလေးလိုပါပဲ၊ အဖေလည်း ကျွန်တော့်ကို ခွဲသွားခဲ့တယ်၊ ခုတော့ ကျွန်တော်က တစ်ကောင်ကြွက်၊ ဘဝကို တစ်ယောက်တည်း ဖြတ်သန်းနေရသူပေါ့"

"ညစ္စူးမှာ တခြားဆွေမျိုးညီအစ်ကိုမောင်နှမတွေရော မရှိဘူးလား"

သူက ထိုမေးခွန်းအဆုံးမှာ မဲ့ပြုံးဆန်ဆန် အပြုံးတစ် င့် ဦးဆုံးတို့ပြန်သည်။ ပြီးမှ "မရှိပါဘူး"တဲ့။

"ညစ္စူးရဲ့ပညာအရည်အချင်းကရော၊ ကျွန်မတို့ သေချာမသိရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆယ်တန်းအောင်ပြီးတော့ ဖေဖေက ကျွန်တော်ကို အမေရိကားပို့ပြီး ကျောင်းဆက်တက်ခိုင်းတယ်၊ အဲဒီမှာ ကျောင်းတက်ပြီး ပြန်လာချိန်မှာ ဖေဖေ လူ့ဘဝကြီးထဲမှာ မရှိတော့ဘူး၊ ကျွန်တော့်ကို စောစောစီးစီး နှုတ်ဆက်သွားတာ၊ ကျွန်တော် ဖေဖေဆုံးတဲ့ရက် အတိအကျသိပြီးတာနဲ့ မြန်မာပြည် ပြန်လာတာ၊ ဖေဖေ့အသက်ကို မမီလိုက်တဲ့သားအဖြစ် ခုချိန်ထိ နောင်တရနေခဲ့မိတယ် ...

အဲဒါနဲ့ ဖေဖေ့လုပ်ငန်းခွဲတွေမှာ ရှယ်ယာတွေထည့်ပြီး ကျန်တဲ့အပိုင်းတွေကိုတော့ နားလည်တတ်ကျွမ်းသူတွေနဲ့ပဲ လွှဲထားခဲ့တယ်၊ ကျွန်တော်က ဖေဖေ့စီးပွားရေးလုပ်ငန်းတွေကို ဘာတစ်ခုမှ သိတာမဟုတ်ဘူးလေ"

ထို့နောက် စကားဝိုင်းက ခေတ္တပြတ်သွားခဲ့သည်။ ရာရာသည် သူ့မျက်နှာကို မသိမသာ လှမ်းအကဲခတ်ကြည့်လိုက်တော့ ပြုံးပြင်လို့မရအောင် ဆိုးဝါးပျက်ယွင်းနေသည်ကို တွေ့လိုက်ရတာမို့ ရင်ထဲနင့်နေအောင် ခံစားလိုက်ရပါသည်။

အဖေကို အလွန်ချစ်သော သားတစ်ယောက်ရဲ့ ခံစားချက်ကို ရာရာ ခန့်မှန်းနားလည်ပြီး ကိုယ်ချင်းစာပေးလို့ရပါသည်။ သူ့အဖြစ်က ရာရာ့အတွက်တော့ သနားကရုဏာသက်ဖွယ်ရာပင်





အတန်ကြာမှ သူက မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း သူ့အမူအရာ သူပြန်ထိန်းကာ ဘာမှမဖြစ်သလို ဆိုလာသည်။

"ဪ ... ဒါနဲ့မေးရဦးမယ်၊ အိမ်ရော ဘာထူးခြားသေးလဲ၊ ခုတလော ရာရာတို့အတွက် အေးအေးချမ်းချမ်းပဲ ထင်တယ်နော်"

ရာရာသည် သူ့မေးခွန်းကြောင့် ခေါင်းထဲမှာ "ခြိမ်းခြောက်စာ" ကိစ္စကို ပြေးပြီးသတိရမိကာ ထိတ်ခနဲ တုန်လှုပ်သွားသည်။ ဒီကိစ္စကို ရာရာ တစ်ယောက်တည်း ရင်ထဲမှာမျိုသိပ်သို့ဝှက်ထားခဲ့သည်။ ဖေဖေကလွဲပြီး စိန်ကျော့ရော သူ့ကိုပါ ဘယ်သူ့ကိုမှ အသိမပေးရသေးပါ။

ပြောပြလိုက်ရ ကောင်းမလားဟု ချီတုံချတုံဖြင့် ဝေဝေဝါ ဖြစ်နေတုန်းမှာပဲ ...

"အမယ်လေး ... အေးအေးဆေးဆေးပဲ ညစူးရေ၊ ကျွန်မလည်း ခုမှပဲ ညဘက်အိပ်ပျော်ပြီး ရှင်ရှင်လန်းလန်းရှိတော့တယ်၊ Black Man ကြီးက ကျွန်မတို့ကို အကြောက်လွန်ပြီး သတိလစ်မှာစိုးလို့ နောက်ဆုတ်အလျှော့ပေးသွားတာဖြစ်မယ် ...

နော် ... ရာရာ"



www.burmeseclassic.com

www.burmeseclassic.com



"အင် ... ဟင် ... အဲ ... ဟုတ်တယ်"

"ရာရာကတော့ သူ့ကို သတိရနေတာယ်ထင်တယ်၊ ... တလော သူ ကိုယ်ယောင်လာမပြလို့ တမှိုင်မှိုင်၊ တ... တွေနဲ့ ပျင်းနေတဲ့ပုံပဲ၊ ကျွန်မ အပြင်သွားဖို့ခေါ်ရင်လည်း ဘယ်တော့မှ မလိုက်ဘူး၊ သူ့ Black Man ကြီးကို ... နေတာဖြစ်မယ် ... ဟား ဟား"

ရာရာ့မှာ စိန်ကျော့လို အားရပါးရရယ်ဖို့ အင်အ... တွေ ဆုတ်ယုတ်ကုန်ခန်းနေရသည်။ ကိုယ့်ဝမ်းနာ ကိုယ်သာအ... ဆုံးမို့ အောင့်သီးအောင့်သက်ဖြင့် အသံတိတ် ငြိမ်သက်နေရ... သည်။ သူကလည်း ရာရာ့ကို နားလည်သောအကြည့်ဖြင့် ... ဖွေးဖွေး ငေးစိုက်ကြည့်နေခဲ့ပါသည်။ နောက်ဆုံးတော့ ဘယ်... ကိုမှ မပြောတော့ဘူးဟု ဆုံးဖြတ်လိုက်မိသည်။

"ဘာပဲဖြစ်ဖြစ်လေ အကူအညီတစ်ခုခုလိုတိုင်း ညစ္စု... ကို ပြောပြီးသတိရကြပါ၊ ကျွန်တော့်ဘက်က အဆင်... ပါပဲ"

"စိတ်ချပါရှင်၊ နောက်ကျရင် ကျွန်မ ဆူရှီစားချင်တို... ရှင့်ဆိုင်ကိုပဲ လှမ်းပြီးဘွတ်ကင်လုပ်ပါ့မယ်၊ ကူညီပေး..."

"ဟား ဟား ... ဟုတ်ပါပြီဗျာ၊ အားပေးတဲ့အတွက် ... သာပါတယ်"





"အဲဒါဆို ကျွန်မတို့ ပြန်တော့မယ် ညစ္စု၊ စာမေးပွဲနီးလာလို့ စာတွေ နည်းနည်းပိနေတယ်၊ ဒီ[illegible]ကို Thank you so much နော်"

သူက ရာရာတို့ကို အိမ်ရှေ့အထိ လိုက်ပို့ပေးပါသည်။ စိန်ကျော့ အိမ်ထဲဝင်သွားတော့ တစ်ယောက်တည်း... ကျန်ရစ်ခဲ့သော ရာရာ့နားကပ်ကာ လေသံတိုးလျလျဖြင့် ဆိုလာသည်။

"ရာရာ ... ကိုယ် ညကျရင် ဖုန်းဆက်ဖို့ ရာရာ့အတွက် စိတ်အနှောင့်အယှက်များ ဖြစ်နေမလားဟင်၊ စာတွေအများကြီး ကျက်ရဦးမယ်ဆို"

သူ့အမူအရာနှင့် သူ့လေသံက ရာရာ့အတွက်တော့ သဘောကျချင်စရာပင်။ ကလေးသူငယ်လေးတစ်ယောက်လို သနားစဖွယ် တောင်းပန်တိုးလျှိုးဟန်အပြည့်နှင့်။

"အဟင်း ... စာတွေကတော့ အများကြီးပဲပေါ့၊ ဒါပေမဲ့ ဖုန်းပြောဖို့ အချိန်လည်းပေးလို့ ရပါတယ်၊ ကျွန်မက Time Table ဆွဲထားတာလေ၊ ဘယ်အချိန် စာကျက်၊ ဘယ်အချိန်ဖုန်းဆက်၊ အဲဒီလိုခွဲထားတာ"

"ကိုယ့်ကြောင့် ရာရာ စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ၊ ဒါဆို ထုံးစံအတိုင်း ဆက်လိုက်မယ်နော်"

www.burmeseclassic.com



"အင်း ... ဒါဆို အိမ်ထဲဝင်တော့မယ်နော်၊ ဂွတ်နိုက်(ဒ်)"

ရာရာသည် သူ့ကိုနှုတ်ဆက်ပြီးသည်နှင့် ချာခနဲ လှည့်ထွက်ဟန် ပြုလိုက်စဉ် ...

"ရာရာ ... ခ ... ဏလေး"

ရုတ်တရက် ရာရာ့ညာဘက် လက်ဖျားလေးတွေ နွေးခနဲ ဖြစ်သွားရသည်။ ထို့ပြင် ရင်တစ်ခုလုံးလည်း ရှိန်းမြလိုက်ဖိုသွားရပါသည်။ ထိုအသိ၊ ခံစားချက်လေးက စက္ကန့်ပိုင်းလေးပေမယ့် နှိုင်းယှဉ်စရာမရှိအောင် လောကကြီးတစ်ခုလုံးအတွက် ပြီးပြည့်ဝသွားစေသလိုပင်။ ရာရာသည် သူ့မျက်ဝန်းများထဲသို့ မရဲတရဲ မော့ကြည့်လိုက်မိရာ ...

"ကိုယ် ... မင်းကို ... ဟာ ... ကျွတ် ... ကိုယ် ပြောမထွက်ဘူး ရာရာရယ်၊ ပါးစပ်က ဖွင့်ပြောလိုက်ရင် ရင်ထဲက ခံစားချက် ပေါ့သွားမှာစိုးတယ်၊ ကိုယ် ပြောမပြတတ်အောင် မင်းကို ..."

"ညစ္စး ... ရှင် ဘာဖြစ်နေတာလဲ"

"မင်း နားလည်ပါတော့ ရာရာ၊ မပြောပြနိုင်ပေမယ့် မင်း နားလည်လိုက်ပါတော့၊ ကိုယ် သွားတော့မယ်နော်"

သူက ရာရာ့လက်ဖျားလေးကို တစ်ချက်ဖျစ်ညှစ်မွှေ့ဆုပ်ပြီး သူ့ရင်ဘတ်ပေါ် တင်ထားပြီး ရေရွတ်နေခဲ့ကာ





နောက်ဆုံး ခေါင်းငုံ့မျက်နှာလွှဲလျက် လှည့်ထွက်သွားခဲ့သည်။ ရာရာတစ်ယောက် နေရာမှာတင် ကြက်သေ,သေကာ ခြေစုံရပ်ကျန်ခဲ့ရပါသည်။

ကစဉ့်ကလျားအတွေးများဖြင့် အိမ်ထဲလှမ်းဝင်လာခဲ့ရပေမယ့် ခြေလှမ်းတွေက မငြိမ်မသက် ယိမ်းယိုင်နေခဲ့သည်။

ဒါဟာ သူ ရာရာ့ကို ဖွင့်ပြောသွားခဲ့ခြင်းဖြစ်သည်။ "ချစ်တယ်"လို့ပြောမှ ရည်းစားစကားအထမြောက်တာမဟုတ်။ ဒီဖြစ်ရပ်လေး ဖန်တီးပေးခဲ့ခြင်းဟာလည်း သူ့ရင်ထဲက ခံစားချက်ကို အတိအလင်း ဖွင့်ချပြလိုက်ခြင်းပဲ ဖြစ်လေသည်။

ရာရာသည် အေးစက်တုန်ယင်နေသော လက်ဖျားလေးကို ပါးမှာအပ်ထားရင်း ကြည်နူးစွာပင် ပြုံးလိုက်မိသည်။ နှလုံးသားမှာ အလိုအလျောက် ပေါက်ဖွားဖြစ်တည်လာခဲ့သော အရာတစ်ခုက ...

"သူ့ကို အရမ်းချစ်တယ်"ဟူသော အဖြေလေးပင် ဖြစ်တော့သည်။ ဟုတ်သည်။ ရာရာ ထိုကောင်လေးကို နက်နက်နဲနဲရှိုင်း ချစ်မိသွားခဲ့ပါပြီ။

✧ ✉ ✧



www.burmeseclassic.com

www.burmeseclassic.com



သူက ထိုညက ရာရာ့ထံသို့ message တင်

ပို့ပေးခဲ့သည်။

“စိတ်မဆိုးပါနဲ့ ချစ်သူ၊ ပြန်ချစ်ပါလို့ မတောင်းဆိုချ သလို ခင်မင်မှုကို အခွင့်အရေးယူသူလို့လည်း မထင်စေ ချင်ဘူး၊ ကိုယ်က မင်းကို ချစ်နေရရင်ပဲ ကိုယ့်ဘဝကိုယ ကျေနပ်နေမိသူ ဖြစ်သွားပါပြီ”

ဆိုသော စကားလုံးတွေကို ရာရာ ဖတ်လို့မဝနိုင အောင် တသိမ့်သိမ့် ကြည်နူးလိုက်ဖြာခဲ့ရသည်။ လောကမှ ကိုယ့်ချစ်သူက ကိုယ့်ကို ပြန်ချစ်သောအဖြစ်၊ သူချစ် ကိုယ်ချ ဆိုသော အဖြစ်လောက် ကျေနပ်ပီတိဖြစ်စရာ မရှိနိုင်တော့။

အချစ်သည် တစ်ယောက်ကိုတစ်ယောက် နှင့်နှ နဲ့နဲ့ ချစ်နေကြချိန်မှာ အတိုင်းအဆမရှိ ချိုမြိန်ခြင်းရသကို ဆေ ွှမ်းပါသည်။





နောက်နေ့မနက်စောစောမှာတော့ ရာရာက သူ့ဆီ အရင်စပြီး ဖုန်းခေါ်ခဲ့ပါသည်။ မနက်ခင်းချိန် သမယမှာ သူ့ ထူးသံချိုချိုလေးကို မျှော်လင့်တကြီး စောင့်စားနေမိုက် ...

“မောနင်း ... ရာရာ”

“အမယ် ... Hello တောင် မလာတော့ပါလား၊ ဘယ်လို ဖြစ်တာလဲ”

“ကိုယ်က ရာရာ့နံပါတ် ပေါ်နေတည်းက သိပြီးသားလေ၊ နောက်ပြီး မျက်နှာလည်း ပူနေရတယ်၊ ကိုယ့်ကို စိတ်ဆိုး နေလားဟင်”

“ဘယ်လိုထင်လို့လဲ”

“အဟင်း ... မထင်ရဲဘူး”

“ကဲပါ၊ ထားလိုက်ပါတော့၊ အခု အိပ်ရာနိုးပြီလား”

“အမှန်တိုင်း ဝန်ခံရရင် ကိုယ်ညကတည်းက တစ်ရေးမှ မအိပ်ရသေးဘူး”

“ဟယ်တော့ ... ဒါဆို ဘာလုပ်နေတာတုန်း”

“ကိုယ်ချစ်တဲ့ ကောင်မလေးတစ်ယောက်အကြောင်း ထိုင် တွေးနေတာ၊ တွေးရင်းနဲ့ ပိုပိုချစ်လာလို့ အဲဒီအတွေးစ ပြတ်သွားမှာစိုးလို့ မအိပ်တာ”

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ဖြစ်မှဖြစ်ရလေ၊ ဒါဆို ပြန်အိပ်လိုက်ပါ၊ တော်ကြာ အိပ်ရေးပျက်ပြီး ခေါင်းမူးနေဦးမယ်နော်"

"ရပါတယ် မအိပ်တော့ပါဘူး၊ ရာရာ စာတွေရော ရပြီလား"

"အင်း ... ကျက်နေတုန်းပဲ၊ သန်ဘက်ခါ ဖြေရမှာလေ"

"ဒါဆို ကိုယ် ဒီရက်ပိုင်းအတွင်း ဖုန်းမဆက်ဘူးနော်၊ ရာရာ အေးအေးဆေးဆေး စာကျက်ပါ။ သတိရလွန်းမှ Message လှမ်းပို့လိုက်မယ်"

"ဟုတ်ပါပြီ၊ သဘောပါပဲ၊ ကဲ ... ဒါဆို ကျွန်မဖုန်းချလိုက်တော့မယ်"

"ဒီနေ့တစ္ဆက်နေ့လုံးအတွက် ကျေးဇူးပဲနော် ရာရာ၊ ကိုယ့်မနက်ခင်းကို အရောင်လက်အောင် အသက်သွင်းပေးလို့ပေါ့"

ရာရာသည် သူ့အပြောကြောင့် နှုတ်ခမ်းလေးကိုက်ရင်း မခို့တရို့လေး ပြုံးလိုက်မိသည်။ သူက ပြောသည့်အတိုင်းပဲ နောက်ရက်များမှာလည်း ရာရာ့ဆီ ဖုန်းမဆက်ခဲ့ပါ။ သို့သော် တစ်ခါတစ်ရံ "ချစ်မိတာနဲ့ လွမ်းရတာက မတန်မျှသလိုပဲ"၊ "မင်းအကြောင်းမက်တဲ့ အိပ်မက်တွေနဲ့ ကိုယ့်ကိုယ်ကိုယ် အင်အားဖြည့်ပေးနေရတယ်"ဆိုသော message တိုလေးများရောက်လာတိုင်း ရာရာ့မှာ ပြော့မပြနိုင်အောင် ပီတိဖြစ်ရသည်။





စာမေးပွဲဖြေနေချိန်များမှာတော့ ရာရာ သူ့ကို ခေါင်းထဲမှ ခဏထုတ်ထားမိသည်။ ထိုရက်ပိုင်းများမှာလည်း Black Man ၏ တစ်လအတွင်း ဆင်းမပေးရင် သူ့အကြောင်းသိစေရမယ် ဆိုသော စာကိစ္စကို သိသိသာသာပင် မေ့နေခဲ့ရသည်။

ဖေဖေက ဘာပြဿနာမှ မရှိနိုင်ဟု အားပေးနှစ်သိမ့်ခဲ့သည့်အတွက် ရာရာ အမေ့ကြီး မေ့နေခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် ရာရာတို့ သင်တန်းစာမေးပွဲ နောက်ဆုံးရက်မှာ သူနှင့်ပထမဆုံး လူချင်းပြန်ဆုံတွေ့ခွင့် ရခဲ့လေသည်။ အဲဒီနေ့က သင်တန်းလေ့ကားထစ်များမှတစ်ဆင့် သူငယ်ချင်းနှစ်ယောက် စကားတပြောပြောနှင့် ဆင်းလာခိုက် ...

"ဖြေနိုင်ကြရဲ့လား"

"ဟယ် ... ညစူး၊ ရှင် ဘယ်လိုဖြစ်ပြီး ရောက်လာ ..."

သူက ရာရာ့စကားမဆုံးခင် စိန်ကျော့ မျက်နှာကို အထာတစ်မျိုးဖြင့် လှမ်းကြည့်သည်။ ရာရာလည်း အဲဒီအခါကျမှ အခြေအနေမှန်ကို သုံးသပ်မိသွားပါသည်။ လက်စသတ်တော့ သူနှင့် စိန်ကျော့ ရာရာ့ကို နှစ်ပေါက်တစ်ပေါက် ရိုက်လိုက်ကြခြင်းပင်။

"ကဲ ... မိရာ၊ ငါ အခွေဆိုင်တန်းဘက် လျှောက်လိုက်ဦးမယ်၊ နင် ညစူးနဲ့ပဲ ပြန်လိုက်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အတူတူ သွားမှာပေါ့၊ ဘာလဲ ... နင်က ခွဲခြား ခွဲခြား လုပ်တာလား"

"အမယ်လေး ... တခြားနေရာ ဆိုရင်တော့ ခွဲခြားခွဲခြား မလုပ်ရက်ပါဘူး၊ ဒီနေရာမှာတော့ မလုပ်မဖြစ် လုပ်ကိုလုပ် ရမယ်၊ မဟုတ်ရင် ကိုယ့်အလှည့်ကျ ဝင့်လည်မှာ၊ ကဲ ... ညစူး၊ ကျွန်မ စိတ်ချမယ်နော် ... လစ်ပြီ၊ ဘိုင့်ဘိုင်"

စိန်ကျော့က တကယ့်ကိုပဲ အရောက်ပို့ပြီး သုတ်ခြေတင် ထွက်သွားတော့သည်။ နှစ်ယောက်တည်း ကျန်ခဲ့တော့မှ သူက ရာရာ့မျက်နှာကို တစိမ့်စိမ့် စိုက်ကြည့်ကာ ပြုံးတုံ့တုံ့လုပ် ရင်း ဆိုပါသည်။

"ရာရာ ... ဗိုက်ဆာနေလား၊ ဘာစားဦးမလဲဟင်"

"နေစမ်းပါဦး၊ စိန်ကျော့ကို ဘယ်တုန်းက စည်းရုံးရေး ဆင်လိုက်တာလဲ၊ သူ တစ်ယောက်တည်း ကျွန်မကိုထား ပြီး ပြန်သွားတာ မသင်္ကာစရာပဲ၊ ဒါ ညစူး လက်ချက်ပဲ ဖြစ်ရမယ်၊ ဟုတ်တယ်မလား ... ပြော"

"အဟဲ ... ဆောရီးပါ၊ ကိုယ် မနေ့က စိန်ကျော့ဆီ ဖုန်း နိုးဆက်လိုက်တာ၊ သူက ဒီနေ့ စာမေးပွဲနောက်ဆုံးရက် တဲ့၊ ဖြေပြီးရင် ဒီလို ဒီလို လုပ်မယ်ဆိုပြီး သူနဲ့ကျွန်တော် အစီအစဉ်ဆွဲလိုက်တာ ...





ရာရာ့ကို Suprise ဖြစ်စေချင်လို့ပါ"

"ဟွန်း ... လူလည်တွေ၊ ကျွန်မကို အရူးလုပ်ကြတယ်"

"ဟား ဟား ... တောင်းပန်ပါတယ် ရာရာရယ်၊ ကဲ ... ကိုယ်တို့ တစ်ခုခု သွားစားကြရအောင်၊ ရာရာ ဗိုက်ဆာနေ လောက်ရောပေါ့"

ရာရာသည် ဘာရယ်မဟုတ်ဘဲ သူ့ပုံစံကို တစ်ချက် ...ခနဲ ဖြစ်သွားရသည်။

သူက အကွက်ကျဲကျဲ ကော်လာပါ လက်တိုရှပ် ...ကို နက်ပြာရင့်ရောင် ဂျင်းပန်ရှိုင်ဖြင့် ပေါ့ပေါ့ပါးပါးပင် ...ဆင်ထားပါသည်။ သို့ပေမဲ့ သူ့စတိုင်လ်က ရိုးရိုးရှင်းရှင်းနှင့် ...ချမ်းလတ်ဆတ်သောအသွင်အပြင် ပေါက်နေခဲ့သည်။

ရှပ်အင်္ကျီကို ဘောင်းဘီထဲ ထည့်ဝတ်ပြီး ခါးနားမှာ ...ရွှေလေး ပြန်ထုတ်ဖွထားပုံက တစ်မျိုးလေး အမြင်ဆန်းနေ ...ဟု ရာရာ ထင်သည်။ သူ့ပုံစံက သာမန်ယောကျ်ားလေးတွေ ...ဖြစ်ပေမယ့် ရာရာ့အမြင်မှာတော့ သာမန်ထက် ပိုထူးခြားနေ ...ပင်။

ခုမှပဲ သူနှင့် ရာရာ တိုက်ဆိုင်မှုတစ်ခု ရှိနေသလို ...လိုက်ရသည်။ အကြောင်းမှာ ရာရာကလည်း သူ့လိုပဲ ...လာပါ လက်စကခါးရှည် နီညိုရောင်အကွက်ကျဲအကျႌနှင့်



www.burmeseclassic.com

www.burmeseclassic.com



အနားကျုံ့ဆောင်းဘီရှည့် နက်ပြာရင့်ရင့်ကို တွဲဖက်ဝတ်ဆင်ထားခဲ့ခြင်းကြောင့်ပင်။ မမျှော်လင့်ဘဲ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့နေတော့သည်။

"ရာရာ ဘာစားမလဲဟင်"

သူက နှစ်ယောက်အတူတူ ယှဉ်တွဲလျှောက်လာရင်းမှ မေးသည်။

"အင်း ... ဒီနားက ရွှေပုစွန်မှာပဲ ထိုင်လိုက်မယ်လေ"

"အိုကေ"

ထို့နောက် ရာရာတို့နှစ်ယောက် ရွှေပုစွန်ဆိုင်လေးထဲ ဝင်လာခဲ့ကြသည်။ သူက ကော်ဖီနှင့်မုန့်မှာကာ ရာရာကတော့ ကိုယ့်ရဲ့ဖေးဘရိတ်အစားအသောက်တစ်ခုဖြစ်သည့် ချော့ကလက်ရေခဲမုန့် မှာပါသည်။

အေးချမ်းတိတ်ဆိတ်သည့် ထောင့်ကျကျစားပွဲဝိုင်းမှာ ကိုယ်စီဝင်ထိုင်ဖြစ်ကြပြီးတော့ သူကပင် စတင်စကားဆိုလာသည်။

"ဖြေနိုင်ရဲ့လား ရာရာ"

"အင်း ... မဆိုးပါဘူး၊ အောင်မယ်လို့တော့ ထင်တာပဲ ဒါနဲ့ ဒီရက်ပိုင်းအတွင်း ညစ္စ ဘယ်တွေလျှောက်သွားနေသေးလဲ"





"ပြောပြရင် ယုံမလား မသိဘူး၊ ကိုယ် အိမ်ထဲကအိမ်ပြင်တောင် မထွက်ဘူး"

"အံမယ် ... ယုံချင်စရာ ပုံပြင်ပမာကြီး"

"တကယ်ပြောတာ၊ ရာရာ့ဆီကို အရမ်းလာတွေ့ချင်ပါတယ်၊ ဒါပေမဲ့ ကိုယ့်အတွက်နဲ့ စိတ်အနှောင့်အယှက်ဖြစ်မှာ ကြောက်လို့ ...

ဒါပေမဲ့ ဒီညကစပြီး ကိုယ် ပုံမှန်ဂျူတီ ပြန်ဝင်တော့မယ်နော်"

သူ့အပြောကြောင့် ရာရာက ရှက်ရှက်နှင့် မျက်စောင်းတစ်ချက် ထိုးမိသေးသည်။ အို ... ကိုယ့်အမူအရာက ဝက်ဝုဏ္ဏ်နည်းနဲ့ အဖြေပေးလိုက်သလိုများ ဖြစ်နေပြီလား။ သူကတော့ ထုံးစံအတိုင်း ပြုံးစိစိမျက်နှာပေးနှင့် ရာရာ့ကို ငေးစိုက်ကြည့်နေဆဲပင်။

"ကိုယ်လေ ... အရင်က ဘိုရာ မျက်စောင်းထိုးတာကို အလှဆုံးလို့ ထင်ခဲ့တာ၊ ခုမှပဲ ဘိုရာ့လို မျက်စောင်းထိုးတတ်တဲ့ နောက်ထပ် ဘိုရာတစ်ယောက်ရှိမှန်း သိတော့တယ်"

"အံမယ် ... ညစ္စနော်၊ ဖောက်လာပြန်ပြီ"

"အဟဲ ... အလကား စတာပါ၊ ဒီနေ့ ရာရာ ဘယ်သွားပြီး ဘာလုပ်ချင်လဲ၊ ကိုယ်လိုက်ပို့ပေးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာ ဟိုဟိုဒီဒီတော့ သွားစရာမရှိပါဘူး၊ ဒါပေမဲ့ စာအုပ်တန်းမှာ ဘာစာအုပ်တွေ အသစ်ထွက်လည်း သွား ကြည့်ချင်တယ်"

"ရတယ်လေ၊ အတူတူ သွားတာပေါ့၊ ကိုယ်လည်းဝယ်ရဦး မယ်"

မုန့်စားပြီးတော့ နှစ်ယောက်သား စာအုပ်တန်းရှိရာ မြို့ထဲသို့ ထွက်လာခဲ့ကြသည်။ စာပေလောက၊ တူဒေး၊ အင်းဝ၊ အရဏ်သစ် စသည့် စာအုပ်ဆိုင်ကြီးတွေထဲ မွှေနှောက်ရှာဖွေဝယ် ယူကြပြီးမှ အိမ်ပြန်ဖို့ သတိရကြပါသည်။

အပြန်မှာ နှစ်ယောက်စလုံး လက်ထဲ စာအုပ်တွေ တစ်ပုံတစ်ပင် ပြည့်နှက်လျက်။ သို့သော် သူက ရာရာ့လက်ထဲ က စာအုပ်ထုပ်ကိုပါ ကူဆွဲပေးဖို့ပြင်သည်။

"ဩော် ... ရပါတယ်၊ ညစ္စုးမှာလည်း မနိုင်မနင်းနဲ့ ကိုယ့်ဟာကိုယ် ဆွဲပါ့မယ်"

တက္ကစီငှားပြီး အိမ်ပြန်ရောက်တော့ စိန်ကျော့ကို ခြံရှေ့အုတ်ခုံပေါ် ငုတ်တုတ်ထိုင်စောင့်လျက်သား တွေ့လိုက်ရ သည်။ သူက စိန်ကျော့ကို မျက်နှာချိုသွေး နှုတ်ဆက်ပြီးမှ သူ့ အိမ်ပြန်သွားပါသည်။

"ဘယ်လိုလဲ၊ အခြေအနေကို အမှန်တိုင်း လျှောက်တင်စမ်း သမီးတော်"





"အမှန်တိုင်း လျှောက်ရမယ်ဆိုရင်တော့ မယ်တော် ပျင်း သွားလိမ့်မယ်၊ ဒီနေ့ သမီးတော်တို့ မုန့်စားပြီး စာအုပ်သွား ဝယ်တယ်၊ ထူးခြားမှု မရှိကြောင်းပါဘုရား"

"အလို ... အလို၊ ဒါဆို မယ်တော် အရောက်ပို့ပေးရကျိုး မနပ်ဘူးပေါ့"

"ဘယ်နပ်မလဲ မယ်တော်ရဲ့၊ ဒါနဲ့ နေစမ်းပါဦး၊ မယ်တော် က အိမ်ထဲမဝင်ဘဲ ခြံရှေ့မှာ ဘာလုပ်နေတာလဲ"

"အောင်မယ် ... မိန်းမစုတ်၊ ငါ တစ်ယောက်တည်းဝင်ရ မှာ ကြောက်လို့ပေါ့"

"ဟွန်း ... ထင်တော့ ထင်သား"

စိန်ကျော့က တဟဲဟဲရယ်ရင်း ရာရာ့ခေါင်းကို အားရပါးရ ဆွဲဖွပစ်ပါသည်။ သူငယ်ချင်းနှစ်ယောက် တွန်းထိုး နောက်ပြောင်ရင်း အိမ်ထဲရောက်လာခဲ့ကြသည်။ ရာရာ့စိတ်ထဲမှာ စာမေးပွဲပြီးတာထက် ပိုသော ပေါ့ပါးလန်းဆန်းမှုတချို့ လွှမ်းမိုး နေရာယူထားခဲ့သည်မှာ ထူးဆန်းလှပေစွ။



www.burmeseclassic.com

www.burmeseclassic.com



ည ...

ဝန်းကျင်တစ်ခုလုံး နှင်းစက်နှင်းမှုန် ပက်ဖျန်းထား သည်မို့ ဆောင်းညသည် အခါတိုင်းထက် ပိုမိုထူးခြားမှုမရှိဘဲ ပကတိ တိတ်ဆိတ်အေးချမ်းနေခဲ့ပါသည်။

ရာရာသည် သူနှင့်ဖုန်းပြောပြီးချိန်မှာ နာရီကြည့် လိုက်တော့ ည ဆယ်နှစ်နာရီခွဲတိတိ။ ဒီည သူရော ရာရာ လိုတာထက် ပိုပြီးလေများသွားကြသဖြင့် ဖုန်းပြောချိန် နောက်ကျ သွားကြခြင်းဖြစ်သည်။

အိမ်တံခါးတွေ အလုံပိတ်ပြီး အခန်းထဲ ဝင်လာတော့ တရှူးရှူး တခွီးခွီး ဟောက်သံပေးလျက် အိပ်မောကျနေပြီဖြစ် သော စိန်ကျော့ကို တွေ့လိုက်ရသည်။

ရာရာလည်း ဘုရားရှိခိုး၊ ကိုယ်လက်သုတ်သင်ပြီး သည်နှင့် အိပ်ရာဝင်ဖို့ပြင်ပါသည်။ ဒီည အခါတိုင်းထက် ပိုအေး





သည်မို့ သူက ဖုန်းမချခင် "အနွေးထည်ဝတ်ပြီးမှအိပ်နော်" ဆိုသည့် အမှာစကားလေးကိုလည်း ကြားယောင်မိလေရာ အကြိုက်ဆုံး သိုးမွေးဆွယ်တာလက်ရှည် စိမ်းပုပ်ရောင်လေးကို ဝတ်ဆင်မိသည်။

စားပွဲတင်မီးကို ခပ်မှိန်မှိန်လေးထွန်းပြီး ခုတင်ပေါ် ခေါ်လှဲချလိုက်ချိန်မှာ ခေါင်းအုံးဘေးမှ ရာရာ့ဟန်းဖုန်းမြည်သံ ထွက်ပေါ်လာပါသည်။ "ဘယ်သူပါလိမ့်" ဟု ဇဝေဇဝါတွေးရင်း ပေါ်ကြည့်လိုက်တော့ ဖေဖေ။

"ဟယ်လို ... ဖေဖေ၊ ညကြီး မင်းကြီးပါလား"

"ဟုတ်တယ် သမီး၊ ခုနက ခေါ်သေးတယ်၊ အင်ဂေ့(ချ်) ချည်းပဲ ဖြစ်နေလို့၊ သမီး ဘယ်သူနဲ့ ဒီလောက်အကြာ ကြီး ပြောနေတာလဲ"

ရာရာသည် ဖေဖေ့စစ်ဆေးရေးဂိတ်မှာ ပိတ်မိသွား တာမို့ ရုတ်တရက် အဖြေပြန်မပေးတတ်အောင် ဖြစ်သွားရသည်။ နောက်ဆုံးတော့ မုသားမသုံးတတ်သူပီပီ ဖခင်ဖြစ်သူကို အမှန် အတိုင်း ဖြောင့်ချက်ပေးဖို့သာ ဆုံးဖြတ်လိုက်ပါသည်။

ရာရာ့အရွယ်က မိဘမသိအောင် ရည်းစားခိုးထား မယ့်အရွယ်လည်း မဟုတ်တော့။

"သမီး ... ဟို ... သူ ... သူနဲ့ပြောနေတာပါ ဖေဖေ"

"ဘယ်လို ... သူ ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို … သမီးနဲ့ ရန်ကုန်မှာခင်တဲ့ Boy Friend ပါ ဖေဖေ ဒါပေမဲ့ ချစ်သူတွေတော့ အတိအလင်း မဖြစ်သေးပါဘူး၊ သူက သမီးကို ပရိုပို့(စ်)လုပ်ထားတာပါ"

ဖေဖေ့ထံမှ သက်ပြင်းရှိုက်သံသဲ့သဲ့တစ်ချက် ကြားလိုက်ရသည်။ ထို့နောက်မှ …

"အင်း … ဖေဖေ့သမီး အရွယ်ရောက်ပြီဆိုတာကို ဖေဖေ မေ့နေ ဘယ်၊ ဘယ်တတ်နိုင်ပါ့မလဲလေ၊ ဒါနဲ့ နေပါဦး၊ သူက ဘယ်သူလဲ၊ ဘယ်မှာနေပြီး ဘာအလုပ်လုပ်လဲ၊ သမီးနဲ့ရော ဘယ်မှာတွေ့ကြတာလဲ"

"သူက ရာရာတို့နဲ့ အိမ်နီးချင်းပါ ဖေဖေ၊ အလုပ်ကတော့ ကုမ္ပဏီတွေမှာ ရှယ်ယာဝင်ထားတယ်၊ ပညာအရည်အချင်းကတော့ နိုင်ငံခြားမှာ ကျောင်းသွားတက်ပြီး ပြန်လာတာ သိပ်မကြာသေးပါဘူး …

အဓိက အရေးကြီးဆုံးအချက်က သူဟာ စိတ်သဘောထား ဖြူစင်တယ်၊ သူတစ်ပါးအပေါ် ကူညီဖေးမ တတ်တယ်၊ လူတိုင်းအပေါ် ဖော်ရွေတယ် ဖေဖေ၊ ခုလောလောဆယ်မှာတော့ သူ့ကို မိတ်ဆွေတစ်ယောက်အနေနဲ့ သတ်မှတ်ထားပါတယ်"





"ဟုတ်ပါပြီ၊ ငါ့သမီးရဲ့နှလုံးသားကိစ္စကို ဖေဖေ ဝင်မစွက်ဖက်လိုပါဘူး၊ ဖေဖေ့သမီး အရည်အချင်းကို ဖေဖေယုံပါတယ်၊ မွန်မွန်ရည်ရည်လေးဆိုရင် ပြီးတာပဲ …

ကောင်လေးအကြောင်း ထားလိုက်ပါတော့၊ သမီး စာမေးပွဲရော ဖြေနိုင်ရဲ့လား"

"ဟုတ်ကဲ့ … ဖြေနိုင်ပါတယ် ဖေဖေ၊ ကျန်တဲ့သင်တန်းတွေကတော့ ဖြေဖို့ ကြာဦးမှာ၊ အရေးကြီးသင်တန်းတွေကတော့ ပြတ်ပါပြီ"

"ဟုတ်ပြီ၊ သမီးတို့ ထပ်တက်ချင်တဲ့ သင်တန်းတွေရှိရင်လည်း အပ်ထားလိုက်လေ၊ ငွေလိုရင် ဖေဖေ့ဆီ လှမ်းတောင်းပေါ့"

"ရပါတယ် ဖေဖေ၊ ရာရာ့ဆီမှာ ကျန်ပါသေးတယ်"

"သမီး … အိမ်အခြေအနေရော ဘယ်လိုရှိလဲ"

ရာရာသည် ထိုမေးခွန်းကို မဖြေမီ တစ်ချက်စဉ်းစားသွားမိသည်။ ခုရက်ပိုင်းအတွင်း အိမ်ကြီးရဲ့ အခြေအနေ ထူးထူးခြားခြား ငြိမ်သက်နေတာတော့ အမှန်ပင်ဖြစ်သည်။

"ဟိုစာရောက်ပြီးကတည်းက ခုချိန်ထိ ဘာမှတော့ ဖြစ်မလာသေးဘူး ဖေဖေ၊ ဒါပေမဲ့ ဘယ်အချိန်ကျမှ ထဖောက်လာဦးမလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောတာပေါ့၊ အရှုးလိုလို သူခိုးလိုလို တမင်လာခြောက်နေတာများ ဖေဖေ့သမီး သတ္တိခဲက ကြောက်နေရသေးတယ်"

"ဖေဖေ့ကို သမီး တစ်ခုလောက် မေးချင်တယ်"

"ဆိုစမ်းပါ"

"သမီး ရန်ကုန်လာခါနီးတုန်းက ဖေဖေပဲ မှာခဲ့တာလေ၊ အစစအရာရာ သတိရှိရှိနဲ့ နေပါဆိုတာ၊ အဲဒါ ဘာအတွက် ရည်ရွယ်ပြီး ပြောခဲ့တာလဲ"

"ဪ ... သမီးတို့က မိန်းကလေးနှစ်ယောက်တည်း နေကြမှာလေ၊ မမြရီကို အဖော်ထည့်ပေးမယ် ပြောတော့လည်း လက်မခံဘူး၊ အဲဒါကြောင့် ဖေဖေက အစစအရာရာ Safe ဖြစ်အောင် မှာရတာပေါ့"

"ဒီအိမ်က တကယ်ပဲ ဖေဖေ့အိမ်ပါနော်"

"ဟောဗျာ ... မေးပြန်ပြီ၊ သမီးစိတ်ထဲမှာ ဟိုအရူးရေးတဲ့ စာကိုဖတ်ပြီး ဖေဖေ့အပေါ် မတင်မကျ ဖြစ်နေတာလား၊ ဖေဖေက ငါ့သမီးကို ဘာလို့ညာရမှာလဲ"

"အင်းလေ ... ပြီးတာပဲ၊ သမီးက မေးကြည့်တာပါ၊ ဖေဖေ့ကို မယုံလို့ မဟုတ်ပါဘူး၊ ဖေဖေ ကျန်းမာရေးဂရုစိုက်နော်"





"အိုကေ ... သမီးကိုတော့ ဖေဖေ မမှာတော့ပါဘူး၊ သမီးကိုယ်တိုင် ကျန်းမာရေးဂရုမစိုက်လည်း ဘေးကဂရုတစိုက် လမ်းညွှန်ပေးတဲ့သူ ရှိနေပြီဆိုတော့ ..."

"ဟာ ... ဖေဖေနော်"

"ဟား ဟား ... ကဲ ... ရက်သွားပြီ၊ ဖေဖေက နောက်တာပါ၊ ဖေဖေ အလုပ်ရှိသေးလို့ ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ရာရာသည် ဖေဖေနှင့် ဖုန်းပြောပြီးတော့ ခုတင်ပေါ် လှဲချရင်း မျက်ဝန်းများကို ဖြည်းဖြည်းချင်း မှေးမှိတ်ထားလိုက်သည်။

မျက်ခွံများ လေးလံပြီး အိပ်ပျော်လုဆဲဆဲ အနေအထားမျိုးမှာတော့ ...

"ကလင် ... ကလင် ... ကလင်"

ရာရာ အာရုံတွေ ဆတ်ခနဲ နိုးကြားသွားရသည်။ မျက်လုံးအစုံကလည်း ပြူးခနဲ ဝိုင်းစက်ကျယ်သွားရကာ ခုတင်ပေါ်မှာ မလှုပ်မယှက် ငြိမ်သက်နေမိဆဲ။

ဒါဟာ အောက်ထပ်က အိမ်ဖုန်းကိုလာသော ဖုန်းမြည်သံဖြစ်သည်ဟု သိလိုက်ရချိန်မှာ ခန္ဓာကိုယ်ထဲက အကြောအချဉ်တွေ တုံ့ခနဲ ရပ်ဆိုင်းသွားသည့်နှယ် ...



www.burmeseclassic.com

www.burmeseclassic.com



စိန်ကျော့ကို လှမ်းကြည့်လိုက်တော့ အရာမယွင်း အိပ်မောကျနေဆဲ။ ဖုန်းမြည်သံက အဆက်မပြတ် ထွက်ပေါ်နေတာမို့ ရာရာ ခုတင်ပေါ်မှ ခြေဖော့နင်းဆင်းကာ အခန်းထဲမှ တိတ်တိတ်လေး ထွက်လာခဲ့သည်။

ရင်ခုန်သံတွေကတော့ တစ်စထက်တစ်စ အရှိန်ပြင်းထန်စွာ ခုန်ပေါက်မြည်ဟီးလာခဲ့လေပြီ။

"ကလင် ... ကလင်"

ခုချိန်မှာ ဖုန်းစင်ပေါ်က ဖုန်းကိုပင် တစ္ဆေတစ်ကောင်လို အမြင်ရောက်မိကာ ပြူးတူးပြဲတဲ စိုက်ကြည့်နေမိသည်။ ဖုန်းလှမ်းကိုင်သော လက်ဖျားတွေက တဆတ်ဆတ် တုန်ယင်လျက်။ ဓာချွေးတွေလည်း တစ်မဟုတ်ချင်း ပြန်လာရပါသည်။

"ဟယ် ... ဟယ်လို ... ပြော ... ပါ"

"ကောင်းသောညချမ်းပါ နွေအက္ခရာ"

"ရှင် ... ရှင်"

"ဘယ်လိုလဲ မိန်းကလေးရဲ့၊ မင်းက ငါ့စကားကို နည်းနည်းလေးမှ နားထောင်ဖို့ စိတ်ကူးမရှိပုံပဲ၊ ငါအချိန်ပေးထားတဲ့ တစ်လပြည့်တော့မယ်နော်၊ ခုချိန်ထိ ဘာမှလှုပ်ရှားမှု မရှိသေးပါလား"





"ဒီ ... ဒီမှာ၊ ရှင် ဒီထက်ပိုနှောင့်ယှက်လာရင် ကျွန်မ ရဲတိုင်ရလိမ့်မယ်နော်၊ ရှင် ဘာလိုချင်တာလဲ၊ ရှင် အရူးလား၊ သူခိုးလား"

"ဟား ဟား ... အရူးတို့၊ သူခိုးတို့ဆိုတာ လူ့ပြည်မှာ အသက်ရှင်နေတဲ့ လူသားတွေကိုပြောတာ မဟုတ်လား၊ ငါက လူသားမဟုတ်ဘူးကွ"

"ဘာ ... ရှင် ... ဘာ ... ဘာပြောတာလဲ"

"ဟုတ်တယ် နွေအက္ခရာ။ ငါ အခု တမလွန်ကနေဆက်နေတာ၊ ငါ့အိမ်ကို စွဲလမ်းလွန်းလို့ ငါ မကျွတ်မလွတ်နိုင်ဖြစ်နေရတာ"

ရာရာ့လက်ထဲက ဖုန်းခွက် လွတ်ကျမတတ် တုန်ယင်လန့်ဖျပ်သွားရတော့သည်။ ဘာတွေလဲ ... ဘာတွေလဲ။ ခေါင်းတွေပင် ချာချာလည် မူးလာရသည်။

"ဒီမှာ ... ရှင် ပေါက်ကရ အဓိပ္ပာယ်မရှိတာတွေ လာပြောမနေနဲ့၊ ကျွန်မက ယုတ္တိမရှိတဲ့ကိစ္စတွေကို ဦးနှောက်မဲ့ပြီး လိုက်ကြောက်ပြနေမှာ မဟုတ်ဘူး၊ ရှင့်ကို ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ မေးမယ်၊ ရှင် ဘယ်သူလဲ"

"မင်း သိချင်တယ်ဆိုရင်လည်း ကိုယ်ထင်ပြရသေးတာပေါ့ ... အိုက"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ သူ့ဘက်က စတင်ဖုန်းချသွားခဲ့သည်။ ရာရာသည် ကြောက်ဖောအဟုန်ဖြင့် သွေးပျက်ငြိမ်သက်နေဆဲမှာ ...

"ဒေါက် ... ဒေါက် ... ဒေါက်"

နောက်ကျောဘက်ဆီက တံခါးခေါက်သံကြောင့် ရာရာ ဆတ်ခနဲတုန်သွားရသည်။ အတက်အကျမညီသော အသက်ရှူသံများကို အနိုင်နိုင်ထိန်းရင်း တံခါးရှိရာသို့ တရွေ့ရွေ့လျှောက်လှမ်းလာကာ မျက်စိစုံမှိတ်ပြီး ဖွင့်ချလိုက်စဉ်မှာ ...

"ဟင်"

အခန်းပြင်မှာ ဘယ်သူမှမရှိ။ ထုံးစံအတိုင်း တိတ်ဆိတ်ငြိမ်သက်နေလျက်ပင်။ ရာရာသည် ဝုန်းခနဲ ပေါက်ကွဲကြလာသော ချောက်ချားမှုနှင့်အတူ နေရာမှ တစ်ချိုးတည်းလှည့်ပြေးကာ အပေါ်ထပ်ရှိ အိပ်ခန်းရှိရာ ကမူးရှူးထိုး ပြေးဝင်ချလာခဲ့သည်။

"စိန်ကျော့ ... စိန်ကျော့ရေ ... ထပါဦးဟဲ့"

ရာရာ တစ်ယောက် စောင်ခေါင်းမြီးခြုံထားသော စိန်ကျော့ကို အတင်းတွန်းထိုး ပုတ်နှိုးကာ သွေးရူးသွေးတန်း အော်ဟစ်ခေါ်နေမိသည်။ အအိပ်ကြီးလှသော ကာလနဂါးမက ထုံးစံအတိုင်း ညည်းသံမျိုးစုံပေးလျက် ဗလုံးဗထွေး ရေရွတ်ခန်းဖွင့်လာတော့သည်။





"ဟာ ... အင် ... မိရာရယ်၊ ဘာလဲဟ၊ ငါ ဒီမှာအိပ်လို့ကောင်းတုန်းဟာကို"

"ထ ... ထစမ်းပါ၊ အရေးကြီးလို့ပါ၊ နင်ကလည်း အရေးထဲ အိပ်ချင်မူးတူး ဖြစ်နေပြန်ပြီ၊ အိမ်မှာ သရဲခြောက်နေပြီဟဲ့"

"ဘာ ... ဘာကြီး ... အမယ်လေး"

စိန်ကျော့က သိပ်မကြောက်တတ်ရှာဘဲ ခုတင်ပေါ်မှ ဝုန်းခနဲ၊ လွှားခနဲ ခုန်ဆင်းချလာကာ ရာရာ့တစ်ကိုယ်လုံးကို ကျစ်နေအောင် ဖက်ထားတော့သည်။

"ဘာဖြစ်တာလဲ၊ သရဲခြောက်တာ ဟုတ်လား၊ ဘယ်မှာလဲ သရဲ၊ ငါ စိတ်ညစ်လိုက်တာ ရာရာရယ်၊ ငါငိုမိတော့မှာပဲ"

"မ ... မငိုပါနဲ့ဦး၊ ဖြစ်ပုံက ဒီလိုဟ"

ဟု အစချီပြီး ရာရာက Black Man ဖုန်းဆက်သောကိစ္စကို လိုတိုရှင်းပြောပြလိုက်ပါသည်။ စိန်ကျော့ လိပ်ပြာလွင့်မတတ် သည်းသည်းလှုပ်သွားပုံက ဆိုဖွယ်ရာပင် မရှိတော့ပါ။

"ဒါ ... ဒါဆို ငါတို့ ဘယ်လိုလုပ်ကြမှာလဲ၊ သူ ... သူ အိမ်ထဲမှာ ရှိနေတာ ကျိန်းသေပြီ၊ ငါတို့ ထွက်ပြေးပြီး ညစ္စူးဆီမှာ အကူအညီ သွားတောင်းကြရင် ကောင်းမလား"



www.burmeseclassic.com

www.burmeseclassic.com



စိန်ကျော့ အပြောက သဘာဝကျပေမယ့် ညကြီးမိုးချုပ် အချိန်မတော် ရာရာ သူ့အခန်းဆီ မသွားချင်ပါ။ ဘာဆက်လုပ်ရမလဲ။ ရဲစခန်း ဖုန်းဆက်တိုင်ရမလား။ ဒါလည်း မဖြစ်နိုင်သေး။ ဘယ်နေရာမှာ ဘယ်လိုပုန်းခိုနေလဲ မသိသော Black Man ကြီးက ရဲစခန်း ဖုန်းဆက်ကြောင်းသိလျှင် ရဲရောက်မလာခင် ရာရာတို့အသက်ကို စောစောစီးစီး နုတ်ယူသွားနိုင်သည်။

"လုပ်ပါ မိရာရယ်၊ ငါတို့အကောင်းဆုံးက ဒီအိမ်ထဲကနေ အမြန်ဆုံးထွက်ပြေးကြဖို့ပဲ၊ ငါ အရမ်းကြောက်နေပြီဟဲ့ ... အဟီးဟီး"

"နင် စိတ်အေးအေးထား၊ ငါ တစ်ယောက်လုံး ရှိတယ်၊ ဘာမှမကြောက်နဲ့နော်"

"ငါ့ကို လာမနှစ်သိမ့်ပါနဲ့၊ နင်ကိုယ်တိုင်ကတောင် အသံတွေတုန်ပြီး ကြောက်ချွေးပြန်နေတဲ့ဟာ၊ ငါတို့သွားရအောင် မိရာရယ်၊ ကြာရင် ငါ အသက်ထွက်လိမ့်မယ်"

ရာရာသည် အဆမတန် သွေးဆုတ်ဖြူရော်နေသော စိန်ကျော့ မျက်နှာလေးကိုကြည့်ပြီး ရင်ထဲဆို့နင်သွားရကာ ဆုံးဖြတ်ချက်တစ်ခု လျှပ်တစ်ပြက်ချလိုက်သည်။ ထို့နောက် သူငယ်ချင်းနှစ်ယောက် တစ်ယောက်လက်ကို တစ်ယောက်ဆွဲပြီး အခန်းပြင်သို့ ဒရောသောပါး ပြေးထွက်လာခဲ့ကြပါသည်။





လှေကားထစ်များကိုလည်း သုံး,လေးထစ် ကွက်ကျော် ခုန်ဆင်းလာခဲ့ရာ လှေကားအောက်ဆုံးထစ် အရောက်မှာတော့ ...

"ဟင်"

"မြတ်စွာဘုရား ... ဘာ ... ဘာကြီးလဲ"

စိန်ကျော့က မျက်စိရှေ့မှမြင်ကွင်းကို လက်ညှိုးတထိုးထိုးဖြင့် အော်ဟစ်ရေရွတ်ကာ အသံများ တုန်ခါပြာအက်လာပြီး နေရာမှာတင် ပုံခနဲ ခွေလဲကျသွားတော့သည်။ ရာရာမှာတော့ ထိုဖြစ်ရပ်ကြီးကို မျက်တောင်ခတ်ဖို့၊ အသက်ရှူဖို့ မေ့လျော့စွာ ငေးကြောင်ကြည့်နေမိဆဲ။

လှေကားနားက ပါကေးကြမ်းပြင်ပေါ်မှာ ခင်းထားသော အဖြူရောင် စောင်ရှည်ကြီးတစ်ထည်။ ထိုပိတ်စဖြူကြီးပေါ်မှာ သွေးစက်များဖြင့် စာလုံးကြီးကြီး ဖော်ရေးထားသည့် "ငါ့အိမ်ပြန်ပေး"ဆိုသော စာကြောင်းတစ်ကြောင်း။

ရုတ်တရက် ညှီစို့စို့အနံ့တချို့ နှာဝသို့ တိုးဝှေ့ဝင်ရောက်လာချိန်မှာ ရာရာ ဘေးဘီဝဲယာသို့ ဝေ့ဝဲစူးစမ်းလိုက်သည်။ ဧည့်ခန်းထဲက ကြမ်းပြင်ပေါ်မှာ သွေးကွက်ခြေရာတချို့၊ ပြီးနောက် နံရံပေါ်မှာလည်း လက်ငါးချောင်းရာ ထင်နေသော သွေးစက်များ တလိမ့်လိမ့် ယိုစီးဆင်းလျက်။



www.burmeseclassic.com

www.burmeseclassic.com



ရာရာ ဘာကိုမှ စဉ်းစားချိန် မရတော့ဘဲ အိမ်ထဲမှ ဒုန်းစိုင်းပြေးထွက်လာခဲ့သည်။ ဖိနပ်မပါသော ဗလာခြေထောက်များက နေရာတစ်ခုသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရန်သာ ဇောကပ်နေခဲ့သည်။

"ဒုန်း ... ဝုန်း ... ဒုန်း"

"ညစ္စူး ... ညစ္စူးရေ ... ကျွန်မပါ၊ တံခါးဖွင့်ပေးပါဦး"

ရာရာသည် သူ့တိုက်ခန်းအပြင်က သံပန်းတံခါးကို အဆက်မပြတ် ထုရိုက်ကာ နှုတ်မှလည်း တကြော်ကြော် ရေရွတ်ခေါ်နေမိသည်။ ထို့ပြင် ဘဲလ်ကိုလည်း တစ်ချက်ပြီးတစ်ချက် စွတ်နှိပ်နေမိပါသည်။

မကြာမီ တံခါးဖွင့်သံနှင့်အတူ ...

"ဟာ ... ရာရာ၊ ဘာ ... ဘာဖြစ်တာလဲ"

"ညစ္စူး အမြန်လိုက်ခဲ့ပါ၊ ကျွန် ... ကျွန်မ နောက်မှရှင်းပြမယ်၊ အရမ်း အရေးကြီးနေလို့ပါ"

သူက အိပ်ချင်မူးတူးနှင့် မျက်လုံးပွတ်ရင်း ခပ်သွက်သွက် ခေါင်းညိတ်ပြီး ရာရာ လက်ဆွဲခေါ်ရာနောက်သို့ အပြေးအလွှား လိုက်ပါလာခဲ့သည်။ ရာရာသည် ခုချိန်မှာ သူ့လက်ကို လွှတ်ထွက်သွားမှာစိုးသည့်အလား ဇောတစ်ခုနှင့် တင်းတင်းကျပ်ကျပ် ပွေ့ဆုပ်ထားမိတော့သည်။





အိမ်ပြန်ရောက်တော့ သူက ဧည့်ခန်းထဲက ဓာတ်မြူကြီးနှင့် သတိလစ်နေသော စိန်ကျော့ကို တစ်လှည့်စီကြည့်ပြီး ပါးစပ်အဟောင်းသား ပွင့်ထွက်သွားလေသည်။

"ဟာ ... ဘယ် ... ဘယ်လိုဖြစ် ..."

"အဲဒါပဲ ညစ္စူး၊ ကျွန်မလည်း ဘာလုပ်ရမှန်း မသိတော့ဘူး၊ ရှုးတောင် ရှူးချင်လာပြီ၊ စိတ်လည်း အရမ်းညစ်တယ်"

သူက ငိုသံစွက်လျက် ဆိုလာသော ရာရာ့မျက်နှာကို ငေးတွေးကြင်နာစွာ စိုက်ကြည့်ပြီး လက်မောင်းနှစ်ဖက်ကို တင်းတင်းပွေ့ဆုပ်ခါယမ်းကာ ...

"ကိုယ်ရှိတယ် ရာရာ။ ဘာမှမကြောက်နဲ့နော်၊ ဒီကိစ္စ ကိုယ်ဖြေရှင်းပေးမယ်၊ ရာရာတို့ ဘာမှမဖြစ်စေရဘူး"

ပြောပြောဆိုဆို သူက စိန်ကျော့ကို မ,ချီကာ ဆိုဖာပေါ် အသာချပြီး ပိတ်စဖြူကြီးကိုလည်း လုံးထွေးသိမ်းဆည်းလိုက်သည်။ ရှင်းလင်းစရာရှိသည်တို့ကို မြန်မြန်သွက်သွက် ရှင်းလင်းပြီးသော် ...

"ရာရာ ... ဒီပိတ်စကြီးကို ဘယ်သူမှ မမြင်နိုင်တဲ့ တစ်နေရာရာမှာ ဖွက်ထား၊ ကိုယ့်အသိဆရာဝန်တစ်ယောက်ဆီ ဖုန်းဆက်လိုက်ဦးမယ်"

"ကျွန် ... ကျွန်မ မကိုင်ရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရာရာ့ပုံစံ တွန့်ဆုတ်ဆုတ်ကိုကြည့်ပြီး သူက နားလည်သလို ခေါင်းတဆတ်ဆတ်ညိတ် အနားက အခန်းတစ်ခန်းထဲထည့်ပြီး တံခါးပိတ်လိုက်ပါသည်။

"ကိုယ့်ကို ဖုန်းခဏလောက် ပေးပါလား ရာရာ"

"ဟို ... ဟို ဖုန်းစင်ပေါ်မှာ အိမ်ဖုန်းရှိတယ်"

ရာရာက Black Man ကြီး ဆက်လာသောဖုန်းကို မစွဲ့မရဲနှင့် လက်ညှိုးထိုးပြလိုက်ရာ သူကလည်း အေးအေးဆေးဆေးပင် ဖုန်းဆက်ဖို့ လျှောက်သွားပါသည်။ ရာရာ့မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိစွာ နေရာမှာတင် ခြေစုံရပ်နေမိဆဲ။

"ဟယ်လို ... အေး ... ရဲကိုလား၊ ငါပါကွ ညစ္စူး၊ ငါ့သူငယ်ချင်း ကောင်မလေးတစ်ယောက် ညကြီးအချိန်မတော် သတိလစ်သွားလို့၊ ငါတို့အိမ်နားကပဲကွာ၊ အိမ်နီးနားချင်းတွေပါ၊ အဲဒါ မင်း ခဏလောက် လာကြည့်ပေးပါလား အေး ... ကျေးဇူးပဲကွာ"

သူနှင့် ဆရာဝန်က သူငယ်ချင်းတွေ ဖြစ်ဟန်တူပါသည်။ သူက ဖုန်းဆက်ပြီးတော့ ရာရာ့နား ပြန်လျှောက်လာကာ_

"ကိုယ်တို့ စိန်ကျော့ကို ခုလှောလောဆယ် ရှူဆေးလေး နှာဝတေ့ထားပေးရင် ကောင်းမယ် ရာရာ၊ ရဲကိုကတော့ ခုချက်ချင်း လာခဲ့မယ်တဲ့"





"ဟုတ် ... ဟုတ်ကဲ့"

ရာရာက ရှူဆေးဘူးလေး ထုတ်ဖွင့်ကာ စိန်ကျော့နှာခေါင်းဝမှာ တို့ထားပေးလိုက်သည်။ မကြာမီ ဆရာဝန်ရောက်လာပြီး စိန်ကျော့အတွက် လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပေးရာ ခဏတွင်းမှာပင် သတိပြန်လည်လာခဲ့သည်။

"ဘယ်လိုဖြစ်ရတာလဲ ညစ္စူးရာ"

သူက ရာရာ့မျက်နှာကို အဓိပ္ပာယ်ပါပါနှင့် တစ်ချက်လှမ်းကြည့်ပြီး ...

"သူက အရမ်းကြောက်တတ်တာကွ၊ အဲဒါ သူငယ်ချင်းနှစ်ယောက် စနောက်ရင်း သူ့ကို သရဲခြောက်သလို လုပ်လိုက်မိတာ၊ အဲဒီမှာ သတိလစ်သွားတော့တာပဲ"

သူ့ဖြေဖြန်းမှုအဆုံးမှာ ဒေါက်တာရဲကိုက "ဟာ" ခနဲ သံရှည်ဆွဲအော်ရင်း ရာရာ့မျက်နှာကို အပြစ်တင်သလို အလန့်တကြား မော့ကြည့်သည်။

"ဒါမျိုးမလုပ်ကောင်းဘူး ညီမရဲ့၊ အခန့်မသင့်ရင် အသက်အန္တရာယ်ကိုပါ ထိခိုက်စေနိုင်တယ်၊ ပေါက်ကရတွေ စ၊ နောက်ရတယ်လို့ဗျာ"

"ဟို ... ကျွန် ... ကျွန်မလည်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါလေ ထားလိုက်ပါတော့၊ နောက် ဒါမျိုးမဖြစ်စေနဲ့ပေါ့၊ ကျွန်တော် လိုတာတွေတော့ အကုန်လုပ်ပေးထားပါတယ်၊ မနက်ဖြန်ကျရင်လည်း တစ်ခေါက်လာထပ်ကြည့်ပေးဦးမယ်၊ ကဲ ... ဒီကလူနာ အစ်မ၊ ကျွန်တော့်ကိုခွင့်ပြုပါဦး၊ ကိုယ်ရောစိတ်ပါ အနားပေးပြီး အေးအေးဆေးဆေးနေနော်၊ ဟုတ်ပြီလား"

စိန်ကျော့က ဆရာဝန်ကို ခေါင်းညိတ်ရုံသာ ညိတ်ပြပါသည်။ ကြေကွဲက်ရှိန်မပြယ်သေးသည်မို့ လေသံတိုးတိုးမျှပင် မဟနိုင်ချေ။ ဒေါက်တာရဲကို ပြန်သွားတော့ သူက ရာရာတို့အားနား ဝင်ထိုင်ပြီး အားပေးစကား ဆိုလာသည်။

"စိန်ကျော့ ... အရမ်းကြောက်သွားလားဟင်"

သူ့မေးခွန်းက အချည်းနှီးပင်။ စိန်ကျော့ မျက်နှာညိုညိုလေးက ခုပင် ပြိုကျတော့မည့်မိုးလို အုံ့မှိုင်းနေတော့သည်။ ဘာစကားမှ ခွန်းတုံ့ပြန်မလာခဲ့ပေ။ ရာရာလည်း သူငယ်ချင်းဖြစ်သူ၏ လက်ဖျားလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း အားပေးဖို့ ကြိုးစားမိပါသည်။

"စိန်ကျော့ ... နင် အရမ်းစိတ်ညစ်နေပြီလားဟင်၊ ငါ တောင်းပန်ပါတယ် သူငယ်ချင်းရယ်၊ ငါ့အတွက်နဲ့ နင်ဒီလိုဖြစ်ရတာပါ၊ ငါ ဘာလုပ်ပေးရမလဲဟင်"





"ဟင့်အင်း ... ငါ ခုလောလောဆယ် အရမ်းအိပ်ချင်နေတယ် မိရာရယ်၊ ငါ နင့်အပေါ် ဘယ်လိုမှ စိတ်မကွက်ပါဘူး၊ ဒါပေမဲ့ ငါ ခုချိန်မှာ ဘာမှမစဉ်းစားဘဲ တစ်ရေးလောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ချင်တယ်"

ရာရာသည် သူငယ်ချင်းဆန္ဒကို မလွန်ဆန်နိုင်စွာ ချက်တောင်တွေ မေးစင်းလာပြီဖြစ်သော စိန်ကျော့နားမှ အသာထွက်လာခဲ့သည်။ သူကလည်း အလိုက်သိစွာပင် ရာရာ့နောက်မှ လိုက်ပါလာခဲ့လေသည်။ ထို့နောက် အိမ်အပြင်ဘက် ဝရန်တာလေးက ကြိမ်ခုံပုလေးတွေထက်မှာ ကိုယ်စီထိုင်မိကြသည်။

စိတ်ရှုပ်ထွေးခြင်း၊ ကြံရာမရဖြစ်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ စုပေါင်းမွှေနှောက်လာသော ခဏမှာ ရာရာ ဘာမှစဉ်းစားနေတော့ဘဲ ချုံးပွဲချ ငိုချလိုက်မိပါသည်။ သူက သိမ့်သိမ့်တုန်နေသော ရာရာ့ပခုံးလေးကို အသာဖွဖွ ဖက်ပွေ့ကာ လေသံတိုးတိုးဖြင့် ဆိုလာသည်။

"ကိုယ် ဘာလုပ်ပေးရမလဲ ရာရာရယ်၊ မင်း မျက်ရည်ကျတာ ကိုယ်မကြည့်ရက်ဘူး၊ ကိုယ် မင်းကို သိပ်ချစ်တယ်"

သူ့စကားလုံးတွေက နှင်းဆွတ်လေငွေ့တွေနှင့်အတူ ရာရာ့နှလုံးသား ဆောင်းရာသီကို ပိုလို့အအေးပိုသွားစေခဲ့ပါသည်။ ရာရာသည် သူ့ရင်ခွင်ကျယ်ကြီးထဲသို့ ကလေးတစ်ယောက်လို ခေါင်းတိုးဝင်ကာ အသံမထွက်စေဘဲ ကျိတ်ရှိုက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ရာရာ့ ဆံနွယ်စလေးများကို တယုတယဖြင့် ခပ်ဖွဖွလေး ပွတ်သပ်ပေးပါသည်။

"ကိုယ့် မျက်ရည်ကျချိန်တုန်းက ဘေးနားမှာ မင်းရှိသလို မင်းမျက်ရည်ကျချိန်မှာလည်း ကိုယ်ရှိနေခွင့်ရတာ ကံကြမ္မာကို အရမ်းကျေးဇူးတင်တယ် ရာရာရယ်၊ မင်း ကိုယ့်ရင်ခွင်ထဲမှာ အားရအောင် ငိုလိုက်နော်"

"ကျွန်မ ဒီကိစ္စကြီးကို အမြန်ဆုံး ဖော်ထုတ်နိုင်အောင်ကြိုးစားမယ် ညစ္စ၊ ဆက်ပြီး သည်းမခံနိုင်တော့ဘူး"

"ကိုယ် နားလည်ပါတယ်၊ ဒါပေမဲ့ ပြဿနာတစ်ခုကို ခေါင်းအေးအေးထားပြီး ဖြေရှင်းတာ အကောင်းဆုံးပဲလို့ ကိုယ် အကြံပေးချင်တယ်၊ ရာရာ့ကို ကိုယ်လည်း အစွမ်းကုန်ကူညီပေးမှာပါ"

"ဒီပုံစံအတိုင်းဆို စိန်ကျော့ နယ်ကိုပြန်မှာ ကျိန်းသေနေပြီ၊ သူ့ကို ဘယ်လိုမှ တားလို့ရမှာ မဟုတ်ဘူး၊ ကျွန်မဘက်ကလည်း သူငယ်ချင်းကိုဆက်ပြီး မညှဉ်းဆဲချင်တော့ပါဘူး၊ သူ့မှာ ကျွန်မကိုချစ်လွန်းလို့သာ ဒီလောက်ထိ သည်းခံပြီးနေပေးတာ၊ သူ အရမ်းကြောက်တတ်တာ ကျွန်မအသိဆုံးပဲ၊ နောက်နေ့ကျရင် ကျွန်မကိုယ်တိုင် သူ့အတွက် ကားလက်မှတ်သွားဝယ်ပေးမယ်"





"ဒါဆို ရာရာကရော ဒီပြဿနာကြီးကို တစ်ယောက်တည်းရှင်းမှာလား၊ အဖော်မရှိဘဲနဲ့ ဒီအိမ်ကြီးထဲမှာ နေရဲလို့လား"

ရာရာသည် သူ့မေးခွန်းကြောင့် မျက်ဝန်းများက ချက်ချင်း စူးရှတောက်ပသွားကြသည်။ ထို့နောက် မဲ့ပြုံးတစ်ချက် ပြုံးမိပါသည်။

"ကျွန်မ သူနဲ့ နောက်ဆုံးအကြိမ် ရင်ဆိုင်ကြည့်ချင်သေးတယ် ညစ္စ၊ သူ ထုတ်သုံးမယ့် အဆုံးစွန်သော လက်နက်ဟာ ဘာလဲဆိုတာ အေးအေးဆေးဆေး ဖော်ထုတ်ချင်သေးတယ် ...

ဒါ သူ ကျွန်မကို သက်သက် စိန်ခေါ်တာပဲ၊ ကျွန်မ အရှုံးပေးဖို့ စိတ်ကူးမရှိဘူး၊ ကျွန်မက နဂိုတည်းက အတွေးအခေါ်သမား၊ စွန့်လွှတ်စွန့်စားပြီး အရာရာကို စူးစမ်းလေ့လာရတာ ဝါသနာပါတယ် ...

အဲဒီတော့ သူနဲ့ကျွန်မ နောက်ဆုံးတိုက်ပွဲ ဆက်တိုက်ရမှာပေါ့"

ရာရာသည် ထိုစကားများ ပြောနေချိန်မှာ သွေးဆူနေသော ကျားသစ်မလေးအသွင် ချက်ချင်းပြောင်းသွားရပါသည်။ တကယ်လည်း ရာရာ့ ခန္ဓာကိုယ်ထဲကသွေးတွေဟာ ဒေါသမခံချင်စိတ်တွေကြောင့် ပွက်ပွက်ဆူလာရပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညက မနက်မိုးလင်းသည်အထိ ရာရာ့ဘေးနားမှာ သူရှိနေပေးခဲ့ပါသည်။ ရာရာ့အတွက် တစ်သက်တာ အမှတ်တရဖြစ်စေသည့်ည၊ ယောကျ်ားတစ်ယောက်ကို နင့်နင့်သည်းသည်း ချစ်မိသွားသည့် ညအဖြစ် နှောင်နှစ်ပေါင်းများစွာတိုင်အောင် မှတ်ကျောက်တင်နေတော့မှာဖြစ်သည်။

စိန်ကျော့ကတော့ မနက်ထိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ ရာရာမှာ အိပ်ပျော်ဖို့နေနေသာသာ ဘာမှန်းကြံမသိသေးသော ဇာကြမ္မာကို တိတ်တိတ်လေး စောင့်မျှော်ရင်း မျက်စိကြောင်ကြောင်နှင့် ညတစ်ညကို ဖြတ်သန်းခဲ့ရပါသည်။

ရာရာသည် ဖေဖေ့ကိုလည်း ဒီကိစ္စအကြောင်း ဖွင့်ပြောပြဖို့ စိတ်မကူးမိတော့ပါ။

လက်တွေ့မှာ ကိုယ်တစ်ယောက်တည်း ကြုံတွေ့ရင်ဆိုင်နေရသော ပြဿနာကြီးကို ကိုယ့်ဟာကိုယ်သာ ဖြေရှင်းဖို့ ဆုံးဖြတ်လိုက်သည်။

✧ ✉ ✧





ထိုကိစ္စကြီးဖြစ်ပြီး နောက်ရက်များမှာတော့ စိန်ကျော့အခြေအနေက ရာရာတို့ စိတ်ချရလောက်အောင်ထိ မသက်သာခဲ့ပါ။

ဒေါက်တာရဲကိုရဲ့ တိုက်တွန်းချက်အရ အထူးကုဆေးခန်းတစ်ခုမှာ အေးအေးဆေးဆေး အနားယူခိုင်းသဖြင့် ထိုအစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ရသည်။

စိန်ကျော့ရဲ့အမေဘက်က အဘွားမှာ နှလုံးရောဂါဖြင့် ဆုံးပါးသွားခဲ့ခြင်းဖြစ်ရာ ယခု မျိုးရိုးလိုက်ချင်နေသော စိန်ကျော့မှာလည်း နှလုံးရောဂါလက္ခဏာ အစပြုနေပြီဟု ဒေါက်တာရဲကိုက စမ်းသပ်ချက်များအရ ဆိုပါသည်။

စိန်ကျော့အတွက် ဆေးခန်းမှာ စပါယ်ရှယ်နာ့စ်ငှားထားပေးသဖြင့် ရာရာက မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သွားကြည့်ပေး၊ လိုအပ်တာသွားပို့ပေးရုံကလွဲလို့ လူနာစောင့်မစောင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးရပါ။ စိန်ကျော့ကလည်း ရာရာ့ကို အားနာနာဖြင့် ဒုက္ခမရှာရန် အတင်းတားမြစ် တောင်းပန်ခဲ့သည်။ သို့သော် အိမ်ကြီးအကြောင်းကိုတော့ တစ်လုံးတစ်ပါဒမှ ဟမလာခဲ့တော့ပေ။

စိန်ကျော့ ဆေးရုံတက်နေစဉ် ရက်ပိုင်းအတွင်း အိမ်ကြီးရဲ့ပြဿနာက ထူးထူးခြားခြား ငြိမ်သက်သွားခဲ့ပြန်သည်။ သူကလည်း စိန်ကျော့နှင့် ရာရာ့အတွက် လိုလေသေးမရှိ ကူညီဖေးမပေးခဲ့ပါသည်။

ထို့ပြင် ဆေးခန်းမှာ စိန်ကျော့နှင့် အတူတူသွားနေပြီး အိမ်ကို ခဏပစ်ထားဖို့လည်း တိုက်တွန်းခဲ့သည်။ သို့သော် ရာရာကတော့ ကိုယ့်အစီအစဉ်နှင့်ကိုယ်မို့ သူ့စကားကို လက်မခံခဲ့ဘဲ အိမ်မှာတစ်ယောက်တည်း ကျန်နေရစ်ခဲ့ပါသည်။

ခုချိန်မှာ ဘာတွေ ဘယ်လိုပဲ ကြုံလာလာ၊ ရာရာ့ဘက်က ပြောင်ပြောင်တင်းတင်း ရင်ဆိုင်ဖို့ အသင့်ရှိနေခဲ့ပြီဖြစ်သည်။ ဘာအတွက်မှလဲ စိတ်ပူသောက ရောက်မနေတော့ပါ။

ဒီနေ့လည်း စိန်ကျော့အတွက် ညနေစာပို့ပေးပြီး အပြန်မှာ ဆေးခန်းအဝင်ဝနားမှာ သူနှင့်တည့်တည့် ဆုံပါသည်။

"ရာရာ ... အိမ်ပြန်တော့မလို့လား၊ ဆောရီးပဲ၊ ကိုယ် အစည်းအဝေးတစ်ခုရှိလို့ နည်းနည်းနောက်ကျသွားတယ် စိန်ကျော့ရော သက်သာရဲ့လား"





"အင်း ... ဆရာဝန်ကြီးက နောက်နှစ်ရက်လောက်နေ့ရင် ဆင်းလို့ရပြီတဲ့၊ ညစူးကလည်း အလုပ်ကိစ္စအရေးကြီးနေရင် မလာပါနဲ့တော့လား၊ ကျွန်မဘာသာ ပြန်မှာပေါ့"

"ကိုယ်က မင်းကို တစ်ယောက်တည်း ပြန်ခိုင်းရမှာ စိတ်မချလို့ပေါ့"

သူကပြောပြီး ရာရာ့မျက်နှာကို တစ်ချက်ပြုံးကြည့်ကာ လက်ထဲက အထုပ်အပိုးတွေကို ကူသယ်ဆွဲသည်။ နှစ်ယောက်သား တက္ကစီငှားပြီး အိမ်ပြန်လာခဲ့ရာ လမ်းထိပ်ရောက်တော့ သူက ကားသမားကို ရုတ်တရက်ကြီး ကားရပ်ခိုင်းသည်။

"ဟို ... ရပြီ ဆရာ၊ ဒီနားမှာပဲ ရပ်တော့"

"ဟင် ... ညစူးကလည်း၊ ဘာလို့ အိမ်ရှေ့ထိ လိုက်မပို့နိုင်းတာလဲ၊ အဝေးကြီး လိုသေးတဲ့ဟာကို"

"ကိုယ်တို့ ဒီကနေ အိမ်အထိ လမ်းဆင်းလျှောက်မယ်လေ၊ ည နေဝင်ရီတရော ဒီအချိန်လေးပဲ ရှားရှားပါးပါး လျှောက်လို့ကောင်းတာ"

ဟု ဆိုပြီး ကားခကို ခပ်သွက်သွက်ရှင်းကာ ရာရာ့လက်ကိုဆွဲပြီး ကားပေါ်မှ ပြေးဆင်းလာခဲ့သည်။ ရာရာမှာ သူ့လုပ်ရပ်ကြောင့် အူကြောင်ကြောင်နိုင်စွာ လိုက်ပါလာခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ဆည်းဆာချိန် (ညီအစ်ကိုမသိတသိချိန်)က သူ ပြောသလို လှပအေးချမ်းမှုအတိ ဖြစ်နေခဲ့သည်။ ဆောင်းညနေခင်းမို့ စောစောစီးစီး အမှောင်ဘက်လှလာပြီဖြစ်သော ပလက်ဖောင်းပေါ်သို့ နီယွန်လမ်းမီးတိုင်ဆီက အလင်းတချို့ ကွက်တိကွက်ကျား ဖြာကျလျက်။

သူက ရာရာ့လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်ပြီး ခပ်တည်တည်နှင့် ရှေ့ဆက်လျှောက်လာသည်။ ရာရာက သူ့ထံသို့ မျက်စောင်းတစ်ချက် ပစ်ထိုးကာ ...

"အံမယ် ... ဘာလုပ်တာလဲ၊ လွှတ်ပါ လက်ကို၊ လစ်ရင်လစ်သလို"

"လစ်ရင်လစ်သလို အချစ်ပိုတာပါ ရာရာရယ်၊ ကိုယ်မင်းကို သိပ်ချစ်တယ်"

"နေစမ်းပါဦး၊ နိုင်ငံခြားမှာ ကျောင်းသွားတက်ခဲ့တဲ့ လူတစ်ယောက်ရဲ့ အတိတ်ဇာတ်လမ်းလေးတွေကို နည်းနည်းလောက် သိပါရစေဦး"

"ဟာကွာ ... ဘိုရာကလည်း၊ ကိုယ်က ဟန်ဒက်ဂူလိုယောကျ်ားမျိုးပါကွာ၊ သူက ဘိုရာ တစ်ယောက်တည်းကိုပဲချစ်ပြီး၊ ပညာကို ကြိုးစားသင်ခဲ့တာလေ၊ ကိုယ်လည်း ကျောင်းတက်တုန်းက စာမှစာ ဖြစ်ခဲ့တာ၊ ကျန်တဲ့ကိစ္စ စိတ်မဝင်စားဘူး"





"လျှောက်ရှီးမနေပါနဲ့၊ ယောကျ်ားတွေအကြောင်း မသိရင်ခက်မယ်၊ ဟန်ဒက်ဂူကလည်း ရုပ်ရှင်ထဲမှာမို့လို့ပါ၊ အဲဒီလို ဇာတ်ရုပ်မျိုး သရုပ်ဆောင်ထားတာ၊ အပြင်မှာဆို သူလည်း ရှုပ်မှာပဲ၊ ဒီကမ္ဘာပေါ်မှာ ယုံရတဲ့ ပုရိသဆိုတာ မရှိဘူး"

"ဟောဗျာ ... လုပ်ပြန်ပြီ၊ ဒါဆို ဘယ်လို သက်သေပြရမလဲ၊ ပြော"

"တော်ပါတော့၊ ဘာသက်သေမှ လာပြမနေပါနဲ့"

ရာရာက ရှက်စနိုးလေးဖြင့်ဆိုလျှင် သူက "ဟား" ခနဲအော်ရင်း ရာရာ့လက်ခုံလေးပေါ် ရွတ်ခနဲ အနမ်းတစ်ပွင့် ခွေချလိုက်တော့သည်။ လမ်းမပေါ်မှာ လူရှင်းနေသည်မို့ သူ့အကဲထပုံကို ဘယ်သူမှ မသိမမြင်လိုက်ချေ။

ရာရာ့မှာသာ ရင်ထဲ အေးခနဲ၊ ဖိုခနဲ။

"ကြည့်စမ်း ညစုန်း၊ ရှင် တော်တော်ဆိုးတာပဲ"

"အချစ်ကို ဆိုးသွမ်းမှုဝစ်ခုလို့ အထင်လွဲပြီး ခေါင်းစဉ်မတပ်ပါနဲ့ ရာရာရယ်၊ ကိုယ်က မင်းကို ချစ်တာပါ"

သူနှင့် လမ်းတစ်ဝက်လောက် ရောက်သည်အထိ လျှောက်လာခဲ့ကြပြီးမှ လမ်းဘေးလက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်ရှေ့ ရောက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ရာရာ ... ကိုယ်တို့ တစ်ခုခု ဝင်စားရအောင်၊ ဒီဆိုင်လေးမှာ ထိုင်ကြမယ်"

"အင်း ... သဘောပဲလေ"

နှစ်ယောက်သား အေးချမ်းတိတ်ဆိတ်သော ဆိုင်လေးထဲ ဝင်လာခဲ့ကြကာ ထောင့်ကျကျ စားပွဲဝိုင်းမှာ နေရာယူလိုက်ကြပါသည်။ စားသောက်ဖွယ်ရာများ မှာပြီးနောက် သူနှင့် ရာရာတို့နှစ်ယောက်လုံး ဆိုင်မှဖွင့်ထားသော သီချင်းလေးတစ်ပုဒ်ဆီ အာရုံရောက်သွားကြသည်။

"အိမ်ပြန်ချိန်တွေ ... အတူလျှောက်လည် ... နေဝင်ချိန်ဆို ... အတူရှိမယ် ... ကိုယ်တကယ်ချစ်သော ... မိန်းကလေးနဲ့ ... အတူရှိတဲ့ဘဝ ... ဘယ်လောက်ကောင်းလိုက်မလဲ"

ထို့နောက် သူက ရာရာ့မျက်နှာကို အဓိပ္ပာယ်တစ်မျိုးဖြင့် လှမ်းငေးကြည့်ပါသည်။

"ဘာကြည့်တာလဲ"

"ကောင်းမြတ် သီချင်းလေးက ကိုယ်တို့အဖြစ်နဲ့ ခပ်ဆင်ဆင်တူနေလို့ပါကွာ၊ ရာရာရော အဲလိုမခံစားရဘူးလား"

"မခံစားရပါဘူး"

"ဒါဆို ခုနကလို ထပ်လုပ်လိုက်ရမလား"





"အောင်မယ် ... ညစုံးနော်၊ ဘေးမှာ လူတွေနဲ့၊ အရှက်ကို မရှိဘူး"

သူက ရာရာ့ အထိတ်ထိတ် အပျာပျာ အပြောကြောင့် သဘောကျသလို တဟားဟား အော်ရယ်နေခဲ့ပါသည်။ စားပွဲထိုးလေး လာချပေးသော အစားအသောက်များကို အေးအေးဆေးဆေး စားသောက်နေကြချိန်မှာပဲ ...

"ညစုံး"

ခေါ်သံကြောင့် သူရော ရာရာပါ ဆတ်ခနဲ ခေါင်းမော့ကြည့်မိကြရာ ...

"ဟင် ... ဦးလေးတင်"

ရာရာသည် စားပွဲဘေးမှာ ရပ်နေသော သူ့အသိ ဦးလေးတင် ဆိုသူကို တစ်ချက်မျှသာ မော့ကြည့်ပြီး ကိုယ့်ဟာကိုယ် စားစရာရှိတာ ဆက်စားနေမိပါသည်။

"ညစုံး ... မင်းက တယ်ဟုတ်ပါလားကွ"

"ဟို ... အဲ ... ဦးလေးတင် ထိုင်လေ၊ ဘယ်လာတာလဲ"

"ဟား ဟား ... မထိုင်တော့ပါဘူးကွာ၊ ငါ ကိစ္စတစ်ခုရှိလို့ လာတာပါ၊ မင်းကို ဒီဆိုင်မှာတွေ့လို့ လာနှုတ်ဆက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ရာရာသည် သူနှင့် ဦးလေးတင် ပြောနေသော စကားများကို မသိမသာ နားစွင့်နေရင်းမှ မျက်မှောင်တွေ အလိုလို တွန့်ကုပ်ချိုးလာရသည်။ ထို့အတူ ရှမ်းခေါက်ဆွဲ ဝါးနေသော ပါးစပ်ကလည်း ဖြည်းဖြည်းချင်း အရှိန်လျော့သွားရလေသည်။

ဒီအသံ ... ဒီအသံ။

ကြားဖူးနားဝရှိနေသော ဒီအသံ။ ရာရာခေါင်းထဲ လင်းခနဲ တစ်ချက်ပွင့်ထွက်လာကာ ဦးလေးတင်ကို မျက်လုံးလှန် ကြည့်လိုက်မိသည်။

ဆိုင်မီးရောင်မှိန်မှိန်ကြောင့် သူ့မျက်နှာကို သဲသဲ ကွဲကွဲ မမြင်ရချေ။ သူ့မျက်နှာကို သေချာမမြင်ရသော်လည်း သူ့ အသံကိုတော့ ရာရာ အာရုံထဲ စွဲနေအောင် မှတ်သားလိုက်မိပါသည်။

“ကဲ ... ညစူး၊ ငါ နောက်မှပဲ မင်းဆီ အေးအေးဆေးဆေး လာလည်ဦးမယ်၊ အခု ကိစ္စရှိသေးလို့ ပြန်လိုက်ဦးမယ် ကွာ”

“ဟုတ်ကဲ့ ... ဦးလေးတင်”

ထိုလူကြီးက သူ့ကို နှုတ်ဆက်ပြီး ရာရာကိုပါ တစ်ချက်လှမ်းကြည့်ကာ ဆိုင်ထဲမှ လှမ်းထွက်သွားခဲ့သည်။ ရာရာ မှာ ရှမ်းခေါက်ဆွဲပန်းကန်ဆီလည်း အာရုံမရောက်မိတော့။ ရင်ထဲ တလှပ်လှပ် တုန်ခါလာရကာ အအေးခွက်ကိုသာ တဂွပ်ဂွပ်မြည်





အောင် တစ်ရှိန်ထိုး မော့ချလိုက်မိသည်။ ခေါင်းထဲမှာတော့ အတွေးပေါင်းစုံ၊ မေးခွန်းပေါင်းစုံ ရှုပ်ယှက်ခတ် လှည့်ပတ်မွှေ နှောက်လျက် ရှိတော့သည်။

ထို့ပြင် ကိုယ့်အာရုံက တစ်စုံတစ်ရာကို တဖြည်းဖြည်း သိရှိခံစားစ ပြုလာသလိုပင်။ အခြေအနေတစ်ရပ်ကို ယုံလည်းယုံ ချင်၊ ယုံလည်း မယုံရဲသေး။ ထင်ထားသည့်အတိုင်း ဖြစ်လာမှာကို လည်း အသည်းအသန် စိုးကြောက်နေမိသလိုလို။

သူက ရာရာ ဂနာမငြိမ်နှင့် အူကြောင်ကြောင်ဖြစ်နေ မှုကို သတိပြုမိသွားဟန်ဖြင့် ရာရာ့မျက်နှာကို စိုးရိမ်တကြီးလှမ်း ကြည့်ကာ ...

“ရာရာ ဘာဖြစ်လို့လဲဟင်၊ စားမကောင်းလို့လား၊ ဘာလို သေးလဲ”

“ရ ... ရွှာယ်၊ ကျွန်မစားတာ များသွားလို့ ရင်ပြည့်တာ ဘာမှမဖြစ်ပါဘူး၊ ညစူး စားပြီးရင် ပြန်ကြမယ်လေ”

“အင်း ... ကိုယ်လည်းပြီးပြီ”

သူက စားပွဲထိုးခေါ်၊ ပိုက်ဆံရှင်းပြီး ရာရာ့လက်ကို သုံးစံအတိုင်း တင်းတင်းဆွဲလျက် ထွက်လာပြန်သည်။ သို့သော် ရာရာ့စိတ်တွေကတော့ ဆိုင်မထိုင်ခင် အချိန်ပိုင်းလေးကလို လန်း ဆန်းပေါ့ပါးမှု ရှိမနေခဲ့တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



သူကပင် မှတ်ချက်ပေးလာသေးသည်။

"လက်ဖျားတွေက အေးစက်နေတာပဲ၊ နေမကောင်းဘူးလား ရာရာ"

ရာရာ သူ့ကို ခေါင်းသာယမ်းပြမိသည်။ ခုချိန်မှာ အိမ်ရောက်ချင်စောကသာ ကြီးမားလွန်းနေခဲ့လေပြီ။ ထို့ပြင် သူ့ကိုလည်း မေးခွန်းတစ်ခု မေးချင်နေသည်။ သို့သော် ရာရာ့နှုတ်ဖျားများကို တစ်စုံတစ်ရာက ဆွံ့အအောင် ပိတ်ဆို့ထားခဲ့သည်။ နောက်ဆုံးတော့ စိတ်မသက်မသာနှင့် သက်ပြင်းကိုသာ အခါခါ ချနေမိတော့သည်။

✧ ✉ ✧





"ဒေါ် နှင့်ကို အရမ်းချစ်ပါတယ် ရာရာ၊ နှင်နဲ့ငါဆိုတာ ဟိုးနှပ်ဈေးတွဲလောင်းဘဝတည်းက ပေါင်းလာခဲ့ကြတဲ့ အချစ်ဆုံးသူငယ်ချင်းတွေပါ၊ ဒါပေမဲ့ နှင့်ကို ငါ ဒီလိုစကားမျိုး မပြောသင့်မှန်း ငါသိပါတယ်၊ ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်းရယ်"

စိန်ကျော့က ပြောရင်း အသံတိမ်ဝင်သွားသည်။

ရာရာသည် သူငယ်ချင်းမ၏ အားနည်းပျော့တော့နေသော လက်ဖျားလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း သက်ပြင်းမော တစ်ချက် ကျိတ်ချမိသည်။ စိန်ကျော့က ဆေးရုံမှဆင်းလျှင် နယ်တန်းပြန်ချင်သည့်အကြောင်း၊ ရောဂါအခြေအနေအရ အေးအေးဆေးဆေး အနားယူချင်ကြောင်း၊ သင်တန်းကိစ္စများကိုလည်း ခေတ္တဆိုင်းငံ့ထားချင်ကြောင်း ရာရာ့ကို အားနာနာနှင့် တောင်းဆိုလာခဲ့သည်။ အိမ်အကြောင်းကိုတော့ တာမင်တကာ ချန်ထားပြီး စကားထဲ ထည့်မပြောခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရာရာကလည်း စိန်ကျော့ အခိကပြန်ချင်သော အကြောင်းအချက်မှာ ဒီအိမ်ကြီးကြောင့်ဆိုတာကို မပြောအဲ ရိပ်မိပြီးသား ဖြစ်လေသည်။ သူငယ်ချင်းကိုလည်း ဒီ့ထက်ပိုပြီး စိတ်ဒုက္ခမရောက်စေလိုသဖြင့် စိန်ကျော့ ဆန္ဒကို လိုလိုလားလားပင် ဖြည့်ဆည်းပေးဖို့ အစောကြီးတည်းက ဆုံးဖြတ်ထားပြီးသားဖြစ်သည်။

"ဘာမှ တောင်တောင်အီအီတွေ လျှောက်တွေးမနေပါနဲ့ စိန်ကျော့ရယ်၊ ငါ နင့်ကို နားလည်ပါတယ်၊ အခု ဒီက ပြန်ရင် ငါနင့်အတွက် ကားလက်မှတ် သွားဝယ်ပေးမယ် နင်လည်း ကျန်းမာရေးအခြေအနေအရ ကိုယ့်အိမ်ပြန်ပြီး အနားယူသင့်တာပေါ့၊ ငါ့အတွက် ဘာမှမငဲ့နဲ့ သိလား ငါလည်း နင်နဲ့အတူတူ လိုက်ပြန်ချင်ပါတယ်၊ ဒါပေမဲ့ ဒီကကိစ္စလေးတွေ ရှင်းစရာရှိတာ ရှင်းလိုက်ဦးမယ် ...

နင် နယ်ရောက်ရင် ဖေဖေ့ကို ဒီကိစ္စတွေ ဘာမှ ပြန်မပြောနဲ့နော်၊ အဲဒါလေး တစ်ခုပဲ ကတိပေး၊ ဟုတ်ပြီလား"

"နင်လည်း လိုက်ပြန်ရင်ကောင်းမယ် ရာရာရယ်၊ ငါ နင့်ကို တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချဘူး၊ လာတုန်းက အတူတူလာပြီး အခု ငါတစ်ယောက်တည်း ပြန်ရမှာဆိုတော့ ..."





"စိတ်ချပါဟယ်၊ ငါ့ကိုယ်ငါ ပိုင်ပါတယ်၊ နင်သာ ဟိုရောက်ရင် နေကောင်းအောင်နေ၊ ငါ့ဆီဖုန်းဆက်၊ ကြားလား"

"နင် ဦးကို အမှန်အတိုင်းဖွင့်ပြောပြီး ဖြေရှင်းလိုက်ရင် ပိုကောင်းမယ်နော် ရာရာ၊ ဒီကိစ္စကြီးက နင် တစ်ယောက်တည်း ကိုင်တွယ်ဖို့ မသင့်တော်ဘူး၊ ကြောက်ဖို့လည်းကောင်းတယ်၊ သွေးရိုးသားရိုးမဆန်တဲ့ လုပ်ကြံမှုကြီးပဲ ...

နင် သတ္တိရှိတာကိုတော့ ငါ ယုံပါတယ်၊ ဒါပေမဲ့ နင်က အပျိုလေး၊ တစ်ခုခု ချွတ်ချော်တိမ်းစောင်းသွားရင် မတွေးရဲစရာပဲ၊ ငါ နင့်အတွက် စိုးရိမ်လို့ပါ"

စိန်ကျော့ ပုံစံက ရာရာ့အတွက် တကယ့်ကိုစိုးရိမ်ပူပန်မှုအပြည့်နှင့်ဖြစ်သည်။

"ဟား ဟား ... ငါ့အချစ်ဆုံး သူငယ်ချင်းလေးကတော့ တကယ်ပဲဟယ်၊ ကဲပါ ... နင့်ခေါင်းထဲ ဘာမှမထည့်နဲ့တော့၊ ငါ အခု နင့်အတွက် ကားလက်မှတ်သွားဝယ်မယ်၊ ပြီးရင် အိမ်ပြန်ပြီး ကျန်သေးတဲ့ နင့်ပစ္စည်းတွေ သွားယူပေးမယ်၊ နင် မနက်ဖြန် ဆေးခန်းကနေ ကားဂိတ်တန်းဆင်းမှာ မဟုတ်လား"

စိန်ကျော့က စိတ်မသက်မသာပုံစံနှင့် ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုရော ... ဒါဆို ငါသွားတော့မယ်၊ အပြန်ဘာဝယ်လာခဲ့ရဦးမလဲ၊ နင် ဘာစားချင်လဲ စိန်ကျော့"

"ဟင့်အင်း ... ဘာမှမစားချင်ပါဘူး၊ နင်သာ မြန်မြန်ပြန်လာခဲ့၊ ဒါနဲ့ နင်တစ်ယောက်တည်း သွားမှာလား၊ ညနေးရော"

"သူ့ဖုန်းကိုတော့ ဆက်ကြည့်လိုက်မယ်လေ၊ တကယ်လို့ သူ မအားရင် ငါတစ်ယောက်တည်းပဲ သွားလိုက်မယ်၊ သိပ်မကြာပါဘူး ...

ကဲ ... လစ်ပြီ စိန်ကျော့ရေ၊ လိုတာရှိရင် နှာစ်ခေါ်လိုက်နော်"

"အေးပါဟယ်"

ရာရာသည် ဆေးခန်းထဲက ထွက်လာကာ တက္ကစီငှားပြီး အောင်မင်္ဂလာအဝေးပြေးကားကွင်းသို့ ချီတက်ခဲ့သည်။ လမ်းမှာ သူ့ဖုန်းကို ဆက်ကြည့်တော့ "စက်ပိတ်ထားပါတယ်" ဆိုသော အဖြေကိုသာ ရလေသည်။ သူလည်း အလုပ်ကိစ္စရှိနေမှာပဲဟု တွေးမိကာ ထပ်မဆက်တော့ဘဲ တစ်ယောက်တည်းသာ ကားဂိတ်ရောက်လာခဲ့သည်။ စိန်ကျော့အတွက် နှစ်ခုတွဲ လက်မှတ်ဝယ်ပြီး အိမ်ပြန်လာခဲ့ရာ လမ်းတစ်ဝက်အရောက်မှာ စိတ်ကူးတစ်ခု ပေါ်လာသဖြင့် ကားကို ဂျပန်ဆိုင်လေး တစ်ဆိုင်ဆီသို့





မောင်းနိုင်းလိုက်သည်။ ထို့နောက် ဆိုင်မှ ဆူရှီဝယ်ပြီး အိမ်သို့ တန်းတန်းမတ်မတ် ပြန်လာခဲ့သည်။

အိမ်ရှေ့ရောက်တော့ သူ့တိုက်ခန်းဘက် မသိမသာ မျက်လုံးဝေ့ကြည့်မိရာ ထူးထူးခြားခြား အိမ်တံခါးသော့မခတ်ထားကြောင်း တွေ့လိုက်ရသည်။ ဒါဆို သူ ဘယ်မှမသွားဘဲ အိမ်မှာပဲရှိနေခဲ့တာပေါ့။ ဖုန်းကိုရော ဘာကြောင့် စက်ပိတ်ထားတာပါလိမ့်။ ရာရာသည် လက်သည်းလေးကိုက်ရင်း မျက်နက်ဆံကလေးဗိုဒီရွှေ့လျက် စဉ်းစားဟန် ပြုပါသည်။

လက်ထဲမှာ သူနှင့်အတူစားရန် ဝယ်လာခဲ့သော ဆူရှီပါဆယ်ထုပ်ကို တစ်ချက်ငုံ့ကြည့်မိကာ ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ သူ့အခန်းဘက်သို့ လှမ်းလျှောက်လာခဲ့သည်။ အိမ်တံခါးနားအရောက်မှာ အထဲက လွင့်ပျံ့လာသော စကားသံတချို့ကြောင့် ရာရာ ရှေ့ဆက်မသွားဘဲ ခြေစုံရပ်လျက် နားစွင့်လိုက်မိသည်။

ရာရာ ပထမဆုံး ကြားလိုက်ရသည်က သူ့အသံ။

ထို့နောက် ရှေ့ဆက်ကြားလိုက်ရသော အသံပိုင်ရှင်ကတော့ ...။

✧ ✉ ✧



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ညစ္စူး၊ ခုကျမှ ချစ်သူကို စိတ်ဒုက္ခမပေးချင်တော့လို့၊ ပြီးခဲ့တာတာတွေလည်း ပြီးပါစေတော့ဆိုပြီး အရာရာကို ပြည်ဖုံးကားချလိုက်ပြီလား၊ မင်းရဲ့အမိကချည်ရွယ်ချက်က ဘာလဲဆိုတာ မင်း မေ့နေပြီလားကွ"

"ကျွန်တော် မမေ့ပါဘူး ဦးလေးတင်၊ ဦးအောင်မြတ်ဆိုတဲ့ လူယုတ်မာတစ်ယောက်ကြောင့် ကျွန်တော့်အဖေ အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့ရတာ၊ ကျွန်တော် ငယ်ငယ်ကတည်းက ကြီးပြင်းရှင်သန်ခဲ့တဲ့ ကျွန်တော့်အိမ်လေးကို ဒီလူကြီးလက်ထဲ ထိုးအပ်လိုက်ရတာ၊ ဒါတွေကို လွယ်လွယ်နဲ့မေ့လိုက်ရမှာလား"

"ဟုတ်တာပေါ့ ညစ္စူးရာ၊ မင်းအဖေနဲ့ အောင်မြတ်ဆိုတဲ့ကောင်က စီးပွားပြိုင်ဘက်တွေ ဆိုပေမယ့် မင်းအဖေ စီးပွားပြိုလဲချိန်မှာ သူ့ပိုင်ဆိုင်ခွင့်တွေအားလုံး ဒီကောင့်လက်ထဲ ဝကွက်အပ်လိုက်ရတာ၊ တကယ်ဆို ရှင်းစရာရှိတဲ့ အကြွေးတွေကို အချိန်နည်းနည်းဆိုင်းငံ့ပေးထားလို့ရတာပဲ ...

ဒါကို ဒီကောင်က ငွေမျက်နှာတစ်ခုတည်းကြည့်၊ လောဘဇောတွေတိုက်ပြီး မင်းတို့အိမ်၊ ခြံနဲ့ တခြားနှိမ်စရာပစ္စည်းတွေ အားလုံးကို အကြွေးနဲ့လဲယူသွားခဲ့တာ မင်းအဖေက သူ့ရဲ့နောက်ဆုံးအချိန်ထိ တဖွဖွ ပြောသွားခဲ့တယ်၊ ငါ့သားလေးကို အမွေပေးစရာဆိုလို့ လုပ်ငန်းခွဲ သုံး,လေးခုလောက်ပဲ ကျန်တော့တယ်တဲ့၊ သားလေး အရမ်းချစ်တဲ့ ခြံနဲ့တိုက်ကို ဒီတစ်သက် ပြန်ယူပေးနိုင်မှာ မဟုတ်တော့ဘူးတဲ့၊ ငါ့မျက်စိထဲမှာ ခုချိန်ထိ မင်းအဖေ အသက်ထွက်တဲ့ပုံစံကို မြင်ယောင်နေတုန်းပဲ၊ တကယ်တော့ မင်းအဖေ ကိုခင်မောင်ဝင်းဟာ အရမ်းသိနားစရာကောင်းတဲ့ လူတစ်ယောက်ပဲ ညစ္စူး"

"ကျွန်တော် အခု ဘာဆက်လုပ်ရမလဲ ဦးလေးတင်"

"ဟာ ... ဘာဆက်လုပ်ရမှာလဲ၊ မင်း ဦးအောင်မြတ်ကို သေမလောက် မုန်းတယ်ဆို၊ သူ့သမီးကို စိတ်အနှောင့်အယှက်ဖြစ်အောင် တစ်ခုမဟုတ် တစ်ခုလုပ်ပြီး ဒီအိမ်ပေါ်မှာ မနေရဲအောင် လုပ်မယ်ဆို ...






www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ငါက မင်း မြန်မာပြည်ပြန်မရောက်ခင်ကတည်းက သူတို့သားအဖနဲ့ပတ်သက်တဲ့ Data အတိအကျရအောင် ခဲရာခဲဆစ်လိုက်ပြီး စုံစမ်းထားရတာ၊ ဒီအိမ်ကြီးကို သူတို့ ဗိုက်နာနာနဲ့ ပြန်ရောင်းရင် မင်း ပြန်ဝယ်နိုင်အောင် လုပ်ပေးထားရတာ အခုကျမှ ဘယ်လိုဖြစ်ပြီး စိတ်ကူးပြောင်းသွားရတာလဲ”

“ကျွန် ... ကျွန်တော် နွေအကွရာကို အရမ်းချစ်သွားမိပြီ ဦးလေးတင်”

“ငါ မင်းကို အပြစ်မဆိုချင်ပါဘူး၊ ဒါပေမဲ့ ကိုယ့်အဖေကို စိတ်ဒုက္ခတစ်ပုံတစ်ပင်ရောက်အောင် လုပ်ခဲ့တဲ့ လူတစ်ယောက်ရဲ့သမီးကိုမှ သွားချစ်မိတာ မင်းကို ငါ စိတ်တော့ ပျက်မိတယ် ...

တကယ်ဆို မင်းအဖေက ငါ့အထက်အရာရှိဆိုပေမယ့် ငါက အစ်ကိုလို၊ ဆွေမျိုးသားချင်းလိုပါ ချစ်ခင်လေးစားခဲ့ရတာပါ၊ မင်းကိုလည်း ငါ့တူသားအရင်းလို ချစ်တယ်၊ အဲဒါကြောင့် ဒီအိမ်ကြီးရဲ့ သည်းထိတ်ရင်ဖိုကိစ္စမျိုးတွေ ဖြစ်ပေါ်လာအောင် မင်းနဲ့ငါ နှစ်ယောက်ပေါင်းပြီး ကြံစည်ခဲ့ကြတာပဲ မဟုတ်လား”





“ဟုတ်ပါတယ်၊ ဒီပြဿနာတွေအားလုံး ပေါ်ပေါက်အောင် ဖန်တီးပေးခဲ့သူက ကျွန်တော်ပါ၊ ဒါပေမဲ့ ကျွန်တော် သူ့ကို အရမ်းချစ်သွားမိတာ တော်တော်ထူးဆန်းတယ်၊ သူ့ကိုချစ်သလောက် သူ့အဖေကို မုန်းတယ် ...

ကျွန်တော်ချစ်တဲ့ အိမ်ကြီးကိုလည်း ပြန်လိုချင်ပါတယ်၊ ကျွန်တော့်စိတ်ထဲမှာ ဒွိဟတွေဖြစ်နေတယ် ဦးလေးတင်ရယ်”

“ငါ့အထင် ပြောရရင်တော့ မင်းကောင်မလေးက တကယ့်သတ္တိခဲနော်၊ ဒီလောက် ထူးထူးဆန်းဆန်း ဖြစ်ရပ်တွေပေါ်လာတာတောင် နောက်ဆုတ်ဖို့ မကြိုးစားဘူး၊ သူ့ပုံစံက သွက်လက်ဖျတ်လတ်ပြီး အရာရာကို ထိုးထွင်းသိမြင်နိုင်သလိုပဲ၊ ဒီအိမ်ကြီးရဲ့ လျှို့ဝှက်ချက်ကိုလည်း သူ့ဟာသူ ဖော်ထုတ်ချင်နေတဲ့ပုံပဲ ...

ပြီးတော့ ရဲတိုင်မယ်လို့လည်း ပြောတယ်၊ တကယ်လို့ ငါတို့အကြံအစည်တွေကိုသာ သိသွား၊ မိသွားလို့ကတော့ မလွယ်ကြောပဲနော် ညစ္စ”

“ဦးလေးတင် ပြောတာကို ကျွန်တော် လက်ခံပါတယ်၊ ဒါပေမဲ့ သူ လွယ်လွယ်နဲ့တော့ သိနိုင်လောက်မှာ မဟုတ်သေးဘူး၊ ကျွန်တော်ကလည်း လုပ်သာလုပ်နေရတာ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တလေ သူ့ကိုချစ်တဲ့စိတ်တွေနဲ့ ရှေ့ဆက်တိုးဖို့ အင်အား မရှိဘူး ...

သူ စရောက်လာတဲ့ နေ့ကတည်းက ကျွန်တော် သူ့ကို စပြီးစိတ်ဝင်စားမိတယ်ဆိုရင် ဦးလေးတင် ရယ်မလား မသိဘူး၊ တကယ်လို့ ကျွန်တော့်အကြံအစည်တွေကို သာ သူသိရင် နာကြည်းမုန်းတီးသွားမယ်ထင်တယ်"

"အဲဒါတော့ ငါလည်း မပြောတတ်ဘူး၊ မင်းတို့ လူငယ်ကိစ္စတွေကို ငါတို့ လူကြီးတွေ မခန့်မှန်းနိုင်ဘူးကွ"

"ဟုတ်မှာပါ၊ ဒါပေမဲ့ သူ့အဖေအကြောင်း စဉ်းစားမိရင်တော့ ကျွန်တော့် နဂိုစိတ်ရိုင်းတွေက ပြန်ထကြွလာတယ်၊ ကျွန်တော် ဦးအောင်မြတ်ကို အရမ်းမုန်းတယ်၊ သူ့ပယောဂကြောင့် ဖေဖေ သေခဲ့ရတာ"

"ဒါပေါ့ကွ၊ လောကမှာ ကိုယ့်အတွက် မိဘလောက် ဘယ်သူမှ အရေးမကြီးဘူး၊ ဒါဆို မင်း ဘာဆက်လုပ်မလဲ"

✧ ✉ ✧





ရာရာသည် နံရံအကွယ်လေးမှာ မှီရပ်ရင်း လက်ထဲက ပါဆယ်ထုပ်လေးကို ကျစ်ကျစ်ပါအောင် ဖိဆုပ်ထားမိသည်။ ရာရာ့အတွက် တိကျပြတ်သားသော အဖြေတစ်ခု ရရှိသွားချိန်မှာ စာစ်ပြိုင်နက်တည်းလိုလို ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ခု ရင်ထဲ တစ်စတစ်စ စိုးမိုးဝင်ရောက်လာခဲ့သည်။

သူတို့ ဆက်ပြောနေသော အကြောင်းအရာများကို ရာရာ ခေါင်းထဲထပ်မသွင်းချင်တော့။ အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် ရာရာ သူ့အပေါ် ခုချိန်ထိ အမုန်းမပွားသေး၊ လှည့်စားရက်နိုင်သူကြီးဟူ၍ မနာကြည်းမိသေးပါ။

တကယ်တော့ ရာရာရော သူပါ အလွန်လှပညှို့သက်သော လှည့်ကွက်တစ်ခုထဲသို့ ရောက်ရှိသွားခဲ့ကြခြင်းဖြစ်သည်။ သို့သော် ထိုလှည့်ကွက်ထဲမှာ အပြစ်ကင်းစင်သော အရာတစ်ခု ဒွန်တွဲပါရှိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရာသည် တစ်ယောက်အပေါ် တစ်ယောက် နက်နက်ရှိုင်းရှိုင်း ချစ်ခဲ့ကြသော "အဂေ့္ချစ်စစ်"ပင်ဖြစ်ပါသည်။

သူဟာ တခြားပြဿနာများနှင့် မည်မျှထိ ရှုပ်ထွေးပွေလီအောင် ပတ်သက်ခဲ့ပါစေ၊ အချစ်ကိုတော့ လိမ်လည်လှည့်ဖြားခြင်း မရှိခဲ့။ "အချစ်"ကို ဒြပ်စင်တစ်ခုအဖြစ် သတ်မှတ်ကာ မည်သည့်မာတ်ပြုပစ္စည်းနှင့်မှ ရောထွေးပေါင်းစပ်ခြင်း မရှိဘဲ ချစ်သူအပေါ် ရိုးဖြောင့်မှန်ကန်စွာ ချစ်ခဲ့သူဖြစ်သည်။

ရာရာသည် အချိန်တော်တော်ကြာအောင် တမေ့တမော အတွေးများဖြင့် နစ်မျောပျော်ဝင်နေခဲ့ရာမှ သတိဝင်လာချိန်မှာ သူ့အိမ်ရှေ့က စတင်ထွက်ခွာဖို့ ကိုယ့်ခြေလှမ်းများကို အလုပ်ပေးမိသည်။

ရာရာ့ခြေလှမ်းတိုင်းက အသက်ကင်းမဲ့ ချည့်နဲ့လျက်။ လမ်းလျှောက်ခြင်းသည် လမ်းလျှောက်ခြင်းနှင့်မတူ။ တိမ်တွေပေါ်မှာ လွင့်မျောနေရသလို ဖြစ်နေလေသည်။

အိမ်ပြန်ရောက်တော့ အခန်းထဲဝင်ကာ ခုတင်ပေါ်ကက်ပြီး ခေါင်းအုံးနှင့် မျက်နှာကပ် အပ်ထားမိသည်။ ရာရာ ငိုနေသလား ... ဟင့်အင်း။ နွေအကူရာသည် ဘဝကို အပူအပင်ကင်းကင်း ဖြတ်သန်း၍ "ရယ်မောခြင်း"ကိုသာ တစ်သက်လုံး





ဖက်တွယ်လာခဲ့သူ ဖြစ်သည်။ ခါးသီးပူလောင်လှသော မျက်ရည်ဆိုသည့် အရာကို ရာရာ အလွန်မုန်းပါသည်။

ခုလည်း ရာရာ ကိုယ့်ကိုယ်ကိုယ် မျက်ရည်မကျဘူးဟု ကြိတ်မှိတ်တွေးလိုက်သည်။

ဘယ်အချိန်ထိ ငြိမ်သက်နေမိလဲ မသိသော ရာရာသည် ဖုန်းမြည်သံလေးတစ်ချက်ကြောင့် အာရုံတွေ ပုံမှန်အတိုင်း ပြန်လည်နိုးကြားသွားရသည်။

"ဟယ်လို"

ရာရာ့ဖုန်းထူးသံက အခါတိုင်းကလို ပေါ့ပါးတက်ကြွမှုရှိမနေပါ။

"ရာရာ ကိုယ်ပါ၊ အခု ဘယ်ရောက်နေလဲဟင်"

သူ့ရဲ့အလောတကြီးမေးသံ အဆုံးမှာ ရာရာ့ရင်ထဲ နင့်ခနဲ ဆို့လိုက်သွားရသည်။ အို ... ရာရာ သူ့ကို အရမ်းကြီး ချစ်မိသွားခဲ့ရင် သိပ်ကောင်းမှာပါပဲ။ ခုတော့ ...

"ညစ္စ ... ကျွန်မ အိမ်မှာပါ၊ ရှင်ရော"

"ကိုယ်လည်း အိမ်မှာပဲ၊ ဧည့်သည်ရောက်နေလို့လေ၊ ခုလေးတင် ပြန်သွားတာ၊ ရာရာ့အသံက တစ်မျိုးကြီးပဲနော်၊ နေမကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း … အဲဒီလောက်ထိ အသေးစိတ် ဂရုမစိုက်ပေးပါနဲ့ ညစူးရယ်။

"ကောင်းပါတယ်၊ စိန်ကျော့အတွက် နယ်ပြန်ဖို့ ကားလက်မှတ် သွားဝယ်ပေးပြီး ပြန်လာတာ၊ အဲဒါ အိမ်ရောက်တော့ မောမောနဲ့ အိပ်လိုက်တာ၊ အိပ်ချင်မူးတူး ဖြစ်နေလို့ အသံတစ်မျိုး ဖြစ်နေတာပါ"

"ခေါင်းရော ကိုက်သေးလား၊ အချိန်အခါမဟုတ်ကြီးအိပ်ရင် ဖျားတတ်တယ်နော်၊ လန်းသွားအောင် ခြံထဲဆင်းလိုက်ပါလား ရာရာ၊ ကိုယ်လည်း မင်းကို တွေ့ချင်လို့ပါ"

ရာရာသည် အောက်နှုတ်ခမ်းလေး ဖိကိုက်ရင်း ငြိမ်သက်နေမိသည်။ သူ့ကို ရာရာလည်း တွေ့ချင်တာပါပဲ။ နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ "အင်း … လာခဲ့မယ်"ဟုဆိုကာ မစားရသေးသော ဆူရှီကို ပန်းကန်ပြားထဲထည့်ပြီး ခြံထဲဆင်းလာခဲ့သည်။

သူက အဆင်သင့်ပင် ခြံထဲကို ရောက်နှင့်နေပါသည်။ ရာရာ့ကိုမြင်သော် လှစ်ခနဲ လှမ်းပြုံးပြသည်။ ရာရာလည်း အသက်မပါသော အပြုံးတစ်ပွင့်နှင့် တုံ့ပြန်ကာ ခြံထောင့်က ခုံတန်းလေးပေါ် ထိုင်လိုက်သည်။

သူက ရာရာ့ဘေးမှာ ဝင်ထိုင်ရင်း …





"ဟာ … ဆူရှီတွေပါလား၊ ဘယ်ကဝယ်လာတာလဲ"

"ဂျပန်ဆိုင် တစ်ဆိုင်ကပါ၊ ညစူးနဲ့ ကျွန်မ စားဖို့လေ"

"စားချင်ရင် ကိုယ်တိုင်လုပ်ကျွေးမှာပေါ့ ရာရာရယ်၊ ဒုက္ခရှာလို့"

ရာရာသည် ထိုအပြောလေးကြောင့် ရင်ထဲဆို့နင့်သွားရပြန်သည်။ မသိမသာ ဝဲတက်ချင်လာသော မျက်ရည်စတို့ကို သူ မမြင်အောင် သိမ်းကွယ်ဖယ်ရှားကာ …

"ရော့ … ညစူး အရင်စားလေ"

"စားပါ … ရာရာစား"

"ညစူးကို ခိုးစားပေးရမှာပေါ့၊ အရင်စားနော်"

"ကဲ … ဒါဆို ဒီတိုင်းတော့ မစားချင်ဘူး ခွံ့ကျွေး၊ ပါးစပ်ဟပြီ … ဝါး"

သူက ပြောသည့်အတိုင်း ကလေးလို ပါးစပ်ဖြဲဟကာ ရာရာ့အခွံ့ကို စောင့်မျှော်နေသည်။ သူ့အမူအရာကြောင့် စိတ်ပင်ပန်းနေသည့်ကြားမှ ရာရာ ပြုံးမိရပါသည်။

"အင်း … ဒီလိုမှပေါ့ … ကြည့်စမ်း၊ ကိုယ့်ချစ်သူလေးက အရမ်းကို ချစ်စရာကောင်းပြီး အလိုက်သိတာပဲ၊ အဲဒါကြောင့် ဒီကမခွာနိုင် ဖြစ်နေရတာ၊ ဒီတစ်ခါတော့ ကိုယ့်အလှည့်၊ ကဲ … ပါးစပ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ကျွန်မဘာသာစားပါမယ်၊ မလုပ်ပါနဲ့"

သူက ရာရာ့ရဲ့ ပျာပျာသလဲပုံစံကိုကြည့်ပြီး မျက်လုံး ပြူးပြူးနှင့် အားရပါးရ အော်ရယ်လေသည်။ ရာရာ ဆန္ဒမရှိသည်ကို ဇွတ်အတင်း မတောင်းဆိုခဲ့ချေ။ ချစ်သူ့အပေါ် တန်ဖိုးထားချစ်မြတ်နိုးသော သူ့စိတ်ဓာတ်က ချီးကျူးလေးစားဖွယ်ရာပင်

"စိန်ကျော့က ဘယ်တော့ပြန်မှာလဲဟင် ရာရာ"

"မနက်ဖြန်နေ့လယ် နှစ်နာရီကားနဲ့ ပြန်မှာပါ၊ အိမ်ကို ပြန်မလာတော့ဘဲ ကားဂိတ်တန်းဆင်းမယ်တဲ့၊ ကျွန်မတို့ လိုက်ပို့ရမှာပေါ့"

သူက ရာရာ့လက်သန်းလေးကို သူ့လက်ညှိုး၊ လက် တို့နှင့် ဖျစ်ညှစ်ကာ အသည်းယားသလို ပုံစံဖြင့် တုံ့ပြန်လာသည် သူ့အကြည့်၊ သူ့အပြုံး၊ ယုယမှု၊ အကြင်နာများအတွက် ရာရာ သည် သိစိတ်က ကြည်နူးပီတိဖြာရသလို တခြားတစ်ဖက် မသိ စိတ်ထဲကလည်း အောင့်သီးအောင့်သက်ဖြင့် မတင်မကျ ခံစားရ သည်။ အပြည့်အဝ မပျော်ရဲတာ အမှန်ပင်။

"ရာရာကရော ဘာလို့ စိန်ကျော့နဲ့အတူ လိုက်မပြန်တာ လဲဟင်၊ ကိုယ့်အထင် ပြောရရင် ကိုယ်နဲ့ စောစောစီး မခွဲနိုင်သေးလို့လား၊ ဟုတ်တယ်မှုလား"



သူ့မေးခွန်းကို ရာရာ ပြန်မဖြေနိုင်ခင် သူ့မျက်နှာကို စေ့စေ့ကြည့်မိသည်။ ညစူး ... ရှင့်မျက်ဝန်းတွေကို တစ်သက်လုံး ရိုးသားမှု ရှိစေချင်တာ ကျွန်မ အလွန်များ ဖြစ်နေမလား။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျွန်မ ရှင့်ကို ချစ်တယ်။

ရှင် လှည့်ကွက်တစ်ခု ဖန်တီးခဲ့တယ် ဆိုရင်တောင် ကျွန်မက ရှင့်ကိုချစ်တဲ့ အချစ်စစ်စစ်တွေရဲ့မျက်နှာနဲ့ အဲဒီလှည့် ကွက်ထဲကို မိုက်မိုက်မဲမဲ တိုးဝင်ချင်မိသူပါ။

"ညစူး ... ရှင် ကျွန်မကို တကယ်ချစ်တာလား"

"ဘယ်လိုမေးလိုက်တာလဲကွာ၊ ကိုယ် မင်းအပေါ်ထားတဲ့ ခံစားချက် အတိမ်အနက်က အချစ်ဆိုတဲ့ စကားလေးနဲ့ တောင် မလုံလောက်ဘူး၊ ကိုယ်ပြောမပြတတ်အောင်ပဲ ချစ်တယ်"

"ဒါဆို ... ရှင် ကျွန်မကို လက်ထပ်ဖို့ ဆုံးဖြတ်ထားလား"

ဒီတစ်ခါတော့ သူ့မျက်နှာ မသိမသာ ညိုသွားသည်။ ပြီးနောက် သက်ပြင်းတစ်ချက်နှင့်အတူ ခပ်ညည်းညည်း ဆိုလာ ပြန်သည်။

"ကိုယ် မင်းကို ဘဝတစ်ခုလုံးစာအတွက် ရည်ရွယ်ပြီးချစ် တာပါ၊ ဒါပေမဲ့ အချစ်ဆိုတာ ချစ်သူနှစ်ယောက်တည်း အတွက်ပဲ အကျုံးဝင်တာ၊ လက်ထပ်ပြီဆို နှစ်ဖက်အသိုင်း အဝိုင်းတွေ ပါလာကြပြီလေ၊ ကိုယ့်ဘက်ကတော့ မိဘမရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ တားဆီးမယ့်သူ မရှိသလို တိုက်တွန်းမယ့်သူလည်း မရှိဘူး၊ အရာရာ ကိုယ့်စိတ်သဘောပဲ ...

ရာရာ့ဘက်ကသာ ...”

“ဒါဆို ညစူးက ကျွန်မအဖေ သဘောမတူရင် ကျွန်မက အချစ်တစ်ခုတည်း ရှေ့တန်းတင်ပြီး မျက်စိမှိတ် လက်ထပ်ဘူးပေါ့၊ ဒီသဘောလား”

“ကိုယ့်ရင်ခွင်တံခါးကတော့ မင်းအတွက် အချိန်မရွေးဖွင့်ထားလျက်ပါ ရာရာ၊ ကိုယ်က မင်းကို ချစ်နေရရင်ပဲ အလိုလိုကျေနပ်နေတဲ့ကောင်ပါ၊ ဖြစ်နိုင်ရင် မင်းလက်ကို ဆွဲပြီး လူတွေနဲ့ဝေးတဲ့ တောင်ပေါ်ရွာလေးတစ်ရွာမှာ အေးအေးဆေးဆေး သွားနေချင်တယ်၊ ဒီအသိုင်းအဝိုင်း နယ်ပယ်ထဲက လူတွေကို ကိုယ် ကြောက်တယ် ရာရာ”

ရာရာသည် သူ့စကားအဆုံးမှာ သူ မမြင်အောင် နှစ်ခြိုက်စွာပင် ပြုံးလိုက်မိပါသည်။ ထို့အတူ ကိုယ် ဘာဆက်လုပ်ရမည် ဆိုတာကိုလည်း တဒင်္ဂလေးမှာပင် အကြံပေါ် သိရှိလိုက်တော့သည်။

ညစူး ... ကျွန်မလည်း ရှင့်အတွက် လှည့်ကွက်တစ်ခု ဖန်တီးပေးပါရစေ။

✧✉✧





“မိရာ ... ငါ စိတ်ချမယ်နော်၊ နင် လုပ်ချင်တာလုပ်ပြီးတာနဲ့ နယ်ကို အမြန်ဆုံးပြန်လာခဲ့၊ ငါ နင့်ကိုစောင့်နေမယ် သိလား၊ ညစူးကိုလည်း နှုတ်ဆက်တယ်လို့ ပြောလိုက်ဦး”

“အေးပါ ... ငါ သိပါတယ်၊ နင်သာ ကျန်းမာရေးဂရုစိုက်၊ ငါ့အတွက် မပူပါနဲ့”

“ဒါဆို ငါ ကားပေါ်တက်တော့မယ်”

စိန်ကျော့က မှန်လုံကားပေါ် ရောက်သည်အထိ ရာရာ့ဆီ လည်တဆန့်ဆန့်ဖြင့် မျှော်ငေးကာ အဆက်မပြတ် လက်လှမ်းပြနေပါသည်။ ဒီနေ့ ကားဂိတ်လိုက်ပို့ခါနီး သူ့ကုမ္ပဏီမှ အရေးတကြီး ဖုန်းဆက်ခေါ်သဖြင့် ရာရာတစ်ယောက်တည်း လိုက်ပို့ရခြင်းဖြစ်သည်။

ကားထွက်သွားတော့မှ ရာရာ အောင်မင်္ဂလာအဝေး ပြေးဝင်းထဲမှ တက္ကစီငှားကာ အိမ်ပြန်လာခဲ့သည်။ အိမ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ မောမောနှင့် တစ်ရေးအိပ်ကာ အိပ်ရာနိုးတော့ ရေချိုး အဝတ်အစားလဲပြီး ညနေစာ ချက်ပြုတ်ဖို့ ပြင်ဆင်သည်။

ဒီနေ့ စိန်ကျော် ပြန်သွားတာ သိထားသော သူ ရာရာ တစ်ယောက်တည်း အိမ်မှာရှိချိန် ဘယ်လိုထူးခြားမှုတွေ ကြုံလာရမလဲဆိုတာ ရင်တခုန်ခုန်နှင့် စောင့်မျှော်နေမိပါသည်။ ရာရာသည် ခုချိန်မှာ စိတ်ထဲ ကြောက်ခြင်း၊ ချောက်ချားခြင်း တွေလည်း ဘာတစ်ခုမှ လွှမ်းမိုးမနေတော့။

ဒီဖြစ်ရပ်တွေကို ဖန်တီးနေသော တရားခံဟာ သူ ဆိုတာကို သိပြီးခါနီးမှစ၍ ရာရာ့အတွက် အစစအရာရာ လုံခြုံနေ သလို ပေါ့ပါးငြိမ်းချမ်းနေစေခဲ့သည်။

ရာရာသည် ညနေစာကို ပေါင်မုန့်ထောပတ်သုတ်၊ ဝက်အူချောင်းကြော်တို့နှင့် ဖြစ်သလို ဖြေရှင်းပြီး သဘော်သီး ဖျော်ရည် တစ်ခွက်ဖျော်ကာ ဧည့်ခန်းရှိ ဆိုဖာဆီ လျှောက်လာခဲ့ သည်။

တစ်ဆက်တည်း ဖုန်းစင်ကိုပါ အနားသို့ အဆင်သင့် ရွှေ့ထားခဲ့ပါသည်။ ထို့နောက် ပထမဆုံး ဖေဖေ့ဆီ ဖုန်းခေါ်လိုက် သည်။

"ဟယ်လို ... အမိန့်ရှိပါ၊ ကျွန်တော် ဦးအောင်မြတ်ရဲ့ Assistant အာကာပါ"





ရာရာသည် ထင်ထားသည့်အတိုင်း မဟုတ်ဘဲ ဖုန်းကိုင်သူမှာ ဖေဖေ့တပည့် ဖြစ်နေသောကြောင့် မသိမသာ မျက်မှောင်တွန့်ချိုးသွားရပါသည်။

"ဟယ်လို ... ကျွန်မ ဦးအောင်မြတ်ရဲ့သမီး နွေဒံကွရာပါ"

"ဩော် ... ဟုတ်ကဲ့၊ အစ်မ ... ပြောပါခင်ဗျာ"

"ဖေဖေ မရှိဘူးလားရှင့်"

"ဩော် ... ရှိပါတယ်၊ အန်ကယ်လ် အလုပ်နည်းနည်းရှုပ် နေလို့ ကျွန်တော့်ကို ဖုန်းပေးထားတာပါ၊ ခဏလေးနော်"

ထိုသူက ဖေဖေရှိရာ ဖုန်းသွားပေးဟန်တူပါသည်။ ခဏကြာတော့ ...

"ဟယ်လို ... သမီး၊ ပြော"

"ဖေဖေ့ အလုပ်ရှုပ်နေတယ်ဆို"

"အလုပ်ကတော့ ဒီလိုပါပဲ၊ အမြဲရှုပ်နေတာ၊ သမီးပြောစရာ ရှိတာသာ အေးအေးဆေးဆေးပြောပါ၊ ရပါတယ်"

ရာရာသည် ခုချိန်ထိ အလုပ်လောဘကြီးနေဆဲဖြစ်သော ဖေဖေ့ကြောင့် စိတ်ပျက်ပျက်နှင့် သက်ပြင်းတစ်ချက် ဆောင့်ချလိုက်မိသည်။

"သမီး ဖေဖေ့ကို ထူးခြားချက်လေးတစ်ခုအကြောင်း ပြော ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... တယ်ဆန်းပါလား၊ ကဲ ... ဆိုစေဗျာ"

"သမီး ဒီအပတ်ထဲမှာပဲ နယ်ပြန်လာခဲ့မယ် ဖေဖေ၊ ဒါပေမဲ့ ဒီတိုင်း ပြန်လာမှာတော့ မဟုတ်ဘူး၊ ပြဿနာတစ်ခုကို ပြီးပြတ်အောင် ဖြေရှင်းပြီးမှ ပြန်လာမှာ၊ အဲဒီပြဿနာက လည်း တခြားတော့ မဟုတ်ပါဘူး"

"ရာရာ ... သမီး၊ ဝေ့မနေနဲ့ကွယ်၊ ဖေဖေ နားမလည်ဘူး"

"ဒီလို ဖေဖေရဲ့၊ သမီးဆီကို ခြိမ်းခြောက်စာ ရေးပို့တဲ့ တရားခံကို သမီးသိပြီ၊ အဲဒီကိစ္စတွေကို သမီး ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ဖြေရှင်းခဲ့မယ်၊ ဒါပေမဲ့ ဖေဖေကလည်း သမီး တစ်သက်မှာ တစ်ခါပဲ တောင်းဆိုချင်တဲ့ ဆန္ဒနှစ်ခုကို လိုက်လျောရမယ်"

"ဘယ် ... ဘယ်လို၊ တစ်သက်မှာ တစ်ခါပဲ တောင်းဆို ချင်တယ်လည်း ပြောတယ်၊ ဆန္ဒက နှစ်ခုဆိုပါလား၊ လောဘက မသေးပါလား ရာရာရဲ့"

"ရာရာက ဖအေတူသမီးဆိုတော့ ဖေဖေ့လိုပဲ လောဘ ကြီးတာပေါ့၊ ဘယ်လိုလဲ ဖေဖေ၊ လိုက်လျောမယ်လို့ ကတိ ပေးလေ"

"အင်း ... ဟုတ်ပါပြီ၊ တစ်သက်မှာ တစ်ခါဆိုတော့လည်း လိုက်လျောပေးရတော့မှာပေါ့၊ ဒါနဲ့ မေးပါရစေဦး၊ တရား ခံက ဘယ်သူလဲ၊ ဘယ်လိုမိသွားတာလဲ"





"အဟင်း ဟင်း ... အဲဒါက အခုပြောဖို့ အချိန်မတန်သေး ဘူး၊ ဒါပေမဲ့ သမီး နယ်ပြန်ရောက်ရင် ဖေဖေ့ကို အကုန် ပြောပြမှာပါ၊ ဒါပဲနော် ဖေဖေ၊ ဘိုင့်ဘိုင်"

ရာရာသည် ဖေဖေ့အတွက် ပဟေဠိပုစ္ဆာတစ်ပုဒ်ပေး လျက် အရင်စပြီး ဖုန်းချလိုက်ပါသည်။ ထို့နောက် သူနှင့်အတူ သွားဝယ်လာခဲ့သော စာအုပ်တွေထဲက ပခုက္ကူဦးအုံးဖေ စာကြည့် တိုက်ဆုရ ပါမောက္ခဒေါက်တာခင်မောင်ဝင်း၏ "အမေနဲ့ကျွန်တော်" စာအုပ်ကို ဆွဲယူကာ စတင်ဖတ်ဖို့ ပြင်သည်။

စာမျက်နှာတွေ တစ်ရွက်ပြီးတစ်ရွက်၊ သဘော်သီး ဖျော်ရည် ထက်ဝက်မကကျိုးချိန်မှာတော့ ...

"ကလင် ... ကလင် ... ကလင်"

နာရီကြည့်လိုက်တော့ ညဆယ့်နှစ်နာရီတိတိ။ ရာရာ သည် ဖတ်လက်စစာအုပ်ကို အသာပိတ်ပြီး ဖုန်းစင်ပေါ်မှဖုန်းကို မျက်တောင်မခတ်တမ်း မေးထောက်ငေးမောနေခဲ့သည်။ တကယ့် ကို စိမ်ပြေနပြေ စတိုင်လ်နှင့် ဖြစ်ပါသည်။

"ကလင် ... ကလင် ... ကလင်"

တစ်ချက်။ သုံးချက်။ ငါးချက်။ ကိုးချက်မြောက် အရောက်မှာ ဖုန်းခွက်ကို ဖြည်းဖြည်းချင်း ကောက်ကိုင်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... နွေအကူရာ၊ ဘယ်လိုလဲ၊ တစ်ယောက်တည်း ကျန်ခဲ့လို့ ဖုန်းလာတာတောင် မကိုင်ရဲတော့ဘူးလား"

"........."

"ဟော့ ... စကားမေးတောင် မရတော့ပါလားကွ၊ သိပ်ကြောက်နေပြီလား ... ဟား ဟား"

"........."

"ကဲ ... ဒါဆိုလည်း မင်းကို ငါနဲ့အတူ တမလွန်မှာနေဖို့ လာခေါ်ရတော့မှာပေါ့၊ မင်းက ငါ့အိမ်ပေါ်က ဆင်းမပေးတော့ ငါ့ဘက်ကလည်း လုပ်စရာရှိတာ လုပ်ရတော့မယ်၊ မင်းအတွက် စိတ်မကောင်းပါဘူး ...

ဪ ... မင်းအဖေ ဦးအောင်မြတ်ဆီကိုလည်း လှမ်းနှုတ်ဆက်လိုက်ဦးနော်၊ ငွေလောဘ၊ ဥစ္စာလောဘအင်မတန်ကြီးတဲ့ မင်းအဖေ သမီးတစ်ယောက်တန်ဖိုး သိရအောင် နည်းနည်းလောက် ရှင်းပြလိုက်ပါဦး"

"........."

ရာရာသည် ဘာတစ်ခုမှ ခွန်းတုံ့မပြန်မိဘဲ အေးစက်ငြိမ်သက်စွာပင် နားထောင်နေမိပါသည်။ ဒီအသံဟာ ဦးလေးတင်အသံဆိုတာ သံသယဖြစ်ဖွယ် မရှိတော့။

ဒါဆို ညစုးရော၊ သူ ဘယ်ရောက်နေလဲ။





ရာရာ့အတွေးမှ မဆုံးသေးခင် နောက်ဘက်ဆီမှ "ကျွိ"ခနဲ တံခါးဖွင့်သံ ကြားလိုက်ရသည်။ ရာရာ ဖုန်းခွက်ကို အသာပြန်တင်ရင်း အသံကြားရာ အနောက်ဘက်ဆီသို့ ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်ပါသည်။

အခန်းဝမှာ ပေါ်လာသူက အင်္ကျီနက်၊ ဘောင်းဘီနက် ဝတ်ဆင်ကာ မျက်နှာဖုံးအနက်ရောင် စွပ်ထားသော လူတစ်ယောက်။ သူက ရာရာရှိရာသို့ တစ်လှမ်းချင်း လျှောက်လှမ်းလာခဲ့သည်။

ရာရာသည် ဟန်မပျက် လက်ပိုက်ထားလျက် သူ့ကို မမှိတ်မသုန် စိုက်ကြည့်ကာ ထစ်လုံးချင်း ပီပီသသ ရေရွတ်လိုက်သည်။

"ရှင်က ချစ်သူကို ချစ်ရဲတဲ့သတ္တိတင် မကဘူး၊ သတ်ရဲတဲ့ သတ္တိပါ ရှိနေပြီလား ညစုးရဲ့၊ ကျွန်မကို အိပ်မက်လာပေးတာတော့ မဟုတ်ပါဘူးနော်"

ရာရာ့စကားကြောင့် သူ့ခြေလှမ်း တုံ့ခနဲ ရပ်သွားလေသည်။ ရာရာသည် ဘာမှစဉ်းစားမနေတော့ဘဲ ခန္ဓာကိုယ်ကို တစ်ပတ်ကျွမ်းထိုးပစ်ကာ သူ့နားသို့ လွှားခနဲ ခုန်ပေါက်ရောက်ရှိသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ အငိုက်မိနေချိန်မှာ သူ့မျက်နှာဖုံးကို ဖျတ်ခနဲ ဆွဲချွတ်ပစ်လိုက်ပါသည်။ စက္ကန့်ပိုင်းလေးအတွင်းမှာပင် အခြေအနေတစ်ခုမှ အခြားအခြေအနေတစ်ခုသို့ ရုတ်ခြည်းပြောင်းလဲသွားခဲ့သည်။

သူနှင့် ရာရာ တစ်ယောက်ကိုတစ်ယောက် မျက်တောင်ခတ်ဖို့ မေ့လျော့စွာ စူးစိုက်ကြည့်နေမိကြဆဲ။ သူ့မျက်ဝန်းတွေထဲမှာ မယုံကြည်နိုင်ခြင်း၊ အံ့အားသင့်ခြင်း၊ ဆွေးမြည့်နာကျင်ခြင်း အရိပ်အယောင်များ အထင်းသား ပေါ်လွင်နေတော့သည်။ ထိုအရိပ်အယောင်များထဲမှာ ချစ်ခြင်းတရားဟူသည့် အရိပ်တစ်မျိုးလည်း မြုပ်ချည်ပေါ်ချည် ပါဝင်နေပြန်သေးသည်။

နောက်ဆုံးတော့ ရာရာကပင် သူ့လက်ကိုဆွဲကာ ဆိုဖာပေါ် ထိုင်စေသည်၊ သူက ထိုအချိန်ထိ ခေါင်းငိုက်စိုက်ချလျက်သား။

"ညစူး ... ရှင် ကျွန်မကို တစ်ခုခု မပြောတော့ဘူးလား"

ရာရာ့မေးခွန်း အဆုံးမှာ အနောက်ဘက်တံခါးရွက် အကွယ်မှ ထွက်လာသော လူတစ်ယောက်။ သူက ညစူး ပခုံးကို တစ်ချက်ဖျစ်ညှစ် အားပေးပြီး ...

"ကဲ ... ညစူး၊ နွေအကျွရာကို အစအဆုံး ရှင်းပြပြီး တောင်းပန်လိုက်ပါတော့"





ဟုဆိုကာ အခန်းထဲမှ တစ်လှမ်းချင်း လှမ်းထွက်သွားလေသည်။ ထိုသူမှာ မည်သူဖြစ်ကြောင်း ပရိသတ်များသိပြီးလောက်ပြီ ထင်ပါသည်။

ရာရာသည် သူ့ဆံပင်များကို အသာဖွဖွ ပွတ်သပ်ပေးရင်း ...

"ကျွန်မကို တစ်ခုခုတော့ ပြောပါ ညစူးရယ်၊ ဥပမာ ... ကိုယ် မင်းကို သိပ်ချစ်တယ် ရာရာရယ် ဆိုတာမျိုးပေါ့"

သူက နီရဲဆွတ်ကျင်နေသော သူ့မျက်လုံးများကို လက်နှစ်ဖက်နှင့် ခပ်ကြမ်းကြမ်း ပွတ်လိုက်သည်။ အို ... သူငိုနေပါလား။ ရာရာ ချက်ချင်းပင် သူ့မျက်ရည်များကို သုတ်ပေးဖို့ ကြိုးစားမိသည်။

"ညစူးရယ် ... မငိုပါနဲ့၊ ကျွန်မ ရှင့်ကို နားလည်တယ်၊ ဘယ်လိုအနေအထားမျိုးမှာပဲဖြစ်ဖြစ် ရှင်ဟာ ကျွန်မချစ်သူပဲ၊ ကျွန်မတို့နှစ်ယောက် ဘယ်တော့မှ လမ်းမခွဲဘူးနော်"

"ကိုယ့်လို မိန်းမလို မိန်းမရ စိတ်ဓာတ်အဆင့်အတန်းနိမ့်ကျတဲ့ ကောင်မျိုးကို မင်း ဆက်ပြီး လက်တွဲရဲသေးလား ရာရာ"

ရာရာ့မှာ သူ့ရဲ့ကလေးဆန်ဆန် အပြောကြောင့် ပြုံးမိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ရှင့်ကိုချစ်တယ်လေ ညစုံးရဲ့၊ ဒါပေမဲ့ ကျွန်မက ရှင့်ကိုပဲ ချစ်တာ၊ အချစ်ဟာ အချစ်ပါပဲ ညိုစုံးရယ်၊ အချစ်ကို အချစ်တစ်ခုတည်းလို့ သန့်သန့်လေး မြင်လိုက်ရင် ချစ်သူတိုင်းအတွက် စိတ်ချမ်းသာစရာပေါ့ ...

တချို့က ဘယ်လိုနေရင် မချစ်တော့ဘူး၊ ဘယ်လိုလေးဆိုမှ ချစ်တယ်၊ အဲဒီလို အချစ်ကို ဆန္ဒတွေဖုံးပြီး အရောင်အမျိုးမျိုး ဆိုးချင်ကြတယ်၊ ဒါပေမဲ့ ကျွန်မကတော့ အဲဒါတွေနဲ့ လုံးဝဆန့်ကျင်ဘက်ပဲ ...

ကျွန်မ ချစ်သွားပြီဆို ကိုယ့်ချစ်သူ ဘာလုပ်လုပ်၊ ဘာပဲဖြစ်နေနေ အရာမယွင်းပဲ ဆက်ချစ်နေဦးမှာပဲ"

"တကယ်တော့ ကိုယ့်ဖေဖေအတွက်နဲ့ ဘာမှအပြစ်မရှိတဲ့ ရာရာ့အပေါ် ဒီလိုမလုပ်သင့်ပါဘူး၊ ကိုယ် မှားသွားတယ်"

"ကျွန်မ အားလုံးသိပြီးပါပြီ ညစုံးရယ်၊ မိဘတွေရဲ့ပဋိပက္ခကို ဘေးဖယ်ထားလိုက်ရအောင်နော်၊ ကျွန်မတို့နှစ်ယောက်အတွက် ကံကြမ္မာက လုပတဲ့ လှည့်ကွက်လေးတစ်ခု ဖန်တီးပေးခဲ့တယ်လို့ သတ်မှတ်လိုက်ကြမယ်"

သူက ရာရာ့ခေါင်းလေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းမွေ့ဖက်ကာ ဆံနွယ်စလေးများကို တယုတယ နမ်းရှိုက်နေခဲ့လေသည်။





"ကျွန်မ ရှင်နဲ့ ခဏတော့ ခွဲရလိမ့်မယ် ညစုံး၊ နယ်ခဏပြန်ပြီး ဖေဖေ့ဆီက ရစရာရှိတဲ့ အကြွေးတွေ သွားယူရဦးမယ်၊ ရှင် ကျွန်မကို စောင့်နေနော်၊ ကျွန်မ ဆက်ဆက်ပြန်လာခဲ့မယ်၊ သိလား"

သူက ခေါင်းတစ်ချက်သာ ဆတ်ပြသည်။ ထို့နောက် ရာရာ့လက်ကိုဆွဲပြီး နေရာတစ်ခုသို့ ခေါ်သွားပါသည်။ ထိုနေရာကိုရောက်တော့ ရာရာ အံ့အားသင့်သွားရသည်။

"ဒါ ကိုယ်တို့အိမ်ရဲ့လျှို့ဝှက်တံခါးပေါက်ပဲ ရာရာ၊ ဒီအိမ်ကို ရာရာတို့ ပိုင်သွားပေမယ့် ဒီလျှို့ဝှက်ပေါက်လေးရဲ့ သော့ဟာ ကိုယ့်ဆီမှာ ကျန်နေခဲ့တာ၊ အဲဒါကြောင့် ကိုယ့်အတွက် အထဲကို အခက်အခဲမရှိဝင်ရလွယ်ကူတာပေါ့ ...

ကိုယ့်ကို ပြန်ခွင့်ပြုပါ ရာရာ၊ အားလုံးအတွက် တောင်းပန်ပါတယ်"

သူပြသော တံခါးပေါက်က အိမ်ကြီးရဲ့အနောက်ဘက်ကျဆုံး ဝရန်တာနှင့် တိုက်ရိုက်ဆက်သွယ်ထားသော နေရာမှာ ရှိပါသည်။ ဒီနေရာမှာ ဒီတံခါးရှိနေမှန်း ရာရာရော စိန်ကျော့ပါ သတိမပြုမိခဲ့ကြပါ။ နောက်ပြီး ဒီအိမ်ဟာ တစ်ချိန်တုန်းက သူ့အိမ်ဖြစ်ခဲ့တာမို့ ဘယ်နေရာမှာ ဘယ်အခန်းရှိမှန်း သူ့လောက် ရာရာတို့က နှံ့နှံ့စပ်စပ် မသိနိုင်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာရာသည် လက်ပြနှုတ်ဆက်ပြီး ထွက်သွားသော အရိပ်လေးကို မျက်စိတဆုံး ငေးကြည့်နေပြီးမှ အိမ်ထဲပြန်ဝင်လာခဲ့သည်။

ပေါက်ပေါက်ရာရာ စိတ်ကူးကို ကြံဖန်အကောင်အထည်ဖော်တတ်သော ချစ်သူအကြောင်း စဉ်းစားမိလျှင်တော့ ရာရာ အသံထွက်အောင်ပင် ရယ်မောမိမြဲ။

ရာရာ နယ်ပြန်ရမည်။

ဖေဖေ့ဆီက ကတိခံထားသော ကိစ္စများကို အပြည့်အဝ စွမ်းဆောင်ပြီးလျှင်တော့ ချစ်သူရှိရာ ရန်ကုန်သို့ နောက်တစ်ခေါက် ပြန်လာရပေဦးမည်။

ရာရာသည် ထိုညက ပေါ့ပါးလန်းဆန်းစွာပင် အိပ်ရာဝင်ခဲ့ရသည်။ ထို့ပြင် အခါတိုင်းနှင့်မတူအောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်း ရသကိုလည်း ခံစားရပါသည်။

အိပ်မက်ထဲမှာ သူနဲ့ရာရာ၊ အို ... ပြီးတော့ စိမ်းပုပ်ရောင် ဒီအိမ်ကြီး၊ နှစ်ယောက်လုံးရဲ့မျက်နှာပေါ်မှာတော့ ချိုမြိန်သည့်အပြုံးကိုယ်စီ ခိုတွယ်လျက်။

✧ ✉ ✧





ဖေဖေက ရာရာပြောသမျှကို အံ့အားသင့်စွာ၊ ငြိမ်သက်စွာ ဘာတစ်ခွန်းမှ ဝင်ရောက်ထောက်ရှုခြင်း မပြုဘဲ နားထောင်နေခဲ့ပါသည်။ စကားဆုံးသွားတော့မှ ပထမဆုံးမေးခွန်းတစ်ခု မေးသည်။

"သမီး သူ့ကို တကယ်ချစ်လား"

တဲ့ ...။ ရာရာကလည်း အားကျမခံပင် ...

"ဒီတစ်သက်မှာ ဒီတစ်ယောက်ပါပဲ ဖေဖေ"

ဟု မဆိုင်းမတွပင် တုံ့ပြန်ပေးခဲ့သည်။ ထို့နောက် ဖေဖေက ရာရာရဲ့ဆန္ဒနှစ်ခုအကြောင်းကို ဆက်မေးပါသည်။

"ဒါဆို ဖေဖေ သမီးကို ဘာတွေလိုက်လျောပေးရမှာလဲ"

"နံပါတ်တစ် ... သမီး သူနဲ့ လက်ထပ်ချင်တယ် ဖေဖေ၊ နံပါတ်နှစ် သူ အရမ်းချစ်တဲ့ သူ့အိမ်ကြီးကို သူ့လက်ထဲ ပြန်ထည့်ပေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား … ရာရာတို့ကတော့ ဖေဖေအဆိုက တောင်းတာတွေ မနည်းမနောပါပဲလားကွ၊ သမီးပြောတော့ သူက သူ့အဖေ ကိစ္စနဲ့ ဖေဖေ့ကို မုန်းနေတာဆို၊ ယောက္ခမကို မုန်းနေတဲ့ သမက်နဲ့ သမီးကို ဖေဖေက သဘောတူရမှာလား"

ဖေဖေက မျက်ခုံးတစ်ချက်ပင့်ချီပြီး ရာရာ စိတ်ကသိကအောက် ဖြစ်အောင် ကလိလာသည်။ ဖေဖေ့အပြုံးများက တမင်စနောက်နေမှန်း သိသာလှသည်။

"ဟွန်း … ဖေဖေနော်၊ ယောက်ျားဆိုတာ ပေးပြီးသားကတိ တည်ရတယ်လေ၊ ဖေဖေပဲ သမီးဆန္ဒကို လိုက်လျောပေးမယ်ဆို"

"ဒါတော့ ဒါပေါ့၊ ဖေဖေက သမက်လောင်းကို ထိတ်လန့်အောင်လုပ်မှု၊ ခြိမ်းခြောက်မှုတွေနဲ့ အချုပ်ထဲပို့ချင်သေးတယ်ဆိုရင်ရော"

"ဟာ … ဖေဖေ မညစ်နဲ့နော်၊ သမီးတောင် သူ့လုပ်ရပ်တွေအပေါ် ခွင့်လွှတ်ပေးနိုင်ခဲ့တာပဲ၊ နောက်ပြီး သူ အခါလိုတွေ ဖန်တီးခဲ့လို့ သမီးနဲ့ ထူးထူးခြားခြား ဆုံခဲ့တာ ဖေဖေ သမီးတို့ကို သဘောတူပေးပါနော်"

ရာရာက ကလေးတစ်ယောက်လို နှုတ်ခမ်းစူရင်း ပြောတာမို့ ဖေဖေက သဘောကျသလို တဟားဟား အော်ရယ်နေတော့သည်။





"ကြည့်စမ်း … နို့နဲ့တောင် မစင်သေးဘူး၊ ယောက်ျားယူဖို့ စဉ်းစားနေပြီ၊ သမီးက ဖေဖေ့မျက်စိထဲမှာ ကလေးလေးလိုပဲ ရာရာရဲ့"

ဖေဖေ့စကားကြောင့် ရာရာ့ပါးပြင်လေးတွေ နွေးခနဲဖြစ်သွားရသည်။ ညစုးရယ် … ကျွန်မ ရှင့်အတွက်နဲ့ ဖေဖေ့ရှေ့မှာ အရှက်သည်းပြီး အနေခက်နေရပြီ။ အချစ်တစ်ခုတည်းအတွက် တိုက်ပွဲဆင်နေရတဲ့ ကျွန်မအဖြစ်ကို လှည့်ကြည့်စမ်းပါဦး။

"ကဲပါလေ … ဖေဖေနဲ့ သမီး အပေးအယူတစ်ခု လုပ်ရအောင်"

"အပေးအယူ !"

"ဟုတ်တယ် သမီး၊ ဟိုသူငယ်လေးနဲ့ကိစ္စကို ဖေဖေ သဘောတူပေးမယ်၊ သမီးကို ချစ်လွန်းလို့သာ တစ်ခါမှ မမြင်ဖူး၊ မဆုံဖူးတဲ့ လူတစ်ယောက်နဲ့ မျက်စိစုံမှိတ်ပြီး သဘောတူလိုက်တာနော်၊ ဒါပေမဲ့ ဖေဖေ့သမီး တွေးခေါ် ပညာရှင်မလေးရဲ့ အရည်အချင်းကို ဖေဖေ ယုံကြည်ပြီးသားပါ၊ ဒီကောင့်မှာ ငွေကြေးစရာအချက် မရှိလောက်ဘူးလို့ ဖေဖေ ထင်တယ်၊ အဲဒီတော့ အိမ်ကိုလည်း သမီးတို့မင်္ဂလာ လက်ဖွဲ့အဖြစ် ဖေဖေပေးမယ်၊ ဒါပေမဲ့ သမီးဘက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အပေါ် တစ်ခုပြန်လိုက်လျောရမယ်၊ ဘယ်လိုလဲ ... Give and Take ပေါ့”

“ရပါတယ်၊ သမီး ဘာလုပ်ပေးရမလဲ ဖေဖေ”

“အခု လားရှိုးဘက်မှာ လုပ်ငန်းတစ်ခု တိုးချဲ့ထားတာရှိတယ်၊ တခြားအလုပ်တွေနဲ့ဆိုတော့ ဖေဖေ တစ်ယောက်တည်း မနိုင်ဘူး၊ အဲဒီကိစ္စကို သမီး ကူညီပေးရမယ်”

“သမီးက သွားစီမံပေးရမှာလား ဖေဖေ၊ သမီးလုပ်ငန်းသဘောတရားတွေ ဘာမှနားမလည်သေးဘူးနော်”

“ဖေဖေ သင်ပေးမှာပေါ့၊ အလွန်ဆုံး ငါးလလောက်နေရင် တတ်သွားမှာပါ”

ရာရာ့ရင်ထဲ မသိမသာ ဆို့သွားသလိုပင်။ ဖေဖေ့ဆီက သဘောတူညီချက်ရပြီး ချက်ချင်း ရန်ကုန်သွားဖို့ စိတ်စဉ်ထားသော ရာရာ့ ရည်ရွယ်ချက် ပျက်လေပြီ။

သို့သော် မတတ်နိုင်။ ဖေဖေ့ အပေးအယူကိစ္စကို လက်ခံရပေတော့မည်။

“ကောင်းပြီလေ ဖေဖေ၊ သမီး ဖေဖေ့ဆန္ဒကို လိုက်လျောပါ့မယ်၊ လားရှိုးက အလုပ်တွေပြီးသွားရင် သမီး ရန်ကုန် သွားမယ်နော်”





“ဟား ဟား ... ဟုတ်ပါပြီဗျာ၊ ဖေဖေ့သမီးကတော့ ကိန္နရီကိန္နရာမောင်နှံတောင် အရှုံးပေးရမယ့် အာဂအချစ်သူရဲကောင်းမလေး ဖြစ်နေပြီ”

ရာရာသည် ဖေဖေ့ကို ခွန်းတုံ့မပြန်မိဘဲ ပြုံးရုံသာ ပြုံးနေမိပါသည်။

ငါးလလောက် အလွမ်းတွေနဲ့ လူးလိမ့်မွေ့ဖက်ပြီးမှ သူနဲ့ ပြန်ဆုံခွင့်ရမယ့်နေ့လေးကို မျှော်လင့်ချက်များစွာဖြင့် စောင့်စားရပေဦးမည်။

အင်း ... ချစ်သူကို ချစ်ရဲပြီ ဆိုမှတော့ လွမ်းရဲတဲ့ သတ္တိကိုပါ တွဲဖက်မွေးမြူထားရတော့မှာပေါ့။


✧ ✉ ✧



www.burmeseclassic.com

www.burmeseclassic.com







ဒီလိုနဲ့…

တစ်ရာသီ

လည်ပတ်လွန်မြောက်ပြီးချိန်မှာ…

www.burmeseclassic.com

www.burmeseclassic.com



"ညစူးညဏ်က ဒီအခန်းပြန်အပ်ပြီး ပြောင်းသွားတာကြာပြီ"

ဆိုသော အိမ်ရှင်အသစ်ဦးလေးကြီး၏ စကားကို အဖန်တလဲလဲ ကြားယောင်ရင်း ရာရာသည် လျှောက်လက်စခြေလှမ်းတို့ပင် အင်အား ဆုတ်ယုတ်ကုန်ခန်းသွားရပါသည်။

သူ့ဖုန်းကို ဆက်ကြည့်သော်လည်း တစ်ချိန်လုံး ဆက်သွယ်မှုဧရိယာပြင်ပ ရောက်နေသည်။ ခြေရာဖျောက်ပြီး ရေကြည်နောက်အောင် လုပ်သွားသော ချစ်သူကို ရာရာ ဘယ်မှာလိုက်ရှာရမှန်း မသိတော့ပါ။

သူ မရှိသော ပတ်ဝန်းကျင်မှာ မနေချင်သည့်အတွက် ရာရာ တစ်ယောက်တည်း လှည်းတန်းဘက်မှာ အဆောင်ငှားနေခဲ့ပါသည်။ သူ ဘယ်ကိုထွက်သွားခဲ့တာလဲ၊ ရာရာ ပြန်လာမည်ဟု ကျိန်းသေကတိပေးခဲ့တာကို သူ ဘာကြောင့် မစောင့်ခဲ့တာလဲ။





ရာရာသည် ရန်ကုန်ရောက်ပြီး တစ်ပတ်ကြာသည်အထိ သူ့သတင်းအစအန တစ်ခုတလေမှ မရတာမို့ လှုကစိတ်ပျက်အားလျော့စ ပြုလာသည်။ သူနဲ့ပြန်ဆုံဖို့ တစ်ခုတည်းအတွက် ရန်ကုန် ရောက်လာခဲ့ရသော ရာရာ့အတွက် သူ မရှိသော မြေပြင်ပေါ်မှာ မတ်မတ်ဆက်ရပ်နိုင်ဖို့ အင်အားမရှိတော့ပါ။

တစ်ယောက်တည်း အဖော်မဲ့နေချိန်မှာ ကန်ပေါင်ကန်ဘောင်ပြင်၊ ရှိမန်တစ်ဆန်ဆန် ကော်ဖီဆိုင်လေးများသို့ ရာရာ လှည့်ပတ်အချိန်ဖြုန်းမိသည်။ သူ့ကို တစ်နေ့ရာရာမှာများ တွေ့လေမလားဟု ကျိုးကန်းတောင်းမျှော် ရှာဖွေရတာလဲ အမောပင်။

ထို့ပြင် နေ့စဉ်ရက်ဆက် ဖုန်းဖွင့်ပြီး ပုံမှန်နားထောင်နေကျ သီချင်းလေးတစ်ပုဒ်လည်း ရှိခဲ့ပါသည်။ တစ်ခါတစ်ရံမှာ ထိုသီချင်းလေးကို ရာရာ စိတ်လိုလက်ရ လိုက်ညည်းမိသည်။ ညည်းချိန်တိုင်းမှာလည်း သူ့ကို ပြင်းပြင်းပြပြ သတိရမိသည်။

"စိတ်မာတတ်ကျအောင်လို့ … ငါ့ဘက်က လုပ်ခဲ့တာလား … စိတ်ပျက်သွားအောင်လို့ တစ်ခါတလေမှာ … ငါမှားခဲ့လား … ခဏလေးပါဟာ … အတူသွားခဲ့တာတွေ … အတူ ကစားခဲ့တာတွေ … ပေးခဲ့တဲ့ အမှတ်တရတွေ … ဝေးခဲ့တော့ တမ်းတနေ … ဘယ်သူမှလဲ …မှားမလည်



www.burmeseclassic.com

www.burmeseclassic.com



ကြဘူး ... တိတ်တဆိတ် မင်း ရောက်လာ ... တိတ်တဆိတ် မင်းထွက်ခွာ ... ငါ ကိုယ်တိုင်တောင် ... နားမလည်တော့ဘူး ...

ချစ်ခဲ့တာလား ... နင့်ကို ... ရူးခဲ့တာလား အချစ်ကို ... ဟိုအရင်လို နင် မရှိဘူး ... ငါ့မှာတော့ ယောင်ချာချာ တစ်ယောက်တည်းရူး ..., ရူးနေပြီ"

ရာရာ မသိမမြင်နိုင်သော နေရာတစ်ခုမှာ ပုန်းကွယ်နေသည့် ချစ်သူကို ဝိုင်းစုခိုင်သိန်းလို လှမ်းမေးချင်ပါသည်။

သူ ပေးခဲ့ဖူးသော လက်ခံပေါက အနမ်းတွေ၊ အတူလျှောက်ခဲ့ဖူးသော ဆည်းဆာချိန်ကလမ်းတွေ အမှတ်တရအားလုံးကို ရာရာ လွမ်းပါသည်။

ထို့ပြင် ဝေးနေချိန်ကျမှ သူ့အပေါ် ပိုချစ်လာရကြောင်း ကိုယ်တိုင်ခံစားနားလည်လာခဲ့သည်။ နောက်ဆုံးတော့ ရာရာ့အချစ်များ စစ်မှန်ခဲ့ပါက နယ်မပြန်ခင် ကျိန်းသေပေါက် သူနှင့် ပြန်ဆုံဖို့ ဆန္ဒပြုခဲ့ပါသည်။

ဒီလိုနှင့် ...။

✧ ✉ ✧





ရာရာသည် ခရီးဆောင်အိတ်လေးကို အသင့်ပြင်ဆင်ပြီးချိန်မှာ ဗိုက်ထဲ တကျုတ်ကျုတ်မြည်အောင် ဆာလာသဖြင့် ပိုက်ဆံအိတ်လေး ကောက်ဆွဲပြီး လမ်းမဘက် ထွက်လျှောက်လာခဲ့သည်။

ကားက ညရှစ်နာရီမှာ ထွက်မည်ဖြစ်သည်။ အခု ခုနစ်နာရီထိုးပြီမို့ ပါဆယ်ထုပ်ဆွဲဝယ်ဖို့ပဲ စိတ်ကူးရလိုက်မိသည်။ ရာရာ့အတွက် အချိန်သိပ်မရှိတော့ပါ။

ရာရာသည် ဟိုဟိုဒီဒီ ဝေ့ဝဲရှာဖွေကြည့်တော့ ဂျပန်ဆိုင်လေးတစ်ဆိုင်ကို လှမ်းတွေ့သဖြင့် ထိုဆိုင်လေးဆီသို့ တန်းတန်းမတ်မတ် ဝင်လာခဲ့သည်။ သူနှင့်အတူ စားခဲ့ဖူးသော ဆူရှီကိုပင် ပါဆယ်ဆွဲဝယ်ကာ အဆောင်ရှိရာ ပြန်လာခဲ့ပါသည်။

အမှောင်ဘက် လုလာသည်မို့ ရာရာတို့ အဆောင်ရှေ့ လမ်းမထက်မှာ လမ်းမီးရောင် မှိန်မှိန်လေးသာ မရို့မပို့



www.burmeseclassic.com

www.burmeseclassic.com



လင်းနေခဲ့လေသည်။ အဆောင်က ဆိတ်ငြိမ်ရပ်ကွက်ထဲမှာ ရှိလေရာ သာမာန်ထက်ပိုပြီး တိတ်ဆိတ်ငြိမ်သက်လျက် လူတစ်ယောက်စ၊ နှစ်ယောက်စသာ မသဲမကွဲ တွေ့ရပါသည်။

ရာရာသည် ဆူရှီထုပ်လေးဆွဲလျက် အဆောင်နားရောက်အောင် ခပ်သွက်သွက် လျှောက်လာစဉ်မှာ ...

"ဖျပ် ... ဖျပ် ... ဖျပ်"

ရုတ်တရက် နောက်ဘက်ဆီမှ ခြေသံတချို့ကြောင့် ရာရာ မျက်မှောင်တွန့်ချိုးသွားရသည်။ စိတ်ထဲမှာလည်း ထင့်ခနဲ ဖြစ်သွားမိပါသည်။

ခြေသံက ရာရာ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာဆဲ။ အဆောင်နားရောက်ဖို့ သုံးလှမ်းလောက်အလိုမှာ ...

"တစ်ယောက်တည်းလား နွေအကွရာ"

ရာရာသည် ထိုအသံကြောင့် ရင်ထဲ ဒိန်းခနဲ ခုန်မြည်သွားရတော့သည်။ အံ့သြဝမ်းသာမှုနှင့်အတူ နောက်သို့ ဖြုန်းစားကြီး လှည့်ကြည့်လိုက်ရာ မျက်နှာဖုံးစွပ် လူတစ်ယောက်ကို တွေ့လိုက်ရသည်။

သူနှင့် ရာရာကြားမှာ သုံးပေလောက်ပဲ ကွာခြားပါသည်၊

"ညစူး ... ညစူး မဟုတ်လားဟင်"





"ကိုယ့်မျက်နှာဖုံးကို ရအောင်ချွတ်ကြည့်ရင် သိမှာပေါ့"

ရာရာသည် လေထက်မြန်သောနှုန်းဖြင့် သူ့ရှေ့ ဝုန်းခနဲရောက်ချသွားမိကာ မျက်နှာဖုံးကို အလောတကြီး ဆွဲချွတ်ပစ်လိုက်သည်။ သူကလည်း ရာရာ့လက်များကို တင်းတင်းပြန် ဆုပ်ကိုင်ထားပါသည်။

"ည ... ညစူး၊ ရှင် ... တကယ်ပဲ ရှင်ပါနော်"

သူက ပြုံးစိစိ မျက်နှာပေးဖြင့် ငုံ့မိုးကြည့်ကာ အသာအယာပင် ခေါင်းညိတ်ပြလေသည်။ ရာရာ့ရင်ထဲ သူမတွေ့အောင် ငြိမ်းချမ်းပီတိ ဖြစ်သွားခဲ့သည်မှာ ဆိုဖွယ်ရာပင်မရှိတော့ပါ။ သူက ရာရာ့လက်ထဲက ဆူရှီထုပ်ကို တွေ့သွားကာ ...

"ကြည့်စမ်း ... ကိုယ်နဲ့အတူစားဖို့ ဝယ်လာတာလား"

"အင်း ... ဒါပေါ့၊ ကျွန်မတို့နှစ်ယောက်ကြားက အမှတ်တရ အစားအသောက်လေးကို သတိရလို့ ဝယ်လာတာ"

"ဒါဆို ခုစားလို့တော့ မမီတော့ဘူး၊ ကားပေါ်ရောက်မှပဲ စားတော့မယ်လေ"

"ဟင် ! ... ကျွန်မ ပြန်မှာကို ညစူး ဘယ်လိုသိတာလဲ"

"မင်း ရန်ကုန် ရောက်ကတည်းက မင်းသွားတဲ့နေရာတွေ နောက်ကို ကိုယ် ရပ်ဖျက်ပြီး မျက်ခြည်မပြတ် လိုက်နေခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အယ် ... ကြည့်စမ်း၊ ရှင် တော်တော်ဆိုးတာပဲ၊ ဒါဆို ကျွန်မ ဘယ်သွားပြီး ဘာတွေလုပ်နေလဲဆိုတာ အကုန်သိတာပေါ့"

"ဒါပေါ့ ... ရာရာ ကန်ပေါင်မှာထိုင်ပြီး ဝိုင်းစုခိုင်သိန်းသီချင်း နားထောင်တာရော၊ ကိုယ့်ကို မြို့အနှံ့ လိုက်ရှာတာရော၊ အားလုံး သိတယ် ...

ရာရာ ကားလက်မှတ်ဝယ်ပြီးတော့ ကိုယ်လည်း ဆောင်းချင်းကပ်ရပ်တစ်ခုံ လိုက်ဝယ်တယ်လေ၊ အခု ကားဂိတ်ဆင်းဖို့ နောက်ကျနေပြီ၊ လာ ... သွားရအောင်၊ ကိုယ် ဦးအောင်မြတ်ဆီမှာ သမီး လိုက်တောင်းရမယ်"

ရာရာသည် သူ့စကားအဆုံးမှာ ဘာစကားမှ ပြန်မဆိုနိုင်တော့။ အတိုင်းအဆမရှိ ဝမ်းသာကြည်နူးမှုများနှင့် ရင်တစ်ခုလုံး သိမ့်သိမ့်လှိုက်ဖြာနေခဲ့လေသည်။

ရာရာတို့နှစ်ယောက်ရဲ့ လက်များက အဆုံးစွန်သောနိုင်မာမြဲမြံခြင်းဖြင့် ... ထို့ပြင် အပြုံးများသည်လည်း ကမ္ဘာကြီးအတွက် လုံလောက်သောအားအင် ဖြစ်နေစေတော့သည်။

✧ ✉ ✧





ချစ်သူကိုချစ်ဖို့
ချစ်တတ်တဲ့ နှလုံးသားတစ်စုံ
ပိုင်ဆိုင်ထားဖို့ပဲ လိုပါတယ် ...။

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပရိသတ်ကြီးအတွက်
သက်ဆုံးတိုင် ပေးဆပ်သွားမယ့်

မြူခွန်းချယ်
20-06-2010
Sunday
12:00 PM

www.burmeseclassic.com